2000

၁၉၆၀ ပြည့်နှစ် စာပေဗိမာန်ဆုရ

ဝန်းမော်တင်အောင်

# မမကြီး

ပဌမအကြိမ်



"ချစ်စဖွယ် အိပ်စက်နေကြသော ကလေးသုံးယောက်တို့ကို ကြည့်၍ မဝနိုင်အောင် ဖြစ်နေသည်။ ကလေးများကို ကြည့်နေရင်း ရင်တွင်း၌ ကြည်နူးချမ်းမြေ့ခြင်း ဝေဒနာကို ခံစားရသည်။ ထိုကလေးများသည် မိမိ၏ သားသမီးကလေးများ ဖြစ်လိုက်ကြပါတော့လား ဟူ၍ပင် အောက်မေ့မိလိုက်သည်။ တကယ်ဆိုတော့ ကလေးများအားလုံးကလည်း မမကြီးအား သူတို့၏ မိခင်ရင်းနှင့်မခြား အောက်မေ့ ခင်တွယ်နေကြသည်ပင် မဟုတ်လော။ သို့ရာတွင် ရက်လ မကြာမီအတွင်း လွတ်မြောက်လာတော့မည်ဖြစ်သော သူတို့၏ ဖအေလုပ်သူက ထိုကလေးများကို ခေါ်သွားလျှင် မိမိ အဘယ်သို့ နေရမည်နည်း။ ကလေးများကော အဘယ်သို့ နေကြမည်နည်း။ ဦးအေးသွင် ထောင်မှ လွတ်လာတော့မည်ဆို၍ ဝမ်းသာမိသော်လည်း သူ့ကလေးများကို မိမိထံမှ ခေါ်ဆောင်သွားမည့် အရေးအတွက် မမကြီးသည် စိုးရိမ် ပူပန်မိလေသည်။ ဒီတော့မှပင် ထိုကလေးများက မိမိအား အဘယ်အထိ တုပ်နှောင်ထားကြသည် ဆိုခြင်းကို မမကြီးသည် ရိပ်စားမိလာသည်။"

*(စာမျက်နှာ ၁၈၀... မှ။)*

---

***Pdf - Yaybawal***

"မြန်မာစကားတွင် 'အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ သည်သုံးချက် မပိုင်လျှင်၊ နောင် ပြင်ခဲသည့်အမျိုး' ဟူ၍ လည်းကောင်း၊ 'အစ ကောင်းမှ၊ အနှောင်း သေချာသည်' ဟူ၍ လည်းကောင်း ရှိပေသည်။ ဤစကားပုံများကို အခြေခံ၍ 'မမကြီး' ဝတ္ထုဇာတ်လမ်းကို သင်ခန်းစာပြ အနေဖြင့် ရေးသားထားလေသည်။"

*– ဒဂုန်ရွှေမျှား၏ မြန်မာနိုင်ငံ စာပေဆုများ (၁၉၇၂)။*

*စာ ၈၆ ... မှ။)*

***Pdf - Yaybawal***

# ဗန်းမော်တင်အောင် [၁၉၂၀ – ၁၉၇၈]

ပဲခူးမြို့တွင် အဖ ဦးနေ၊ အမိ ဒေါ်စောမြိုင်တို့က ၉ ဇွန် ၁၉၂၀ တွင် ဖွားမြင်ခဲ့သည်။ ဇာတာအမည် မောင်တင်ဦး၊ အမည်ရင်းမှာ ဦးတင်အောင် ဖြစ်သည်။

ပဲခူး အထက (၁၉၂၆ – ၂၉) တွင် ဒုတိယတန်းအထိ၊ တောင်ငူ အထက (၁၉၂၉ – ၃၁) တွင် စတုတ္ထတန်းအထိ၊ စစ်ကိုင်း အထက (၁၉၃၁ – ၃၂) တွင် ပဥ္စမတန်းအထိ၊ ဗန်းမော် အထက (၁၉၃၂ – ၃၅) တွင် သတ္တမတန်းအထိ၊ ရန်ကုန် ဟိုက်စကူးကျောင်း (၁၉၃၅ – ၃၈) တွင် ဆယ်တန်း အောင်သည်အထိ ပညာသင်ကြားခဲ့သည်။

မြန်မာ့အလင်း အလုပ်သင်သတင်းထောက် [၁၉၃၈]၊ စတီးဘရားသားကုမ္ပဏီ သစ်ကိုယ်စားလှယ် (၁၉၃၉ – ၄၀)၊ ဗြိတိသျှစစ်တပ် အထက်မြန်မာပြည်တပ်ရင်း တပ်စုမှူး [တပ်ကြပ်ကြီး] (၁၉၄၁– ၄၂)၊ သစ်တောဌာန သစ်ဖြတ်ဝန်ထောက် (၁၉၄၂ – ၄၅)၊ စတီးဘရားသား သစ်ကိုယ်စားလှယ် (၁၉၄၅ – ၄၆)၊ ၁၉၄၆ – ၄၉ တွင် သစ်ကုန်သည်၊ သစ်အဝယ်တော်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီးနောက် သတင်းစာဆရာ၊ စာရေးဆရာ ဘဝဖြင့် ကွယ်လွန်သည်အထိ ရပ်တည် နေထိုင်သွားခဲ့သည်။

တာရာမဂ္ဂဇင်း တွဲဖက်အယ်ဒီတာ (၁၉၄၉)၊ လင်းယုန်ဂျာနယ် ထုတ်ဝေသူနှင့် အယ်ဒီတာ (၁၉၅၀ – ၅၂) နှင့် (၁၉၅၇ – ၅၉)၊ လင်းယုန်သတင်းစာ ထုတ်ဝေသူနှင့် အယ်ဒီတာ (၁၉၅၁ – ၅၂) နှင့် (၁၉၅၈)၊ မြန်မာစာပေမဂ္ဂဇင်း ထုတ်ဝေသူနှင့် အယ်ဒီတာ (၁၉၅၁) တာဝန်များကို ယူခဲ့သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် [မြန်မာနိုင်ငံ] အမှုဆောင်လူကြီး (၁၉၅၁ – ၆၃)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှုဆောင် (၁၉၅၀ – ၅၁)၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် (၁၉၅၇ – ၆၃)၊ စာရေးဆရာ စာပေကလပ် အမှုဆောင် (၁၉၆၁)၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ ဥက္ကဋ္ဌ (၁၉၆၃ – ၆၄) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဖ ဆ ပ လ အစိုးရခေတ်တွင် စာပေအရေးအသားကြောင့် ပထမဆုံး အဖမ်းခံရသူ ဖြစ်ခဲ့သည်။ အကျဉ်းထောင်နှင့် ကျွန်းတွင် စုစုပေါင်း ၁၃ နှစ်မျှ နေထိုင်ခဲ့ရသည်။

၁၉၃၈ တွင် 'မောင်တင်အောင်' အမည်ဖြင့် ရေးသားသော "ဘုန်းမေ့နိုင်ဘူး" ဝတ္ထုနှင့် စာပေလောကသို့ ဝင်ခဲ့သည်။ ၁၉၄၅ နိဝင်ဘာ 'ဂျာနယ်ကျော်' တွင် 'ဗန်းမော် တင်အောင်' ကလောင်အမည် စ ယူပြီး "နော်မူဂေး" ဝတ္ထုတိုကို ရေးခဲ့သည်။ **လွမ်းရစ်တော့ သက်လှယ်ရယ်** (၁၉၄၉)၊ **ဒေါက်တာရေချမ်း** (၁၉၅၀)၊ **မြိုင်** (၁၉၅၈)၊ **ချစ်အင္ဂလာဝါဆွေ** (၁၉၆၂) စသည့်ဝတ္ထုများ၊ **မြန်မာနိုင်ငံတော်သမိုင်း** (၁၉၆၃)၊ **ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း** (၁၉၆၄)၊ **အိန်စတိန်းနှင့် သူ၏ ဓမ္မတရား** (၁၉၇၅) စသည့် စာအုပ်များမှာ ထင်ရှားကြသည်။ ၁၉၆၀ ပြည့်နှစ် စာပေဗိမာန် ဝတ္ထုရှည်ဆုအဖြစ် 'မမကြီး' ကို ပေးခဲ့သော်လည်း ဆု လက်ခံရယူခြင်း မပြုခဲ့ပေ။

၂၃ အောက်တိုဘာ ၁၉၇၈ တွင် ရန်ကုန်မြို့မှာ ကွယ်လွန်ခဲ့သည်။

**၂၀၁၂-၂၀၁၃ ထုတ် ကျော်ကြားမည့်စာအုပ်များ**

၃၄၂။ မောင်သိန်း၏ သိ ကြား စေ
၃၄၃။ မောင်ဘသင်၏ မောင်တာနော [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲ ပေါင်းချုပ်]
၃၄၄။ ဇော်ဂျီ (- နှင့် အခြား)၏ ကုံကော်မြိုင်စာတမ်း
၃၄၅။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ် (ညောင်ရမ်းဆက်)၊ တတိယတွဲ
၃၄၆။ မောင်ခင်မင် (ဓနုဖြူ)၏ မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ ရသစာတမ်းများ
၃၄၇။ တင်မောင်မြင့်၏ ပြစ်မှုနှင့် ပြစ်ဒဏ် [Crime and Punishment by Fyodor Dostoevsky]
၃၄၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမာလာကျမ်း
၃၄၉။ ပုလိပ်အရာရှိတစ်ဦး၏ ကိုယ်တွေ့စုံထောက်မှု
[လက်ပံတောင်ရွာ ဓားပြတိုက်ရာတွင် လူသေဆုံးမှု] (ဖြည့်စွက်ထုတ်ဝေခြင်း)
၃၅၀။ ဦးတင်ဦး (ကျူရှင်) ၏ ကမ္ဘာကျော်ဒုးရှင် ဂျော့ ဝါရှင်တန် ကားဗား
၃၅၁။ မြင့်သန်း (မြန်မာပြန်) ၏ ဖရန့်(ဇ)ကာ(ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ
၃၅၂။ မင်းရှင်၏ လမ်းပေါ်မှာ [စာပေဆုရ ဝတ္ထုတိုများ၊ ဖြည့်စွက်ထုတ်ဝေခြင်း]
၃၅၃။ ကျော်အောင် ၏ အရေးကြီးပြီ သွေးစည်းကြစို့
၃၅၄။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (မြန်မာပြန်) ၏ လယ်တီဆရာတော်၏ ဥရောပ ဗုဒ္ဓဘာသာ အလင်းပြကျမ်း
၃၅၅။ မောင်စည်သူ၏ ယုံတော့ မေရယ်
၃၅၆။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ် (တောင်ငူဆက်)၊ ဒုတိယတွဲ
၃၅၇။ စိန်စိန်၏ သားလိမ္မာ
၃၅၈။ လင်းယုန်သစ်လွင် ၏ ဘုံကျွန်
၃၅၉။ မောင်တင်ရွှေ၏ သခင်ကိုယ်တော်မှိုင်း
၃၆၀။ မြဝတီ ၏ သွေးချောင်းက လှဲ့
၃၆၁။ မောင်ပေါ်ထွန်း ၏ နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး [Revolt on the Nile by Anwar El Sadat]
၃၆၂။ တင့်ဇော် ၏ ဝေဒနာ ပန်းရိုင်းများကို ပွင့်လန်းစေသူ ဝတ္ထုတိုများ [Interpreter of Maladies by Jhumpa Lahiri]
၃၆၃။ ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း [အစ၊ အဆုံး]
၃၆၄။ ကျော်အောင်၏ သမဂ္ဂအလံတော်အောက်ဝယ်
၃၆၅။ ထွန်းသစ်၏ ယူဂန္ဓာ အာဏာရှင် အာမင် (နိုင်ငံရေး အတ္ထုပ္ပတ္တိ)
၃၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ အသွေးအရောင် အဆင်အကွက်
၃၆၇။ တင်မောင်မြင့် ၏ နိဂုံး၏ အဓိပ္ပာယ် (The Sense Of An Ending by Julian Barnes)
၃၆၈။ ပါမောက္ခ ဦးဖေမောင်တင် ၏ မြန်မာစာပေသမိုင်း
၃၆၉။ တတိယ နံမော်ဆရာတော် ရှင်ဝိနန္ဒာသဘ ၏ သီလဝိသောဓနီကျမ်း
၃၇၀။ အောင်ခန့် (မြန်မာပြန်) ၏ နိုင်သူနှင့် ရှုံးသူ (The Moon Is Down by John Steinbeck)
၃၇၁။ တက္ကသိုလ်စိန်တင် ၏ ဗိုလ်ချုပ်အောင်ဆန်းကို မမွေးဖွားခဲ့လျှင် နှင့် သမိုင်း၊ နိုင်ငံရေး လက်ရွေးစင် ဆောင်းပါးများ
၃၇၂။ မြင့်သန်း၏ ဒဗ္ဗလင်မြို့က လူများ [DUBLINERS by James Joyce]
၃၇၃။ ခင်မောင်လတ်၏ မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့် နိုင်ငံရေး လှုပ်ရှားမှုများ

**၂၀၁၃ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၃၇၅။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၇၆။ တင်မောင်မြင့် ၏ သွေးအေးအေးဖြင့် [In Cold Blood by Truman Capote]
၃၇၇။ ထွန်းသစ် (မြို့ခုသည်) နပိုလီယန် သို့မဟုတ် သမိုင်းမော်ကွန်းတင် သူရဲကောင်း စစ်ဘုရင်
၃၇၈။ မောင်တင်ရွှေ၏ ချူအင်လိုင်း [Chou En-Lai: China's Grey Eminence by Kai-yu Hsu]
၃၇၉။ ငိန်ဒိန် ၏ ခရီးဝက်ပါ

ရာပြည့်စာအုပ် ၃၇၄

# မမကြီး

ဗန်းမော်တင်အောင်

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁- ၃၇၅၉၅၂(ဆိုင်)၊ ၀၁-၂၄၀ ၅၄၁ (နယ်/ ဖြန့်ချိရေး)

*Pdf - Yaybawal*

ပုံနှိပ်ခြင်း

ပထမအကြိမ် - (၁၉၆၀) မြင့်မိုရ်စာအုပ်တိုက်
ဒုတိယအကြိမ် - (၁၉၆၁?) ဂျိုးဖြူစာပေတိုက်
တတိယအကြိမ် - (၁၉၆၆) စိန်တင်စာပေရိပ်မြုံ
စတုတ္ထအကြိမ် - (၁၉၉၈) ပြိုးစာပေ
ပဉ္စမအကြိမ် - (၂၀၁၃) ရာပြည့်စာအုပ်တိုက်
(ဩဂုတ် ၂၀၁၃)
အုပ်ရေ [၅၀၀]

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

မျက်နှာဖုံး ပန်းချီ

မောင်ငွေထွန်းနှင့် လင်းဝဏ္ဏ

❑

တန်ဖိုး

၂၀၀၀ ကျပ်

တင်အောင်၊ ဗန်းမော် ၈၉၅.၈၃
မမကြီး/ ဗန်းမော်တင်အောင်
- ရန်ကုန်၊ ရာပြည့်စာပေ၊ (၅) ကြိမ်၊ ဩဂုတ် ၂၀၁၃။
၁၉၄ - စ၊ ၁၃ x ၂၁ စင်တီ။
(၁) မမကြီး

Pdf - Yaybawal

# အခန်း(၁)

## (၁)

အချိန်မှာ ည နာရီပြန် နှစ်ချက်တီးသာသာခန့် ရှိပြီဖြစ်၍ အစိုးရပိုင်းမှ အထက်တန်း အရာရှိ၊ အရာခံများချည်းလိုလိုသာ ခပ်အေးအေး ခပ်သန့်သန့် စုဝေးနေထိုင်လျက် ရှိကြသော အင်းလျားမြိုင်ဘက် တစ်လျှောက်တွင် အိမ်တိုင်းလိုလိုပင် တံခါးများ ပိတ်၍ မီးများ ငြိမ်းသတ်ကာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေသည်။ သို့ရာတွင် ရန်ကုန်အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်ငှားရမ်း နေထိုင်လျက်ရှိသော တိုက်အိမ် အခန်းတစ်ခန်းမှာမူကား ပြတင်းပေါက်များ ဖွင့်ကာ အတွင်း၌လည်း မီးလင်းလျက် ရှိလေသည်။ အများတကာ အိမ်တံခါးများ ပိတ်၍ မီးများ ငြိမ်းသတ်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြသော အချိန်တွင် ရာဇဝတ် တရားသူကြီးတစ်ဦး၏ အိမ်တစ်အိမ်တွင် အဘယ့်ကြောင့် အခန်းတစ်ခန်းသည် ထူးထူးခြားခြား ပြတင်းတံခါးများဖွင့်ကာ မီးလင်းလျက် ရှိနေရသနည်း။

ရာဇဝတ်တရားသူကြီး ဦးအေးသွင်သည် ထိုညအဖို့ အိပ်စက်၍ မရနိုင်အောင် ဖြစ်နေသည်။ နံနက်လင်းရန် အချိန်သည် များစွာ မကျန်တော့သော်လည်း ကုန်ဆုံးခဲ့သော ညပိုင်းတွင် သူသည် တစ်ရေးမှလည်း မရခဲ့ချေ။

၎င်း၏ အိပ်ခန်းအတွင်းရှိ ပက်လက်ကုလားထိုင်ထက်တွင် လှဲကာ စီးကရက် တစ်လိပ်ကို ခပ်အေးအေး ဖွာရင်း တိမ်တိုက်များကဲ့သို့ ရွေ့လျားနေသော ဆေးလိပ်မီးခိုးများကို ဦးအေးသွင်သည် ငြိမ်သက်စွာ ငေးစိုက်ကြည့်နေသည်။ ရာဇဝတ်တရားသူကြီးသည် မည်ကဲ့သို့သော ရာဇဝတ်မှုကြီး တစ်မှု



Pdf - Yaybawal

ကို အမိန့်ချမှတ်ရန် ရှိနေ၍ ယခုကဲ့သို့ အချိန်မဟုတ် စဉ်းစားနေရသနည်း။ အိပ်မပျော်နိုင်အောင် ဖြစ်နေရသနည်း။ ရာဇဝတ် တရားသူကြီးတစ်ဦးအဖြစ်ဖြင့် ဆယ်နှစ်သာသာခန့်မျှ အမှုထမ်းခဲ့ရသည့် ကာလအတွင်း ကြီးလေး များပြားလှသော ရာဇဝတ်မှုခင်းများကို ဦးအေးသွင်သည် ခေါင်းအေးအေးနှင့် စစ်ဆေး၍ အပြစ်ပေးခဲ့ဖူးသော တရားသူကြီးတစ်ဦး ဖြစ်သည်။ မိမိ၏ တာဝန်ကို ထမ်းဆောင်ရာ၌ မှန်မှန်ကန်ကန်နှင့် ရဲရဲရင့်ရင့် ထမ်းဆောင်ခဲ့သော ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်၍ မိမိ၏ အလုပ်ဝတ္တရားနှင့် ပတ်သက်၍ အိပ်မပျော်နိုင်သော အရာရှိများထဲတွင် ဦးအေးသွင်သည် ပါဝင်ခြင်း မရှိချေ။ သူသည် ဆင်အော်၍ပင် မနိုးအောင် အိပ်ပျော်လေ့ရှိသောသူ တစ်ဦးသာ ဖြစ်သည်။

သို့ရာတွင် ယနေ့ညအဖို့တွင် အင်းလျားမြိုင် တစ်လျှောက်လုံး အိပ်မောကျနေချိန်မှာပင် ဦးအေးသွင်သည် မဖြစ်စဖူး ထူးထူးခြားခြား အိပ်၍ မရနိုင်အောင် ဖြစ်နေသည်။ နာရီပြန် နှစ်ချက်ပင် တီးသွားခဲ့ပြီ ဖြစ်သော်လည်း သူသည် တစ်ရေးဆို တစ်ရေးမျှ မရခဲ့သေးချေ။

စီးကရက်အတိုကို ပြာခွက်ထဲသို့ ပစ်ထည့်လိုက်ပြီးနောက် ခပ်စောစောက သူကြည့်ချင်၍ ပက်လက်ကုလားထိုင်ဘေးတွင် ပစ်၍ချထားသော အင်္ဂလိပ်သတင်းစာတစ်စောင်ကို ဦးအေးသွင်သည် လှမ်းယူလိုက်သည်။ သူသည် သတင်းစာကို ဖတ်ကြည့်လိုက်ဦးမည်ဟု စိတ်ကူးမိဟန် တူသည်။ သို့ရာတွင် သတင်းခေါင်းစဉ်များလောက်သာ ဖတ်လိုက်ပြီးနောက် သတင်းအကျယ်ကို ဖတ်ရှုရန် အားအင် ကုန်ခန်းသွားသည့်ပမာ လက်ထဲမှ သတင်းစာသည် လွတ်ကျသွားလေသည်။ လွတ်ကျသွားသော သတင်းစာကို သူသည် စိတ်ဝင်စားခြင်း မရှိတော့သကဲ့သို့ စီးကရက် တစ်လိပ်ကို ထပ်မံ၍ မီးညှိလေသည်။ ထို့နောက် ခပ်အေးအေး ဖွာရင်း တိမ်တိုက်များကဲ့သို့ ရွေ့လျားနေသော ဆေးလိပ် မီးခိုးများကို ငြိမ်သက်စွာ ငေးစိုက်ကြည့်နေပြန်သည်။

"စောစော အိပ်ထ၊ ပြုကျင့်က၊ တွင်းပ ကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ" ဆိုသော လောကနီတိဆရာ၏ ဆုံးမဩဝါဒအတိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်သည် ခပ်စောစော အိပ်၍ ခပ်စောစော ထ တတ်သူ တစ်ဦးလည်း ဖြစ်သည်။ ထိုဩဝါဒကို စွဲစွဲမြဲမြဲ လိုက်နာကျင့်သုံးခဲ့သူဖြစ်၍ ကျန်းမာရေး ကောင်းမွန်ကာ စိုပြည်နုပျိုသူတစ်ဦး



Pdf - Yaybawal

လည်း ဖြစ်သည်။ ထို့ကြောင့် သူသည် အိပ်ချိန်ကို မှန်ကန်အောင် များစွာ အလေးထားရှိသူ တစ်ဦးလည်း ဖြစ်ခဲ့သည်။

ထို့ပြင်လည်း မည်ကဲ့သို့သော အကြောင်းကိစ္စများပင်ရှိရှိ အိပ်ချိန်ကို အပျက်ခံသူတစ်ဦး မဟုတ်ချေ။ သို့ရာတွင် ယနေ့ညအဖို့ သူသည် မိမိ၏ စည်းကမ်းကို မိမိဘာသာ ဖျက်ဆီးမိခဲ့ပြီ ဖြစ်၍ မိမိကိုယ်ကိုလည်း အစိုးမရ တော့ချေ။ နာရီပြန် နှစ်ချက်ပင် တီးလျက် ဦးခေါင်းမှာလည်း မူးဝေကာ မျက်လုံးများ ကျိန်းစပ်နေပြီ ဖြစ်သည့်တိုင်အောင် သူ၏ ရင်သည် တဒိန်းဒိန်း ခုန်ကာ အိပ်၍ မရနိုင်အောင် ဖြစ်နေသည်။

(၂)

သူသည် ည ၁၂ နာရီခန့်က အိပ်ရာဝင်ခဲ့သည်။ ခါတိုင်း ကိုးနာရီထိုးလျှင် ဘုရားဝတ်ပြု၍ ဆယ်နာရီထက် နောက်မကျဘဲ အိပ်ရာဝင်လေ့ရှိသူ ဖြစ်သည်။ ယနေ့ညတွင် အိပ်ရာဝင်ချိန် နှစ်နာရီခန့်မျှ နောက်ကျသွားရခြင်းမှာ ရွှေတောင် ကြားဘက်တွင် နေထိုင်သော ခရိုင်ရာဇဝတ်တရားသူကြီး ဦးအောင်မင်း အိမ် တွင် ကျင်းပသော ဘုရားကိုးဆူကပ်ပွဲကို မသွားမဖြစ် သွားခဲ့ရသောကြောင့် ဖြစ်လေသည်။

ဦးအေးသွင်သည် အပေါင်းအသင်း အဆက်အဆံ နည်းပါးသူတစ်ဦး ဖြစ်သည်။ မာန်မာနရှိသောကြောင့်ကား မဟုတ်ချေ။ မိမိ၏ တာဝန်ဝတ္တရား များကို မှန်မှန်ကန်ကန်နှင့် ကျေကျေပွန်ပွန် ထမ်းဆောင်ကာ မိမိဘာသာ အေးအေးဆေးဆေး နေတတ်သော ပြည်သူ့ဝန်ထမ်းတစ်ဦးမျှသာ ဖြစ်သည်။ တရားရုံးနှင့် အိမ်၊ အိမ်နှင့် တရားရုံးလောက်တွင်သာ အချိန်ကုန်လွန်သူ ဖြစ် သည်။ အဘယ်သို့မှ သွားတတ်၊ လာတတ်၊ လည်ပတ်တတ်သူလည်း မဟုတ် ချေ။

သို့ရာတွင် ခရိုင် ရာဇဝတ်တရားသူကြီးကိုယ်တိုင်က ဂရုတစိုက် ဖိတ် ကြားထားသော ၎င်း၏အိမ်မှ ဘုရားဝတ်ပြုပွဲသို့ မသွားလျှင် မတော်တတ် လွန်း၍ သူသည် ညည်းညည်းညူညူနှင့် သွားရောက်ခြင်း ပြုရတော့သည်။ ၎င်းအပြင် ခရိုင် ရာဇဝတ် တရားသူကြီး ဦးအောင်မင်းသည် သူ၏ အထက်လူကြီးတစ်ဦးမျှသာ မဟုတ်။ စစ်ကြီးမဖြစ်မီက တက္ကသိုလ်တွင် သူ၏



Pdf - Yaybawal

နည်းပြ ဆရာဟောင်း ဖြစ်ခဲ့ဖူးသည်။ အတိတ်ကလည်း ဆရာသမားတစ်ဦး ဖြစ်ခဲ့၍၊ ပစ္စုပ္ပန်တွင်လည်း မိမိ၏ အထက်လူကြီး လုပ်နေသော ပုဂ္ဂိုလ်တစ်ဦး ကိုယ်တိုင်က ဂရုတစိုက် ဆက်ဆံလာသော အမှုကို ယဉ်ကျေးသော ပညာတတ် တစ်ဦးတစ်ယောက် အနေနဲ့ ဦးအေးသွင်သည် မည်သို့မျှ ငြင်းဆန်ရှောင်ကွင်း၍ မဖြစ်တော့ချေ။ သို့ကြောင့် မိမိ အိမ်တွင် ဝတ်ပြုရန်အတွက် ဘုရားခန်း ရှိပါလျက် ဘုရားကိုးဆူမှ ကပ်လှူ ဝတ်ပြုသော ခရိုင် ရာဇဝတ်တရားသူကြီးအိမ်သို့ ဦးအေးသွင်သည် တပည့်ဟောင်းတစ်ဦး အနေနှင့်လည်းကောင်း၊ လက်အောက် အမှုထမ်းတစ်ဦး အနေနှင့် လည်းကောင်း မိမိကားကို မိမိကိုယ်တိုင်ပင် မောင်းနှင်၍ သွားရောက်ခြင်း ပြုခဲ့ရလေသည်။

ဘုရားကိုးဆူ ဝတ်ပြုပွဲသည် တော်တော်ကလေး စည်ကားစိုပြည်သည်။ ခရိုင်ရာဇဝတ် တရားသူကြီးကိုယ်တိုင်က အလှူရှင် ဖြစ်နေသောကြောင့်လားတော့ မသိ။ အစိုးရပိုင်းမှ ဘုရားဖူး ကြွရောက်သော ပရိသတ်က တော်တော်ကလေး ရှိသည်။ ကုန်သည်ပိုင်းမှ လူကြီး လူကောင်းများကိုလည်း အတော်များများ တွေ့ရသည်။ ရွှေတောင်ကြားဘက်ရှိ ကျယ်ဝန်းသော ခရိုင် ရာဇဝတ်တရားသူကြီး၏ ခြံကြီးထဲ၌ ဘုရားဖူး ပရိသတ်၏ မော်တော်ကားများသည် ပြွတ်သိပ် ကျပ်ခဲလျက် ရှိသည်။ နောက်ကျ၍ ရောက်ရှိလာကြသော ဘုရားဖူးပရိသတ်တို့၏ မော်တော်ကားများအတွက် ခြံထဲတွင် ထားစရာ နေရာ မရှိတော့၍ ခြံအပြင်ဘက်တွင် ထားရသည်။ ဘုရားပွဲကို စောင့်ရှောက်ရန်အတွက် ရဲသားဆယ်ယောက်ခန့် လာရောက် စောင့်ကြပ်ပေးကြသည်။

ဘုရားဝတ်ပြုပွဲကို ၇ နာရီခွဲလောက်တွင် စသည်။ ဦးအေးသွင်သည် ၈ နာရီလောက်တွင် ရောက်ရှိလာပြီးနောက် လူစည်ကားသဖြင့် မနေတတ် မထိုင်တတ်သည့်အလျောက် နာရီဝက်သာသာခန့်အကြာတွင် အိမ်သို့ ပြန်ရန်အတွက် အလှူရှင်ကို သွားရောက် နှုတ်ဆက်သောအခါ ခရိုင်ရာဇဝတ် တရားသူကြီး လင်မယားနှစ်ဦးစလုံးက ၎င်းအား အတင်းဆွဲထားကြသဖြင့် မပြန်ဖြစ်တော့ချေ။

'နေပါဦးကွယ့် မောင်အေးသွင်ရဲ့၊ မင့်ဟာက လူတောင် မစုံသေးဘူး၊ ပြန်ချင်တာက အရင်ကိုး' ဟု ခရိုင် ရာဇဝတ်တရားသူကြီး ဦးအောင်မင်းက ပခုံးကိုပုတ်၍ ရင်းရင်းနှီးနှီး ပြောဆိုလိုက်သည်။ ဦးအောင်မင်းက ဦးအေးသွင်

အား လူအများရှေ့၌ ဝတ္တရားအရ ဆက်ဆံသောအခါများ၌သာ ဦးအေးသွင် ဟု ဦး တပ်၍ ခေါ်ဝေါ် ဆက်ဆံခြင်း ပြုသော်လည်း နှစ်ဦးချင်းနှင့် ရိုးရိုးသား သား ဆက်ဆံသောအခါများ၌ မောင်အေးသွင် ဟုသာ ရင်းရင်းနှီးနှီး ခေါ်ဝေါ် ဆက်ဆံလေ့ ရှိသည်။ ဦးအောင်မင်းသည် အသက် လေးဆယ်သာသာခန့် ဖြစ်၍ ဦးအေးသွင်ထက် ဆယ်နှစ်နီးပါးခန့် ကြီးသည်။

'ဆရာကလည်း ကျွန်တော့်အကြောင်းကို သိသားနဲ့၊ လူ စည်စည်ကား ကား ဖြစ်လာရင် ကျွန်တော်က မနေတတ် မထိုင်တတ်လို့ပါ' ဟု ဦးအေးသွင် က တွန်းလှန်ပြောဆိုကြည့်သေးသည်။ ကျောင်းသားဘဝနှင့်တုန်းက ခေါ်ဝေါ် ခဲ့သည့်အတိုင်း ဦးအေးသွင်က ၎င်း၏ အထက်အရာရှိ ဖြစ်သော ခရိုင်ရာဇဝတ် တရားသူကြီး ဦးအောင်မင်းကို ဆရာ ဟူ၍ ခေါ်မြဲ ခေါ်သည်။

'ဒီလိုလည်း ဘယ်ဟုတ်မလဲ မောင်အေးသွင်၊ ပေါင်းသင်း ဆက်ဆံ ရေး ဆိုတာလည်း ရှိသေးတယ် မဟုတ်လား' ဟု ဦးအောင်မင်းက ဦးအေးသွင် အား အရင် ရန်ကုန်တက္ကသိုလ်တွင် အတူ နေထိုင်လာခဲ့ရစဉ်တုန်းကကဲ့သို့ ဆရာနှင့် တပည့်ပမာ ကျောကို ရင်းရင်းနှီးနှီး ပွတ်သပ်ရင်း ပြောဆိုလိုက် သည်။

မိမိအား လက်အောက်အရာရှိ တစ်ဦးကဲ့သို့ အလျှင်းမဟုတ်ဘဲ ဆရာ တပည့်ကဲ့သို့ လည်းကောင်း၊ ညီအစ်ကိုကဲ့သို့ လည်းကောင်း ရင်းရင်းနှီးနှီး ပြောဆိုလျက် ရှိသော ဦးအောင်မင်း၏ စကားကို ဦးအေးသွင်သည် အဘယ်သို့ ငြင်းဆန်နိုင်ပါဦးမည်နည်း။ သူသည် ဦးခေါင်းကို ငုံ့၍ ငြိမ်သက်စွာ နေလိုက် ရသည်။ နောက်ထပ်၍ ဘာမျှ ပြန်လှန် ပြောဆိုခြင်း မပြုတော့ချေ။ မိမိ၏ သြဝါဒနှင့် စကားကို နာခံသွားပြီဖြစ်သော တပည့်ဟောင်းအား ဦးအောင်မင်း သည် နောက်ထပ် ပြောဆိုရန် အကြောင်းမရှိတော့သဖြင့် ၎င်း၏ ဇနီးနှင့်အတူ ထားခဲ့ပြီးလျှင် ရန်ကုန် ပုလိပ်မင်းကြီးနှင့် ပုလိပ်အရာရှိကြီးများ စုဝေး စကား ပြောဆိုနေကြသော လူအုပ်ဘက်သို့ ကူးသွားသည်။

'ဝန်ထောက်မင်း အကြောင်းကို အရေးပိုင်မင်းက မကြာမကြာ ပြော ပြဖူးလို့ ကျွန်မတို့ကလည်း ခင်နေကြပါတယ်။ တနင်္ဂနွေနေ့ ရုံးအားလို့ ပျင်းတဲ့အခါ ကျွန်မတို့ အိမ်ကို လာလည်နိုင်ပါတယ်' ဟု ခရိုင် ရာဇဝတ် တရားသူကြီးကတော်က အိမ်နှင့်ရုံးမှလွဲ၍ အခြား ဘယ်ကိုမှ မသွားတတ်၊



Pdf - Yaybawal

မလည်တတ်သော ဦးအေးသွင်အား ၎င်းတို့အိမ်သို့ ရုံးအားရက်များတွင် လာရောက် လည်ပတ်ခြင်းပြုရန် ခင်ခင်မင်မင် ဖိတ်ခေါ်ခြင်း ပြုလေသည်။

'ကျေးဇူးတင်ပါတယ် မင်းကတော်' ဦးအေးသွင်သည် များစွာ ဖော်ရွေ၍ ခင်မင်တတ်ပုံရသော ခရိုင် ရာဇဝတ် တရားသူကြီးကတော်ကို လေးလေးစားစား ပြန်၍ ပြောလိုက်ရသည်။ သို့ရာတွင် သူသည် ဖိတ်ကြားထားသည့်အတိုင်း လာရောက် လည်ပတ်ခြင်းပြုရန်ကား စိတ်ကူး၍ပင် မရသေးချေ။

'ဒါထက် ဝန်ထောက်မင်းရဲ့ မင်းကတော် ဆုံးသွားတာ ငါးနှစ်လောက်ရှိပြီထင်တယ်။ ကလေး ဘယ်နှယောက်ပါလိမ့်' မိန်းမတို့၏ ဓမ္မတာအတိုင်း တစ်ဖက်က မင်းကတော်က သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုပင် စပ်စု၍ မေးမြန်းနေပြန်သည်။

တတ်နိုင်လျှင် လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်သွားသော သူ၏မင်းကတော်အကြောင်းကို ဦးအေးသွင်သည် မေ့ထားချင်သူတစ်ဦး ဖြစ်သည်။ ပြန်လည်၍ သတိပေးခြင်းပင် ခံလိုသူတစ်ဦး မဟုတ်ချေ။

'ဟုတ်ကဲ့ မင်းကတော်၊ ငါးနှစ်ကျော်သွားပါပြီ။ ကလေးနှစ်ယောက်ကတော့ ကျွန်တော်နဲ့ပဲ အတူတူ နေပါတယ်' သူသည် များစွာ မပြောဆိုလိုလှသော အကြောင်းအရာကို ပညာတတ် လူယဉ်ကျေးတစ်ဦး အနေနှင့်ဟန်မပျက် ပြန်ပြောလိုက်ရသည်။

'ကလေးတွေကကော တော်တော်လေး ကြီးကုန်ပလား၊ ဝန်ထောက်မင်းနဲ့ အတူနေတယ်ဆိုတော့ ဘယ်သူက ကြည့်ထားပေးပါသလဲ' ဟု အစစအရာရာ ခရေစေ့တွင်းကျ လိုက်၍ သိရှိလိုကြသည့် မိန်းမတို့၏ သဘာဝအတိုင်း ခရိုင်ရာဇဝတ် တရားသူကြီးကတော်က မေးပြန်သည်။

ဦးအေးသွင်သည် အတော်ကလေး ကျဉ်းကျပ်နေသည်။ တရားသူကြီးလုပ်၍ သူတစ်ပါးကိုသာ စစ်ဆေး မေးမြန်းခြင်းပြုခဲ့သူအား တရားသူကြီးကတော် တစ်ဦးက စစ်ဆေး မေးမြန်းလျက် ရှိသည်။ သူသည် ဝတ္ထုရားများအရ စစ်ဆေးခဲ့ရသော တရားခံများအားလုံးကို သတိရ လွမ်းဆွတ်မိလေသည်။ သို့ရာတွင် မျက်မှောက်ပြုနေရသော သူ၏ ပစ္စုပ္ပန်ဘဝကိုကား မထိမဲ့မြင်ပြု၍ မဖြစ်ချေ။ သူ့ကို စစ်ဆေး မေးမြန်းနေသူမှာ ခရိုင် ရာဇဝတ်တရားသူကြီးကတော် ဖြစ်သည်။ အထူးအာဏာ ရရှိထားသော တရားသူကြီးလည်း ဖြစ်သည်။

'သမီးအကြီး ခင်မာထူးက ၉ နှစ်၊ သားငယ် မောင်မောင်လေးက ၇ နှစ် ရှိသွားပါပြီ မင်းကတော်။ နေတော့ သူ့ဘွားအေနဲ့ပဲ နေကြပါတယ်။ အိမ်မှာ ထမင်းချက်တဲ့ လင်မယားကလည်း ကြည့်ပေးကြပါတယ်' မည်သူ၏ အိမ်အတွင်းရေးကိုမျှ စပ်စုခြင်း မပြုခဲ့ဖူးသော ဦးအေးသွင်သည် ဘယ်ဝင့်ကြွေးကြောင့်တော့ မသိ၊ သူ့အိမ်တွင်းရေးကိစ္စကို သူကိုယ်တိုင် ထွက်ဆိုနေရသည်။

'ကလေးတွေတောင် တော်တော် ကြီးကုန်ကြမှပဲ။ တစ်ခါလောက် ဝန်ထောက်မင်းရဲ့ မေမေနဲ့ ကလေးတွေကို တွေ့ဖူးတယ်ရှိအောင် လာလည် ဦးမှ ထင်တယ်'

'ကျေးဇူးတင်ပါတယ် မင်းကတော်' နောက်ထပ်၍ မိမိ၏ အိမ်တွင်းရေး အကြောင်းကို မဆက်နိုင်အောင် ဦးအေးသွင်သည် စကားကို ပိတ်လိုက်သည်။ အခြား ဧည့်သည်တွေကို စကားပြောဆိုရန် များစွာ ရှိပါလျက် မိမိ တစ်ဦးတည်းကိုသာ ဦးတည်၍ စကားဧည့်ခံ ပြောဆိုခြင်းပြုနေသော ခရိုင်ရာဇဝတ် တရားသူကြီးကတော်ကိုလည်း ငြီးငွေ့သလို ဖြစ်လာသည်။ သို့ရာတွင် ခရိုင်ရာဇဝတ် တရားသူကြီးလင်မယား နှစ်ဦးစလုံးတို့သည် ၎င်းအား ရည်မှန်းချက် တစ်ခုနှင့် ဘုရားဝတ်ပြုပွဲသို့ မလာ လာအောင် ဖိတ်ခေါ်၍ ၎င်း လာရောက်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့ ရည်မှန်းထားသော ဇာတ်အိမ်အတွင်းသို့ ဇာတ်ကောင် တစ်ယောက်အဖြစ် ဖန်တီး ရိုက်သွင်းနေကြသည် ဆိုသော အချက်ကိုကား မယား တစ်ယောက် ရခဲ့ဖူးပြီ ဖြစ်သော်လည်း ရိုးသားသော တရားသူကြီးသည် မရိပ်မိရှာပေ။ မယား တစ်ယောက် ရရှိခဲ့ဖူးသည် ဆိုခြင်းမှာလည်း သူ့အစွမ်းအစနှင့် သူ့ဘာသာ ပိုးပန်းကြံစည်၍ ရရှိခဲ့သည် မဟုတ်ဘဲ၊ နှစ်ဦး နှစ်ဖက်သော လူကြီးမိဘတို့က စီစဉ်ကြသောကြောင့်သာ ဖြစ်သည်။ ယခုအခါတွင် လူကြီးမိဘများ စီစဉ်ပေးထားသော မယား ကွယ်လွန် အနိစ္စ ရောက်ရှိခဲ့သည်မှာ ငါးနှစ်ပင် ကျော်လွန်ခဲ့ပြီ ဖြစ်သော်လည်း နောက် မယား တစ်ယောက် မယူချင်သေးခြင်းမှာ သူကိုယ်တိုင် ညံ့ဖျင်းနေသောကြောင့် ဖြစ်လိမ့်မည် ဆိုသော အချက်ကိုလည်း စဉ်းစားတတ်သူ မဟုတ်ချေ။ လူ့ဘဝ ဆိုသည်မှာ မိဘများ၊ သားမယားများနှင့် ပျော်ပျော်ပါးပါး နေထိုင်ရသည် ဆိုသော အချက်ကို သူသည် စဉ်းစားမိဟန် မရှိချေ။

'ခုလို မင်းကတော် မရှိတော့ဘဲ ငါးနှစ်လောက် ကလေးတွေနဲ့ နေ



Pdf - Yaybawal

သဘောတော ခြောက်ကပ်ကပ် ဟာတာတာကြီးကော ဖြစ်မနေဘူးလားဟင် ဝန်ထောက်မင်း' မင်းကတော်က ခပ်ပြုံးပြုံး မေးလိုက်သည်။ ယင်းသို့ ကျော တည့်တည့် ချလိုက်တော့မှပင် ဓားပြမှု များစွာကို စစ်ဆေးခဲ့ဖူးသော တရား သူကြီးသည် မိမိအား မည်သည့် ပုဒ်မ တပ်၍ စစ်ဆေးနေသည်ဆိုသော အမှု သွား အမှုလာကို ရိပ်မိစ ပြုလာသည်။

'ကလေးတွေရဲ့ မေမေမှ မရှိတော့ ဒီလိုပဲ နေလာရတာပေါ့ မင်းကတော်' ဟု ဦးအေးသွင်က ခပ်ပြုံးပြုံး ပြန်၍ ပြောလိုက်ရသည်။

'ဒီလိုချည်းကော တစ်သက်လုံး နေသွားမယ်များ စိတ်ကူးထားသလား ဟင် ဝန်ထောက်မင်း'

ခရိုင်ရာဇဝတ်တရားသူကြီး ကတော်၏ မေးခွန်းကို မဖြေတတ်သဖြင့် ဦးအေးသွင်သည် ပြန်လည် ဖြေကြားခြင်း မပြုဘဲ ယောင်ဝါးဝါး လုပ်နေ လိုက်သည်။ တကယ်ဆိုတော့ သူသည် သူ့အတွက် များစွာ အရေးကြီးလှသော ထိုကိစ္စကြီးကို ခင်မာတူးနှင့် မောင်မောင်လေးတို့၏ မိခင် ဆုံးပြီးကတည်းက တင်ကြိမ် တစ်ခါမျှ လေးလေးနက်နက် စဉ်းစားထားခြင်း မရှိချေ။ ယင်းသို့ စဉ်းဘားထားခြင်း မရှိ၍လည်း သူသည် အဖြေမပေးနိုင်ခြင်း ဖြစ်လေသည်။ ယောင်ဝါးဝါး လုပ်နေရခြင်းလည်း ဖြစ်လေသည်။

'ဝန်ထောက်မင်းက အရေးပိုင်မင်းထက် ဆယ်နှစ်လောက် ငယ်တယ် ဆိုတော့ မသကာရှိလှရင် သုံးဆယ့်နှစ်နှစ်လောက်ပဲ ရှိလိမ့်ဦးမယ် ထင်တယ်'

'ဟုတ်ကဲ့၊ သုံးဆယ့်သုံးနှစ်ထဲမှာပါ မင်းကတော်'

'အခုမှ အရွယ်ကောင်းတုန်းပဲ ဝန်ထောက်မင်း၊ ကိုယ့်ဘဝကြီးကို အရွယ် ကောင်းတုန်းနဲ့ အချိန်ကောင်းတုန်းမှာ ဒီလို ပစ်ထားလို့ ဘယ် တရားမျှတ နိုင်ပါ့မလဲ'

(၃)

ယင်းသို့ ခရိုင် ရာဇဝတ်တရားသူကြီး ကတော်နှင့် အနောက်ပိုင်း ရာဇဝတ် တရားသူကြီးတို့ နှစ်ဦး စကားကောင်းနေခိုက် အသက် (၁၅) နှစ်ခန့်မျှ ရှိ လိမ့်ဦးမည်ဟု ခန့်မှန်းရသော ခရိုင်ရာဇဝတ်တရားသူကြီးနှင့် တရားသူကြီး ကတော်တို့၏ သမီးအကြီး မာဂရက် အောင်မင်းနှင့် အသက် နှစ်ဆယ်ခန့်



Pdf - Yaybawal

ပတ်ဝန်းကျင်လောက်တွင် ရှိလိမ့်ဦးမည်ဟု ထင်ရသော မိန်းမပျိုကလေး တစ်ယောက်တို့သည် ၎င်းတို့နှစ်ဦး စကားပြောဆိုနေကြသော အနီးသို့ ရောက်ရှိ၍ လာကြသည်။ မာဂရက်အောင်မင်းနှင့် အတူပါလာသော မိန်းမပျိုမှာ ကျန်းမာပြည့်ဖြိုး၍ များစွာ ခေတ်ဆန် ချောမောလှသော မိန်းကလေးတစ်ဦး ဖြစ်သဖြင့် ယင်းသို့ စိုစိုပြည်ပြည်နှင့် ခေတ်ဆန်ဆန်ချောမောလှပသော မိန်းမပျိုကလေးများကို ရင်းရင်းနှီးနှီး သိကျွမ်းခြင်းနှင့် နီးနီးကပ်ကပ် တွေ့ဖူး မြင်ဖူးဟန် မရှိသော မုဆိုးဖိုကြီး ဦးအေးသွင်သည် မှင်တက်မိသလို အသက်ပင် ရှူရမှန်း သတိမရတော့ဘဲ ငေးမော၍ ကြည့်နေသည်။ ရင်တွင်း၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ မိန်းမပျိုကတော့ ၎င်းအား ဝိုင်းစက်သော မျက်လုံးကြီးများဖြင့် ငေးစိုက်၍ ကြည့်နေသော ဦးအေးသွင်အား ဣန္ဒြေရရ တစ်ချက်မျှ မျက်လွှာပင့်၍ ကြည့်လိုက်ပြီးနောက် မင်းကတော်၏ ကျောဘက်နားတွင် ရပ်နေလိုက်သည်။

'ဟဲ့… ခင် တစ်ယောက်တည်းလား မာဂရက်၊ နင့်ဆရာမ မမကြီး တစ်ယောက်ကော မမြင်ပါကလား' ဟု မာဂရက်၏ မိခင်က ၎င်း၏အတွက် များစွာ အရေးကြီးဟန်တူသော ဆရာမ မမကြီးကို ရုတ်တရက် မတွေ့ရသဖြင့် အလောတကြီး မေးလိုက်သည်။ မာဂရက်အောင်မင်းသည် မိခင်လုပ်သူ၏ အမေးကို ပြန်လည် ဖြေကြားခြင်း မပြုသေးဘဲ ခင် ဆိုသော မိန်းမပျိုအား လှမ်း၍ကြည့်ရင်း 'မမခင် ပြောပြလိုက်လေ' ဟု ပြောဆိုလိုက်သည်။ သည်တော့မှ 'ဒေါ်လေး ကျောင်းက အပြန် ခေါင်းနည်းနည်းကိုက်နေလို့ လိုက်မလာနိုင်ဘူး အန်တီ၊ ခင့်ကို ကားနဲ့ လာကြိုရင်း မာဂရက်ကိုယ်တိုင် ဒေါ်လေး အိပ်ရာထက်မှာ ညည်းနေတာကို မြင်ခဲ့သားပဲ' ဟု ခင်က အကျိုးအကြောင်း ရှင်းလင်းပြလေသည်။

'အန်တီ သေသေချာချာ ပြောထားတာတောင်မှ မမကြီး တစ်ယောက်ကလည်း ကနေ့မှပဲ ခေါင်းကိုက်ဖြစ်အောင် ကိုက်လိုက်သေးတယ်ကွယ်' ဟု သက်ပြင်းကို ချရင်း၊ မင်းကတော်သည် ခေါင်းကိုက်၍ အိပ်ရာထက်တွင် ညည်းညူနေရသော ဝေဒနာရှင်ကိုပင် အပြစ်တင်လိုသော လေသံမျိုးဖြင့် ညည်းတွား ပြောဆိုလိုက်သည်။

'အို မာမီကလဲ၊ ဆရာမ ခေါင်းကိုက်နေလို့ လိုက်မလာနိုင်တာကို



Pdf - Yaybawal

ဲ အပြုံတင်နေရသေးသလား’ ဟု မိခင်လုပ်သူ၏ အစီအစဉ်နှင့် ကြံရွယ် ချက်ကို ဘာတစ်ခုမျှ နားမလည်ရှာသော ကလေးသူငယ်မပီပီ မာဂရက်သည် ၎င်း၏ ဆရာမဘက်မှ ခုခံကာကွယ်၍ ပြောဆိုလေသည်။

‘မာမီ စကားပြောတုန်း ဝင်မပြောရဘူးဆိုတာ မေ့သွားပလား’ ဟု မိခင် လုပ်သူက မျက်နှာထား ခပ်တင်းတင်းနှင့် မာန်လိုက်တော့မှ မာဂရက် သည် မျက်နှာပိုးသတ်ကာ ခင် ဆိုသော မိန်းမပျိုအနီးသို့ သွား၍ ကပ်နေ လိုက်သည်။

ခင် ဆိုသော ချောမောလှပသည့် မိန်းမပျိုကလေးနှင့် မာဂရက်တို့ သားအမိ ပြောဆိုလျက် ရှိကြသော ဆရာမ မမကြီးအကြောင်းနှင့် ပတ်သက် ၍ ကျောက်ရုပ်လို မတုန်မလှုပ် ရပ်ကာ ငြိမ်သက်စွာ နားထောင်နေရသော ဦးအေးသွင်သည် ဘာတစ်ခွန်းမှ နားမလည်လိုက်ချေ။ မင်းကတော်၏ နောက် ကွယ်တွင် ရပ်နေသော မိန်းမပျိုကိုသာလျှင် ဦးအေးသွင်သည် မကြာခဏ လှမ်း၍ လှမ်း၍ ကြည့်နေမိသည်။ ထိုသို့ ကြည့်ရာမှ မိန်းမပျိုက ပြန်ကြည့်သော အခါနှင့် ဆုံသွားသောအခါလည်း မုဆိုးဖိုကြီး၏ ရင်ထဲတွင် ဒိန်းခနဲ ဒိန်းခနဲ ဖြစ်သွားသည်။ သူကသာ ကြီးတောင့်ကြီးမားနှင့် ဣန္ဒြေပျက်၍နေသော်လည်း ခင် ဆိုသော မိန်းမပျိုကလေးကတော့မူ သူ့အား ဧရာမ အဘိုးကြီးအို တစ်ဦး ကဲ့သို့ သဘောထားသည့်ပမာ ဣန္ဒြေရလှသည်။ ရဲရဲတင်းတင်းလည်း ရှိသည်။ တကယ်ဆိုတော့ မူမမှန်သောသူကသာ ဣန္ဒြေပျက်လျက်၊ မူမှန်သောသူက ဣန္ဒြေရခြင်းမျှသာ ဖြစ်လေသည်။

မိမိ စကားပြောဆိုနေခိုက် ဝင်ရောက် ပြောဆိုသော သမီး ဖြစ်သူ မာဂရက်အား ဟန့်တားလိုက်ပြီးမှ ၎င်း၏အတွက် ထိုညအဖို့ များစွာ အရေး ကြီးနေဟန် ရှိသော ဆရာမ မမကြီးအကြောင်းကို မေးမြန်း ပြောဆိုနေခိုက် မေ့မြောကာ ငုတ်တုတ်ကြီး ပစ်ထားမိသော ရာဇဝတ် တရားသူကြီးတစ်ဦး ကို မင်းကတော်သည် ပြန်လည် သတိရလာသည်။ ထိုသို့ သတိရလာတော့မှ ‘ဆရာမ မမကြီးအကြောင်း ပြောနေရတာနဲ့ ဝန်ထောက်မင်းကိုတောင် မေ့ နေလိုက်တာ အားနာစရာ ကောင်းနေပြီ’ ဟု လူကြီး သားမယားတစ်ဦး ပီသစွာ တောင်းပန် ပြောဆိုလေသည်။

‘ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး မင်းကတော်၊ ပြောစရာရှိတာသာ



Pdf - Yaybawal

ပြောကြပါ' ဟု မင်းကတော်၏ နောက်ကွယ်မှ မိန်းမပျိုကို မရဲတရဲ လှမ်း၍ ကြည့်ရင်း ဦးအေးသွင်က ပြောဆိုသည်။

'မရှိတော့ပါဘူး ဝန်ထောက်မင်း၊ ဩော်... ဒါထက် ဝန်ထောက်မင်းနဲ့ ခင့်ကိုတောင် မိတ်ဆက်ပေးရဦးမယ်' ဟု ခရိုင် ရာဇဝတ်တရားသူကြီးကတော်က ၎င်းများစွာ စိတ်ဝင်စားလျက် ရှိနေပြီဖြစ်သော မိန်းမပျိုနှင့် မိတ်ဆက်ပေးရဦးမည်ဟု နိဒါန်းပျိုး၍ ပြောဆိုလိုက်သောအခါ၊ ကလေးနှစ်ယောက်တို့၏ ဖခင် မုဆိုးဖိုကြီး ဦးအေးသွင်သည် ၎င်း၏ ကိုယ်ကို မက်ထရစ် အောင်၍ တက္ကသိုလ်ကျောင်းသို့ ဝင်ရောက်မည့်ဆဲဆဲ ကျောင်းသား လုလင်ပျိုကလေး တစ်ဦးကဲ့သို့ အောက်မေ့သွားလေသည်။ သူ့မျက်နှာပြင် တစ်ခုလုံးတွင်လည်း အပြုံးသည် ယုက်သန်း မွှေနောက်၍ သွားလေသည်။ ခရိုင် ရာဇဝတ်တရားသူကြီး ဦးအောင်မင်းက ၎င်း၏ နေအိမ်သို့ ဘုရားဖူး လာရောက်ရန် ပြောဆိုသော အချိန်မှ စ၍ ရှုပ်ထွေး နောက်ကျိလာခဲ့ရသော ၎င်း၏ ဦးနှောက်သည်လည်း ရေနှင့် တွေ့ထိလိုက်ရသော ကြာပန်းနှင့်မခြား လန်းဆန်း ရွှင်ပျ၍ သွားလေသည်။

'ခင်က ကျွန်မတို့ ခုတင်က ပြောနေကြတဲ့ မာဂရက်တို့ သီလရှင်ကျောင်းက ဆရာမ မမကြီးရဲ့ တူမလေ ဝန်ထောက်မင်း၊ ဆရာမ မမကြီးတောင် ဝန်ထောက်မင်းတို့နဲ့ တက္ကသိုလ်မှာတုန်းက တူတူပဲလားတော့ မပြောတတ်ဘူး။ ဒါထက် ဝန်ထောက်မင်း ဘီအေအောင်တာ ဘယ်နှစ်ကလဲဟင်' ခင်နှင့် မိတ်ဆက်ပေးရာမှ ဆရာမ မမကြီးအကြောင်းသို့ ရုတ်ခြည်း ကူးပြောင်းသွားပြီးလျှင် ထိုသို့ ကူးပြောင်းရုံမျှနှင့် မပြီးသေးဘဲ မိမိနှင့် ခင်၏ ဒေါ်လေးတို့ ရန်ကုန်တက္ကသိုလ်တွင် အတူနေခဲ့၊ မနေခဲ့ ဆိုသော ကိစ္စကိုပါ ဆက်လက် စပ်စုနေပြန်သဖြင့် 'ထောင့်ကိုးရာ လေးဆယ်ခုနစ်က အောင်လို့ လေးဆယ့်တစ်ခုနှစ်မှာ အလုပ်ဝင်ပါတယ် မင်းကတော်' ဟု ဦးအေးသွင်သည် အောင့်သက်သက်နှင့် ဖြေဆိုလိုက်ရသည်။

'ဆရာမ မမကြီးလည်း လေးဆယ့်တစ်ခုနှစ်မှာ အောင်ပြီး စစ်ပြီးတော့မှ ဘီအက်(ဒ်) ဆက်တက်ရတယ်'

'ဩော်... ဟုတ်ကဲ့' ဆရာမ မမကြီးထက် ၎င်း၏ တူမကိုသာ စိတ်ဝင်စားနေသော ဦးအေးသွင်က ခပ်တိုတိုနှင့် ဖြတ်လိုက်သည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'ဒီလိုဆိုရင် ဝန်ထောက်မင်းနဲ့ ဆရာမ မမကြီးတို့ တစ်ယောက်နဲ့ တစ်ယောက် သိပြီးကြပလားတော့ မပြောတတ်ဘူး' ဟု ခရိုင်ရာဇဝတ်တရားသူကြီးကတော်က ၎င်းစိတ်ဝင်စားလျက်ရှိသော ဆရာမ မမကြီး ဘီအေ၊ ဘီအီးဒီ၏ အကြောင်းကိုသာ ငါ့စကား နွားရ ပြောဆိုလျက် ရှိသည်။

'ကျွန်တော်တို့ တက္ကသိုလ်မှာတုန်းကတော့ မမကြီးတွေက အများသားကလား မင်းကတော်'

'ကျွန်မတို့ ရန်ကုန်ကို ပြောင်းလာရတဲ့ နှစ်က ပင်စင်ယူသွားတဲ့ ဟံသာဝတီ စက်ရှင်တရားသူကြီး ဦးကျော်အောင်ရဲ့ နှမကလေးပေါ့ ဝန်ထောက်မင်းရဲ့'

'ဩော်... ခင်က အဲဒီ စက်ရှင်တရားသူကြီး ဦးကျော်အောင်ရဲ့ သမီးကိုး' ဟု ၎င်း၏ နိဂုံးကို ၎င်းဘာသာ ဆွဲထုတ်ပြောဆိုလိုက်ပြီးနောက် ရာဇဝတ်တရားသူကြီး ဦးအေးသွင်သည် မိမိကိုယ်ကို တော်တော်ကလေး သဘောကျသွားသကဲ့သို့ ခပ်အုပ်အုပ်လေး ရယ်မောလိုက်၏။

'ခင်တို့ ဖေဖေ ဦးကျော်အောင်နဲ့ ဝန်ထောက်မင်းကော လူချင်း သိကြသလား ဟင်' ဟု ခရိုင်ရာဇဝတ် တရားသူကြီးကတော်က ပိုမို စိတ်ဝင်စား၍ အားတက်လာသော လေသံဖြင့် ပြန်၍ မေးသည်။

'လွတ်လပ်ရေး ရတဲ့နှစ်က ပေါင်းတည်မှာ နယ်ပိုင် ဝန်ထောက်နဲ့ ရာဇဝတ်တရားသူကြီး ကျွန်တော်လုပ်နေရတုန်းက ခင်တို့ ဖေဖေ ဦးကျော်အောင်က ပြည်မှာ စက်ရှင်တရားသူကြီးပေါ့ မင်းကတော်၊ အလုပ်ဝတ္တရားနဲ့ ပတ်သက်ပြီး စက်ရှင်တရားသူကြီးနေတဲ့ မင်းကြီးတောင်က အိမ်ကိုတောင် ကျွန်တော် သုံးလေးခါလောက်တော့ ရောက်ဖူးပါသေးတယ်'

'ဒါကြောင့်မို့ ထင်ပါရဲ့၊ အန်ကယ့်ကို တွေ့တွေ့ချင်း မြင်တော့ မြင်ဖူးပါတယ်လို့ ခင်လည်း စဉ်းစားနေတာ' ဟု မင်းကတော်၏ နောက်ကွယ်တွင် ခပ်ယို့ယို့ ရပ်၍နေရာမှ ရှေ့သို့ ထွက်လာရင်း ခင်က ရင်းရင်းနှီးနှီး ပြောဆိုလိုက်သည်။ မိမိထက် ဆယ်နှစ်သာသာခန့် ငယ်သော မိန်းမပျိုကလေး တစ်ဦးက "အန်ကယ်"ဟု ခေါ်ဝေါ်ခြင်း ခံလိုက်ရသည့်အတွက် မှဆိုးဖို တရားသူကြီးသည် တော်တော်ကလေး အခံရခက်ကာ အောင့်သက်သက် ဖြစ်သွားပုံရသည်။ မျက်နှာသည် ရတ်တရက် အိုစာ၍ သွားပြီးလျှင် မျက်မှောင်လည်း



Pdf - Yaybawal

ကုတ်လိုက်မိသည်။ နောက်မှ တစ်စုံတစ်ရာကို ရုတ်တရက် စဉ်းစားမိလာသကဲ့သို့ 'အခု အန်ကယ် ဦးကျော်အောင်က ဘယ်မှာနေသလဲဟင် မင်းကတော်' ဟု ခင့်အား တိုက်ရိုက် မေးမြန်းခြင်း မပြုဘဲ ခရိုင် ရာဇဝတ်.တရားသူကြီးကတော်အား လှမ်း၍ မေးလိုက်သည်။ ခင်၏ ဖခင် ဦးကျော်အောင်အား ၎င်းက "အန်ကယ်" ဟု ခေါ်ဝေါ်လိုက်ခြင်းအားဖြင့် ၎င်းအား "အန်ကယ်" ဟု ခေါ်ဝေါ်ခြင်းပြုခဲ့သော ခင်၏ အခေါ်အဝေါ်ကို ပြန်လည် ပြင်ဆင်ခြင်းပြုရန်အတွက် ဉာဏ်သွားသော တရားသူကြီးပီပီ ဦးအေးသွင်သည် သွယ်ဝိုက်သော နည်းဖြင့် ခင့်အား စကားလမ်းခင်းပေးလိုက်ခြင်းလည်း ဖြစ်သည်။

'ကံဘဲ့ဘက်မှာ နေတယ် ဝန်ထောက်မင်း၊ ဒါထက် ခင်တို့မေမေ အနိစ္စရောက်တာကော ဝန်ထောက်မင်း သိပြီးပလား'

'ဩော်... အန်တီလည်း ဆုံးမှကိုး။ ဒါထက် ခင်တို့ မေမေ ဘယ်တုန်းက ဆုံးသွားပါလိမ့်' ဟု မင်းကတော်ကို ပြောဆိုလျက် ရှိရာမှ ခင့်ကို လှမ်း၍ မေးလိုက်သည်။ ခင်၏ မိခင်ကိုလည်း အန်တီ ဟု လေးလေးပင် ခေါ်ဝေါ်ခြင်း ပြုလိုက်သည်။

'ပြည်က ခင်တို့ဖေဖေ ပဲခူးကို ပြောင်းရတဲ့ နှစ်ကပဲ ဆုံးပါတယ်' ဟု ခင်က ပြန်ပြောသည်။ ယခုတစ်ခေါက် ခင်၏ စကားထဲတွင် အန်ကယ် မပါလာသည့်အတွက် ဦးအေးသွင်သည် တော်တော်ကလေး သက်သက်သာသာ ရှိသွားသည်။

'ဒါဖြင့် အခု ကံဘဲ့မှာ ခင်တို့ သားအဖ နှစ်ယောက်ထဲပေါ့နော်'

'ဖေဖေ ရန်ကုန်ကို ပြောင်းလာရကတည်းက ဒေါ်လေးလည်း ခင်တို့သားအဖနဲ့ အတူတူလာနေပါတယ်' ဟု ခင်၏ စကားမပြတ်မီ 'ဒေါ်လေးဆိုတာ ခုတင်က ကျွန်မပြောတဲ့ မာဂရက်တို့ ဆရာမ မမကြီးကိုပေါ့ ဝန်ထောက်မင်းရဲ့' ဟု ခရိုင် ရာဇဝတ် တရားသူကြီးကတော်က ဝင်ရောက် ပြောဆိုလိုက်သည်။

'ဩော်... ဩော် သားအဖ တူဝရီးသုံးယောက် အတူတူနေကြတာကိုး' ဟု ရာဇဝတ်တရားသူကြီး ဦးအေးသွင်က ယခုမှ ရှင်းလင်း သဘောပေါက်သွားသကဲ့သို့ ပြောဆိုရင်း ပါးစပ်ထဲတွင် စေးထိုင်းထိုင်းဖြစ်လာသလို ရှိသောကြောင့် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလိုက်သည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

ယင်းကဲ့သို့ စကားကောင်း၍ နေကြခိုက် ခပ်စောစောက ပုလိပ်ဝိုင်းတွင် သွားရောက် ဧည့်ခံစကား ပြောဆိုနေသော ခရိုင်ရာဇဝတ် တရားသူကြီးသည် ပျာယီးပျာယာနှင့် ရောက်ရှိလာပြီးလျှင် 'အတွင်းဝန် ဦးဘထွန်းတို့ လင်မယားကို သွားကြိုရင်း နှုတ်ဆက်လိုက်ပါဦးလား မာမီ၊ ခုပဲ ရောက်လာကြတယ်' ဟု ၎င်း၏ မင်းကတော်အား အရေးတကြီး တိုက်တွန်း ပြောဆိုလေသည်။ ၎င်း၏ မင်းကတော်ကို ထိုသို့ ပြောဆိုပြီးမှ ခင့်ကို လှမ်း၍ ကြည့်ရင်း–

'ဟင် ခင် တစ်ယောက်တည်းပါလား၊ ဆရာမ မမကြီးကော ပါမလာဘူးလား' ဟု မေးလိုက်သည်။

'မမကြီး ကျောင်းကအပြန် ခေါင်းကိုက်နေလို့တဲ့ ဒက်ဒီ' ဟု ခင့်အစား မင်းကတော်က ပြောကြားပြီးနောက် ဦးအေးသွင်ဘက်သို့ လှည့်ကာ 'ရတ်တရက် ပြန်မသွားနဲ့ဦးနော်် ဝန်ထောက်မင်း၊ ကျွန်မ ဝန်ထောက်မင်းအတွက် ပေးစရာ တာဝန်တစ်ခု ရှိသေးလို့'ဟု ပြောဆို မှာကြားခြင်း ပြုလေသည်။

'ပေးစရာရှိတဲ့ တာဝန်ကိုသာ ပေးပါ မင်းကတော်၊ ကျွန်တော် မပြန်သေးပါဘူး' ဟု ဦးအေးသွင်က ရွှင်ရွှင်ပျပျကြီး ပြန်၍ ပြောဆိုသည်။ ကတိလည်း ပေးလေသည်။ သူသည် ခပ်စောစောတုန်းကကဲ့သို့ကား မဟုတ်တော့ချေ။ အချိန်အနည်းငယ်အတွင်း အံ့ဩလောက်အောင် ပြောင်းလဲလျက် ရှိသည်။ ခပ်စောစောကမူ သူသည် အိမ်သို့ပြန်ရန် တကဲကဲ ပြုလုပ်နေသဖြင့် အိမ်ရှင်များက မနည်းကြီး ဖျောင်းဖျ ပြောဆိုထားရသည်။ ယခုတော့မူ 'ကျွန်တော် မပြန်သေးပါဘူး' ဟု အာမခံလျှော်ခံလျက် ရှိလေသည်။

'ဒါဖြင့် ခင်နဲ့ စကားပြောနေဦးနော် ဝန်ထောက်မင်း၊ ကျွန်မ ဦးဘထွန်းတို့ လင်မယားကို သွားနှုတ်ဆက်လိုက်ဦးမယ်' ဟု ဦးအေးသွင်အား ပြောဆိုမှာကြားထားခဲ့ပြီးနောက် 'လာ ဒက်ဒီ၊ ဦးဘထွန်းတို့ လင်မယားကို သွားနှုတ်ဆက်ကြရအောင်' ဟု ၎င်း၏ ဒက်ဒီကိုပါ ခေါ်ငင်၍ ထွက်သွားသဖြင့် မာဂရက်၊ ခင်နှင့် ဦးအေးသွင်တို့ သုံးဦးသာ ကျန်ရစ်ခဲ့လေသည်။

Pdf - Yaybawal

(၄)

ရာဇဝတ် တရားသူကြီး ဦးအေးသွင်သည် ဦးအောင်မင်းတို့ လင်မယား ထွက်သွားသဖြင့် လွတ်လပ်ပေါ့ပါး၍ သွားသည်။ တရားဥပဒေနှင့် ဖြတ်ထုံးစာအုပ်များလောက်ကိုသာ စိတ်ဝင်စားလာခဲ့သော လူတစ်ယောက်သည် ယခုအခါတွင် ဘယ်တုန်းကမျှ မထင်မှတ်ခဲ့သော စိတ်ဝင်စားစရာ တစ်ခုကို မမျှော်လင့်ဘဲ တွေ့နေရပြီ ဖြစ်သဖြင့် တင်းမာ ခြောက်ခန်းနေသော တရားသူကြီး၏ နှလုံးသားသည် လန်းဆန်း ပျော့ပျောင်း၍ လာသည်။ သူ၏ မျက်နှာသည်လည်း ရုတ်တရက် သွေးရောင်များ ယှက်သန်းကာ ကြည်လင်နုပျို၍ လာသည်။ သို့ရာတွင် လူပျိုဘဝနှင့် အလှမ်းဝေးလာခဲ့သည်မှာ ဆယ့်သုံးနှစ်ခန့် ရှိသွားပြီ ဖြစ်၍ သူ စိတ်ဝင်စားလျက်ရှိသော မိန်းမပျိုကို အဘယ်သို့ စတင်ရမှန်း အစရှာ၍ မရနိုင်အောင် ဖြစ်နေသည်။ ယင်းသို့ အစရှာနေခိုက် 'ခင်တို့ကို ခဏခွင့်ပြုပါဦးနော်၊ တခြား အသိမိတ်ဆွေတွေကို သွားနှုတ်ဆက်ချင်လို့ပါ'ဟု ခင်က ရုတ်တရက် ခွင့်တောင်းကာ မာဂရက်ကိုပါ ခေါ်၍ ထွက်သွားသဖြင့် မုဆိုးဖိုကြီးသည် မိမိကိုယ်ကို ပက်လက်လန်၍ ကျမသွားအောင် မနည်းကြီး အားပြုထားလိုက်ရသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ဦးအေးသွင်သည် အသက်ငယ်ငယ် ရွယ်ရွယ်နှင့် ခေတ်ဆန်ဆန် ချောမော လှပသော ခင့်အကြောင်းကို မိမိဘာသာ တစ်ယောက်တည်း လွတ်လပ်စွာ တွေးတောလို၍ အိမ်ဘေးဝရန်တာဘက်သို့ ထွက်လာခဲ့လေသည်။ ကျယ်ဝန်းသော ဧည့်ခန်းမကြီးဘက်ဆီမှ သက်ဆိုင်ရာ ဂြိုဟ်များကို ပင့်ဆောင်၍နေသော ဘုရားကိုးဆူ ဆရာကြီး၏ ရွတ်ဖတ်သရဇ္ဈာယ်သံကိုကား ကြားနေရသည်။ သို့ရာတွင် သူသည် ခင် တစ်ယောက်ကလွဲ၍ အခြားဘာကိုမျှ စိတ်ဝင်စားခြင်း မရှိတော့သဖြင့် ဘုရားကိုးဆူ ဆရာကြီး၏ အသံကိုလည်း မကြားတော့ချေ။ ဘုရားဖူး ကြွရောက်လာကြသော မင်းပရိသတ်တို့၏ ရယ်မောသံနှင့် စကားပြောဆိုသံများကိုလည်း မကြားတော့ချေ။ သူ၏ ညှိုးနွမ်းနေသော နှလုံးသားကို လန်းဆန်း မြူးကြွလာအောင် လည်းကောင်း၊ အသက်ဝင် လှုပ်ရှားလာအောင် လည်းကောင်း အဘယ်ပုံ အဘယ်နည်း ဆုပ်ကိုင်ဆော့ကစားသွားမှန်း မသိလိုက်ရသော ထို မိန်းမပျိုကိုသာ စူးစူးစိုက်စိုက် စိတ်ဝင်စားနေမိသည်။

**ရာပြည့်စာအုပ်တိုက်**

***Pdf - Yaybawal***

တစ်စုံတစ်ရာကို စူးစိုက်မိလျှင် တစ်လောကလုံးကိုပင် မေ့လျော့တတ်သော ဦးအေးသွင်သည် ဝရန်တာတွင် တစ်ယောက်တည်း နာရီဝက်သာသာခန့် အချိန်ကုန်သွားသည်။ ထိုနာရီဝက်သာသာခန့်အတွင်း ဘုရားဖူး လာရောက်သူ အတော်များများ ပြန်သွားကြသည်ကိုပင် သူသည် မသိရှိလိုက်ပေ။ ယနေ့ညဉ့် အလှူအိမ်မှ မပြန်ရမီ နောက်ထပ်၍ ခင်နှင့် တွေ့ဆုံဖို့ နည်းလမ်းကို သူသည် စဉ်းစားလျက် ရှိသည်။ ခင့်ကို သူသည် အဘယ်ပုံ အဘယ်နည်းဖြင့် တွေ့ဆုံခြင်း ပြုနိုင်မည်နည်း။ ကျယ်ဝန်းလှသော ခရိုင် ရာဇဝတ်တရားသူကြီး၏ အိမ်ကြီးအတွင်း၌ ထိုမိန်းမပျိုကို သူသည် မည်ကဲ့သို့ လိုက်လံရှာဖွေရမည်နည်း။ ကျန်ရှိနေသေးသော ဧည့်သည်များကို တိုးဝှေ့ ဖယ်ရှားကာ လိုက်လံရှာဖွေခြင်း ပြု၍ကော သင့်လျော်ပါမည်လော။ ထိုမိန်းကလေးသည် စက်ရှင်တရားသူကြီး တစ်ဦး၏ သမီးပျိုကလေးဖြစ်၍ သူသည်လည်း ရာဇဝတ်တရားသူကြီး တစ်ဦးတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် စိတ်ထင်တိုင်း လျှောက်လုပ်၍ကား မဖြစ်သေးချေ။

နောက်ဆုံး၌ ခင်နှင့် လူချင်း စကားမပြောရသည့်တိုင်အောင် အနည်းဆုံး ခင့် မျက်နှာကလေးကို ခပ်လှမ်းလှမ်းကပဲ ကြည့်ရ ကြည့်ရ ယနေ့ညအဖို့ တော်ပါပြီ ဟူသော ဆုံးဖြတ်ချက်ကို ချကာ၊ ဦးအေးသွင်သည် အိမ်အတွင်းသို့ ပြန်ဝင်၍ လာသည်။ ခပ်စောစောက မျက်စိနောက်လောက်အောင် များပြားလှသော ဘုရားဖူး ပရိသတ်အနက် တစ်ဝက်သာသာခန့် ပြန်ကုန်ကြပြီ ဖြစ်၍ အနည်းငယ် ရှင်းနေသည်။ သူသည် ဧည့်ခန်းမကြီး၏ တံခါးပေါက်ဝတွင် ရပ်ကာ စားရင်း သောက်ရင်း ရယ်မောစကားပြောဆိုနေကြသော ပရိသတ်အတွင်း၌ ခင့်ကို ရှာဖွေလျက် ရှိသည်။ သို့ရာတွင် ခင့်ကို ရတ်တရက် ရှာဖွေ၍ မတွေ့ချေ။ ခင်သည် ပြန်များ သွားလေပြီလား၊ သူ၏ ရင်ထဲတွင် လှုပ်ရှားပူပန်သွားသည်။ သို့ရာတွင် ရတ်တရက် စိတ်အားမလျှော့သေးဘဲ ပရိသတ်ထဲ၌ ခင့်ကို နောက်ထပ်၍ စေ့စေ့စပ်စပ် ရှာဖွေနေပြန်သည်။ အားပြု စူးစိုက်ရသောကြောင့် မျက်လုံးများသာ ညောင်းသွားသည်။ ခင့်ကိုကား မတွေ့ရတော့ချေ။ သူသည် အားပျက်၍ သွားလေသည်။ သက်ပြင်းကိုလည်း ချလိုက်သည်။

ခင့်ကို ရှာဖွေ၍ မတွေ့ရတော့သဖြင့် စိတ်ပျက်ပျက်နှင့် ဝရန်တာဘက်သို့ ပြန်ထွက်လာမည်အပြုတွင် အိမ်ရှင်မင်းကတော်သည် ပရိသတ်အတွင်း



Pdf - Yaybawal

မှ ရုတ်တရက် ထကာ သူ့ဆီသို့ လျှောက်လာသည်။ ထို့ကြောင့် ခပ်စောစော က မင်းကတော် မှာကြားထားသော စကားရှိသည့်အတိုင်း သူ့ကို တစ်စုံတစ်ရာ မှာကြား ပြောဆိုရန်အတွက် လာရောက်ခြင်း ဖြစ်လိမ့်မည်ဟု တွက်ဆကာ ဝရန်တာဘက်သို့ ထွက်တော့မည်ဆဲဆဲ ခြေလှမ်းကို ပြန်ရုပ်လိုက်ရသည်။

'ခုတင်က ဝန်ထောက်မင်း ပျောက်နေလို့ လိုက်ရှာလိုက်ရတာ ဝန်ထောက် မင်းရယ်' ဟု ခရိုင် ရာဇဝတ်တရားသူကြီးကတော်က ခပ်စောစောက ၎င်း ပျောက်နေ၍ လိုက်ရှာရသော အကြောင်းကို စကား စ လေသည်။

'ခေါင်းထဲမှာ နည်းနည်းမူးနောက်နောက် ဖြစ်လာလို့ ဝရန်တာဘက် ထွက်နေတာပါ မင်းကတော်၊ ကျွန်တော် ပြန်မပြေးနိုင်သေးပါဘူး'

'ဩော်... လက်စသတ်တော့ ခင်နဲ့ မာဂရက်တို့ ဒါကြောင့် လိုက်ရှာ လို့ မတွေ့တာကိုး။ အရေးပိုင်မင်းကတောင် ဒီလူတစ်ယောက် လူစည်လို့ စိတ်ညစ်ညစ်နဲ့ ပြန်ပြေးပြီ ထင်တယ်လို့တောင် ပြောနေသေးတယ်'

'မင်းကတော်နဲ့ ဆရာတို့စကားကို ကျွန်တော်ဟာ လွန်ဆန်မယ့် လူ တစ်ယောက် မဟုတ်ပါဘူးခင်ဗျာ' ဟု ရာဇဝတ်တရားသူကြီးက သူ၏ ရည်ရွယ် မှန်းထားချက်နှင့် သူ ပြောဆိုရင်း ခပ်အုပ်အုပ်ကလေး ရယ်မောလိုက်သည်။

'ခု ပြောလိုက်တာ လောကဝတ် စကားကို ပြောတာလား၊ ဒါမှမဟုတ် တကယ်ပဲ ပြောတာလား ဝန်ထောက်မင်း' ဟု မင်းကတော်က သူ့စကားနှင့် သူ့ကို ပြန်၍ချည်နှောင်ရန်အတွက် အတည်ပြုချက်ကို တောင်းဆိုရင်း ဦးအေးသွင် အား ပြုံး၍ ကြည့်နေသည်။

'ကျွန်တော့်အကြောင်းကို ကျောင်းသားဘဝတုန်းကတည်းက ဆရာ အသိဆုံးပါ မင်းကတော်၊ စိတ်မချသေးရင် မင်းကတော်ကိုယ်တိုင် ဆရာ့ကို မေးကြည့်ပါဦးလား'

'ဒီလိုဆိုလည်း ယုံကြည်ရတာပေါ့ ဝန်ထောက်မင်းရယ်၊ နောက်တော့ သာ အိအိအယ်အယ် မလုပ်ဖို့က ဝန်ထောက်မင်းရဲ့ တာဝန်နော်။ ဩော်... ဒါထက် ဝန်ထောက်မင်း ကော်ဖီကလေး တစ်ခွက်လောက်မှကော မသောက် နိုင်တော့ဘူးလား ဟင်'

'ညစာ စားပြီးရင် နောက်ထပ် ဘာမှစားလို့ မဖြစ်လို့ပါ မင်းကတော်။ ဒါကြောင့် စောစောက ကျွန်တော် ဘာမှ မစား မသောက်ပါရစေနဲ့လို့ ခွင့်တောင်းထားတာပါ'



Pdf - Yaybawal

'ဒါဖြင့် ဝန်ထောက်မင်း ပြန်ကော ပြန်ချင်ပလားဟင်'

'ကျွန်တော့်ကို တာဝန်တစ်ခု ပေးစရာရှိတယ် ဆိုပြီး ခပ်စောစောက မင်းကတော် ပြောထားလို့ ကျွန်တော် စောင့်နေတာပါ' ဟု ရာဇဝတ် တရားသူကြီးက ပြန်လည် ပြောဆိုရင်း ၎င်း၏ လက်ပတ်နာရီကို မြှောက်၍ ကြည့်လိုက်သည်။ ကိုးနာရီခွဲသာသာခန့် ရှိလေပြီ။

'တာဝန်က မပေးမဖြစ်လို့ ပေးရပေမဲ့ အားနာစရာတောင် ကောင်းနေပြီ ဝန်ထောက်မင်း'

'ကိစ္စမရှိပါဘူး မင်းကတော်၊ ခိုင်းစရာရှိတာသာ ခိုင်းပါ'

'တခြားတော့ မဟုတ်ပါဘူး၊ ဝန်ထောက်မင်း အိမ်အပြန် ခုတင်က အန်ကယ်ဦးကျော်အောင်ရဲ့ သမီးကလေးကို ဝန်ထောက်မင်း ကားနဲ့ တစ်ခါတည်း ခေါ်သွားပေးပြီး သူတို့အိမ်ကို ပို့ပေးဖို့ ပြောမလို့ပါ'

ရာဇဝတ်တရားသူကြီး ဦးအေးသွင်သည် နွားငတ် ရေကျသကဲ့သို့ ဖြစ်သွားသည်။ ထို့ကြောင့် 'စိတ်ချပါ မင်းကတော်၊ ကျွန်တော်ကိုယ်တိုင် ပို့ပေးလိုက်ပါ့မယ်' ဟု သွက်သွက်လက်လက်ကြီး တာဝန်ယူလိုက်သည်။

'သူတို့အိမ်က ကားပျက်နေလို့ အလုပ်ရုံ ပို့ထားရတဲ့အတွက် စောစောက ကျွန်မတို့ အိမ်က ကားနဲ့ပဲ သွားကြိုလာခဲ့ရတယ်။ ကျွန်မတို့အိမ်က ကားနဲ့ လိုက်ပို့လို့ ဖြစ်ပေမဲ့ ဘုရားဖူး လာရင်း ကားပျက်နေတဲ့ တခြား ဧည့်သည် သုံးလေးဦးကို လိုက်ပို့နေရလို့ အိမ်က ကားကို စောင့်နေရရင် ည သိပ်နက်သွားမှာစိုးလို့ပါ ဝန်ထောက်မင်း' ဟု ခရိုင် ရာဇဝတ်တရားသူကြီးကတော်က အကျိုးအကြောင်း ရှင်းလင်း ပြောဆိုနေသည်။ သို့ရာတွင် ပို့ချလွန်းအားကြီး၍ ငမ်းငမ်းတက် ဖြစ်နေသော လူတစ်ယောက်ကို ဤမျှ ဋီကာချဲ့ထွင် ရှင်းလင်းပြောပြနေရန် မလိုတော့ကြောင်း မင်းကတော်သည် အကဲဖမ်းမိပုံ မရပေ။

'ကျွန်တော့်အတွက် တာဝန်မကြီးပါဘူး မင်းကတော်၊ စိတ်သာချပါ' ဟု ရာဇဝတ်တရားသူကြီးကလည်း စိတ်ချဖို့ အကြောင်းလောက်သာလျှင် တွင်တွင်ကြီး အာမခံနေသည်။

(၅)

ဘုရားဝတ်ပြုသော ခရိုင် ရာဇဝတ်တရားသူကြီး၏ အိမ်ဝင်းအတွင်းမှ မိမိကားကို ကိုယ်တိုင် မောင်း၍ ထွက်လာရသောအခါ ရာဇဝတ်တရားသူကြီး



Pdf - Yaybawal

ဦးအေးသွင်လောက် ဤကမ္ဘာလောကကြီး တစ်ခုလုံးကို ကျေနပ်၍နေသူ တစ်ယောက်တလေမျှ မရှိတော့ဟု အောက်မေ့ရလေသည်။ အဘယ်ကြောင့် ဆိုသော် စက်ရှင်တရားသူကြီး ဦးကျော်အောင်၏ သမီးကလေး ခင်သည် သူနှင့်အတူ ကားရှေ့ခန်းတွင် ဘေးချင်းယှဉ်ထိုင်၍ လိုက်ပါလာသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် တစ်ယောက်နှင့် တစ်ယောက် စကားမပြော ဖြစ်ကြသေးဘဲ မော်တော်ကားသည် ရွှေတောင်ကြားထဲမှ ထွက်ကာ ဘောင်ဒရီလမ်းထိပ်သို့ ရောက်ရှိလာသည်။ ဘောင်ဒရီလမ်းထိပ်သို့ ရောက်တော့မှ ခင်သည် ငြိမ်သက်စွာ စဉ်းစားရင်း လိုက်ပါ၍လာရာမှ တစ်စုံတစ်ရာကို ရုတ်တရက် သတိရလာသကဲ့သို့ မော်တော်ကားကို ခပ်နှေးနှေး ခပ်မှန်မှန်နှင့် ဣန္ဒြေရရ မောင်း၍နေသော ဦးအေးသွင်အား လှမ်း၍ကြည့်ရင်း 'ဒါထက် အိုဒီကလုံး ရေမွှေးများ ခုချိန်မှာ ဝယ်လို့ရပါဦးမလား ဝန်ထောက်မင်း' ဟု ခင်က မေးလိုက်သည်။

ခပ်စောစောက ဘုရားဝတ်ပြုသော အိမ်တွင် မိမိအား အန်ကယ်ဟု ခေါ်ခဲ့သည့်အတွက် မိမိအား အန်ကယ် ဟု ခေါ်ဝေါ်သော ကာယကံရှင်၏ ဖခင်ဖြစ်သူကို မိမိက အန်ကယ် ပြန်ခေါ်၍ စကားလမ်းကြောင်း ပေးခဲ့သော ဦးအေးသွင်သည် အန်ကယ် ဟူ၍ နောက်ထပ် ခေါ်ဝေါ်ခြင်း မခံရသည့်တိုင် အောင် ဝန်ထောက်မင်းဟု ခေါ်ဝေါ်ခြင်း ခံရပြန်သည့်အတွက် များစွာ မကျေနပ် လှချေ။ သူ့အား ခင်က အစ်ကိုကြီး ဟူ၍သာ ခေါ်ဝေါ်စေချင်သည်။ သို့ရာတွင် မိမိသည် ထိုမိန်းမပျိုထက် ဆယ်နှစ်ကျော်ကျော်မျှ ကြီးလျက် ထိုမိန်းမပျို၏ ဒေါ်လေးနှင့်မှ ကျောင်းနေဖက် ဖြစ်နေသည်ဆိုသော အချက်အလက်များကို ကား မေ့နေသည်။ ထိုအချက်အလက်များထက် ပိုမို၍ အရေးကြီးသော အချက် တစ်ချက်သည်ကား မိမိသည် ကလေးနှစ်ယောက်နှင့် မုဆိုးဖိုကြီး ဖြစ်သည် ဆိုခြင်းကို သတိမေ့နေခြင်းပင် ဖြစ်လေသည်။

'ခုချိန်မှာ အိုဒီကလုံး ရေမွှေးများ ဝယ်လို့ ရပါ့ဦးမလား ဝန်ထောက် မင်း' မိမိ၏ မေးခွန်းကို ဖြေကြားခြင်း မပြုသေးသည့်အတွက် ခင်က ခပ် ကျယ်ကျယ်ကလေး မေးလိုက်ပြန်သည်။

'အိုဒီကလုံး ရေမွှေးကို ခု ညတွင်းချင်း သုံးဖို့ အရေးကြီးနေသလား ခင်'



Pdf - Yaybawal

'ခေါင်းကိုက်နေတဲ့ ဒေါ်လေးက မှာလိုက်လို့ပါ။ အိမ်မှာလည်း သုံးလေးရက်လောက်ကမှ ပြတ်သွားတယ်'

'အရေးကြီးနေရင်လည်း မြို့ထဲ သွားရှာရင်တော့ ရကောင်း ရမလား မပြောတတ်ဘူး'

'ဒေါ်လေးက ဝယ်ဖြစ်အောင် ဝယ်လာခဲ့ဖို့ ခင့်ကို မှာလိုက်လို့'

'ဒါဖြင့်လည်း မြို့ထဲကို မောင်းလိုက်မယ်နော်၊ ဟုတ်လား'

'ဟုတ်ကဲ့ ဝန်ထောက်မင်း'

အောင့်သက်သက်နှင့်ပင် ဦးအေးသွင်သည် မြို့ထဲသို့ ကားကို မောင်းလာရသည်။ ဆူးလေဘုရားလမ်းသို့ ရောက်သောအခါ ညဈေးတန်းဘက်သို့ ကားကို ခပ်ဖြည်းဖြည်း လိမ့်ရင်း အိုဒီကလုံးရေမွှေး ရောင်းချမည့် ဆိုင်ကြီးဆိုင်ကောင်းကို ရှာဖွေရလေသည်။ စတိုးဆိုင် ခပ်ကြီးကြီး ခပ်ခံ့ခံ့ကို တွေ့လျှင် ခင့်ကို ကားပေါ်တွင် ထားခဲ့ပြီးနောက် ရာဇဝတ် တရားသူကြီးကိုယ်တိုင်ဆင်း၍ အိုဒီကလုံးရေမွှေး ရှိ၊ မရှိ မေးမြန်း စုံစမ်းရသည်။ ယင်းသို့ တစ်ဆိုင်တွင် မေး၍ မရလျှင် ကားဆီသို့ ပြန်လာခဲ့ရပြီးနောက် ကားကို လိမ့်ရင်း နောက်တစ်ဆိုင်ကို လိုက်လံ ရှာဖွေရပြန်သည်။ သို့နှင့် သုံးလေးဆိုင်မျှ ကားပေါ်မှ ဆင်း၍ ရှာဖွေသည့်တိုင်အောင် ခင့် ဒေါ်လေးအတွက် အိုဒီကလုံးရေမွှေးကို မရနိုင်သောအခါ ခင်သည် ဦးအေးသွင်အား တစ်ယောက်တည်း ဆင်းအရှာခိုင်းရသည်ကို အားနာလာဟန် ရှိသည်။ မဂိုလမ်းထောင့် အနီးရှိ ကုလားဆိုင်ကြီး တစ်ဆိုင်ရှေ့သို့ ရောက်၍ ရေမွှေး ဆင်းရှာရန်အတွက် ဦးအေးသွင်သည် ကားပေါ်မှ ဆင်းသွားသောအခါ ခင်သည် ကားပေါ်တွင် မနေရစ်တော့ဘဲ ဦးအေးသွင်၏ နောက်သို့ ဆင်းလိုက်၍ သွားလေသည်။ ယင်းသို့ ခင်ပါ ဆင်းလိုက်သွားသော အခါက်တွင်မှ အဆင်သင့်၍ သွားလေသည်။

ဦးအေးသွင်သည် အိုဒီကလုံးရေမွှေး နှစ်ပုလင်းကို မှာယူပြီးနောက် ၎င်းကပင် ပိုက်ဆံပေးလိုက်သဖြင့် ခင်သည် နားမလည်နိုင်သော အမူအရာဖြင့် ကြည့်နေသည်။

'တစ်ပုလင်းက ခင့်ဒေါ်လေးအတွက်၊ တစ်ပုလင်းက ခင့်အတွက်'ဟု ပြောဆိုရင်း ဦးအေးသွင်က ရေမွှေးနှစ်ပုလင်းကို လှမ်းပေးနေသဖြင့် ခင်သည် ဘာပြန်ပြောရမည်ကို စဉ်းစား၍ မရတော့ချေ။ သို့ရာတွင် ရေမွှေးနှစ်ပုလင်းစလုံး ယူထားလိုက်မိပြီး ဖြစ်သည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

ဦးအေးသွင်သည် လက်ပတ်နာရီကို မြှောက်၍ ကြည့်လိုက်ပြီးနောက် 'အချိန်မရှိတော့ဘူးခင်၊ မြန်မြန်ကလေး ပြန်ကြမှ ဖြစ်မယ်' ဟု ပြောပြောဆိုဆို နှင့် ဆိုင်ပေါ်မှ ဆင်းသွားသဖြင့် ခင်သည် ဦးအေးသွင် နောက်ပါးမှ ကပ်၍ ခပ်သုတ်သုတ်ကလေး လိုက်သွားရလေသည်။ လမ်းဘေးတွင် ရပ်ထားခဲ့ရသော ကားပေါ်သို့ အတက်တွင် 'ဩော်... ဝန်ထောက်မင်းပါကလား၊ ဟင် မင်းကတော် လည်း ပါသကိုး' ဟု အနားမှ ခပ်သုတ်သုတ် ဖြတ်၍ လျှောက်သွားသော ပုလိပ်အရာရှိတစ်ဦးက နှုတ်ဆက်သွားသဖြင့် ဦးအေးသွင်ရော ခင်ပါ တစ် ယောက် မျက်နှာ တစ်ယောက် မကြည့်ရဲအောင် ဖြစ်သွားကြသည်။ ထိုသို့ အထင်မှား၍ နှုတ်ဆက်သွားသူကို အကျိုးအကြောင်း ရှင်းပြရန်မှာလည်း ထိုသူသည် ခပ်လှမ်းလှမ်းသို့ ရောက်နေပြီ ဖြစ်သည်။

ညဈေးတန်းမှ မော်တော်ကား ထွက်လာပြီးနောက် အတန်ကြာမျှ တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ရဲအောင် ဖြစ်နေကြသည်။ မယား ရဖူးသော မုဆိုးဖိုကြီး တစ်ယောက်အတွက် ယင်းကိစ္စမှာ များစွာ မထောင်း တာလှသော်လည်း လင်ယူသားမွေးခြင်း မပြုဖူးရှာသော အပျိုစင်အတွက်မှာမူ ဦးခေါင်း မော်ဝံ့စရာ မရှိအောင် ဖြစ်နေသည်။ ရှုပ်ထွေး ဆူညံလှသော ဆူးလေ ဘုရားလမ်း အဝိုင်းကြီးကို ကျော်လွန်လာခဲ့ပြီးနောက် လူသူကင်းရှင်း၍ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသော ခုံးတံတားကြီးပေါ်သို့ မော်တော်ကားသည် ရောက်ရှိ လာတော့မှ မိမိတို့ နှစ်ဦး၏အကြားတွင် တင်းကျပ်ကျပ်ဖြစ်နေသော အနေ အထားကို လျော့ပါး ချောင်ချိသွားစေရန်အတွက် 'ခုတင်က နှုတ်ဆက်သွားတဲ့ လူက အစ်ကိုကြီးတို့ ရုံးက အမှုလိုက် အင်စပက်တော်ပဲ။ ဒီလူက ရန်ကုန် ကို လွန်ခဲ့တဲ့ ဆယ့်လေးငါးရက်လောက်ကမှ ဗြုန်းခနဲ ပြောင်းလာရတဲ့လူမို့ အစ်ကိုကြီးမှာ အိမ်ထောင် ရှိမှန်း၊ မရှိမှန်း မသိလို့ တကယ်ထင်ပြီး နှုတ်ဆက် သွားတာနဲ့ တူတယ် ခင်' ဟု ဦးအေးသွင်က စတင်၍ ရှင်းလင်း ပြောပြလေ သည်။ သို့ရာတွင် ခင်သည် ဦးအေးသွင်၏ စကားကို နားထောင်ရုံမျှ နားထောင် လျက် ဘာမျှတော့ ပြန်မပြောချေ။ ထိုသို့ ဘာမျှပြန်မပြောဘဲ နေလိုက်သည့် အတွက် ဦးအေးသွင်သည် ပိုမို၍ အနေကျပ်သလို ဖြစ်လာသည်။ ထို့ကြောင့် 'ခင် စိတ်မကောင်းများ ဖြစ်နေသလားဟင်' ဟု ထပ်မံ၍ မေးလိုက်လေသည်။

'မသိလို့ အထင်မှားပြီး နှုတ်ဆက်တဲ့ကိစ္စအတွက် စိတ်မကောင်း ဖြစ်



Pdf - Yaybawal

နေစရာမှ မဟုတ်ဘဲ ဝန်ထောက်မင်းရဲ့၊ ခင်တို့လို ခေတ်ပညာတတ် မိန်းကလေးတွေအတွက် ဒီလိုကိစ္စတွေဟာ အသေးအဖွဲကလေးတွေပါ။ အရေးမကြီးလှပါဘူး’ဟု ခင်က ပြန်ပြောသည့်အတွက် စိတ်ထဲတွင် ချောင်ချိသွားသလို ရှိသော်လည်း မိမိအား ဝန်ထောက်မင်း ဟု ဆက်ဆံ ခေါ်ဝေါ်နေသေးသည့်အတွက် ရင်ထဲတွင် အောင့်သက်သက် ခံနေရသည်။ အနက်ကယ် ဟု ခေါ်ဝေါ်ခြင်း ပြုခဲ့ရာမှ ဝန်ထောက်မင်း ဟု ရုံးသဘောဆန်ဆန် ပြောင်းလွှဲ ခေါ်ဝေါ်လျက်ရှိသော မိန်းမပျိုအား မိမိက အစ်ကိုကြီး ဟု ခေါ်ဝေါ်လာအောင် အဘယ်သို့ ပြုလုပ်ရမည်နည်း။ ဦးအေးသွင်သည် တစ်ဖက်တွင် မော်တော်ကားကို မောင်းလျက်ရှိသော်လည်း အခြားတစ်ဖက်တွင်ကား ထိုနည်းလမ်းကို ကြံဆလျက် ရှိလေသည်။ ထိုသို့ ညဏ်နီ ညဏ်နက် ထုတ်ကာ ကြံဆရင်း မော်တော်ကားသည် ရွှေဂုံတိုင်အဘိုင်းကြီးကို ကျော်လွန်မှန်းမသိ ကျော်လွန်လာခဲ့သည်။ သို့ရာတွင် တရားခံဘသင်ဦးဘသင်ယောက်ကို အပြစ်ပေးနိုင်ရန်အတွက် စီရင်ချက်ကို အမျိုးမျိုး လှည့်ပတ်၍ ရေးသားနိုင်ခဲ့သော ရာဇဝတ် တရားသူကြီးသည် ၎င်းအား ဝန်ထောက်မင်း ဟု ခေါ်ဝေါ် ဆက်ဆံလျက်ရှိသော မိန်းမပျိုကိုမူကား မလှည့်တတ် မပတ်တတ်အောင် ဖြစ်နေသည်။ ညဏ်တုံးလျက် ရှိလေသည်။

မော်တော်ကားသည် ဂွတ္တလိပ်လမ်းထိပ်သို့ ရောက်ရှိလာပြီ ဖြစ်၍ ကံဘဲ့သို့ မှားဘွား မဝေးလှတော့ချေ။ ညဏ်ဆင်နေသော တရားသူကြီးအတွက် အချိန်နှင့် ခရီးသည်လည်း များစွာ မကျန်ရှိတော့ချေ။

‘ဘာတွေများ ဒီလောက် စဉ်းစားနေသလဲဟင်၊ ဝန်ထောက်မင်း’ဟု ခင်က ဦးအေးသွင်အား ခေါင်းငဲ့၍ ကြည့်ရင်း အတန်ငယ် ရင်းနှီးလာသော လေသံဖြင့် မေးလိုက်သည်။ ဝန်ထောက်မင်း ဟု ခေါ်ဝေါ်ခြင်းကို မကြိုက်၍ ညဏ်နီ ညဏ်နက် ထုတ်နေသူအား ထပ်မံ၍ ဝန်ထောက်မင်း ဟု ခေါ်ဝေါ်လိုက်ပြန်သည့်အတွက် ဝန်ထောက်မင်းသည် စိတ်ပျက်၍ သွားလေသည်။ သို့ရာတွင် သူသည် အခြား ဘာမှလည်း မပြောတတ်တော့သဖြင့် ‘ဝန်ထောက်မင်း ဆိုတာ ရုံးသဘောဆန်လွန်းအားကြီးနေလို့ အစ်ကိုကြီးကို ဝန်ထောက်မင်းလို့ နောက်ထပ် မခေါ်ဖို့ တောင်းပန်ပါရစေလား ခင်’ ဟု လူပြိန်းပြော ပြောလိုက်သည်

ပညာရှိ ရာဇဝတ်တရားသူကြီး တစ်ဦးလည်း ဖြစ်သည့်အပြင် ၎င်းထက်



Pdf - Yaybawal

လည်း အသက် ဆယ်နှစ်သာသာခန့် ကြီးရင့်သော လူကြီးတစ်ယောက်ကို များစွာ ကရုဏာသက်သွားသော အနေဖြင့် ခင်သည် အသံကလေးများပင် ထွက်လာအောင် ရယ်မောလိုက်လေသည်။ သို့ရာတွင် ဘာမျှတော့ ပြောဆိုခြင်း မပြုချေ။

ဦးအေးသွင်သည် များစွာ အနေရကျပ်လျက် ရှိလေသည်။ သူသည် မဆုတ်သာ မတက်သာသော အခြေတွင်ရှိသော သူ့စကားနှင့် အနေအထား ကိုလည်း စဉ်းစားမိသဖြင့် အနေရကျပ်ကျပ်နှင့်ပင် နှုတ်ပိတ်၍ ထားရသည်။ သို့နှင့်ပင် မော်တော်ကားသည် ကုက္ကိုင်းလမ်းခွဲသို့ ရောက်ရှိလာသည်။

ကုက္ကိုင်းလမ်းမကြီးတစ်လျှောက်တွင် အသွားအလာ ပြတ်၍နေ သဖြင့် တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ လေသည် တဖြူးဖြူး တိုက်ခတ် နေသောကြောင့် လမ်းဘေး တစ်ဖက်တစ်ချက်တွင် စီတန်း ပေါက်ရောက်၍ နေသော သစ်ပင်၊ ဝါးပင်များ၏ လှုပ်ရှားခြင်းသာ ရှိသည်။ ယင်းသို့ သာယာ လှပ၍ ကြည်နူးဖွယ်ရာကောင်းသော ညတစ်ညတွင် မိမိ အင်မတန် နှစ်သက် မြတ်နိုးလျက်ရှိသော မိန်းမပျိုကလေး တစ်ဦးအား မိမိ ရင်ထဲ၊ အသည်းထဲတွင် ဖြစ်ပျက် ခံစားနေရခြင်းများကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောဆိုခြင်း မပြုနိုင်သည့်အတွက် ဦးအေးသွင်သည် မိမိကိုယ်ကို အားမလို အားမရ ဖြစ် နေသည်။ သူသည် နောက်ထပ်၍ အသက် ဆယ်နှစ်လောက် ပြန်ငယ်လိုက် ချင်သည်။ သို့ရာတွင် ဆယ်နှစ်လောက် စော၍ မွေးထုတ်ခဲ့သော သူ့မိခင်ကို အပြစ်တင်၍ မဖြစ်တော့ချေ။ သူသည် မိမိ ရင်ဆိုင်နေရသော ပတ်ဝန်းကျင် နှင့် မိမိ ရောက်ရှိနေသော အခြေအနေတို့ကို ပြေပြေပြစ်ပြစ် ချောချောရှူရှူ ဖြစ်အောင် ဖန်တီး စွမ်းဆောင်နေရသည် မဟုတ်လော။

'ခင့်ကို အိမ်ပြန်ပို့ပေးရရုံနဲ့ မပြီးသေးဘဲ မြို့ထဲအထိ လိုက်ပြီး အိုဒီ ကလုံး ရေမွှေးပါ ဝယ်ပေးနေရလို့ စိတ်ညစ်သွားပလား ဦးအေးသွင်'ဟု ၎င်းတို့ နှစ်ဦး၏ အကြားတွင် စိုးမိုးနေသော တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ ခင်က ရုတ်တရက် မေးမြန်းလိုက်သည်။ ယင်းသို့ ခင်က စတင်၍ မေးမြန်းခြင်း ပြုလိုက်သော စကားထဲတွင် "ဦးအေးသွင်" ဆိုသော နာမ်တစ်လုံးမှ လွဲ၍ ရာဇဝတ်တရားသူကြီးအတွက် အခြား ဘာမျှ ကန့်ကွက်စရာ မရှိပေ။ ထို ကန့်ကွက်ရန် မရှိသော ဉာဏ်သည်ပင် လက်ဦးက နာမ်စား ဖြစ်ကြသော

အန်ကယ်နှင့် ဝန်ထောက်မင်းတို့ထက်စာလျှင် များစွာ ခံသာလျက် ရှိသည်။ ထို့ကြောင့် 'ဒါလောက်အတွက်နဲ့ကတော့ အစ်ကိုကြီးအဖို့ စိတ်ညစ်စရာ မဟုတ်ပါဘူးကွယ်'ဟု ကားကို ဂရုစိုက်မောင်းရင်း သူသည် ဣန္ဒြေရရ ပြန်၍ ပြောလိုက်သည်။

'တကယ်ပြောတာလား ဟင်၊ အစ်ကိုကြီး' ဟု ခင်က ဒက်ခနဲ ပြန်၍ မေးလိုက်သည်။ ထို့ကြောင့် ပထမဦးဆုံးအကြိမ် အစ်ကိုကြီး ဟု ခေါ်ခြင်း ခံလိုက်ရသော ရာဇဝတ် တရားသူကြီးသည် မိမိ၏ နားကိုပင် ကောင်းစွာ မယုံကြည်နိုင်သေးသကဲ့သို့ 'ခင် ပြောလိုက်တာ ဘာ' ဟု သေချာသည်ထက် သေချာအောင် မေးလေသည်။ 'သြော်... ခင့်အတွက်နဲ့ အစ်ကိုကြီး စိတ်မညစ် ပါဘူးဆိုတာ တကယ်လားလို့ အစ်ကိုကြီးကို မေးလိုက်တာပါ' ဟု ခင်က "အစ်ကိုကြီး" အင်မတန် ဆာနေသောသူအား အစ်ကိုကြီး ဓာတ်စာကို နှစ်လုံး မျှ ဆင့်၍ ကျွေးလိုက်သည်။ ဤသို့ ခင်က ခပ်ရွှဲရွှဲကလေး ပြောဆိုလိုက်သည် ကို ခပ်ရွဲ့ရွဲ့ ပြောဆိုမှန်း သိလျက်နှင့်ပင် ဦးအေးသွင်သည် များစွာ ကျေနပ်၍ သွားလေသည်။ သူသည် အသံကလေးများ ထွက်လာအောင်ပင် ရယ်မောလိုက် လေသည်။ သို့နှင့် ကံဘဲ့သို့ ကားသည် ရောက်ရှိ၍ လာသည်။

ခင်တို့ နေထိုင်သော ခြံကြီးအတွင်းသို့ မော်တော်ကား ဝင်ခါနီးတွင် 'ခင့်အတွက် ခုလောက် ဒုက္ခခံလို့ အစ်ကိုကြီးလို့ ခေါ်ပေးတာနော်။ ဒီပြင် လူတွေ ရှေ့မှာတော့ မခေါ်နိုင်ဘူးဆိုတာ ခုကတည်းက ကြိုတင်ပြီး ပြောထား မယ်' ဟု ခင်က ပြောဆိုလိုက်သဖြင့် ဦးအေးသွင်သည် များစွာ ကြည်နူး၍ သွားလေသည်။ သို့ရာတွင် ၎င်းအား အန်ကယ် ဟူ၍ လည်းကောင်း၊ ဝန်ထောက် မင်း ဟူ၍ လည်းကောင်း အမျိုးမျိုး ခေါ်ဝေါ်ခြင်းပြုခဲ့ရာမှ ယခု နောက်ဆုံး "အစ်ကိုကြီး" ဟူ၍ ခေါ်ဝေါ်ခြင်း ပြုလိုက်ပြန်သော မိန်းမပျိုသည် လူကောင် ကသာ ကြီးနေသော်လည်း ကလေးစိတ် ကောင်းစွာ မကင်းစင်သေးသည့် အကြောင်းကို ရာဇဝတ် တရားသူကြီး လုပ်စားနေသူသည် အနည်းအကျဉ်းမျှ ရိပ်မိ သိရှိပုံ မရချေ။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်ကလည်း ထို မိန်းမပျို နှင့် မခြား ကလေး အကြီးစားတစ်ယောက်လို ဖြစ်နေသေးသောကြောင့် ဖြစ် လေသည်။

ခင်တို့အိမ်သို့ ရောက်သောအခါ ည ဆယ်နာရီခွဲခန့်မျှ ရှိနေပြီဖြစ်၍



Pdf - Yaybawal

အိမ်မှ လူကြီးများ ဖြစ်ကြသော ခင်၏ ဖခင်နှင့် ဒေါ်လေးတို့သည် အိမ်တံခါးဝမှ စိုးရိမ် ပူပန်စွာဖြင့် စောင့်မျှော် ကြိုဆိုလျက် ရှိကြသည်။ ခင်၏ ဒေါ်လေး မမကြီး ဆိုသူမှာလည်း တူမ ဖြစ်သူ အချိန်နှင့် ပြန်၍မရောက်သဖြင့် ခေါင်းကိုက် ရောဂါ ပျောက်ကင်းသွားဟန် တူသည်။ ခင် ကားပေါ်မှ ဆင်းလာလျှင် ဆင်းလာချင်း 'မိုးချုပ်လှချည်လားဟဲ့ အခင်၊ အစ်ကိုကြီးတို့ မမတို့က အဖော် တစ်ယောက်တလေမှ ထည့်မပေးလိုက်ဘဲ ဒရိုင်ဘာနဲ့ ဒီအတိုင်း ပို့လိုက်သတဲ့ လား'ဟု အသက်သုံးဆယ်ခန့် ရှေးခေတ် အပျိုကြီးဆန်ဆန် ဖြစ်သော ခင်၏ ဒေါ်လေးက အရေးတကြီး ဆီး၍ မေးလေသည်။ ထို့နောက် ၎င်း မတွေ့မမြင် ဖူးသော မော်တော်ကားနှင့် သားသားနားနား ခံ့ခံ့ညားညားရှိလှသော မော်တော် ကား ဒရိုင်ဘာကို လှမ်း၍ အကဲခတ် ကြည့်ရှုနေသည်။

ခင်က အနည်းငယ် နောက်ကျရသော ကိစ္စနှင့် ၎င်းအား ကိုယ်ပိုင်ကားနှင့် လိုက်၍ ပို့ဆောင်ပေးသော ဒရိုင်ဘာအကြောင်းကို သွက်သွက်လက်လက် ရှင်းပြလိုက်သောအခါမှ လူကြီးများသည် အကြောင်းစုံကို ရေရေလည်လည် သိရှိသွားပြီးလျှင်၊ ခင့်အား သူ့ကားနှင့်သူ လိုက်ပို့ပေးရုံမျှမက အိုဒီကလုံး ရေမွှေး နှစ်ပုလင်းကိုပင် လက်ဆောင်အဖြစ်ဖြင့် ဝယ်ခြမ်းပေးလိုက်သော ရာဇဝတ် တရားသူကြီး ဦးအေးသွင်ကို ဝိုင်းဝန်း၍ ကျေးဇူးတင်စကားများ ပြောဆိုပြီးနောက်၊ အိမ်အတွင်းသို့ ခေတ္တခဏလောက်မျှ ဝင်ထိုင်၍ ကော်ဖီ ပူပူကလေး တစ်ခွက်လောက် သုံးဆောင်ဖြစ်အောင် သုံးဆောင်သွားရန်အတွက် အတင်းအဓမ္မ ဖိတ်မန္တက ပြုကြလေသည်။ နဂိုကမှ ဝင်ချင် ထွက်ချင်နေသော ဦးအေးသွင်အတွက် တစ်ခါတည်း အံကိုက်၍လည်း သွားလေသည်။

ကော်ဖီတစ်ခွက် သောက်ရန်ကိစ္စအတွက် အလွန်ဆုံး ငါးမိနစ်၊ ဆယ် မိနစ်ခန့်မျှသာ ကြာလိမ့်မည် ဖြစ်သော်လည်း ဦးအေးသွင်သည် ခင်တို့အိမ်၌ နာရီဝက်သာသာခန့်မျှ အချိန်ကုန်သွားလေသည်။ ခင်သည် ဦးအေးသွင် သောက် ရန်အတွက် ကော်ဖီပန်းကန်ကို လာရောက် ချထားပေးပြီးနောက် နောက်ထပ် ၍ အိမ်ထဲမှ ပြန်ထွက်မလာတော့ချေ။ ဦးကျော်အောင်နှင့် မမကြီးတို့ကသာ ၎င်း၏ ဧည့်သည်ကို လက်ခံစကား ပြောဆိုကြရလေသည်။ ဦးအေးသွင်သည် ဦးကျော်အောင်နှင့် ပြည်တွင် အမှုထမ်းခဲ့ရစဉ်က ရှေးဟောင်းနှောင်းဖြစ်များ ကို ဆယ်မိနစ်ခန့်မျှ ပြောဆိုပြီးနောက် မမကြီးနှင့်လည်း စစ်ကြီး မဖြစ်ပွားမီ



Pdf - Yaybawal

က ရန်ကုန်တက္ကသိုလ်၏ ရှေးဟောင်း အဖြစ်အပျက်များနှင့် ကျောင်းနေဖက်များ အကြောင်းကို ဆယ်မိနစ်သာသာခန့်မျှ ပြောဆိုလေသည်။ ထိုသို့ လူကြီးများနှင့် လူကြီးစကား ပြောဆိုနေရရင်းက လုံးဝ ပျောက်ကွယ်သွားသော ခင့်ကို ထွက်လာနိုး ထွက်လာနိုးနှင့် သူသည် မကြာခဏ အိမ်အတွင်းဘက်သို့ လှမ်း၍ လှမ်း၍ ကြည့်မိသည်။ သို့ရာတွင် ရာဇဝတ် တရားသူကြီး၏ မရွှေခင်တစ်ယောက် သူ့အခန်းထဲက ခုတင်ထက်တွင် တရှုံ့ရှုံ့နှင့် အိပ်မောကျနေသော အဖြစ်ကိုကား ထို တရားသူကြီးသည် မသိရှာချေ။ အိမ်သို့ပြန်ရန် အထတွင် ဦးကျော်အောင်နှင့် မမကြီးတို့က ၎င်းတို့ အိမ်သို့ ရင်းရင်းနှီးနှီး ဝင်ထွက်ရန် အကြောင်း ဝိုင်းဝန်း ပြောဆိုကြသည်ကိုပင် ဦးအေးသွင်သည် မကြားတစ်ချက် ကြားတခ်ချက် ဖြစ်နေသည်။ သူသည် ခင် ထွက်လာလိမ့်နိုးနိုးနှင့် အိမ်အတွင်းသို့ မသိမသာ ခေါင်းငဲ့၍ ကြည့်ရင်းသာ ကားပေါ်သို့ ရောက်လာခဲ့ရသည်။

'ကျွန်မ တူမ အရှုး အပေါကလေးကို ခုလို ဂရုတစိုက် လိုက်ပို့ပေးတဲ့အတွက် အများကြီးပဲ ကျေးဇူးတင်ပါတယ် ကိုအေးသွင်၊ ကျွန်မတို့ အိမ်ကိုလည်း မကြာမကြာ လာလည်နိုင်ပါတယ်ရှင်' ဟု ကားကို စက်နှိုးပြီးစီး၍ ထွက်လာခါနီးဆဲဆဲတွင် မမကြီးက ရာဇဝတ် တရားသူကြီးအား ကျေးဇူးတင်စကား ထပ်မံပြောဆိုရင်း ၎င်းတို့၏အိမ်သို့ မကြာမကြာ လာရောက်လည်ပတ်ဖို့ အတွက်လည်း ရေငတ်သူပမာ တတွတ်တွတ် မှာကြားလိုက်လေသည်။

## (၆)

ရန်ကုန် အနောက်ပိုင်း ရာဇဝတ် တရားသူကြီးဘဝမှ ထို ညက မော်တော်ကားဒရိုင်ဘာ ဘဝသို့ပင် ကူးပြောင်းခဲ့ရရုံမျှမက အိုဒီကလုံး ရေမွေးကိုပါ မြို့ထဲသို့ ကိုယ်တိုင် လိုက်၍ ဝယ်ပေးနေရသောကြောင့် ဦးအေးသွင်သည် ည (၁၁)နာရီခွဲသာသာခန့်လောက်မှ အင်းလျားမြိုင်သို့ ပြန်၍ ရောက်လေသည်။ ဤကဲ့သို့ ဘားဖြစ်သူ မိုးမချုပ်ဝဖူး ချုပ်နေသောကြောင့် စိတ်ပူနေဟန်ရှိသော ၎င်း၏မိခင်ကြီးက 'မင်းဟာက မိုးချုပ်လှပါပကောလားကွယ်၊ အမေဖြင့် ဘာများဖြစ်နေပါလိမ့်ဆိုပြီး ပူလိုက်ရတာကွယ်' ဟု ဆီးကြို၍ မေးသဖြင့် 'ကံဘဲ့က အသိတစ်ယောက်အိမ် ဝင်နေလို့ မိုးချုပ်သွားတာပါ အမေ။ ဒါထက် အမေ့



Pdf - Yaybawal

မြေးတွေကော အိပ်ကုန်ကြပလား' ဟု ၎င်း၏ မိုးချုပ်ရခြင်းအကြောင်းကို အဘွားကြီး စိတ်အေးချမ်းသွားအောင် ဖြေကြားရင်း ကလေးများအကြောင်းသို့ အာရုံ လွှဲပြောင်းပေးလိုက်သည်။

'မင်းသား မောင်မောင်လေးက ဆယ်နာရီလောက်အထိ ဖေဖေ့ကို မကန်တော့ရသေးလို့ မအိပ်ချင်သေးဘူးဆိုပြီး တကျည်ကျည် လုပ်နေလို့ အမေ မနည်းကြီး ချော့သိပ်ရတယ်ကွယ်။ နောက် ခုလို မိုးချုပ်အောင် မလည်ပါနဲ့ သားရယ်' ဟု အဘွားကြီးက မိဘတို့၏ ဝတ္တရားအတိုင်း သတိပေး ပြောဆိုခြင်း ပြုပြီးနောက် သူ့မြေးများနှင့် အတူအိပ်စက်သော အိပ်ခန်းအတွင်းသို့ ပြန်ဝင်သွားလေသည်။

အဝတ်အစားများ လဲပြီးနောက် မီးပိတ်ကာ အိပ်ရာဝင်ခဲ့သောအခါ (၁၂) နာရီထိုးသွားခဲ့လေပြီ။ ခါတိုင်း (၁၀) နာရီဆိုလျှင် အိပ်ပျော်လေ့ရှိသဖြင့် ယခုညတွင် (၁၂) နာရီထိုးပြီးမှ အိပ်ရာဝင်သောကြောင့် အိပ်ရာထက်သို့ ရောက်လျှင် အိပ်ပျော်သွားလိမ့်မည် ဟူသော အထင်နှင့် ဦးအေးသွင်သည် ခေါင်းအုံးထက်သို့ ခေါင်းကို ချခဲ့သည်။ သို့ရာတွင် အထင်နှင့် လက်တွေ့ကား တခြားစီ ဖြစ်နေသည်။ တောင်နှင့် မြောက်ကဲ့သို့လည်း ဖြစ်နေသည်။ သူ၏ မျက်လုံးများသည် မှောင်ကြီးထဲ၌မှာပင် ကြောင်စီစီ ဖြစ်နေကြသည်။ ထို့ကြောင့် အိပ်ရာထက်တွင် ဟိုစောင်းသည်စောင်းနှင့် (၁၂) နာရီသာခွဲသွားသည်။ အိပ်၍ကား မရချေ။ အိပ်၍ မရသဖြင့် သူသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေသည်။ ခင်မာတူးနှင့် မောင်မောင်လေးတို့ မေမေ ဆုံးပြီးခါစ သုံးလေးလ လောက်အထိ အိပ်မပျော်သော ရောဂါသည် ယနေ့ညမှ ၎င်း၏ အိပ်ရာထက် သို့ အဘယ်ပုံ အဘယ်နည်း ပြန်၍ အလည်အပတ် ရောက်ရှိလာရသနည်း။ တကယ်ဆိုတော့ ယနေ့ည ဘုရားကိုးဆူ ဝတ်ပြုသောအိမ်တွင် တွေ့ခဲ့ရသော မိန်းမပျိုကလေးက သူ့ကို ခြောက်လှန့် ဖမ်းစားထားခြင်းမျှသာ ဖြစ်လေသည်။ သို့ရာတွင် ရောဂါသည်သည် မိမိရောဂါ၏ အကြောင်းရင်းကို မသိချေ။

အိပ်ရာထက်တွင် နာရီဝက်သာသာခန့် ကြာ၍မျှ အိပ်ပျော်ခြင်း မရှိသောအခါ ခင်သည် သူ့ခြင်ထောင်အတွင်းသို့ ဖြုန်းခနဲ ဝင်လာသည်။ ထို့နောက် မထိတရိ စ သည်၊ ပမာမခန့် လုပ်သည်၊ တောင်ကလိ မြောက်ကလိ လုပ်သည်။ ဤသို့ နေ၍ ထိုင်၍ မဖြစ်အောင် ခင်က အမျိုးမျိုး ကလိနေသော်လည်း



Pdf - Yaybawal

ဦးအေးသွင်သည် ဖွဲကောင်းကောင်းဖြင့်ခံ၍ အိပ်ရာထက်တွင် ပေကတ်နေလေသည်။ ဤကဲ့သို့ ဖွဲကောင်းကောင်းဖြင့် ပေကတ်၍ ခံလေ၊ ငယ်ရွယ်သောခင်က ဦးအေးသွင်အား မခံနိုင်သည်ထက် မခံနိုင်အောင် ကလိလေ ဖြစ်နေသည်။ ထို့ကြောင့် သူ၏ တစ်ကိုယ်လုံးသည် ချွေးများ ပြန်လျက် ရှိလေသည်။ ယင်းသို့ တစ်ကိုယ်လုံးသည် ချွေးပြန်နေသည့်တိုင်အောင် ခင်က သူ့ကို မကလိနိုင်စေရန်အတွက် ဦးအေးသွင်သည် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ပျော်အောင် ကြိုးစားကြည့်လေသည်။ ထိုသို့ ကြိုးစားနေခိုက် ခင်၏ မခိုးမခန့် ရယ်မောသံကို ကြားလိုက်ရသဖြင့် ခေါင်းမြီးခြုံထားသော စောင်ကို ခွာချကာ ထ ထိုင်လိုက်မိသည်။ ထိုသို့ အိပ်ရာထက်တွင် ငုတ်တုတ်ထိုင်လိုက်စဉ် အိမ်ဦးခန်းရှိ တိုင်ကပ်နာရီကြီး၏ နာရီပြန် တစ်ချက်တီးသံကို ကြားလိုက်ရလေသည်။

အိပ်ရာထက်တွင် နေ၍ မဖြစ်တော့သဖြင့် သူသည် ဆင်းလာခဲ့ရပြီး လျှင် မီးလေတ်ကို ဖွင့်လိုက်သည်။ ထို့နောက် လေကောင်းလေသန့်ကို ရရှိစေရန်အတွက် ခေါင်းရင်းမှ ပြတင်းပေါက်ကိုလည်း သွား၍ ဖွင့်လိုက်သည်။ အလင်းရောင်နှင့် လေကောင်းလေသန့်ကို ရရှိသဖြင့် စောစောကထက် နေသာထိုင်သာ ရှိလာသည်။ နောက်ကျိ မှုံဝေ၍နေသော ဦးခေါင်းသည်လည်း တဖြည်းဖြည်း ကြည်လင်လာသည်။ သို့ရာတွင် အိပ်ရာထက်သို့ကား ပြန်မတက်ဝံ့တော့ချေ။ ထို့ကြောင့် ခေါင်းရင်း ပြတင်းပေါက်အနီးတွင် အဆင်သင့် ချထားသော ပက်လက်ကုလားထိုင်ထက်တွင် လှဲကာ စီးကရက် တစ်လိပ်ကို မီးညှိပြီးနောက် ခပ်အေးအေး ဖွာရင်း တိမ်တိုက်များကဲ့သို့ ရွေ့လျားနေသောဆေးလိပ်မီးခိုးများကို ငြိမ်သက်စွာ ငေးမော၍ စူးစိုက်ကြည့်ရှုနေမိသည်။

မည်သူ့ကိုမှ ငဲ့ကွက် စောင့်ဆိုင်းခြင်း မပြုတတ်သော အချိန်သည် တရွေ့ရွေ့ လှုပ်ရှားလျက်ရှိရာ စီးကရက် တစ်လိပ်ပြီးတစ်လိပ် မီးခိုးနှင့် ပြာဘဝသို့ ကူးပြောင်းသွားသည်နှင့်အမျှ ညသည် နက်သည်ထက် နက်၍ လာလေသည်။ သို့ရာတွင် အိမ်ဦးခန်းဘက်ရှိ တိုင်ကပ်နာရီကြီးက သူ၏ ဝတ္တရားအတိုင်း အချိန်ကို မှန်မှန်ကန်ကန် အချက်ပေးလျက် ရှိသည့်တိုင်အောင် ဦးအေးသွင်သည် နာရီပြန် နှစ်ချက် တီးသွားခဲ့သည်အထိ ပက်လက်ကုလားထိုင်ထက်မှ မထသေးချေ။ စင်စစ် သူသည် မထနိုင်ခြင်းမျှသာ ဖြစ်လေသည်။

နှစ်ဦးနှစ်ဖက်သော လူကြီး မိဘတို့က ရှေးဦး အစဉ်အလာအတိုင်း



Pdf - Yaybawal

သူတို့ သင့်လျော်မည်ထင်၍ စီစဉ်ကြသောကြောင့် ဦးအေးသွင်သည် ခင်မာတူးနှင့် မောင်မောင်လေးတို့၏ မိခင်နှင့် လက်ထပ်ခဲ့ရသည်။ တစ်ဦးနှင့် တစ်ဦး ငါးနှစ်သာသာခန့် ပေါင်းသင်းလိုက်ကြရပြီးနောက် ကလေး နှစ်ယောက်သာ လျှင် ရလာခဲ့သည်။ သို့ရာတွင် ထို မိန်းမသည် ၎င်း၏ နှလုံးသားကို မြူးကြွလှုပ်ရှားလာအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ဝတ္တရားအရ ပေါင်းသင်း ဆက်ဆံရခြင်းမျိုးလောက်သာ ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်ရေးနှင့် လင်မယား ပေါင်းသင်းဆက်ဆံခြင်း စသည်တို့၏ အရသာကို ဦးအေးသွင်သည် မသိခဲ့ချေ။ သံပတ်ပေးထားသော နာရီ၏ချိန်သီး လှုပ်ရှားသွားလာနည်းမျိုးကဲ့သို့သာ ဖြစ်သည်။ အိမ်ထောင်သက် ရလာသည်နှင့်အမျှ လင်မယား ပေါင်းသင်းကြရသော အလုပ်သည် ငြီးငွေ့စရာ ကောင်းလာသည်။

ကလေးများ၏ မိခင် ကွယ်လွန်သွားပြီးနောက် သူသည် ငါးနှစ်ကျော်မျှ မုဆိုးဖို ဘဝနှင့် နေထိုင်လာခဲ့ရပြီးလေပြီ။ ထိုအချိန်ကာလအတွင်း ဦးအေးသွင်သည် အပေါင်းအသင်း အဆက်အဆံ နည်းပါးသော လူတစ်ယောက် ဖြစ်သည့်တိုင်အောင် အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လိုက ရွေးချယ်ထိုက်သော မိန်းမများကိုလည်း တွေ့တန်သလောက် တွေ့ခဲ့သည်။ ခင်မင် နီးစပ်ကြသော မိတ်ဆွေများနှင့် သားချင်းပေါင်းဖော်များထဲကလည်း သူ့အား ရဲရဲဝံ့ဝံ့ မဟုတ်သည့်တိုင်အောင် မထိတထိ စပ်ကြ ဟပ်ကြသေးသည်။ သို့ရာတွင် မိမိ၏ နှလုံးသားထဲမှ နှစ်နှစ်ကာကာနှင့် လှုပ်လှုပ်ရှားရှား မရှိလှသောကြောင့် မိမိကိုယ်ကို နောက်ထပ် ဒုက္ခမပေးတော့ဘဲ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေထိုင်လာခဲ့သည်။ တော်ရုံသင့်ရုံ သဘောကျသော မိန်းမများကို တစ်ယောက်စ၊ နှစ်ယောက်စ ဆိုသလို တွေ့ခဲ့ရသော်လည်း ကလေးများနှင့် မိခင်တို့ကိုပါ ထည့်သွင်း စဉ်းစားလိုက်သောအခါ စိတ်ပျက်ခဲ့ရသည်သာ များလေသည်။ ထို့ကြောင့် ၎င်း၏ မိခင်ကြီး အသက်ရှည်သရွေ့ ကာလပတ်လုံးနှင့် ကလေးများကို လက်မလွှတ်ရသေးသမျှကာလပတ်လုံး ထို ပြဿနာကို လုံးလုံး မစဉ်းစားတော့ဟု သန္နိဋ္ဌာန်ချကာ အိမ်နှင့် ရုံး၊ ရုံးနှင့် အိမ်လောက်တွင်သာ မိမိ၏ အချိန်ကို ကုန်လွန်စေခဲ့သည်။

သို့ရာတွင် ယနေ့ည ခရိုင်ရာဇဝတ် တရားသူကြီး၏အိမ်၌ ကပ်လှူသော ဘုရားကိုးဆူသို့ အသွားတွင် ကြာမြင့်စွာ ငြိမ်သက်၍ နေသဖြင့် အသေကောင်နှင့်

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

မခြား အေးစက် တောင့်တင်းနေသော ၎င်း၏ နှလုံးသားကို သွက်သွက်ခါ၍ သွားအောင် လှုပ်ရှား ဆော့ကစားလိုက်သော မိန်းမပျိုကလေး တစ်ဦးအား မမျှော်လင့်ဘဲ တွေ့ခဲ့ ဆုံခဲ့ရလေပြီ။ သူ၏နှလုံးသားသည် ရင်တွင်း၌ အဏုမြူဗုံး ပေါက်ကွဲသလို ပေါက်ကွဲ၍နေပြီ ဖြစ်သဖြင့် သူသည် အိပ်၍ မရတော့ချေ။ ထိုသို့ တရကြမ်းပေါက်ကွဲနေသော အဏုမြူဗုံးကို ဆော့ကစား၍ သွားသူက ပြန်လည်ထိန်းသိမ်း မပေးမချင်း သူသည် ပြန်လည် အိပ်ပျော်နိုင်တော့မည်လည်း မဟုတ်ချေ။

တိမ်တိုက်များကဲ့သို့ ရွေ့လျားနေသော ဆေးလိပ်မီးခိုးများကို ငြိမ်သက်စွာ ငေးမော၍ ကြည့်ရင်း အိပ်မပျော်နိုင်သည့် အခြားအကြောင်းကို ဦးအေးသွင်သည် လေးလေးနက်နက် ပူပန် တွေးတောနေမိသည်။ မျှော်လင့်ခြင်း ကင်းသော်လည်း လူသည် အသက်ရှင်နေနိုင်လျက် အိပ်ပျော်ခြင်း ကင်းသောအခါတွင် လူသည် သေဆုံးရမည် ဖြစ်သည့်အကြောင်းကို ကောင်းစွာ နားလည်ထားသော ရာဇဝတ် တရားသူကြီးသည် မိမိ၏ ဘဝကို အဘယ်သို့ ဖန်တီးဦးမည်နည်း။

ကလေးများ၏ မိခင်ဖြစ်သူ ကွယ်လွန်သွားပြီးသည့်နောက် မိမိကိုယ်ကို နောက်ထပ်၍ ဒုက္ခမပေးလိုတော့သဖြင့် အသက်အရွယ် ငယ်ငယ်နှင့်ပင် လွတ်နိုင်သမျှ လွတ်အောင် ကြီးစွာသော သတိ ဝီရိယဖြင့် ထိန်းသိမ်း နေထိုင်လာခဲ့သော ဦးအေးသွင်သည် ခင် ဆိုသော ခေတ်ဆန်ဆန် ချောမောလှပသည့် မိန်းမပျိုကလေးနှင့် တွေ့ဆုံခဲ့ရပြီးနောက် မိမိကိုယ်ကို ဆက်လက် စောင့်ထိန်းနိုင်ပါဦးမည်လော။ မုဆိုးဖိုကြီး ဘဝဖြင့် ငါးနှစ်ကျော်ကျော်မျှ မိမိကိုယ်ကို တင်းတင်းကျပ်ကျပ် ချုပ်တည်းထိန်းသိမ်းလာခဲ့ရသည့်အလျောက် ဆက်လက်ထိန်းသိမ်းခြင်း ပြုရန်အတွက် အားအင်ကော ကျန်ရှိပါသေး၏လော။

ခင်သည် ငယ်ရွယ်သူကလေးမျှသာ ဖြစ်သည်။ ဦးအေးသွင်ထက် ဆယ်နှစ်ကျော်ကျော် ငယ်၏။ မိမိထက် များစွာ ငယ်ရွယ်သော မယားကလေးနှင့် ရေရှည်ခရီး ချီတက်ရာဝယ် တက်ညီ လက်ညီ ဖြစ်နိုင်ပါမည်လော။ မိမိ၏ မိခင်၊ သား သမီး စသည်တို့နှင့်ကော အဆင်ပြေနိုင်ပါမည်လော။ မိမိနှင့်သာ ပေါင်းသင်းရမည် ဖြစ်သော်လည်း မိမိနှင့် ဆက်စပ်နေသောသူများကိုလည်း ထည့်သွင်း စဉ်းစားခြင်း မပြု၍ မဖြစ်ချေ။ သို့ရာတွင် ရာဇဝတ်

တရားသူကြီး ဦးအေးသွင်၏ နှလုံးသားသည် ရင်တွင်း၌ ရှန်းကန် လှုပ်ရှား လျက် ရှိလေပြီ။ နှလုံးသား၏ ပြင်းထန်လှသော ရှန်းကန် လှုပ်ရှားမှုကြောင့် အဆုံးအဖြတ်ကို ပြုတတ်သော ဦးနှောက်အတွင်း၌ပင် သွေးတိုး မမှန်နိုင်အောင် ဖြစ်နေသည်။

ထိုညက မိုးလင်းလုခါနီးမှ ဦးအေးသွင်သည် မှေးခနဲ အိပ်ပျော်သွား လေသည်။ သူသည် ဖွင့်ထားသော မီးနှင့် ခေါင်းရင်း ပြတင်းပေါက်တို့ကိုပင် ထ၍ မပိတ်မိချေ။ ခုတင်ထက်သို့လည်း ပြန်မတက်မိတော့ချေ။ ပက်လက် ကုလားထိုင်ထက်တွင် အိပ်ပျော်သွားလေသည်။

ယင်းသို့ ဦးအေးသွင် စတင်၍ အနေပျက်၊ အထိုင်ပျက် ဖြစ်လာခြင်း ကို ပထမဆုံး ရိပ်မိသိရှိသူမှာ ၎င်းအား မွေးထုတ်လိုက်သော မိခင်ပင် ဖြစ်လေ သည်။

Pdf - Yaybawal

# အခန်း (၂)

## (၁)

ခရိုင်ရာဇဝတ်တရားသူကြီး ဦးအောင်မင်းတို့၏အိမ်၌ ပြုလုပ်သော ဘုရားကိုးဆူ ကပ်ပွဲမှ ပြန်လာခဲ့ပြီးနောက် ပထမဆုံး ရုံးအားရက်ဖြစ်သော တနင်္ဂနွေနေ့၌ အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်သည် အခါတိုင်းနှင့်မတူဘဲ မငြိမ်မသက် ဖြစ်နေသည်။ လှုပ်လှုပ်ရှားရှားနှင့် ဣန္ဒြေမရနိုင်လောက်အောင်လည်း ဖြစ်နေသည် အခါတိုင်း ရက်အားသော တနင်္ဂနွေနေ့များတွင် သူသည် အိမ်ဝင်းအတွင်းမှ အခြား ဘယ်သို့မျှ ထွက်တတ်သူ မဟုတ်ချေ။ ရုံးအလုပ်နှင့် သက်ဆိုင်သော အမှုတွဲစာတမ်းများကို ဖြစ်စေ၊ စုံထောက်ဝတ္ထုများကို ဖြစ်စေ ဖတ်ရှုခြင်းအားဖြင့် လည်းကောင်း၊ သို့မဟုတ် သားသမီးကလေးများနှင့် အိမ်ဝင်းအတွင်း၌ အတူလျှောက်၍ ကစားခြင်းအားဖြင့် လည်းကောင်း အချိန်ကို ကုန်လွန်စေလေ့ရှိသူ တစ်ဦးသာ ဖြစ်လေသည်။ ၎င်းနှင့် အပေါင်းအသင်းများ ဖြစ်ကြသော တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များနှင့် ရဲအရာရှိများက အိမ်အတွင်းမှ ထွက်ရန် အမျိုးမျိုးအဖုံဖုံ ဆွယ်ကြသော်လည်း သူသည် ရပ်ရှင်ကိုပင် အိမ်မှထွက်၍ ကြည့်တတ်သူ မဟုတ်ချေ။ သားသမီးများနှင့် အိမ်ကို အလွန်တရာ ခင်သော လူတစ်ယောက် ဖြစ်လေသည်။

မယားဆုံးပြီးကတည်းက အိမ်ထဲတွင် ကပ်လှသော သားဖြစ်သူအား အညောင်းအညာများ မိကုန်မည် ဟုံးသော မိခင်လုပ်သူက ရုံးအားရက်များတွင် အလည်အပတ်ထွက်ဖို့ပင် တိုက်တွန်း ပြောဆိုခြင်း ပြုခဲ့ရသည်အထိ အိမ်၌

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

ခွဲမြဲသူ ဖြစ်သည်။ သို့ရာတွင် မိမိ၏ ကျန်းမာရေးအတွက် အိမ်ဝင်းအတွင်း၌ လမ်းလျှောက်ခြင်းနှင့် ကြိုးခုန်ခြင်းကို ဝီရိယရှိရှိဖြင့် ပြုလုပ်လေ့ရှိသည်။

ယင်းကဲ့သို့ အိမ်၌ စွဲမြဲသူတစ်ယောက်သည် ယခုအပတ် ရုံးအားရက်၌ ဂနာမငြိမ်နိုင်အောင် ဖြစ်လာသည်။ နံနက်လင်း၍ အိပ်ရာမှ နိုးလာကတည်းက လှုပ်လှုပ်ရှားရှားနှင့် ဣန္ဒြေမရနိုင်အောင် ဖြစ်နေသည်။ ခင်က သူ့အားဘာမှ ပြောဆို မှာကြားခြင်း မပြုလိုက်သည့်တိုင်အောင် ခင်၏ ဒေါ်လေးဖြစ်သူ ဆရာမ မမကြီးက ၎င်းတို့အိမ်မှ ထွက်လာခါနီးတွင် "ကျွန်မတို့ အိမ်ကိုလည်း မကြာမကြာ လာလည်နိုင်ပါတယ်ရှင်" ဟု ရေငတ်သူပမာ တတွတ်တွတ် မှာကြားခဲ့သည် မဟုတ်လော။ စက်ရှင်တရားသူကြီးဟောင်း ဦးကျော်အောင်ကလည်း အားလပ်သော ရုံးပိတ်ရက်များတွင် ရှေးဟောင်းနှောင်းဖြစ်များကို အပျင်းပြေ ပြောဆိုခြင်းပြုရန်အတွက် လာရောက် လည်ဖို့ မှာကြားလိုက်သေးသည် မဟုတ်လော။ စင်စစ် လူချင်း တစ်ဦးနှင့်တစ်ဦးသာ သိကျွမ်းခြင်း မရှိခဲ့သော်လည်း စစ်ကြီး မဖြစ်ပွားမီက ရန်ကုန်တက္ကသိုလ်တွင် အတူ ပညာသင်ကြားခဲ့ဖူးသော ဆရာမ မမကြီးနှင့် စကားပြောဆိုရန်အတွက် သူ့အနေနှင့် များစွာ ထက်သန်ခြင်းနှင့် စိတ်ဝင်စားခြင်းတော့ မရှိလှပေ။ မမကြီးက စိတ်အားထက်သန်၍ စိတ်ဝင်စားခြင်း ရှိသည်၊ မရှိသည်ဆိုသော အချက်ကိုကား သူသည် အရေးထားမိပုံ မရချေ။ ထို့အတူ ဦးကျော်အောင်နှင့်လည်း သူသည် ရှေးဟောင်းနှောင်းဖြစ်များ အကြောင်းကို ပြောဆိုခြင်းပြုရန်အတွက် တက်ကြွခြင်းလည်း မရှိပေ။ အထက်ပါ လူကြီးနှစ်ဦးနှင့် စကားပြောဆိုရခြင်းမှာ သူ့အတွက် မလွဲသာ မရှောင်သာ၍ ပြောဆိုရခြင်းမျှသာ ဖြစ်လေသည်။ သူ စိတ်အား အထက်သန်ဆုံးနှင့် စိတ်အဝင်စားဆုံးမှာ ခင် တစ်ယောက်သာ ဖြစ်သည်။ သူသည် ခင့်ကိုသာ တွေ့ချင်သည်။ စကားပြောဆိုချင်သည်။ တတ်နိုင်လျှင် ခင်နှင့် နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ်နှင့် အေးအေးချမ်းချမ်း အချိန်ကုန်လွန်ချင်သည်။ သို့ရာတွင် ထိုဘူတာသို့ ဆိုက်ရန်အတွက် ခင်၏ ဖခင်နှင့် ဒေါ်လေးတို့၏ ဘူတာစဉ်များကို သူသည် လူကြီးလူကောင်းတစ်ဦးပီပီ ဣန္ဒြေရရ ဖြတ်ကျော်ခြင်း ပြုရလိမ့်မည်။ ကြမ်းပိုးဆန်ဆန် နောက်ဖေးပေါက်နှင့် ဖြတ်လမ်းက လိုက်၍ မသင့်လျော်ချေ။

နံနက်စာကို ခါတိုင်းထက် နာရီဝက်ခန့် စော၍ စားပြီးနောက် သူ

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

သည် အဝတ်အစားများကို လဲလှယ်ခြင်း ပြုလေသည်။ အခါတိုင်း မုဆိုးဖို တရားသူကြီးတစ်ဦးပီပီ အရောင်ခပ်ရင့်ရင့်နှင့် အကွက်ခပ်ကျဲကျဲ အဝတ်အစား များကိုသာ ဆင်မြန်းလေ့ရှိသော ဦးအေးသွင်သည် ယခုအခါတွင် အရောင် ခပ်နုနုနှင့် အကွက်ခပ်စိပ်စိပ် အင်္ကျီလုံချည်များကို ပြောင်းလွဲဝတ်ဆင်ခြင်း ပြုလေသည်။ ဆံပင်ကိုလည်း ကာလသားကလေးများ ရှုံးလောက်အောင် သေသေ ချာချာနှင့် ပိပိရိရိ ဖြီးသည်။ မှန်ကြီးထဲတွင်လည်း မိမိကိုယ်ကို အခေါက်ခေါက် အခါခါ ကြည့်ရင်း ရတ်တရက် စိတ်ကူးထဲတွင် ပေါ်လာသော သီချင်းကလေး တစ်ပုဒ်ကို လေချွန်မိသည်။

အပျိုအိမ်သို့ သွားရောက် လည်ရန်အတွက် ဦးအေးသွင် အိမ်ပေါ်မှ ဆင်းလာသောအခါ အိမ်သူအိမ်သား အားလုံးအတွက် အဆန်းတကြယ် ဖြစ်နေသည်။ အိမ်ဦးဘုရားခန်းတွင် ပန်းများလဲလှယ်နေသော ၎င်း၏မိခင်သည် ဘာမျှ ပြောဆိုမေးမြန်းခြင်း မပြုသော်လည်း သားဖြစ်သူ၏ ဝတ်စားဆင်ယင် လာပုံကို ငေးမော၍ ကြည့်နေသည်။ အိမ်တွင် ချက်ပြုတ်ကျွေးမွေးနေကြသော ဦးအောင်နှင့် ဒေါ်ရင်တို့ လင်မယားကလည်း ထမင်းစားခန်းမကြီးတွင် လုပ်စရာ ကိုင်စရာရှိသော အိမ်၏ ဝေယျာဝစ္စများကို လုပ်ကိုင်၍နေကြရာမှ တစ်ယောက် ကို တစ်ယောက် လက်ကုတ်ကာ မသိမသာ အကဲခတ်လျက် ရှိကြသည်။ အိမ် အောက်ထပ် ဧည့်ခန်းဘက်တွင် အင်္ဂလိပ် ရုပ်စုံမဂ္ဂဇင်း စာအုပ်မှ အရုပ်များ ကို စိတ်ပါဝင်စားစွာ ကြည့်ရှုနေကြသော ကလေးနှစ်ယောက်တို့သည် သူတို့ အဖေ မုဆိုးဖိုကြီး လှပျိုလုပ်၍ ဆင်းလာသည်ကို လှမ်း၍ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ထက်ငါ ပြေးလွှား၍ လာကြသည်။ 'ဖေဖေ ဘယ်သွားမလို့ လဲဟင်၊ မောင်မောင်လေးလည်း လိုက်မယ်' ဟူ၍ သားငယ်က ခြေသလုံးကို အတင်းဖက်တွယ်ရင်း ပြောဆို၏။ 'သမီးလည်း လိုက်မယ်နော် ဖေဖေ'ဟု သမီးအကြီးကလည်း လက်တစ်ဖက်ကို ဟီးလေးခို၍စီးရင်း တတွတ်တွတ် ပြောဆိုနေ၏။ ယင်းသို့ သားကလေး၊ သမီးကလေးများက မိမိ သွားမည့် လာမည့် လမ်းခရီးတွင် ကန့်လန့် ကန့်လန့် ဖြစ်နေတော့မှ ဦးအေးသွင်သည် မိမိ၏ ဘဝကို လေးလေးနက်နက် စဉ်းစားမိလေသည်။ မိမိ လုပ်ရမည့်အလုပ် မှာ များစွာ သက်သာလွယ်ကူလှမည့် လုပ်ငန်းမဟုတ်သည့် အကြောင်းကို လည်း လှမ်း၍ မြင်လိုက်မိသည်။ သို့ရာတွင် အိပ်စက်ခြင်းလည်း မပြုနိုင်၊



Pdf - Yaybawal

ဥမ်ဥမ်သက်သက်နှင့် ကြွေရရလည်း မနေနိုင်လောက်အောင် ရင်တွင်း၌ ထကြွလျက်ရှိသော မိမိ၏ ရောဂါကို ကုစားခြင်း မပြုလျှင်လည်း မဖြစ်တော့၍ မိမိသွားမည့် လမ်းခရီးတွင် ကန့်လန့်ခံနေသော သားကလေး၊ သမီးကလေး များကို ဦးအောင်၊ ဒေါ်ရင်တို့ လင်မယားနှင့်အတူ ချော့မော့ နှစ်သိမ့်၍ ထား ခဲ့ရပြီးနောက် ကားဂိုဒေါင်ဘက်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့ရလေသည်။

(၂)

ကံဘဲ့ဘက်ရှိ အငြိမ်းစား စက်ရှင် တရားသူကြီး ဦးကျော်အောင်၏ အိမ်သို့ ရာဇဝတ်တရားသူကြီး ဦးအေးသွင် ထွက်မလာမီကပင် ရန်ကုန်ခရိုင် ရာဇဝတ် တရားသူကြီးကတော် ဒေါ်ခင်မှီသည် နာရီဝက်သာသာခန့်မျှ စော၍ ရောက်ရှိ နေသည်။ ဒေါ်ခင်မှီသည် ဦးအောင်မင်းအား အထက်တန်း အရာရှိကြီးများနှင့် လူကြီးလူကောင်းများတို့ တရားဝင် လောင်းကစားခြင်း ပြုလျက်ရှိကြသော ကျိုက္ကစံမြင်းပွဲသို့ ပို့ထားခဲ့ပြီးနောက် ၎င်းတို့ မင်းကတော်များ အချင်းချင်း ချိန်းထားသော ဟောလီးဝတ်နှင့် ပိုကာဝိုင်းတစ်ခုသို့ ဆက်လက် မသွားမီ ဆရာမ မမကြီးနှင့် တွေ့လို၍ ခေတ္တခဏ ဝင်ရောက်ခြင်း ဖြစ်လေသည်။

ခင်တို့ သားအဖကား အိမ်တွင် မရှိကြချေ။ မသွားလျှင် မတော်လှ သော အသိမိတ်ဆွေတစ်ဦး၏ မင်္ဂလာဆောင်သို့ ပြင်ပြီးခါစ အိမ်မှ မော်တော် ကားနှင့် ခပ်စောစောကပင် ထွက်သွားကြသဖြင့် အိမ်ကြီးတစ်ခုလုံးတွင် ဆရာမ မမကြီးနှင့် အိမ်ထမင်းချက်ရန်နှင့် တိုးတိုးဖော်ရရန်ခေါ်ထားသော အဒေါ်ကြီး တို့သာ ရှိသည်။ ခရိုင်ရာဇဝတ် တရားသူကြီးကတော် ဒေါ်ခင်မှီ မော်တော် ကားနှင့် မမျှော်လင့်ဘဲ ဗြုန်းခနဲ ရောက်ရှိလာချိန်တွင် မမကြီးသည် အိမ်ဖော် အဒေါ်ကြီးတစ်ယောက်နှင့် ထမင်းစားသောက် ပြီးစီးကြ၍ နောက်တစ်နေ့ ကျောင်းတွင် သင်ကြားခြင်း ပြုရန်အတွက် သင်ခန်းစာများကို ပြင်ဆင်နေခိုက် ဖြစ်လေသည်။

မမျှော်လင့်သော ဂုဏ်သရေရှိ ဧည့်သည်တစ်ဦး ရောက်ရှိလာသဖြင့် မမကြီးသည် ပျာပျာသလဲ ဖြစ်နေသည်။ အိမ်ဖော် အဒေါ်ကြီးကို ကတိုက် ကရိုက် ရေနွေးအတည်ခိုင်းပြီးနောက် မိမိကိုယ်တိုင် ကော်ဖီဖျော်၍ တိုက်နေ သဖြင့် တစ်စုံတစ်ရာ ပြောဆိုလို၍ တကူးတကန့် ဝင်လာခဲ့ရသော ဒေါ်ခင်မှီ



Pdf - Yaybawal

သည် စိတ်မရှည်နိုင်တော့သကဲ့သို့ 'လာ ထိုင်စမ်းပါဦး မမကြီးရဲ့၊ ကော်ဖီထက် အရေးကြီးတာ ပြောစရာပါလာလို့ပါ' ဟု လှမ်း၍ ပြောဆိုလိုက်တော့မှ များစွာ ရိုးသား သိမ်မွေ့သော မမကြီးသည် ဒေါ်ခင်မို၏ အနီးတွင် လာ၍ ထိုင်လေသည်။ သို့ရာတွင် ဒေါ်ခင်မိုက မိမိအား မည်ကဲ့သို့ အရေးကြီးသော ကိစ္စကို ပြောဆိုလို၍ အထိုင်ခိုင်းနေသည်ကိုကား အနည်းအကျဉ်းလောက်မျှ ရိပ်မိပုံလည်း မရချေ။ ရှေးအပျိုကြီးနှင့် ကျောင်းဆရာမကြီးပီပီ ရိုးပုံ ထိုင်းပုံ ရလေသည်။

'ဒါထက် မသ်လို့ မေးစမ်းပါရစေဦး မမကြီးရယ်၊ ဟိုတစ်နေ့က မမတို့အိမ်မှာ ဘုရားကိုးဆူ ကပ်တုန်းက မာဂရက်နဲ့ ကားလွှတ်ပြီး အခေါ်ခိုင်းလိုက်တာ တကယ်ပဲ ခေါင်းကိုက်နေလို့ မလိုက်လာတာလား၊ ဒါမှမဟုတ်ဘဲ အပျိုကြီးပီပီ လူတောတိုးရမှာ ရှက်နေ ကြောက်နေလို့များလား ဟင်' ဟု ဒေါ်ခင်မိုက ရင်းနှီးပွင့်လင်းစွာ မေးမြန်းလိုက်သည်။

'အို... မမကလည်း ဘာတွေ လျှောက်မေးနေတာလဲ။ ဘုရားပွဲမလုပ်ခင် တစ်ပတ်သောက်က မမ ကြိုပြောထားလို့ ကျွန်မ ဆက်ဆက်လာခဲ့ပါ့မယ်လို့ ကတိပေးထားသားပဲ မဟုတ်လား။ အဲဒီ ညနေကတော့ ခေါင်းမထူနိုင်လောက်အောင် ကိုက်နေလို့ အခင် တစ်ယောက်တည်း လွှတ်လိုက်ရတာပါ မမရယ်'

'မမကြီးကသာ ခေါင်းကြပ်ကြပ်ကိုက်နေ၊ မမကဖြင့် တစ်ယောက်တည်း လော့လိုက် တော့လိုက်နဲ့ဘာ' ဟိုလူကတောင် ဘယ်လို အောက်မေ့သွားမလဲတော့ မသိဘူး'

'အို... မမကလည်း ဘာတွေ လျှောက်ပြောနေတာပါလိမ့်' ဟု အပျိုကြီးပီပီ ဆရာမ မမကြီးက ဦးခေါင်းကို မဖော်ရဲဘဲ ခပ်အုပ်အုပ် ပြန်ပြောသည်။

'မယ်မင်းကြီးမက အဲဒီလိုသာ ကြပ်ကြပ်ဟန်လုပ်နေ၊ တစ်နေ့ ငှက်ပျောတုံးနဲ့ သွားနေရမယ်နော်'

'အို... မမကလည်း ပြောတော့မယ်၊ နားရှက်စရာကြီး'

'ရှက်တတ်ရင် လင် မရတတ်ဘူးလို့ ပြောသံ ဆိုသံများကော မကြားဖူးဘူးလားဟင် မမကြီး' လင်ယူသားမွေးဖူးသော ဒေါ်ခင်မိုက အသက် (၃၀) အထိ ဟိုင်းကောင်းနေသော အပျိုကြီးအား ပတ်ကြမ်းတိုက်လိုက်သည်။

'အို... မမကလည်း ဘာတွေ လျှောက်ပြောနေပြန်တာပါလိမ့်'



Pdf - Yaybawal

'အဲဒီ ညကကော လူချင်း တွေ့လိုက်ကြသေးသလားဟင် မမကြီး၊ မမကဖြင့် သူတို့အချင်းချင်း တွေ့ဖူး မြင်ဖူးသွားအောင် ကြံဖန်ပြီး မရောက်ရောက်အောင် လွှတ်လိုက်ရပါသေးတယ်ကွယ်'

'အခင့်ကို ပြန်ပို့ပေးရင်း အိမ်ထဲကိုလည်း ခဏ ဝင်ထိုင်သွားလို့ စကားနည်းနည်းကျဉ်းကျဉ်း ပြောလိုက်ရသေးတယ် မမ' မမကြီးက မရဲတရဲနှင့် ပြန်၍ ပြောလေသည်။ သို့ရာတွင် ဦးခေါင်းကိုကား မထောင်ဝံ့သေးချေ။

'လူပုံလူပန်းကို သဘောကျရဲ့လား၊ ဘယ်လိုများ သဘောရသလဲဟင် မမကြီး' ခရိုင်ရာဇဝတ် တရားသူကြီးကတော်ကတော့မူ ၎င်း၏ဇာတ်ကွက် ခပ်မြန်မြန် လည်နိုင်အောင် ခပ်ကြမ်းကြမ်းပင် ပတ်တိုက်လျက် ရှိလေသည်။

'အို မမကလည်း အခုမှ လူချင်းတွေ့ဖူး မြင်ဖူးရုံလောက် ရှိသေးတာ၊ ဒါတွေကို ဘယ်စဉ်းစားလို့ ရပါဦးမလဲ'

'ကလေးနှစ်ယောက်နဲ့ မုဆိုးဖိုလို့သာ ဆိုပေမဲ့ လူကတော့ ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်ကွယ်။ မမတို့အိမ်က လူကတော့ သူ့လူကို အင်မတန် ချီးမွမ်းနေတယ်။ အဘက်ဘက်က ရေပက်မဝင်အောင် တော်တဲ့လူလို့တောင် ပြောတယ်'

'အစ်ကိုကြီးကတော့ လူတစ်ဖက်သားကို အင်မတန် ချီးမွမ်းခဲ့တာပဲ မမ၊ ခုလိုသာ အစ်ကိုကြီးက ချီးမွမ်းတယ်ဆိုရင်တော့ ဒီလူဟာ တော်တော့ကို တော်တဲ့ လူတစ်ယောက်မို့ ဖြစ်ပါလိမ့်မယ်'

'သူ့ဘက်က မုဆိုးမ အမေကြီးနဲ့ ကလေးနှစ်ယောက် ပါတာကလွဲလို့ တခြား ဘာမှပြောစရာ မရှိပါဘူးကွယ်။ အပျော်အပါးတို့၊ အသောက်အစားတို့ ဆိုတာကို ထားလိုက်ဦး။ အိမ်ထဲကတောင် အိမ့်အပြင်ထွက်တတ်တဲ့ လူစားမဟုတ်ဘူးလို့ ပြောသံ ဆိုသံ ကြားဖူးတယ်'

'လက်စသတ်လိုက်တော့ မမကလည်း ဟိုလူ့ဘက်ကကိုး။ အစက ကျွန်မဘက်က များလားလို့ အောက်မေ့နေတာ။ ခုမှ ကျွန်မ လူပေါင်းမှားမှန်း သိတော့တယ်' ဟု မမကြီးက အနည်းငယ် ရဲတင်းသလို ရှိလာ၍ ရယ်သလို မောသလို ပြောဆိုလိုက်သည်။

'ကြားထဲက မစားရ မသောက်ရဘဲနဲ့တော့ မမ အထင်အလွဲမခံပါရစေနဲ့ မမကြီးရယ်၊ ဘုရားပေးပေး ကျမ်းပေးပေး မမကတော့ ကြားထဲက

နှစ်ဦးနှစ်ဖက် ကောင်းဖို့အတွက် စေတနာအရင်းခံနဲ့ ဆောင်ရွက်ပေးနေတာ ပါကွယ်'

'တော်စမ်းပါ မမရယ်၊ ကဲ... ဒီကိစ္စ အသာထားပြီး ကော်ဖီကလေး ပူတုန်း သောက်လိုက်စမ်းပါဦး' ဟု ပြောပြောဆိုဆိုနှင့် မမကြီးက ကော်ဖီ ပန်းကန်ကို အတင်းထိုးပေးနေသဖြင့် ဒေါ်ခင်မှီသည် လှမ်းယူလိုက်ရလေသည်။ သို့ရာတွင် လက်ထဲသို့ ရောက်နေသော ကော်ဖီကို ဖြောင့်ဖြောင့်တန်းတန်း မသောက်နိုင်သေးဘဲ 'မမကြီးနဲ့ မောင်အေးသွင်ဆိုရင် သိပ်လိုက်မှာပဲလို့ မမ တို့ အိမ်က လူကတောင် မကြာမကြာ ချီးမွမ်းနေတဲ့ အကြောင်းတောင် ပြောရ ဦးမယ်' ဟု ဆက်လက် ပြောဆိုပြီးမှ ကော်ဖီကို တဖြည်းဖြည်း သောက်လေ သည်။

'ပုံကဖြင့် မြင်တောင် မမြင်ရသေးဘူး၊ အစ်ကိုကြီးက သံပရာသီး ချဉ်နေပြီတဲ့လား မမရဲ့' ဟု ပြန်ပြောရင်း ရိုးအ သော ဆရာမမမကြီးသည် ကလေးသူငယ်မကလေး တစ်ယောက်လို ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိလေသည်။

အိမ်ရှင် တည်သောကော်ဖီကို သောက်၍ ပြီးစီးသောအခါ ချိန်းထား သော ပိုကာဝိုင်းကို နောက်မကျလိုဟန်တူသော ဒေါ်ခင်မှီသည် ထိုင်ရာမှ ထ လေသည်။ ကော်ဖီတစ်ခွက်ကို သောက်ပြီးနောက် ဖင်နွေးအောင်မှ မထိုင် နိုင်သော ခရိုင်ရာဇဝတ် တရားသူကြီးကတော်အား များစွာ မကျေနပ်လှသော အမူအရာဖြင့် 'မမကဖြင့် အေးအေးဆေးဆေး စကားပြောမယ် ကြံကာရှိသေး၊ ပြန်တော့မှာက အရင်ကိုး' ဟု မမကြီးက လှမ်း၍ အပြစ်တင်လေသည်။

'အဖိုးအခ မရတဲ့ သူများအလုပ်ကို ခုလောက်သာ လုပ်ပေးနိုင်တော့ မပေါ့ကွယ်။ ကိုယ့်အတွက် နေ့တွက်ကိုက်တဲ့ အလုပ်လည်း မလုပ်လို့ ပြီးသေး တာမှ မဟုတ်ဘဲ' ဟု ရယ်မောကာ ပြောဆိုရင်း ထွက်ရန် ပြင်လေသည်။

'ခု မမ ဘယ်အိမ်က ဝိုင်းကို သွားဦးမလို့လဲ ဟင်'

'အတွင်းဝန် ဦးဘထွန်းကတော်တို့ အိမ်ကိုလေ၊ ကနေ့ ချိန်းထားတဲ့ ဝိုင်း ရှိတယ်။ လူလည်း တော်တော်စုံတယ်။ မင်းကြီးကတော် ဒေါ်ခင်တင့်တို့ သားအမိလည်း လာလိမ့်မယ်'

'မမတို့ အလုပ်က တနင်္ဂနွေနေ့တိုင်းပဲလား မမရယ်'



Pdf - Yaybawal

'တနင်္ဂနွေနေ့ တစ်နေ့တွင် ဘယ်ကမလဲ၊ နေ့တိုင်းလိုလို ဖြစ်တယ်'

'ယောက်ျားတွေ ရှုံးသွားနေတုန်း မမတို့ကလည်း တစ်ဖက်တစ်လမ်းက အလုပ်လုပ်ကြတယ် ဆိုပါတော့လေ'

'မမကြီးလည်း မင်းကတော် ဖြစ်တော့မှ မမတို့ ဝိုင်းထဲကို သွင်းရဦးမယ်'

'တော်စမ်းပါ မမရယ်'

'မမတို့ ဝိုင်းတွေက တော်ရိလျော်ရိဝိုင်းတွေ မဟုတ်ဘူး၊ မမကြီး၊ အောက်ထစ် ပြန်တမ်းဝင် အရာရှိကတော်တွေလောက်မှ ဝင်ခွင့်ပြုတာ'

ယင်းသို့ ခရိုင် ရာဇဝတ် တရားသူကြီးကတော်နှင့် ဆရာမ မမကြီးတို့ မင်းကတော်တို့ တတ်အပ်သော အဋ္ဌာရသ ပညာရပ်များအကြောင်းကို ပြောဆိုနေကြခိုက်၊ ရာဇဝတ် တရားသူကြီး ဦးအေးသွင်ကိုယ်တိုင် မောင်းလာသော မော်တော်ကားကလေးသည် အဆင်သင့် ဖွင့်၍ထားသော ဝင်းတံခါးမှ ခြံဝင်းအတွင်းသို့ အရှိန်သတ်ကာ တဖြည်းဖြည်း လိမ့်ဝင်လာသည်ကို စကားပြောဆိုနေကြသော ဧည့်ခန်းဘက်ဆီမှ ဆီး၍ မြင်လိုက်ကြရသဖြင့် ဒေါ်ခင်မှီသည် မမကြီးအား မသိမသာလက်ကုတ်လိုက်ပြီးလျှင် 'ပြောနေဆိုနေတုန်း ဝန်ထောက်မင်းတောင် ပြန်ရောက်လာပါပကောလား မင်းကတော်' ဟု မကြားတကြား နောက်ပြောင် ပြောဆိုလိုက်သည့်အတွက် အထီး ဆိုလျှင် ယင်ထီးပင် အနားခံရဖူးဟန် မတူသော ဆရာမ မမကြီး၏ မျက်နှာတခံခုလုံးသည် သွေးရောင်များဖြင့် ယှက်ဖြာ၍ သွားလေသည်။ 'ကြားသွားလို့ ရှက်စရာကြီး မမရယ်' ဟု မတိုးမကျယ် ပြန်၍ ပြောလိုက်သဖြင့် 'ကိုယ့်ဆီကို တန်းတန်းမတ်မတ် လာနေတဲ့ အမဲကိုမှ ထိအောင်မပစ်နိုင်ရင်တော့ ဝတ်ဖို့သာ ပြင်ထားပေတော့' ဟု ဒေါ်ခင်မှီက ထပ်မံ၍ နောက်ပြောင်လိုက်ပြန်လေသည်။

မော်တော်ကားစက်ကို ပိတ်ထားခဲ့ပြီးနောက် အိမ်ပေါ်၌ အခြားဧည့်သည်တစ်ဦး ရောက်ရှိနေမှန်းကို သိရှိသော်လည်း မည်သူ မည်ဝါမှန်း မသိရှိသေးသော ရာဇဝတ် တရားသူကြီး ဦးအေးသွင်သည် ခြေလှမ်းခပ်မှန်မှန်နှင့် ဣန္ဒြေရရ တက်လာသည်။ အိမ်အပေါ်သို့ ရောက်တော့မှ 'သြော်... ဝန်ထောက်မင်းပါလား၊ ရုံးအားရက်မို့ မမကြီးဆီ လာလည်တယ် ထင်ပါရဲ့' ဟု ဒေါ်ခင်မှီက မျက်နှာထား ခပ်တည်တည်ထား၍ မထေ့တထေ့ကလေး နှုတ်ဆက်လိုက်



Pdf - Yaybawal

သဖြင့် ဦးအေးသွင်သည် ခြေလှမ်းများ ရုတ်တရက် တန့်သွားပြီးလျှင် မျက်နှာလည်း အနည်းငယ် ပျက်သွားသည်။

'လာ... လာ ဝန်ထောက်မင်း၊ ကျွန်မလည်း ကိစ္စတစ်ခုရှိလို့ ပြန်တော့မယ့်ဆဲဆဲ ဝန်ထောက်မင်း ရောက်လာတာနဲ့ အဆင်သင့်ပဲ' ဟု ပြောဆိုပြီးနောက် ဒေါ်ခင်မှီသည် မမကြီးအား မျက်စိတစ်ဖက်ကို မှိတ်ပြထားခဲ့ပြီးနောက် အိမ်ပေါ်မှ ခပ်သုတ်သုတ်ကလေး ဆင်းလာခဲ့သည်။ ယင်းသို့ ခရိုင် ရာဇဝတ်တရားသူကြီးကတော် ဒေါ်ခင်မှီ အိမ်ပေါ်မှဆင်းသွားပြီးနောက် ၎င်း၏မော်တော်ကား ခြံထဲမှ ပြန်၍ ထွက်သွားသည်အထိ အရုက်ကြီးနေသော ဆရာမ အပျိုကြီးနှင့် မုဆိုးဖို တရားသူကြီးတို့သည် တစ်ဦး၏ မျက်နှာကိုလည်း တစ်ဦးက မကြည့်ဝံ့ မကြည့်ရဲ။ စကားလည်း မပြောဝံ့ မပြောရဲလောက်အောင် ဖြစ်ကာ အတန်ကြာမျှ ကြောင်စီစီကြီးဖြစ်၍ ကျန်ရစ်ခဲ့ကြလေသည်။

(၃)

'ထိုင်လေ ကိုအေးသွင်' ဟု အိမ်ရှင်ပီပီ မမကြီးကပင် စ၍ ဧည့်ခန်းလယ်တွင် ထိုင်စရာ ရှာမတွေ့သေးသူတစ်ဦးကဲ့သို့ မတ်တတ်ကြီး ရပ်၍နေသော ဧည့်သည်အား အထိုင်ခိုင်းရလေသည်။ သည်တော့မှပင် ဦးအေးသွင်သည် နီးရာ ကုလားထိုင် တစ်လုံးတွင် ဝင်၍ ထိုင်လေသည်။ ယင်းသို့ သူ့နေရာနှင့်သူ ထိုင်မိသည်တိုင်အောင်လည်း ရာဇဝတ်တရားသူကြီးသည် အနည်မထိုင်သေးချေ။ သူ၏အတွင်းစိတ်ဓာတ် မတည်ငြိမ်မှုကို ကျီးကန်း တောင်းအမှောက်ခံရသလို ဖြစ်နေသော သူ၏ မျက်လုံးများက ဖော်ပြလျက် ရှိကြသည်။ ထို့ကြောင့် အိမ်ရှင်လည်း ဖြစ်နေသည့်အပြင် ကျောင်းဆရာမလည်း လုပ်ကိုင်လျက်ရှိနေသော မမကြီးကပင် လူပျိုပေါက် လူဖျိုရိုင်းကလေးများထက် အခြေဆိုး အနေဆိုး ဖြစ်နေသော မုဆိုးဖိုကြီး ဦးအေးသွင်အား မျက်လွှာပင့်၍ အကဲခတ် ကြည့်ရှုရင်း 'အစ်ကိုကြီးနဲ့ အခင်တို့ သားအဖတော့ မြို့ထဲက မင်္ဂလာဆောင် တစ်ခုကို သွားနေကြတယ်။ ဒါပေမဲ့ ပြန်ရောက်ဖို့တော့ နီးနေပါပြီ' ဟု စကားစရှာ၍ ပြောဆိုခြင်း ပြုရလေသည်။

'ဘယ်သူ့ မင်္ဂလာဆောင်များလဲဟင် မမကြီး' နေသာ ထိုင်သာ ရှိလာအောင် မမကြီး၏ စကားစကို လိုက်၍ ဦးအေးသွင်က စိတ်ဝင်စားခြင်းရှိသော အမူအရာဖြင့် မေးဖော်ရလာသည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'ကိုအေးသွင်တော့ သိမလား မပြောတတ်ဘူး၊ သေသွားတဲ့ ဝတ်လုံတော်ရ ဦးကျော်ရင်ရဲ့သား ကိုတင်ကျော်နဲ့ တက္ကသိုလ်မှာ နည်းပြဆရာမလုပ်နေတဲ့ မြမြမူတို့ မင်္ဂလာဆောင်ပေါ့။ မြမြမူကတော့ စစ်ကဲကြီး ဦးမင်းဒင်ရဲ့ သမီးလေ'

'ဝတ်လုံ ဦးကျော်ရင်ရဲ့သား ကိုတင်ကျော်ဆိုတာ အမြတ်တော်ကြေးဝန်ထောက် ကိုတင်ကျော်ပဲ မဟုတ်လား ဟင်၊ မမကြီး'

'ဟုတ်တယ်လေ ကိုအေးသွင်၊ အခု ရန်ကုန်ကို ပြန်ပြောင်းလာရတာဘာကြာသေးလို့လဲ'

'ဒါထက် ကိုတင်ကျော် စစ်မဖြစ်ခင်တုန်းက တစ်ခါ လက်ထပ်သေးတယ် မဟုတ်လား။ အဲဒီတုန်းက ကျွန်တော် ကောလိပ်မှာပဲ ရှိသေးတယ်။ ကွန်တီနင်တယ်မှာ ကြီးကြီးကျယ်ကျယ် လက်ထပ်တာကိုတောင် သတိရနေသေးတယ်'

'အဲဒီတုန်းက ကိုတင်ကျော်နဲ့ လက်ထပ်တဲ့ မခင်နွဲ့ ဆုံးသွားတာဘာကြာသေးလို့လဲ ကိုအေးသွင်၊ တစ်နှစ်သာသာကလေးပဲ ရှိလိမ့်ဦးမယ် ထင်ပါရဲ့' မယား အရိုးမဆွေးမီ နောက်မယား ယူသော ကိုတင်ကျော်၏ အပေါ်၌များစွာ မကျေနပ်ချင်သော အမူအရာဖြင့် မမကြီးက ပြောဆိုလိုက်သည်။

'ကိုတင်ကျော် ဆိုတဲ့ လူတစ်ယောက်က ကျောင်းမှာတုန်းကတည်းကအင်မတန် ပျော်ပျော်ပါးပါးနေတတ်တဲ့ လူတစ်ယောက်ပဲဗျ။ ကျွန်တော် လူသစ်အဖြစ်နဲ့ ကျောင်းကို ရောက်တဲ့နှစ်မှာ ကိုတင်ကျော်က ဝိဇ္ဇာတန်းကို ရောက်နေလို့ လူချင်းတော့ သိပ်မကျွမ်းကြပေမဲ့ သိတော့ သိကြပါတယ်'

တစ်ယောက်နှင့်တစ်ယောက် ခပ်စိမ်းစိမ်း ဖြစ်နေကြရာမှ တဖြည်းဖြည်း ရင်းရင်းနှီးနှီးနှင့် ပွင့်ပွင့်လင်းလင်း ပြောနိုင် ဆိုနိုင်ကြသော အခြေသို့ရောက်ရှိလာကြသည်။

'ဩော်... ဒါထက် ကိုအေးသွင်၊ နေ့လယ် နေ့ခင်းဘက် ဘာသောက်တတ်သလဲဟင်၊ အအေးသောက်သလား အပူသောက်သလား' ဟု မမကြီးကအိမ့်ရှင် ဝတ္တရားအတိုင်း မေးမြန်းလိုက်သည်။

'အိမ်မှာတော့ လက်ဖက်ရည်ပဲ သောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မနက်စာ စားလာခဲ့တာ ဘာမှ မကြာသေးလို့ ဒုက္ခမရှာပါနဲ့ဦး မမကြီး'



Pdf - Yaybawal

'ဒါဖြင့် အစ်ကိုကြီးနဲ့ အခင်တို့ ပြန်လာတော့မှပဲ တူတူသောက်တာပေါ့နော် ကိုအေးသွင်'

'ကောင်းပါတယ်'

'ဒါထက် နနုဆုံးတာ ဘယ်လောက်ရှိသွားပြီလဲ ကိုအေးသွင်'ဟု ၎င်း၏သေဆုံးသွားသော မယားကို ရင်းရင်းနှီးနှီးနှင့် နနု ဟု ခေါ်ဝေါ်ကာ မမကြီးက မေးမြန်းလိုက်သည့်အတွက် ဦးအေးသွင်သည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ မမကြီးကို ငေးစိုက်၍ ကြည့်နေမိသည်။ မမကြီးသည် နနုကို သိသလော၊ ဘယ်တုန်းက သိကျွမ်းခြင်း ဖြစ်သနည်း၊ ထိုအချက်ကို သူသည် ဆက်စပ်စဉ်းစား၍ မရနိုင်အောင် ဖြစ်နေသည်။

'စိန်မေရီမှာ ကျွန်မနဲ့ နနုနဲ့ သုံးနှစ်လောက် အတူတူ နေခဲ့ရသေးတယ်။ တော်တော်လည်း ခင်မင်ကြပါတယ်။ နောက် သူတို့အဖေ ဆုံးတာနဲ့ ကျောင်းက ထွက်သွားလို့ လူချင်းကွဲသွားကြတာပဲ။ ကျွန်မ ပထမနှစ် ဝိဇ္ဇာတန်း စာမေးပွဲ ဖြေတဲ့နှစ်မှာပဲ ကိုအေးသွင်နဲ့ အိမ်ထောင်ကျသွားတဲ့အကြောင်း ကြားရတယ်။ အဲဒီတုန်းက ကိုအေးသွင်က မြို့ပိုင်အလုပ်နဲ့ ဖြူးမှာလိုလို ပြောသံကြားလိုက်ရတယ်' ဟု ဆရာမ မမကြီးက နောက်ကြောင်းရာဇဝင်ကို ပြန်ကောက်၍ ရှင်းလင်း ပြောပြလိုက်တော့မှ ဦးအေးသွင်သည် သဘောပေါက်၍ သွားသကဲ့သို့ ဦးခေါင်းကို ညိတ်ပြလိုက်သည်။ ထို့နောက် မမကြီး၏ မူလ မေးခွန်းကို ဖြေကြားခြင်းပြုရန် တာဝန်ရှိနေသေးသည့်အလျောက် 'နနုဆုံးတာ ငါးနှစ်ကျော်သွားပြီ။ ဒါပေမဲ့ နနုနဲ့ကျွန်တော် အကြောင်းပါရတဲ့ ကိစ္စမှာ လူကြီးမိဘတွေက စီစဉ်လို့ ဖြစ်ရတယ် ဆိုတာကိုလည်း မမကြီး သိပြီးပလားတော့ မပြောတတ်ဘူး' ဟု ပြန်လည်ပြောကြားရင်း သူတို့လင်မယား၏ အတွင်းရေး ကိစ္စကြီးတစ်ခုကိုလည်း ဘယ်သူကမှ မစစ်မမေးရဘဲ သူ့သဘောနှင့်သူ အစစ်ခံလိုက်သည်။

'ဩော်... ကိုအေးသွင်တို့ ကိစ္စက ဒီလိုလား'

'ဒီလိုဆိုပေမဲ့ နနု သေသာသွားတဲ့အထိ ကျွန်တော်တို့ သင့်သင့်မြတ်မြတ် နေနိုင်ခဲ့ကြပါတယ်'

'ဒါထက် အခု ကလေး ဘယ်နှယောက် ကျန်ရစ်ခဲ့သလဲဟင်'

'သမီးကလေး တစ်ယောက်နဲ့ သားကလေး တစ်ယောက်၊ ပေါင်း နှစ်ယောက်ပါ'

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'ကလေးတွေကော တော်တော်ကြီးကုန်ပလား၊ ဘယ်ကျောင်းမှာ ထားပါသလဲ ရှင်'

'သမီးအကြီး ခင်မာတူးက ကိုးနှစ်ထဲမှာ၊ သားငယ် မောင်မောင်လေးက ၇ နှစ်ရှိသွားပါပြီ၊ ထားတော့ ဖလော်မီနာမှာပဲ ထားပါတယ်'

'ကလေးတွေဟာ သနားစရာပဲနော် ကိုအေးသွင်၊ သူတို့အမေသာ ရှိရင် ဘယ်လောက် ပျော်လိုက်ကြမလဲ'

ဦးအေးသွင်သည် ထိုအကြောင်းကို ဆက်လက် ဖြေကြား ပြောဆိုခြင်း ပြုရန်အတွက် များစွာ စိတ်ပါဝင်စားခြင်း မရှိတော့သကဲ့သို့ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ အေးအေးဆေးဆေး မီးညှိရင်း ငြိမ်နေလိုက်သည်။ မမကြီးသည် ကွယ်လွန်သွားပြီ ဖြစ်သော ၎င်း၏ ကျောင်းနေဖက် သူငယ်ချင်း နုနုအတွက် လည်းကောင်း၊ နုနု မွေးထားပစ်ခဲ့ပြီးနောက် မိခင် မရှိ၍ သိမ်ငယ်နေရှာကြမည်ဖြစ်သော ၎င်း၏ ကလေးများအတွက် လည်းကောင်း၊ နောက်ဆုံးထိုကလေး နှစ်ယောက်နှင့် နောက်အိမ်ထောင် မပြုနိုင်ဘဲ ငါးနှစ်ကျော်မျှ ခြိုးခြံ နေထိုင်ခဲ့သော ဦးအေးသွင်အတွက် လည်းကောင်း တစိမ့်စိမ့် ကရုဏာသက်နေမိသည်။ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာမျှ စကားပြောဆိုခြင်း မရှိဘဲ ငြိမ်သက်၍နေရာမှ 'တစ်ခါလောက် ကလေးတွေခေါ်ပြီး လာလည်ပါဦးလား ကိုအေးသွင်၊ ကျွန်မ နုနု ကလေးတွေကို သိပ်တွေ့ချင်မြင်ချင်တာပဲရှင်' ဟု မမကြီးက တောင်းဆိုလိုက်သည်။

'ဟုတ်ကဲ့၊ တနင်္ဂနွေ တစ်ပတ်ပတ်လောက်တော့ ကျွန်တော် ခေါ်လာခဲ့ပါဦးမယ်လေ။ ကလေးတွေကလည်း သူတို့မေမေရဲ့ သူငယ်ချင်းလို့သာ သိသွားရင် မမကြီးကို တစ်ခါတည်း ခင်မင်သွားကြမှာပဲ ထင်တယ်' ဟု တရိပ်ရိပ် လွင့်ပါးနေသော စီးကရက် မီးခိုးများကို ငေးမော၍ ကြည့်ရင်း ဦးအေးသွင်က ပြန်ပြောသည်။

'ကလေးတွေက သူတို့ ဘွားအေနဲ့ပဲ အနေများလိမ့်မယ် ထင်တယ်'

'ဟုတ်ပါတယ်၊ အမေလည်း သူ့မြေးတွေအတွက်နဲ့ တော်တော်ပင်ပန်းရှာတယ်။ ကလေးတွေကို ရေမိုးချိုးပြီး အဝတ်အစား လဲပေးတာက အစ အစစအရာရာ အမေတစ်ယောက်တည်း ဒိုင်ခံပြီး လုပ်နေတော့တာပဲ'

'နာနီ တစ်ယောက်လောက်ကော ငှားမထားဘူးလားဟင် ကိုအေးသွင်၊ တော်တော်ကြာ မြေးတွေရဲ့ဒဏ်ပိပြီး ကိုအေးသွင် မေမေ လဲနေပါဦးမယ်'

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'နာနီ နှစ်ယောက် သုံးယောက်အထိ ငှားဖူးပါတယ်။ ဒါပေမဲ့ ကလေးတွေက သူတို့ ဘွားဘွားမှ ဘွားဘွား ဆိုသလို အမေကလည်း သူ့မြေးတွေမှ သူ့မြေးတွေ ဖြစ်နေတော့ နာနီငှားထားလည်း အပိုသက်သက် ဖြစ်နေတာပဲ မမကြီး'

'ကိုအေးသွင် မေမေ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည် နေစေချင်ရင်တော့ သူ့မြေးတွေနဲ့ သူတို့ဘွားအေကို အရှည်သဖြင့် ဒီလိုထားလို့ မဖြစ်ဘူး ထင်တယ်'

'ဟုတ်ပါတယ်၊ မမကြီးက ခုလို သတိပေးလိုက်တော့မှ ကျွန်တော်လည်း ဒီကိစ္စကို လေးလေးနက်နက် စဉ်းစားပြီး တစ်ခုခု လုပ်ပေးမှ ဖြစ်တော့မယ် ဆိုတာကို သဘောပေါက်လာတယ်'

'နောက်ပြီးတော့ မြေးအနှစ်ဆိုတဲ့ စကားအတိုင်း ဘွားအေ ဆိုတာမျိုးက မြေးတွေကို အင်မတန် ကြောင့်ကြတတ်တယ်။ အလိုလည်း လိုက်တယ်။ အကြောင့်ကြ ခံရပြီး အလိုလည်း အလိုက်ခံရတဲ့ မြေးတွေမှန်သမျှ ထိန်းသိမ်းအုပ်ချုပ်ဖို့ ခက်တဲ့အကြောင်း ကိုအေးသွင်လည်း စဉ်းစားမိပါလိမ့်မယ်'

တူမ လုပ်သူကို နောက်ပိုးရန်အတွက် တမင်သက်သက် လာရောက်လည်ပတ်သော မုဆိုးဖိုကြီး ဦးအေးသွင်သည် အဒေါ်လုပ်သူ၏ ဆုံးမ သြဝါဒစကားနှင့် နည်းပေးလမ်းပြ စကားများကိုသာလျှင် ဆက်တိုက် နားထောင်နေရသဖြင့် ပျင်းရိ ထိုင်းမှိုင်း၍ လာလေသည်။ မယားကြီး အရိုးမဆွေးမီ မျက်နှာ ခပ်ပြောင်ပြောင်နှင့် သတို့သား လုပ်ဝံ့သော ကိုတင်ကျော်တို့ မင်္ဂလာဆောင်မှ ပြန်ရောက်နိုင်ခဲလှသော ခင်တို့ သားအဖကိုလည်း မျှော်မိသည်။ သို့ရာတွင် အခင်တို့ သားအဖ ပြန်လာကြမည့် အရိပ်အယောင်ကိုမျှပင် မတွေ့မမြင်ရသေးချေ။ ထိုသားအဖ ပြန်မရောက်မချင်း သူသည် ဆရာမ မမကြီး၏ သြဝါဒများကို ဖွဲကောင်းကောင်းနှင့် နားထောင်နိုင်အောင် နားထောင်ဖို့အတွက် ပြင်ဆင်ရပေတော့မည် ဖြစ်သည်။ ဆရာမ မမကြီး၏ သြဝါဒနှင့်အဆုံးအမကို နာခံမည့်သူတစ်ဦး ဖြစ်ကြောင်းကိုလည်း လိမ်လိမ်မာမာ ပြသရလိမ့်မည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့တူမကို ပိုးပန်းရန် အားထုတ်နေသော နောက်ပိုးသည် သူ့တူမနှင့်အတူ ယှဉ်တွဲ၍ ဘိသိက်ဖုံထက်တွင် မထိုင်နိုင်မီ အကြား သူ့အဒေါ်၏ နှစ်ကိုယ်ကြည်ဖြူမှုကို မရမဖြစ်၍ ဖြစ်လေ



Pdf - Yaybawal

သည်။ ထို့ကြောင့် ကျောင်းဆရာမကြီးပီပီ လူမြင်တိုင်း သူ့တပည့်အထင်ဖြင့် သြဝါဒပေးချင်လျက်ရှိသော မမကြီး၏ စကားကို ကြိုးစား၍ နားထောင်ရန် အတွက် ဦးအေးသွင်သည် သူကိုယ်တိုင် တပ်လှန့်လှဲ့ဆော်ခြင်း ပြုလိုက်သည်။

ယင်းသို့ မုဆိုးဖို ဦးအေးသွင်က သူ့ သေနင်္ဂဇုဗျူဟာ ရည်မှန်းချက်ကို သူ့နည်းပရိယာယ်နှင့်သူ စစ်ဗျူဟာ ခင်းကျင်းလျက် ရှိသကဲ့သို့ တစ်ဖက်မှ ရတာမလို လိုတာမရသဖြင့် အပျိုကြီးလုပ်၍ နေရသော ဆရာမ မမကြီး ကလည်း မျက်စိလည် လမ်းမှားနေသော သားကောင်သည် မိမိ၏ ပစ်ကွင်း အတွင်းသို့ ဝင်ရောက်လျက်ရှိလေပြီဟု အသေအချာ တွက်ထားမိပုံ ရလေ သည်။ "ကိုယ့်ဆီကို တန်းတန်းမတ်မတ် လာနေတဲ့ အမဲကိုမှ ထိအောင်မပစ် နိုင်ရင်တော့ ငတ်ဖို့သာ ပြင်ထားပေတော့" ဟု ခပ်ဆောဆောက ပြန်သွားသော ခရိုင်ရာဇဝတ် တရားသူကြီးကတော်က တိုက်တိုက်ဘွင်းဘွင်း သတိပေးထား ခဲ့သည့်အတိုင်း ထိုသတ္တဝါအား မရ အရ ဖမ်းမိနိုင်ရန်အတွက် အဘက်ဘက် က လှည့်၍ ချိန်ရွယ်လျက် ရှိသည်။ ထို့ကြောင့် နုနုနှင့် ကလေးများအကြောင်း ကို အတော်အသင့် ပြောဆိုပြီးခဲ့ပြီ ဖြစ်၍ 'ဒါထက် ကိုအေးသွင်တို့ မေမေက အသက် ဘယ်လောက်ရသွားပြီလဲဟင်' ဟု ဦးအေးသွင်၏ မိခင်ဘက်သို့ လှည့်လိုက်သည်။

'အမေက ခြောက်ဆယ်တောင် မပြည့်သေးပေမဲ့ သိပ်မာချင်တော့ တာ မဟုတ်ဘူး။ ပြီးတော့ ပန်းနာကလည်း တခက်နဲ့'

'ဘယ်က ဆရာဝန်နဲ့ ကုနေသလဲဟင်'

'အမေကတော့ ဗမာဆေးတွေပဲ စားနေတယ် ထင်တယ်'

'လောကဓာတ်ပညာတွေ ဒါလောက်တောင် ထွန်းကားပြီး ဆေးစွမ်း ကောင်းတွေ အမျိုးမျိုး ပေါ်နေလျက်သားနဲ့များ ကိုအေးသွင် မေမေ့ ရောဂါ ကို ဗမာဆေးမီးတိုတွေနဲ့ သူ့ဘာသာသူ ကုနေတာကို ကိုအေးသွင်က ဒီအတိုင်း ပဲ ကြည့်နေသလားဟင်' ဟု မမကြီးက အံ့သြခြင်းနှင့် အားမရခြင်း နှစ်မျိုး စလုံး ရောပြွမ်းသော လေသံဖြင့် မေးလိုက်သည်။

'အမေက အင်မတန် အစွဲအလမ်းကြီးတယ် မမကြီး၊ ဘယ်လိုမှ ပြော မရလို့ ကိုအေးသွင်တော့ လက်လျှော့ထားလိုက်ရတာ အေးလေ တစ်နေ့တော့ လည်း မမကြီးကိုယ်တိုင် အမေ့ကို တွေ့လိမ့်ဦးမယ်ပေါ့လေ။ အဲဒီတော့မှ မမကြီး လက်တွေ့ သိလိမ့်မယ်'

'အရွယ်မရောက်ကြသေးတဲ့ ကလေးသူငယ်တွေကို ဂရုတစိုက် ပြုစုယုယပေးဖို့ လိုနေသလိုပဲ အရွယ်လွန်သွားကြပြီဖြစ်တဲ့ လူကြီး မိဘတွေကိုလည်း ဂရုတစိုက် စောင့်ရှောက်ပေးဖို့ လိုတယ် ကိုအေးသွင်' ကလေးသူငယ်များကိုသာလျှင် မဟုတ်၊ ဘိုးဘိုးနှင့် ဘွားဘွားတို့ကိုပါ ဆရာမ လုပ်ချင်ဟန်ရှိသော မမကြီးက ပညာရှိ ရာဇဝတ်တရားသူကြီး တစ်ဦးအား မည်ကဲ့သို့ သဘောထားကာ ဆုံးမဩဝါဒ ပေးလျက် ရှိသည်ကိုကား မသိရချေ။

'အင်း... တစ်ခါလောက်တော့ မမကြီးကို အိမ်အလည်ခေါ်ပြီး အမေနဲ့ ဆုံပေးရဦးမယ်'

ယင်းသို့ အစွဲအလမ်းအားကြီးသည်ဆိုသော ဦးအေးသွင်၏ မိခင်ကြီးအကြောင်းကို ပြောဆိုလျက် ရှိကြခိုက် မော်တော်ကားတစ်စီး ဝင်လာသော ဟွန်းသံကို ကြားလိုက်ရပြီးနောက် ဒရိုင်ဘာသတ်သတ် ထားရှိနိုင်ဟန် မတူသောကြောင့် စက်ရှင် တရားသူကြီးကိုယ်တိုင် မောင်း၍လာသော မော်တော်ကားကလေးသည် ခြံဝင်းအတွင်းသို့ အရှိန်သတ်၍ တဖြည်းဖြည်း ဝင်လာသည်။ သူ့ဖခင်နှင့်အတူ ကားရှေ့ခန်းထဲတွင် ပါလာသော ခင့်ကို အိမ်ပေါ်မှ ဆီး၍ မြင်လိုက်ရလျှင် မြင်လိုက်ရချင်း ခပ်စောစောက လေးလံ ငိုက်မျဉ်းနေသော ဦးအေးသွင်သည် ရေနှင့် တွေ့လိုက်ရသော ကြာကဲ့သို့ မြူးကြွ လန်းဆန်း၍ သွားလေသည်။

'ဩော်... အစ်ကိုကြီးတို့ သားအဖတောင် ပြန်လာကြပြီ' ဟု ပြောဆိုကာ ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီးနောက် အိမ်သားများလည်း စုံပြီဖြစ်၍ နေ့လယ်ခင်း လက်ဖက်ရည် သောက်ရန်အတွက် ပြင်ဆင်ဖို့ အိမ်ဖော် အဒေါ်ကြီးအား လှမ်း၍ သတိပေး ပြောဆိုရင်း အိမ်အတွင်းသို့ ဝင်လိုက်သွားသည်။

ခေါင်းကိုက်ခဲနေသော ဒေါ်လေး ဖြစ်သူအတွက်သာလျှင်မက ၎င်း၏အတွက်ပါ အိုဒီကလုံး ရေမွှေးတစ်ပုလင်းသတ်သတ်ကိုပါ မြို့ထဲသို့ တကူးတကန့်နှင့် ဂရုတစိုက် လိုက်၍ ဝယ်ခြမ်းပေးခဲ့သော ရာဇဝတ်တရားသူကြီးအား အိမ်ပေါ်သို့ အရင်ဦးအောင် တက်လာခဲ့ပြီးနောက် မြင်လျှင်မြင်ချင်း 'ဟင်... ဝန်ထောက်မင်း' ဟု အားရဝမ်းသာ ခပ်ကျယ်ကျယ်ကလေး ခေါ်လိုက်မိပြီးမှ တစ်စုံတစ်ရာကို ရုတ်တရက် သတိရလာပြန်သကဲ့သို့ ဟိုဟိုဒီဒီ လျှင်မြန်စွာ အကဲခတ် ကြည့်ရှုလိုက်ပြီးနောက် 'အဲလေ ယောင်သွားလို့ပါနော် အစ်ကို



Pdf - Yaybawal

ကြီး' ဟု ဦးအေးသွင်နှင့် ၎င်းတို့နှစ်ဦးသာ ကြားနိုင်လောက်အောင် ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး နောက်ပြောင် ပြောဆိုရင်း ဦးအေးသွင် အနီးရှိ ကုလားထိုင် တစ်လုံးတွင် ခင်သည် ဝင်၍ ထိုင်လိုက်သည်။ "ဝန်ထောက်မင်း" ဟု လူကြားသူကြား ခေါ်ဝေါ်လိုက်ပြီးမှ "အစ်ကိုကြီး" ဟု ခပ်တိုးတိုးကလေး အခေါ်ခံလိုက်ရခြင်းအတွက် ဦးအေးသွင်သည် များစွာ အားရ ကျေနပ်သွားသကဲ့သို့ ပါးစပ်ထဲတွင် ရှိသမျှသွားများ အားလုံး ပေါ်လောက်အောင်ပင် ရယ်လိုက်သည်။ ထိုသို့ ရယ်လိုက်ပြီးနောက် ရာဇဝတ် တရားသူကြီးသည် ၎င်း၏သူခိုးမျက်လုံးဖြင့် ဟိုဟိုသည်သည် လျှင်မြန်စွာကြည့်ရှုရင်း 'ခင် မရှိတာနဲ့ အစ်ကိုကြီးတောင် ပျင်းနေပြီ' ဟု မကြားတကြား ပြောဆိုလိုက်သည်။ သို့ရာတွင် ထိုစကားကို ခင်သည် အလွယ်တကူနှင့် လက်မခံချေ။ 'အံမယ်လေး ခင် ပြန်မလာခင် ဒေါ်လေးနဲ့ စကားပြောနေကြပြီးမှ ခင် မရှိတာနဲ့ ပျင်းသလေး ရိသလေးနဲ့ ခင့်ကို လာညာမနေစမ်းပါနဲ့ အစ်ကိုကြီးရာ' ဟု ခင်က ခပ်ငေါ့ငေါ့ကလေး ပြန်၍ ပြောလေသည်။

အထုပ်အထည်နှင့်တကွ လက်ပူးလက်ကြပ် အမိခံနေရသော ပညာရှိ တရားသူကြီးသည် မည်ကဲ့သို့ ပြန်၍ ဆောဒက တက်ရမှန်း မသိအောင် ဖြစ်သွားလေသည်။ မယားသာ ရရှိခဲ့ဖူး၍ နောက်ပိုးနောက်ပန်း အတွေ့အကြုံဆို၍ ဘာတစ်ခုမျှ မရှိခဲ့သော မုဆိုးဖိုကြီးသည် လူကြီးများအလစ်တွင် ရရှိနေသော အချိန်အနည်းငယ်အတွင်း နောက်ထပ် ဘာစကားပြောရမှန်း အစရှာမရအောင် ဖြစ်နေသည်။ စကားစ ပျောက်နေသည်။

'နောက်ပြီးတော့ သူ့ဖို့ ဝယ်ပေးလိုက်တဲ့ အိုဒီကလုံး ရေမွှေးပုလင်းကိုတော့ ယူထားလိုက်ပြီး ခင့်ဖို့ အစ်ကိုကြီး ဝယ်ပေးတဲ့ ရေမွှေးပုလင်းကိုတော့ ဘာပြုလို့ အပိုယူလာရသလဲဆိုပြီး ဟိုညက ဒေါ်လေးက ခင့်ကို ဆူသေးတယ်' ဟု ခင်က ၎င်း၏ ပယောဂကြောင့် တူဝရီးအကြား ပေါ်ပေါက်လာခဲ့သော ပဋိပက္ခအကြောင်းကို ရတ်တရက် ဖွင့်ဟ ပြောဆိုလိုက်သည်။ ထိုစကားနှင့် ထိုစကား၏ နောက်ကွယ်မှ အဓိပ္ပာယ်သည် အဘယ်မျှ ရှုပ်ထွေး ရှည်ဝေးဦးမည့် အကြောင်းကိုကား ခင်သည် စဉ်းစားမိဟန် မရှိချေ။ ခင်သာလျှင်မဟုတ်၊ ဦးအေးသွင်သည်လည်း အနည်းငယ်မျှ တွေးခေါ် စဉ်းစားမိခြင်း မရှိချေ။ သူသည် ထိုကိစ္စကို ပေါ့ပေါ့တန်တန် သဘောထားလိုက်သကဲ့သို့ 'ခင့် ဒေါ်လေး



Pdf - Yaybawal

အတွက် ဝယ်ပေးလိုက်တာက ခေါင်းကိုက်နေတယ်ဆိုလို့ ရှူရှအောင် ဝယ်ပေးလိုက်တာပဲ။ ခင့်အတွက် တစ်ပုလင်း သတ်သတ်ပေးလိုက်တာကတော့ အစ်ကိုကြီး စေတနာနဲ့ အစ်ကိုကြီး ဝယ်ပေးတာပဲလေ' ဟု ခပ်အေးအေးပင် ပြန်၍ ပြောလိုက်သည်။

ထိုအချိန်ထိ မုဆိုးဖိုနှင့် အပျိုစင်တို့သည် လူကြီးများအလစ်ကို ရရှိနေတုန်း ဖြစ်လေသည်။ ဦးကျော်အောင်သည် ကားကို ဂိုဒေါင်အတွင်းသို့ သွင်းပြီးနောက် အိမ်ပေါ်သို့ တက်မလာသေးဘဲ ကား၏ စက်ဖုံးကို ဖွင့်၍ ဟိုကြည့်သည်ကြည့် လုပ်နေသည်။ အိမ်နောက်ဖေး မီးဖိုချောင်ထဲတွင် လက်ဖက်ရည်နှင့် မုန့်များကို ဖွယ်ဖွယ်ရာရာ ပြင်ဆင်နေသော မမကြီးသည်လည်း စေတနာတွေ ရေစီးကမ်းပြိုလိုက်ကာ ပန်းသီးများကို အခွံသင်နေတုန်း ဖြစ်လေသည်။

ဧည့်ခန်းလယ်၌ကား သူတို့နှစ်ယောက်ထဲသာ လွတ်လွတ်လပ်လပ် ရှိနေကြသည်။

'သြော်... ဒါထက် အစ်ကိုကြီးမှာ ကလေးနှစ်ယောက် ရှိတယ်ဆို၊ ဟုတ်လား' ဟု ခင်က အကြောင်းအရာသစ်တစ်ခုကို ရုတ်တရက် ကောက်ကာ ငင်ကာ မေးမြန်းလိုက်သဖြင့် ဦးအေးသွင်သည် အနည်းငယ် မျက်နှာပျက်သွားသည်။ သို့ရာတွင် သူသည် ချက်ချင်းပင် ပြန်၍ပြုံးကာ 'အစ်ကိုကြီးမှာ ကလေးနှစ်ယောက် ရှိတယ်ဆိုတာကို ခင် ဘယ်က ကြားလာသလဲဟင်' ဟု ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး ပြန်၍ မေးမြန်းလိုက်မိသည်။ ခင်သည် ဦးအေးသွင်၏ မေးခွန်းကို ပြန်လည် ဖြေကြားခြင်းပြုရန်အတွက် များစွာ အလေးမထားလှသော အမူအရာဖြင့် 'ဆုံးသွားတဲ့ အစ်ကိုကြီး မိန်းမရဲ့ နာမည်က နုနုဆိုတာတောင် ခင် သိပြီးပြီ အစ်ကိုကြီး။ တခြားဟာတွေတော့ လျှောက်မေးမနေနဲ့တော့' ဟု တစ်ဆင့်ထက် တစ်ဆင့် တက်၍ ပြောဆိုလာသောအခါ ဦးအေးသွင်သည် မိမိ၏အကြောင်းကို ဤမျှ စုံစမ်း သိရှိထားနှင့်ပြီးဖြစ်သော မိန်းမပျိုအား ဘာမျှ မပြောနိုင် မဆိုနိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်နေမိသည်။ ခင်သည် မည်ကဲ့သို့သော စိတ်ထား သဘောထားနှင့်လည်းကောင်း၊ ရည်ရွယ်ချက်နှင့် လည်းကောင်း မိမိ၏ အတိတ်အကြောင်း



Pdf - Yaybawal

များကို ဤမျှ စုံစမ်း သိရှိထားရသနည်း။ အဘယ်သူ တစ်ဦးတစ်ယောက်က များ မိမိ၏ ဇာတ်ကြောင်းကို ထိုမိန်းမပျိုအား အရေးတယူ ဖွင့်ဟ ပြောဆိုထားသနည်း။ မိမိ၏အကြောင်းကို သိရှိတန်သရွေ့ သိရှိထားကြသော ဦးအောင်မင်းနှင့် ဒေါ်ခင်မှီတို့ လင်မယားသည် လည်းကောင်း၊ ၎င်း၏ ဒေါ်လေးဖြစ်သူ ဆရာမ မမကြီးသည် လည်းကောင်း အရှုးအပေါနှင့် ကလေးကဲ့သို့ သဘောထားနေကြသော ခင့်ကို ပြောဆိုခြင်း မဖြစ်တန်ရာချေ။

'ခင်က ကလေးချစ်တတ်တယ် အစ်ကိုကြီး၊ တစ်ခါလောက် အစ်ကိုကြီး ကလေးတွေ အိမ်အလည်ခေါ်လာပါဦးလား' ဟု ခင်က ဦးအေးသွင်၏ ကလေးနှစ်ယောက်ကိုပါ ၎င်းတို့ အိမ်သို့ အလည်အပတ် ခေါ်လာရန် ဖိတ်ခေါ်လိုက်ပြန်သည်။

'အစ်ကိုကြီး ကလေးတွေကို ခင် တကယ်ချစ်နိုင်ပါ့မလား။ တော်တော်ကြာ အိမ် အလည်ခေါ်လာတုန်း ကလေးတွေ ဗိုက်ခေါက်ဆွဲလိမ်ရင် ဘယ့်နှယ်လုပ်မလဲ'

'အမယ်လေးဟဲ့၊ သူ့ကလေးတွေကို ခင်က အကြောင်းမဲ့သက်သက် နှိပ်စက်မယ်များ အောက်မေ့နေတယ် ထင်ပါရဲ့' ဟု ခင်က မဲ့ကာရွဲ့ကာ ပြန်၍ ပြောသည်။

' ဒီလို မအောက်မေ့ပါဘူး ခင်ရဲ့၊ ကလေးတွေက အင်မတန် ဆော့တတ်တော့ ခင် စိတ်တိုလာပြီး ဗိုက်ကြောဆွဲလိမ်မိမှာစိုးလို့ အစ်ကိုကြီးက ကြိုတင်ပြီး စုံစမ်း မေးမြန်းထားရတာပါ'ဟု ဦးအေးသွင်က ရယ်သလို မောသလို ပြန်ပြောသည်။

'ခင် နားလည်ပါတယ် အစ်ကိုကြီးရယ်၊ အစ်ကိုကြီးက သူ့ကလေးတွေကို ထိမှာစိုးသလောက် ခင့်ကိုလည်း အထင်သေးနေတယ် မဟုတ်လား'ဟု ခင်က မျက်စောင်းထိုး၍ ရန်တွေ့ ပြောဆိုလိုက်သည်။ သို့ရာတွင် ဦးအေးသွင်သည် ပြန်လည်ဖြေကြား ရှင်းလင်းခြင်းအမှု ပြုရန်အတွက် အခွင့်မသာတော့ချေ။ ပိတ်သွားခဲ့လေပြီ။ အဘယ်ကြောင့်ဆိုသော် ခင်၏ ဒေါ်လေးဖြစ်သူ ဆရာမ မမကြီးသည် အိမ်အတွင်းမှ ထွက်လာပြီးလျှင် လက်ဖက်ရည်သောက်ရန် ဖိတ်ခေါ်နေပြီ ဖြစ်သောကြောင့် ဖြစ်လေသည်။

နေ့လယ်ခင်း လက်ဖက်ရည်ဝိုင်းတွင် ခင့်ကို မတွေ့ရချေ။ ခင်သည် မိမိက ချစ်စနိုး၍ ကစားလိုက်ခြင်းကို အဟုတ် တကယ် ထင်မှတ်ကာ စိတ်များ ကောက်၍ သွားလေပြီလော။ မိမိအား မျက်နှာချင်း မဆိုင်ချင်၍ တမင်ပင် လက်ဖက်ရည်ဝိုင်းကို ရှောင်ကွင်းနေသလော။ ဦးအေးသွင်သည် မတွေးတတ် အောင် ဖြစ်နေသည်။ မိမိဘာသာ မတွေးတတ်သောကိစ္စ မျိုသိပ် အောင့်အည်း ၍ မထားနိုင်သည့်အဆုံးတွင် 'ခင် တစ်ယောက် မမြင်ပါလား' ဟု မမကြီးကို လှမ်း၍ကြည့်ရင်း မေးမြန်းလိုက်သည်။

'ကိုတင်ကျော်တို့၊ မြမြမူတို့ မင်္ဂလာဆောင်က စားလာ သောက်လာတာ နဲ့ ရင်နည်းနည်းပြည့်နေလို့ သူ့အခန်းထဲ ဝင်လှဲနေတယ် ထင်ပါရဲ့ ကိုအေးသွင်' ဟု မမကြီးက ရှေးအပျိုကြီးပီပီ ရိုးရိုးသားသားပင် ပြောဆိုသည်။

သို့နှင့်သာ လက်ဖက်ရည် သောက်၍ ပြီးစီးသွားကြသည်အထိ ခင် သည် ၎င်း၏အခန်းထဲမှ ပြန်ထွက်၍ မလာတော့ချေ။ ထမင်းစားခန်းဘက်မှ ကူးလာခဲ့ကြပြီးနောက် ဦးအေးသွင်သည် ခင်၏ ဖခင်နှင့် စကားစမြည် ပြော ဆိုရလေသည်။ စက်ရှင်တရားသူကြီးဟောင်းက ဂျော့ဘုရင်မင်းမြတ်နှင့် နိုင်ငံ တော် သမ္မတကြီးတို့၏ ကိုယ်စား ၎င်းစစ်ဆေး၍ အပြစ်ပေးခဲ့ရသော ရာဇဝတ် မှု ကြီးများ အကြောင်းကို ပြောဆိုလျက် ရှိသည်။ အခါတိုင်း ဤကဲ့သို့ အကြောင်းအရာများကို များစွာပင် စိတ်ဝင်စားလေ့ရှိသော ရာဇဝတ် တရား သူကြီး ဦးအေးသွင်သည် ယခုတစ်ခေါက်တွင် နားထောင်ရုံမျှသာ နားထောင် ခြင်း ပြုလေသည်။ သို့ရာတွင် များစွာ စိတ်ဝင်စားခြင်းကား မရှိပေ။ သူ စိတ်ဝင်စားသောကိစ္စသည် အိမ်အတွင်း အခန်းထဲ၌ ရှိနေသဖြင့် သူ့အဖေ အလစ်တွင် မကြာခဏ ခိုးကြောင်ခိုးဝှက်နှင့် လှမ်း၍ လှမ်း၍ ကြည့်မိသည်။ သို့ရာတွင် ထိုမိန်းကလေးသည် အရိပ်အယောင်မျှပင် ပြသဖော် မရတော့ ချေ။ မမကြီး တစ်ယောက်သာလျှင် ညစာအတွက် ပြင်ဆင် လုပ်ကိုင်၍နေရာ မှ တစ်ချက် တစ်ချက်တွင် အပြင်သို့ ခေတ္တခဏလောက် ထွက်လာဖော်ရသေး သည်။ ၎င်းအား ညစာပါ စားသောက်၍ ပြီးစီးမှ အိမ်သို့ပြန်ရန် ဖိတ်ကြား ပြောဆိုဖော် ရသေးသည်။

ညနေ သုံးနာရီလောက်တွင် ဧည့်သည်တစ်ဦးအနေနှင့် အလိုက်သိစွာ



Pdf - Yaybawal

မိမိ နေအိမ်သို့ ပြန်ရန်အတွက် ဦးအေးသွင်သည် မထချင် ထချင်နှင့် ထရလေသည်။ ထိုအချိန်အထိလည်း ခင်သည် ကိုယ်ယောင်ကိုယ်ဝါကိုမျှပင် မပြချေ။ သို့ရာတွင် မိမိ အိမ်သို့ပြန်လျှင် ထွက်၍ နှုတ်ဆက်ဖော်ရလိမ့်မည်ဟု တွက်ချက်ထားပုံရသော ဦးအေးသွင်သည် ၎င်း၏အတွက် တက်တက်စင် မှားယွင်းကြောင်းကို ခင်တို့အိမ်မှ ထွက်လာသောအခါမှပင် သိရှိရလေတော့သည်။

သူ့အား မမကြီးက အိမ်တံခါးဝအထိ လိုက်၍ ပို့လေသည်။ ယင်းသို့ အိမ်ပေါ်မှ ဆင်းရခါနီးအထိ ခင့်ကို မတွေ့ရသောအခါ ဦးအေးသွင်သည် အနည်းငယ်မျှပင် ဣန္ဒြေမလုပ်နိုင်တော့ဘဲ 'ခင် တစ်ယောက် ထမင်းများ ချက်နေသလားဟင် မမကြီး' ဟု မေးမြန်းလိုက်မိသည်။

'ကြားသားမိုးကြိုး ကိုအေးသွင်ရယ်၊ ရှင့်ဘူမတစ်ယောက် မီးဖိုချောင်ကို ဝင်ဖို့နေနေသာသာ အိပ်ရာထဲက ခုချိန်ထိ ထကို မထသေးဘူးရှင့်' ဟု များစွာ အဓိပ္ပာယ်ပါလှသော အပြုံးဖြင့် လှမ်း၍ ပြောဆိုလိုက်သဖြင့် ချာခနဲ လှည့်ကာ အိမ်ပေါ်မှ ခပ်သုတ်သုတ်ကလေး ဆင်းပြေးလာခဲ့ရလေသည်။

အိမ်သို့ ပြန်၍ရောက်သောအခါ ရုံးအားရက်များတွင် ယင်းသို့ တစ်ခါမျှ ခွဲမထားခဲ့ဖူးသော ကလေးနှစ်ယောက်က တွယ်ကပ်၍နေကြသဖြင့် စိတ်မပါလှသော်လည်း ဦးအေးသွင်သည် သားကလေး၊ သမီးကလေးများနှင့် ခြံထဲသို့ ဆင်း၍ ကစားရလေသည်။ အခါတိုင်း ရုံးအားရက်များတွင် ကလေးများနှင့်အတူ ခြံထဲ၌ ဆင်း၍ ကစားရသောအခါ ဦးအေးသွင်သည် များစွာ စိတ်ဝင်စား ပျော်ရွှင်တတ်သည်။ သို့ရာတွင် ယနေ့တစ်ခေါက်တွင်ကား သူ၏ စိတ်သည် ကလေးများနှင့်အတူ ခြံထဲ၌ မရှိတော့ချေ။ ကံဘဲ့ဘက်သို့ ရောက်ရှိနေသည်။ ခင်နှင့်အတူ ကံဘဲ့ဘက်က မြဲကြီးအတွင်း၌ လိုက်တမ်းပြေးတမ်း ကစားလျက် လည်းကောင်း၊ တူတူပုန်းတမ်း ကစားလျက် လည်းကောင်း ရှိနေသည်။ ယင်းသို့ ကိုယ်နှင့်စိတ် တစ်ခုစီခွဲ၍ ကစားခြင်းကြောင့် သားငယ် မောင်မောင်လေး ပြေးလွှား ဆော့ကစားခြင်း ပြုနေရာမှ ရုတ်တရက် လဲကျသွားခြင်းကို ဦးအေးသွင်သည် အချိန်မီ မထိန်းသိမ်းနိုင်လိုက်ချေ။ သားငယ်၏ နဖူးပြင်မှ သွေးများနှင့် ဂူးဂူးဝါးဝါး ငိုယိုသံများကို မြင်လိုက်၊ ကြားလိုက်ရတော့မှ သူသည် ကလေးကို ပွေ့ထူခြင်း ပြုနိုင်လေသည်။ သည်တော့မှလည်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။

မောင်မောင်လေး၏ နဖူးပြင်သည် ကျောက်ခဲစွန်း တစ်ခုနှင့် ဆောင့်မိလိုက်သောကြောင့် လက်မဝက်ခန့် စုတ်ပြဲ၍ သွားလေသည်။ သို့ရာတွင် များစွာ နက်ရှိုင်း ပြင်းထန်လှသည်တော့ကား မဟုတ်ချေ။

နဖူးပြင်တွင် ဒဏ်ရာ ရရှိသွားသော သားငယ်ကို အိမ်ပေါ်သို့ ပွေ့ယူလာခဲ့ပြီးနောက် ဆေးဝါးထည့်ပြီးသောအခါ မိမိ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ရသော ကိစ္စအတွက် များစွာ စိတ်မကောင်း ဖြစ်မိလေသည်။ မိမိကိုယ်ကိုလည်း အပြစ်တင်မိသည်။ အငို မရပ်သေးသော ကလေးကို သူ့ဘွားအေနှင့် ထားပစ်ခဲ့ပြီးနောက် မိမိ အခန်းဘက်သို့ ထွက်လာသောအခါ မိမိ ဆိုက်ရောက်နေသော အခြေအနေကို ဦးအေးသွင်သည် လူကြီးဆန်ဆန် လေးလေးနက်နက် တွေးတောစ ပြုလာသည်။ တကယ်ဆိုတော့ ဖအေလုပ်သူ မယားစိတ်မွန်နေ၍ မယားတရူးနေသောကြောင့် အပြစ်ကင်းမဲ့သော သားငယ်သည် မဖြစ်သင့်ဘဲနှင့် သွေးထွက်သံယိုခြင်း ဖြစ်ခဲ့ရပြီ မဟုတ်သလော။ ဤကဲ့သို့သာ ဆက်လက်၍ မွန်နေ၊ ရူးနေလျှင် ရှေ့လျှောက် ဘာတွေ ဖြစ်ပျက်လာဦးမည် ဆိုသည်ကို အဘယ်သူသည် သိနိုင်ပါမည်နည်း။

ပက်လက်ကုလားထိုင်ထက်တွင် ထိုင်ကာ စီးကရက် တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် ဦးအေးသွင်သည် မစဲသေးသော သားငယ်၏ ငိုယိုသံကို နားထောင်ရင်း လေးလေးနက်နက်နှင့် လက်တွေ့ ဖြေရှင်းရမည့် သူ၏ကိစ္စကို စဉ်းစားလျက် ရှိသည်။ တိမ်တိုက်များကဲ့သို့ ရွေ့လျားနေသော ဆေးလိပ်မီးခိုးများကို ငေးစိုက်၍ကြည့်ရင်း မယား မြန်မြန်ယူလိုက်မှပင် အစစအရာရာ ပြေလည် အေးချမ်းသွားတော့မည့် သူ့အဖြစ်၊ သူ့ရောဂါနှင့် သူ့ဘဝကို ရာဇဝင်တရားသူကြီး ဦးအေးသွင်သည် ကွင်းကွင်းကွက်ကွက် မြင်လာသည်။ နားလည်လာသည်။

Pdf - Yaybawal

# အခန်း(၃)

## (၁)

မယား မရှိသော ရန်ကုန် အနောက်ပိုင်း ရာဇဝတ် တရားသူကြီး ဦးအေးသွင် တစ်ယောက် ကံဘဲ့တွင် နေထိုင်လျက်ရှိသော အငြိမ်းစား စက်ရှင်မင်းကြီး ဦးကျော်အောင်၏ နေအိမ်သို့ ရုံးအားသော တနင်္ဂနွေနေ့များတိုင်း မှန်မှန်ကြီး သွားလာ ဝင်ထွက်လျက် ရှိသည်ဆိုသော "ပေါင်းသင်းဆက်ဆံရေး" သတင်း တစ်ရပ်သည် ရန်ကုန်ခရိုင် ရာဇဝတ် တရားသူကြီး ဦးအောင်မင်းနှင့် ဒေါ်ခင်မှီ တို့ အိမ်တွင် ကျင်းပသော ဘုရားကိုးဆူ ကပ်လှူပွဲ ပြီးစီးပြီးနောက် သုံးလေးလ ခန့်အတွင်း သက်ဆိုင်ရာနှင့် နီးစပ်ရာ အစိတ်အပိုင်းများတွင် လူသတင်း လူချင်းဆောင်ကာ ပျံ့နှံ့၍ သွားလေသည်။ "မိန်းမကြိုက်တော့ မျှော်လိုက်ကာ၊ ယောက်ျားကြိုက်တော့ စိုက်စိုက်လာ" ဆိုသော မြန်မာစကားပုံ ရှိသည့်အတိုင်း လင်သား မရှိသော မိန်းမသားများ နေလျက်ရှိသည့် အိမ်ဂေဟာသို့ မယား မရှိသော ယောက်ျားလွတ်တစ်ယောက် သွားလာ ဝင်ထွက်နေခြင်းသည် ဘာမျှ ထူးဆန်းသော အရေးအခင်း မဟုတ်သော်လည်း ထို မိန်းမသားနှင့် ယောက်ျား လွတ်တို့သည် ထင်ထင်ရှားရှားထဲက ဖြစ်နေလျှင် လူ့အနွယ်ကြီးနှင့်အမျှ ဟောင်းနွမ်း အိုမင်းနေသော ထိုကိစ္စသည် သတင်းတစ်ရပ် ဖြစ်လာလေ့ ရှိသည်။ အချို့ကလည်း "ပေါင်းသင်းဆက်ဆံရေး" သတင်း ဟူ၍ ခေတ်ဆန် ဆန်ကလေး ကင်ပွန်းတပ်လေ့ ရှိသည်။

မယား သေဆုံးသွားပြီးနောက် ငါးနှစ်ကျော်ကျော်မျှ အဘယ်သို့မှ အဝင်အထွက် အသွားအလာနှင့် အဆက်ဆံ အကူးအသန်း မရှိဘဲ ကလေး



Pdf - Yaybawal

နှစ်ယောက်နှင့် ခပ်အေးအေး ခပ်ကုပ်ကုပ် မုဆိုးဖို လုပ်နေခဲ့သော လူတစ်ယောက် အငြိမ်မနေနိုင်တော့၍ အနည်းငယ် ဆော့လိုက် လှုပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဘေးပတ်ဝန်းကျင်မှ သိသာမြင်သာ လွယ်သည်။ ကိုယ့်ထမင်းကိုယ် စား၍ သူတစ်ပါး၏ အဖြစ်အပျက်နှင့် အကြောင်းအရာများကို များစွာ စိတ်ဝင်စားတတ်၊ စပ်စုတတ်သော ရန်ကုန် မင်းစိုးရာဇာပိုင်းတွင် ရန်ကုန် အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်၏ နောက်ပိုးထွက်နေသော သတင်းသည် ပူပူနွေးနွေးသတင်း ဖြစ်နေသည်။ အတွင်းဝန်များရုံး၊ ပုလိပ်ရုံးကြီး၊ တရားလွှတ်တော်၊ ရှေ့နေရှေ့ရပ် စသော လုပ်ငန်းဌာနများ၊ အိုးရီးယင့်၊ ပြည်ထောင်စု၊ ကျိုက္ကစံနှင့် ဂေါက်ကလပ် စသော ပေါင်းသင်း ဆက်ဆံရေး ဌာနများနှင့် ကံဘဲ့၊ ကုက္ကိုင်း၊ ရှစ်မိုင်၊ ပြည်လမ်း၊ ရွှေတောင်ကြားနှင့် အင်းလျားမြိုင် စသော နေထိုင်ရာ ဌာနများတွင် ထိုသတင်းသည် နောက်ဆုံးသတင်း ဖြစ်သည်။ အထူးသဖြင့် မင်းကတော် ကြီးငယ်များ ပေါင်းသင်းဆက်ဆံရေးအတွက် စုဝေးတတ်ကြသော ဖဲဝိုင်းများတွင် ထိုသတင်းကို ပိုမို စိတ်ဝင်စားလျက် ရှိကြ၏။

မိန်းမသားများ အချိန်တန် အရွယ်ရောက်၍ လင် မရနိုင်ဘဲ အသက်အရွယ် တဖြည်းဖြည်း ကြီးရင့်ကာ အရွယ်ဟိုင်း၍လာသောအခါ ယောက်ျားတစ်ခုလပ်၊ သို့မဟုတ် မုဆိုးဖိုကြီးများကိုသာ အမျှော်စိုက်ရသည်ဆိုသော စကားရှိသည့်အတိုင်း ကလေးနှစ်ယောက်နှင့် မုဆိုးဖိုကြီး ဦးအေးသွင် တစ်ယောက် ကံဘဲ့ဘက်သို့ ရဲရဲတင်းတင်းနှင့် မှန်မှန်ကန်ကန်ကြီး ဝင်ထွက်သွားလာနေသော ကိစ္စနှင့် ပတ်သက်၍ မည်သူ တစ်ဦးတစ်ယောက်ကမျှ စက်ရှင်မင်းကြီးဟောင်း ဦးကျော်အောင်၏ သမီးကလေး ခင်နှင့် ထင်ကြေးပေးခြင်းသော် လည်းကောင်း၊ ယိုးစွပ်ပြောဆိုခြင်းသော် လည်းကောင်း မရှိကြချေ။ အားလုံးကပင် အပျိုဟိုင်း ဆရာမ မမကြီးနှင့်သာ သေချာပေါက် အနေဖြင့် ပြောဆိုလျက် ရှိကြသည်။ ရိုးသား တည်ကြည်သော မုဆိုးဖိုကြီး တစ်ဦးနှင့် ဣန္ဒြေရလှသော အပျိုကြီးတို့၏ ပေါင်းသင်းဆက်ဆံရေး ကိစ္စကို မည်သူ တစ်ဦးတစ်ယောက်ကမှ ကန့်ကွက် ပြောဆိုခြင်း မရှိကြပေ။ တော်ပါသည်၊ သင့်ပါသည်၊ ကောင်းပါသည် ဟူ၍သာ ပြောဆိုလျက် ရှိကြသည်။

ယင်းသို့ ဘေးပတ်ဝန်းကျင်က ထင်မြင်ချက်ပေး၍ ပြောဆိုလျက်



Pdf - Yaybawal

ရှိကြသကဲ့သို့ပင် အကြီးအကဲဖြစ်သူ စက်ရှင် ဦးကျော်အောင်ကလည်း တနင်္ဂနွေနေ့များနှင့် အခြား ပြန်တမ်းဝင် ရုံးပိတ်ရက်များတွင် မိမိ နေအိမ်သို့ ကြွရောက်ရ ဝင်ထွက်လျက်ရှိသော ရာဇဝတ် တရားသူကြီး ဦးအေးသွင်သည် အရှူးအပေါကလေးလို အိမ်သားများက သဘောထားနေကြသော မိမိ၏ သမီးကလေးကို ချိန်ရွယ်နေလိမ့်မည်ဟု အနည်းငယ်မျှ မထင်မြင်ဘဲ၊ မိမိ၏ နှမဖြစ်သူ ဆရာမ မမကြီးကိုသာလျှင် လူကြီးလူကောင်းတစ်ဦးပီပီ ရိုးရိုးသားသား ပိုးပန်းလျက် ရှိသည်ဟူ၍ ကိန်းသေ တွက်ချက်ထားလေသည်။ ဦးကျော်အောင်သာလျှင် မဟုတ်သေး၊ ကာယကံရှင်ဖြစ်သူ မမကြီးကိုယ်တိုင်ကလည်း ဦးအေးသွင်သည် ၎င်းကိုသာ ချိန်ရွယ် ပိုးပန်းလျက်ရှိသည်ဟု ရိုးရိုးသားသားနှင့် စွဲစွဲမြဲမြဲ ယုံကြည်၍ နေပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းနှင့် ဦးအေးသွင်တို့သည် သက်တူဝါတူဖြစ်သောကြောင့်လည်း ဖြစ်သည်။ ၎င်းအပြင် ဦးအေးသွင်သည် ၎င်းထက် အသက်အရွယ်အားဖြင့် လည်းကောင်း၊ ဝါအားဖြင့် လည်းကောင်း များစွာ ကွာခြား၍နေသော မိမိ၏ တူမကို မည်သည့်နည်းနှင့်မျှ စိတ်ကူးလိမ့်မည် မဟုတ်ဟု ရိုးရိုးသားသား တွက်ချက်ထားပြီး ဖြစ်သောကြောင့်လည်း ဖြစ်သည်။

ဦးအေးသွင် အိမ်သို့ လာရောက် လည်ပတ်သော အခါတိုင်းလိုလို မမကြီးကသာ ဒိုင်ခံ၍ ဧည့်ခံခြင်းနှင့် လက်ခံ စကားပြောဆိုခြင်းများ ပြုရသည်။ တစ်ခါတစ်ရံ ခင်နှင့်ပင် လူချင်းတွေ့၍ မသွားရချေ။ လူချင်းတွေ့ကြသော အခါများ၌လည်း ခင်က ဦးအေးသွင်အား ကလေးမကလေးသဖွယ် နွဲ့ဆိုး ဆိုးလျက် လည်းကောင်း၊ အရူးအပေါကလေးသဖွယ် နောက်ပြောင်လျက် လည်းကောင်း ဆက်ဆံလျက်ရှိသည်ကိုသာ အများဆုံး တွေ့မြင်နေသည်။ သို့ရာတွင် ၎င်း၏အလစ်တွင် "ခင်... အစ်ကိုကြီး၊ အစ်ကိုကြီး... ခင်" နှင့် နှစ်ယောက်သား တီးတိုးပြောဆိုနေကြသော စကားများကိုကား ရိုးသားလွန်း၍ အပျိုကြီး ဖြစ်နေသော ဆရာမ မမကြီးတစ်ယောက်သည် ဘာမျှမသိရှာချေ။

ရိုးသားသော ဆရာမ မမကြီးသည် မိမိကိုယ်ကို များစွာ စိတ်ချလျက် ရှိလေသည်။ ထို့အတူ ဦးအေးသွင်ကိုလည်း ရိုးရိုးသားသား ဟူ၍ စိတ်ချထားပေသည်။ ဦးအေးသွင်က မိမိအား ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်း မပြုသေး



Pdf - Yaybawal

သည့်တိုင်အောင် တစ်နေ့သောအခါတွင် ပြောဆိုလိမ့်မည်ဟုလည်း ယုံကြည်ထားပေသည်။

ဦးအေးသွင်က ၎င်း၏ မိခင်နှင့် ကလေးများကို တွေ့ဆုံရအောင် ၎င်း၏ နေအိမ်သို့ ပထမတစ်ကြိမ် ခေါ်ဆောင်သွားစဉ်ကတည်းက မမကြီးသည် မိမိကိုယ်ကို ပိုမို၍ စိတ်ချခဲ့သည်။ သို့ရာတွင် ထို ပထမအခေါက်တွင် မိမိ တစ်ယောက်တည်းသာ မဟုတ်ဘဲ၊ မိမိ တူမ ခင်လည်း ပါလာသည်ကို မမကြီးသည် အနည်းအကျဉ်းမျှ စဉ်းစားမိဟန် မရှိချေ။

ဦးအေးသွင်၏ ကလေးများသည် ကလေးများအကြောင်းကို ဘာမျှ နားမလည်သေးသော ခင့်ထက် မမကြီးကို ပိုမို၍ ခင်တွယ်လှလေသည်။ မမကြီးသည် ကလေးများကို ဆရာမ လုပ်၍ အုပ်ချုပ်ရသော အတွေ့အကြုံနှင့် ဗဟုသုတများ ရှိသည်။ လက်ကလည်း သာသည်။ ဦးအေးသွင်၏ နေအိမ်သို့ ပထမအကြိမ် ရောက်ရှိခဲ့စဉ်ကပင် ကလေးများက မမကြီးအား "ကြီးကြီး ကြီးကြီး" နှင့် တွယ်ကပ်နေကြသည်။ သေဆုံးသွားသော ၎င်းတို့၏ မိခင်နှင့် မခြား ၎င်းတို့အပေါ်၌ ယုယုယယ ကိုင်တွယ် ဆက်ဆံခြင်း ပြုတတ်သော မမကြီးအား တစ်ခါတည်း စွဲ၍ သွားကြသည်။ အိမ်သို့ ပြန်ခါနီးတွင် ကလေးများက 'ကြီးကြီး မပြန်ရဘူး၊ ကြီးကြီး မပြန်ရဘူး' ဟု ခင်မာတူးကရော၊ မောင်မောင်လေးကပါ အတင်းဖက်တွယ်၍ ကပ်နေကြသဖြင့် မမကြီးသည် ရုတ်တရက်ပင် မပြန်နိုင်ခဲ့ချေ။ မနည်းကြီး ချော့မော့၍ ထားခဲ့ရသည်အထိ ဖြစ်သည်။

ဦးအေးသွင်၏ အိမ်သို့ သုံးလေးကြိမ်မျှ သွားရောက် လည်ပတ်ပြီးသော အခါ ခင်မာတူးနှင့် မောင်မောင်လေးတို့ကသာလျှင် မဟုတ်ကြတော့ဘဲ ၎င်း၏ မိခင်ကြီးနှင့်တကွ အိမ်၏ ဝေယျာဝစ္စကိစ္စများကို ဒိုင်ခံ လုပ်ကိုင်နေကြသော ဦးအောင်နှင့် ဒေါ်ရင်တို့ လင်မယားကပါ မမကြီးအား စွဲလမ်း၍ သွားကြလေသည်။ ၎င်းကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်၍ သား ဖြစ်သူနှင့် ပေးစားခဲ့သော ချွေးမလုပ်သူကိုပင် သေသာသွားသည်အထိ တစ်ကြိမ်တစ်ခါမျှ ချီးမွမ်းပြောဆိုခြင်း မပြုခဲ့သော ဦးအေးသွင်၏ မိခင်ကြီးက 'တယ်တော်တဲ့ မိန်းကလေးပဲကွယ်၊ ဒီလိုတော်တဲ့ သမီးမျိုး တစ်ယောက်လောက် ရလိုက်ချင်စမ်းပါဘိ' ဟု ဖွင့်ဟ ပြောဆိုခြင်း ပြုသည်အထိ ဖြစ်သည်။ ဦးအောင်နှင့် ဒေါ်ရင်တို့



Pdf - Yaybawal

လင်မယားကလည်း မမကြီးအား "မမကြီး" ဆိုသော ၎င်း၏ နာမည်ကိုပင် မခေါ်နိုင်ကြတော့ဘဲ "မမ... မမ" နှင့် ဖြစ်နေကြလေသည်။

ယင်းကဲ့သို့ ၎င်း၏ မိခင်ကြီးနှင့်တကွ ကလေးများကပါ လည်းကောင်း၊ ဦးအောင်နှင့် ဒေါ်ရင်တို့ လင်မယားကပါ လည်းကောင်း မိမိအပေါ်၌ ဤမျှ လိုလိုလားလား ဖြစ်နေကြပုံကို ထောက်၍ ပြဿနာတစ်ရပ်ကို အဘက်ဘက်မှ လှည့်ပတ် စဉ်းစားတတ်လိမ့်မည်ဟု ယုံကြည်ရသော ဦးအေးသွင်သည် မိမိကိုသာ သေချာပေါက် ရွေးချယ်ခြင်း ပြုလိမ့်မည်ဟု ဆရာမ မမကြီးသည် ကိန်းသေ တွက်ချက်ထားခဲ့ခြင်းလည်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မိမိကိုယ်တိုင်ကလည်း ဦးအေးသွင်အပေါ်၌ လည်းကောင်း၊ တစ်နွယ်ငင် တစ်စင်ပါဆိုသည့် စကားအတိုင်း ၎င်း၏မိခင်ကြီးနှင့် သားကလေး သမီးကလေးများ အပေါ်၌ လည်းကောင်း ပကတိ ဖြူစင်သော စေတနာ၊ မေတ္တာများ ထားရှိပြီးကား ဖြစ်သည်။

ဦးအေးသွင်သည် ရုံးအားရက်များတွင် မှန်မှန် လာရောက် လည်ပတ်လျက် ရှိရာမှ တစ်ခါတစ်ရံ ရုံးသို့ ခပ်စောစော တက်ရင်း နံနက်ခင်းများတွင် အိမ်သို့ ခေတ္တလောက်ဖြစ်စေ ဝင်သွားတတ်သည်။ ယင်းသို့ ဦးအေးသွင်၏ ခြေလှမ်းများ သွက်၍ လာသည်နှင့်အမျှ မိမိအား အတိအလင်း ဖွင့်ဟပြောဆိုမည့် နေ့ရက်ကို မမကြီးသည် လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်လျက် ရှိလေသည်။ သို့ရာတွင် မိမိတို့အိမ်သို့ ဦးအေးသွင် အတိအလင်း ဝင်ထွက်သွားလာနေသော အချိန်ကာလသည် ခြောက်လကျော် ခုနစ်လတွင်းသို့ ရောက်ရှိလာခဲ့သည်တိုင်အောင် ဖွင့်ဟ ပြောဆိုခြင်း မပြုသေးသောအခါ မမကြီးသည် အနည်းငယ် မောပန်းစပြုလာသည်။ သို့ရာတွင် စိတ်ပျက်ခြင်းတော့ မရှိချေ။

တစ်ခါတစ်ရံ လမ်း၌ တွေ့သော မိတ်ဆွေများက ဖြစ်စေ၊ အိမ်သို့ တကူးတကန့် လာရောက်လည်ပတ်ကြသော အသိသူငယ်ချင်းများက ဖြစ်စေ မမကြီးအား ပြောင်ကြ၊ စကြသည်။ ထိုသို့ ကစားကြသူများအထဲတွင် ခရိုင်ရာဇဝတ် တရားသူကြီးကတော် ဒေါ်ခင်မှီသည် အသဲဆုံး အကဲဆုံး ဖြစ်လေသည်။ 'ဘယ်လိုလဲဟေ့ မမကြီး၊ ခုထက်ထိ ရက်ကလေး ဘာကလေးတောင် မရွေးကြသေးဘူးလား' ဟု အတည်လိုလို ပြောင်သလိုလိုနှင့် မေးမြန်းသောအခါများတွင် မမကြီးသည် ဘာမျှ ပြန်မပြောနိုင်သဖြင့် မျက်နှာပူပူနှင့် ခေါင်းငုံ့နေ



Pdf - Yaybawal

ခဲ့ရသည်။ ယင်းသို့ မိမိနှင့် နီးစပ်ကျွမ်းဝင်ရာ အသိမိတ်ဆွေများနှင့် အပေါင်းအဖော်များက ထိုကိစ္စနှင့် ပတ်သက်၍ နောက်ပြောင်သလောက် အရေးအကြီးဆုံး ဖြစ်သည့် ကာယကံရှင်က ဘာတစ်ခွန်းမှ ဖွင့်ဟ ပြောဆိုခြင်း မပြုသေးဘဲ မြဲစိစိ လုပ်နေသည့်အတွက် ယခင်ကာလများက မည်သည့် အကြောင်းကြံ အပူအပင်မှ မရှိခဲ့သဖြင့် စားဝင် အိပ်ပျော်လျက် ရှိနေခဲ့သော ဆရာမ မမကြီးသည် ယခုအခါတွင် တစ်စထက် တစ်စ အစားပျက်၊ အအိပ်ပျက် ဖြစ်လာသည်။ မျက်တွင်းများ ကျဆင်းကာ အသားအရေများလည်း လျော့ပါးစပြုလာသည်။

(၂)

မယား မရှိသော ရန်ကုန် အနောက်ပိုင်း ရာဇဝတ်တရားသူကြီး တစ်ဦးဖြစ်သူ ဦးအေးသွင် တစ်ယောက် ကံဘဲ့တွင် နေထိုင်လျက်ရှိသော အငြိမ်းစား စက်ရှင်တရားသူကြီး ဦးကျော်အောင်၏ နေအိမ်သို့ တံခါး မရှိ၊ ဓား မရှိ ဝင်ထွက်သွားလာလျက်ရှိသော ကိစ္စနှင့် ပတ်သက်၍ အတွင်းကျကျ အဖြစ်အပျက်အမှန်ကိုကား ကာယကံရှင် ဦးအေးသွင်နှင့် လူကြီးများက အရူးအပေါ ဟူ၍ ထားကြသော ခင်တို့သာလျှင် အသိရှိဆုံး ဖြစ်ကြသည်။

ခင်သည် လူ့လောကအတွေ့အကြုံနှင့် ဗဟုသုတ ဆို၍ ဘာမျှမရှိသေးသော မိန်းကလေး တစ်ဦးမျှသာ ဖြစ်သော်လည်း ဦးအေးသွင်ကား သင်္ချိုင်းသို့ ခရီးတစ်ဝက်ကျော်ကျော် လျှောက်လိုက်လာခဲ့ပြီးသူ ဖြစ်လေသည်။ ကလေးသူငယ်မကလေး တစ်ဦးမျှသာ ဖြစ်သော ခင်သည် မစဉ်းစား မဝေဖန်တတ်သည့်အတွက် မည်သူကမျှ ဝေဖန်ခြင်းနှင့် ပြစ်တင်ခြင်းများ ပြုနိုင်ဖွယ် မရှိချေ။ သို့ရာတွင် မယားတစ်ယောက် ရရှိခဲ့ဖူးသော ရာဇဝတ် တရားသူကြီးတစ်ဦး၏ အဆင်ခြင် ကင်းမဲ့မှုကိုကား အဖြစ်အပျက်အမှန်ကို လူအများသိရှိလာကြသော တစ်နေ့တွင် လွယ်လင့်တကူ ခွင့်လွှတ်ရန် ဖြစ်နိုင်လိမ့်မည် မထင်ချေ။ သို့ရာတွင် ဦးအေးသွင်သည် ထိုကိစ္စနှင့် ပတ်သက်၍ ယထာဘူတကျအောင် တွေးခေါ်စဉ်းစားနိုင်သော အသိဉာဏ် ကင်း၍နေသည်။ အသိဉာဏ်ကို မွေးထုတ်သော သူ၏ ဦးနှောက်သည်လည်း ဆင်းရဲ ကုန်ခန်းလျက် ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ နှလုံးသားသည် ဦးခေါင်းတစ်ခုလုံးကို လွှမ်းမိုးသွားသောကြောင့် ဖြစ်သည်။

ငယ်ရွယ်သော ခင့်အား တူမကလေးသဖွယ်၊ နှမကလေးသဖွယ် ြည်းဖြည်း အရောဝင်လျက် ရှိခဲ့ရာမှ နောက်ဆုံး လူချင်း တော်တော် လေး ရင်းနှီးသော အခြေသို့ ရောက်ရှိသောအခါ ဦးအေးသွင်သည် ၎င်း၏ သဘောထားအမှန်နှင့် ရည်မှန်းချက်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။ အရူး အပေါကလေး ဟု ထင်ရသော ခင်သည်ပင် ဦးအေးသွင်၏ သဘောထားနှင့် ကြံရွယ်ချက် အစစ်အမှန်ကို ကြားသိလိုက်ရသောအခါ မျက်လုံး မျက်ဆန် ြူးသွားသည်။ ခင်သည် ဦးအေးသွင်၏ထံမှ ထိုကြံရွယ်ချက်ကို အနည်းငယ်မျှ မျှော်လင့်ခဲ့ဟန် မတူချေ။

'ဟင်... အစ်ကိုကြီးက ခင့်ကို လက်ထပ်ချင်တယ်၊ ဟုတ်လား' ခင် သည် ၎င်း၏ နားကိုပင် ကောင်းစွာ ယုံကြည်ခြင်း မရှိနိုင်သကဲ့သို့ သေချာ သည်ထက် သေချာခြင်း ရှိစေရန်အတွက် ဦးအေးသွင်အား ထိတ်လန့်တကြား ပြန်၍ မေးမြန်းလျက် ရှိသည်။

'ခင့်ကို အစ်ကိုကြီး သိပ်ချစ်နေပြီ၊ ဒါကြောင့် ခင့်ကို လက်ထပ်ဖို့ အတွက် ခင့်ဖေဖေကို ခွင့်တောင်းပါရစေတော့နော်၊ ဟုတ်လား'

'ဟာ... အစ်ကိုကြီးဟာက လူများ မှားနေသလားဆိုတာ သေသေချာချာ ပြန်စဉ်းစားစမ်းပါဦး'

'ဘယ်လို လူမှားရမှာလဲ ခင်ရဲ့'

'အစ်ကိုကြီး ခုလို လက်ထပ်ဖို့ ပြောရမှာက ဒေါ်လေးကိုသာ ပြောရမှာ မဟုတ်ဘူးလား။ ဘယ့်နှယ် ခင့်ကို မဟုတ်က ဟုတ်က လာပြောနေတာလဲ' ဟု ခင်က မျက်နှာထား တည်တည်နှင့် ပြန်ပြောသဖြင့် ဦးအေးသွင်သည် ဘာပြန်ပြောရမှန်း မသိအောင် ကြောင်၍ သွားလေသည်။

'ဟုတ်ပါတယ်၊ အစ်ကိုကြီးတစ်ယောက် လူမှားနေပြီဟေ့' ဟု ခင်က ရယ်သလို မောသလိုနှင့် ပြောဆိုရင်း လစ်ထွက်သွားမည် လုပ်သဖြင့် 'ဟေး ခင်၊ ဒါ ဘယ်သွားမလို့လဲ။ နေပါဦး' ဟု ဦးအေးသွင်သည် ဟန့်တားလိုက် ရသည်။

'ဘာများ ပြောဦးမလို့လဲဟင်၊ အစ်ကိုကြီး'

'အစ်ကိုကြီး လူမမှားဘူး၊ ခင့်ကို ပြောနေတာ အမှန်ပဲ'

'တကယ် ပြောနေတာလား ဟင်၊ အစ်ကိုကြီး' ဟု ခင်က ထပ်၍ မေးပြန်၏။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'အစ်ကိုကြီး အူတွေ အသည်းတွေ ဘယ်အထိ ဖြောင်းဆန်နေတယ် ဆိုတာ ခင့်ကို ပြလို့ရရင် ပြလိုက်ချင်တယ်'

'ခင်က ဆရာဝန်မှ မဟုတ်တာ အစ်ကိုကြီးကလဲ' ဟု ခင်က စပ်ဖြဲဖြဲနှင့် ပြန်၍ ပြောလေသည်။

'ဒီ မိန်းကလေးနဲ့တော့ ခက်တော့တာပါပဲကွာ'

'ဒါကြောင့် အစ်ကိုကြီး လူမှားနေပြီလို့ စောစောက ခင် ပြောတာပေါ့'

ဦးအေးသွင်သည် လူစင်စစ်က တိရစ္ဆာန်စိတ် ဝင်လာကာ မိမိအား မထိတရိနှင့် မခိုးမခန့် ပြုလုပ်သော ခင့်အား လက်ကို ဖမ်း၍ ဆွဲလိုက်မိသည်။ သို့ရာတွင် ထိုအမှုသည် ရာဇဝတ်မှုကြီးတစ်မှု ဖြစ်၍ ထောင်ကျနိုင်သည်ဆိုသော အချက်ကို ဉာဏ်အမြော်အမြင် ဆုတ်ယုတ်နေသော ရာဇဝတ် တရားသူကြီး သည် မသိနိုင်ရှာတော့ချေ။

ဦးအေးသွင်က ပိုင်စိုးပိုင်နင်း ဆွဲကိုင်၍ထားသော ၎င်း၏လက်ကို ခင်သည် ပြန်လည် ရုန်းကန်ခြင်းတော့ မပြုချေ။ 'လွှတ်ပါ အစ်ကိုကြီးရဲ့၊ တော်တော်ကြာ ဒေါ်လေးတို့၊ ဖေဖေတို့ မြင်သွားပါ့မယ်' ဟုသာ ပြော၏။ သို့ရာတွင် လက်ဆွဲမှု ကျူးလွန်လျက် ရှိနေပြီဖြစ်သော ရာဇဝတ် တရားသူကြီး သည် ကြိုးစင်သို့ပင် တက်ရန် အဆင်သင့် ရှိနေပြီ ဖြစ်သကဲ့သို့ ဆွဲထားသော လက်တစ်ဖက်ကို မလွှတ်သည့်အပြင် နောက်တစ်ဖက်ကိုပါ လှမ်း၍ ဆွဲယူ လိုက်ပြန်သည်။

'အစ်ကိုကြီးဟာ ပြောလေ ကဲလေ ဖြစ်နေပြီ' ဟု ခင်က နှုတ်ခမ်းစူ၍ စိတ်ကောက်သော အမူအရာဖြင့် ပြောလေ၏။

'ပြောလေ ကဲလေ မဟုတ်ဘူး ခင်၊ အစ်ကိုကြီးတော့ နေမြင့်လေ အရှုးရင့်လေ ဖြစ်နေပြီကွယ်'

'ဒါဖြင့် ခင်တို့အိမ် မလာနဲ့၊ တံတားကလေးကို သွားပါလား'

'အစ်ကိုကြီး ရောဂါကို ကုနိုင်တဲ့ ဆရာဝန်က တံတားကလေးမှာ မရှိဘူး။ ခင်တို့အိမ်မှာပဲ ရှိနေလို့ ခင်တို့ အိမ်ကိုပဲ လာနေရတာပေါ့'

'ခင်တို့ အိမ်က ဆရာဝန်က ခင် မဟုတ်ဘူး အစ်ကိုကြီး၊ ဒေါ်လေး ... ဒေါ်လေး'

ရာဇဝတ်တရားသူကြီးသည် မချင့်မရဲကြီး ဖြစ်လျက်ရှိနေရာမှ မိမိကိုယ်

ကို ထိန်းသိမ်း ချုပ်တည်းခြင်းငှာ မပြုနိုင်တော့သဖြင့် ခင့် ခါးကလေးကို လှမ်း၍ ဖက်လိုက်သည်။

'အို… အစ်ကိုကြီး၊ ဘယ့်နှယ်လုပ်နေတာလဲ။ ခင် ဒေါ်လေးကို လှမ်းတိုင်လိုက်ရမလား'

'တိုင်ချင် တိုင်လိုက်' မှဆိုးဖိုကြီးသည် နွားသိုးကြီးပြတ် ဖြစ်သွားသည်။

'တကယ်လား အစ်ကိုကြီး'

'တကယ် မဟုတ်ဘူး၊ နှစ်ကယ်'

'ဒေါ်လေးရေ ဒေါ်လေး' ဟု ခင်က တကယ်ပင် လှမ်း၍ ခေါ်လိုက်သောအခါ ဦးအေးသွင်သည် ပထဝီမြေတစ်ပြင်လုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသလားဟု အောက်မေ့ကာ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွား၏။

'ဘာလဲဟေ့ အခင်' ဟု မမကြီးက ညစာအတွက် စီမံ လုပ်ကိုင်လျက်ရှိသော မီးဖိုဆောင်ဘက်မှ ပြန်၍ အသံပြုလိုက်သည်။

'ဝန်ထောက်မင်းက ဗိုက်ဆာလို့တဲ့ ဒေါ်လေး။ အဲဒါ ခင့်ကို တစ်ခုခု ကျွေးပါလို့ တောင်းနေတယ်။ ဘာများ ကျွေးရမှာ ရှိသလဲဟင်' ဟု ခင်က လှမ်း၍ ပြောဆိုလိုက်တော့မှ ရာဇဝတ် တရားသူကြီးသည် တရားခံ ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိကာ အသက်ရှူချောင်၍ သွားလေသည်။ သို့ရာတွင် အကြောက်ကား မပြေသေးချေ။

'အခင် အခု စကားပြောနေတာ ဘယ်ကလဲဟင်' ဟု မမကြီးက အိမ်ပေါ်မှ လှမ်း၍ မေးလိုက်ပြန်သဖြင့် 'ခြံထဲကလေ၊ ခင်တို့ စံပယ်ရုံဘေးမှာ စံပယ်ပန်းတွေ ကြည့်နေကြတယ် ဒေါ်လေး' ဟု ခင်က ပြန်၍ ဖြေလိုက်၏။

'ဒေါ်လေး မအားတတ်လို့ ခင်ပဲ အိမ်ပေါ်ကို တက်လာပြီး ကြောင်အိမ်ထဲက လိမ္မော်သီးတွေ ယူကျွေးလိုက်ပါလားကွယ်' ဟု မီးဖိုချောင်ထဲမှ နေ၍ ဖြစ်သမျှအကြောင်းကို ဘာမျှ မသိရှာသော မမကြီးက ရိုးသားစွာ ပြောဆိုလျက် ရှိသဖြင့်၊ ဦးအေးသွင်နှင့် ခင်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ အသံထွက်သွားအောင် မရယ်မိဖို့ မနည်းကြီး ကြိုးစားနေကြရ၏။

ဤသို့ဖြင့် အသက်အားဖြင့် လည်းကောင်း၊ ဝါ အားဖြင့် လည်းကောင်း ကွာခြား၍နေသော ဦးအေးသွင်နှင့် ခင်တို့သည် ဆန့်ကျင်ဘက် လိင်သတ္တဝါ



Pdf - Yaybawal

များသာ ဖြစ်ကြသည့်အလျောက် တစ်စထက် တစ်စ ရင်းနှီး၍ လာကြသည်။ တစ်ဦးနှင့် တစ်ဦး၏ အကြားတွင်ရှိသော ကွာခြားချက်များကို ပမာဏ မထားကြတော့ဘဲ လူ အထီးနှင့် အမတို့လို ပွင့်ပွင့်လင်းလင်း ဆက်ဆံလာကြသည်။ လူကြီးများ လစ်လျှင် လစ်သလို ရင်းရင်းနှီးနှီး တွေ့ထိကြလေသည်။ ယင်းသို့ တွေ့ထိပါ များလာသောအခါ တစ်ဦးနှင့်တစ်ဦး မတွေ့ရလျှင် မနေနိုင်၊ မထိုင်နိုင်အောင် ဖြစ်လာကြသည်။

ဦးအေးသွင်သည်ကား မယားရဖူးသူတစ်ဦး ဖြစ်သောကြောင့် တစ်ကြောင်း၊ မိမိ အသက်အရွယ်နှင့် ဂုဏ်သိက္ခာ စသည်တို့ကိုလည်း အဘက်ဘက်က ထည့်သွင်း စဉ်းစားရသောကြောင့် တစ်ကြောင်း အနည်းငယ် ထိန်းသိမ်းနိုင်သလို ရှိသော်လည်း ဒါမျိုးကို တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ဖူးခြင်း မရှိခဲ့သော အရိုင်းမကလေးအဖို့ကား မထိန်းနိုင် မသိမ်းနိုင် ဖြစ်မိသည်။ ခင်သည် ၎င်း၏ စိတ်ကို မချုပ်တည်းနိုင်တော့သည့် နောက်ဆုံးတွင် ၎င်းအား ဝတ္တရားအတိုင်း အမြန်ဆုံး တောင်းရမ်းယူဖို့ အပူတပြင်း တောင်းဆို၏။ ဤသို့ ခင်က ပြောဆိုလာတော့မှပင် မိုးမမြင် လေမမြင် ဖြစ်နေခဲ့သော မုဆိုးဖိုကြီး ဦးအေးသွင်သည် မိမိကိုယ်ကို ကိုယ်ရှိန်သတ်ရမှန်း နားလည်လာပြီးလျှင် မိဘား ဖသားပီပီ ပြောဆိုလက်ထပ်ဖို့အတွက် အရေးတကြီး စဉ်းစားရန် ပြင်ဆင်ရလေသည်။

## (၃)

ကလေး နှစ်ယောက်နှင့် မုဆိုးဖိုကြီးသာ ဖြစ်ခဲ့ရသည်။ ဦးအေးသွင်သည် မိန်းမတစ်ယောက်ကို မြန်မာလူမျိုးတို့၏ ထုံးစံနှင့် ယဉ်ကျေးမှုအရ မည်သို့မည်ပုံ တောင်းရမ်း လက်ထပ်ရမှန်း မသိချေ။ ပထမ မယားရခဲ့သည်မှာလည်း သူ၏ အစွမ်းအစကြောင့် မဟုတ်ဘဲ လူကြီး မိဘတို့က အစစအရာရာ စီမံဆောင်ရွက်ပေးခဲ့ကြသောကြောင့်သာ ဖြစ်သည်။ မင်္ဂလာဆောင်ခါနီးမှ ဘိသိက်ဖုံပေါ်သို့ တက်ကာ လူကြီးများက ဝယ်ခြမ်း ပြင်ဆင်ထားကြသော အခန်းအတွင်းသို့ အဆင်သင့် ဝင်အိပ်၍ မယား ရခဲ့ခြင်းမျိုး ဖြစ်၏။ ထို့ကြောင့် ယခုအခါတွင် ခင့်ကို မိဘားဖသားပီပီ တောင်းရမ်းလက်ထပ်ဖို့ ကိစ္စအတွက် သူ့ဘာသာသူ ဆတ်ဆော့သောကိစ္စ ဖြစ်နေသဖြင့် လူကြီးမိဘများကို အားကိုး၍ မဖြစ်တော့ဘဲ သူ့ဘာသာသူ ကြံရချေတော့မည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

အတွေ့အကြုံ မရှိသော အလုပ်တစ်ခုကို ရုတ်တရက် လုပ်ကိုင်ခြင်း ပြုရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ချေ။ အတွေ့အကြုံ မရှိသည့်တိုင်အောင် ကြားဖူးနားဝ ရှိလျှင်လည်း အနည်းငယ် တော်သေးသည်။ သို့ရာတွင် အနောက်ပိုင်း ရာဇဝတ် တရားသူကြီးသည် ၎င်း ရင်ဆိုင်နေရသော အမှုကိစ္စအတွက် အတွေ့အကြုံမှုသာလျှင် မဟုတ်၊ ကြားဖူးနားဝလည်း မရှိချေ။ သူသည် ခေါင်းခဲလျက် ရှိသည်။

မုဆိုးဖိုတစ်ယောက် မယား တောင်းရမ်းပြောဆိုဖို့ ကိစ္စအတွက် သူသည် ဘယ်သူ့ကို ဖွင့်ဟ၍ တိုင်ပင်ခြင်း ပြုရမည်နည်း။ တိုင်ပင်၍ ရနိုင်သော အသိမိတ်ဆွေများ ရှိတန်သရွေ့ ရှိသည်တော့ မှန်သည်။ သို့ရာတွင် ထိုသို့ သွားတိုင်ပင်လျှင် သူ့ကို အဘယ်သို့ ဖင်ကြမည်နည်း၊ အဘယ်သို့ ပြောဆိုကြမည်နည်း။ လူပုံလယ်တွင် ဣန္ဒြေကြီး တစ်ခွဲသားနှင့် နေထိုင်လာခဲ့သော လူတစ်ယောက်က မိမိ မယား ယူခါမှ ဟိုလူ့ လိုက်ကပ်၊ ဒီလူ့ လိုက်ပူ လုပ်၍ကော သင့်ပါမည်လော။

ခင်က လူကြီးမိဘများထံ တောင်းရမ်း ပြောဆိုခြင်းပြုဖို့ ဆူဆူပူပူ ကလေး လုပ်လွှတ်လိုက်ပြီးနောက် ဦးအေးသွင်သည် သုံးလေးရက်ခန့်မျှ ခေါင်းခဲလျက် ရှိသည်။ ဘာကစ၍ လုပ်ရမည်ကိုလည်း မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ထိုသို့ စိတ်ထွေနေသည့် ရက်များအတွင်း စီရင်ချက် ချမှတ်ရန် တိုးနေသော အမှုများ အားလုံးကိုလည်း ယမန်တစ်ပတ်စီ နောက်ထပ်၍ ချိန်းလိုက်ရသည်။ ခေါင်းရှုပ်ရှုပ်နှင့် အမှားမှားအယွင်းယွင်း စီရင်ချက် ချလိုက်လျှင် တစ်ဖက်ဖက်တွင် နစ်နာကုန်မည်ကို စိုးရသည့်အပြင် တရားလွှတ်တော်က မိမိ ဦးခေါင်းကို ခေါက်မည့် အရေးကလည်း ရှိသေးသည်။

တနင်္ဂနွေ တစ်ပတ်နှင့် စဉ်းစား၍ မပြီးသဖြင့် သူသည် နှစ်ပတ်မျှ ဆက်လက် စဉ်းစားခြင်း ပြုရလေသည်။ ထိုကြား တနင်္ဂနွေ ရုံးပိတ်ရက်တွင် ကား ခင်တို့အိမ်သို့ မသွားတော့ဘဲ အိမ်ထဲတွင် ကုပ်နေလိုက်သည်။ တနင်္ဂနွေ နှစ်ပတ်ကြာမျှ အချိန်ယူ၍ စဉ်းစားလိုက်သောအခါ တရားသူကြီးတစ်ဦးပီပီ ညဏ်နီဉာဏ်နက်များ ထွက်ပေါ်၍ လာလေသည်။ သူသည် ခင့်အား ၎င်း၏ ဖခင်ထံ၌ လူသိရှင်ကြား တောင်းရမ်း ပြောဆိုခြင်းမပြုမီ ခင့် ဖခင်၏ သဘောထားကို တင်ကြို သိရှိထားရန်အတွက် မမကြီးကမှ တစ်ဆင့် နားဖောက်



Pdf - Yaybawal

စုံစမ်းကြည့်ရန် ဖြစ်သည်။ မမကြီးသည် သူ့အပေါ်၌ လည်းကောင်း၊ သူ့မိခင်နှင့် ကလေးများအပေါ်၌ လည်းကောင်း စေတနာထားရှိသော သူတစ်ဦးဖြစ်၍ ၎င်း၏ တူမနှင့်ပါ သက်ဆိုင်နေသော ယခုကိစ္စတွင် မိမိအား စေတနာရှိစွာဖြင့် ကူညီ ဆောင်ရွက်ပေးလိမ့်မည်ဟု ဦးအေးသွင်က ၎င်း၏အမြင်ဖြင့် ကိန်းသေတွက်ထားလိုက်သည်။ တကယ်ဆိုတော့ မမကြီးက မိမိအပေါ် အဘယ်သို့ မျှော်လင့်ချက်ဖြင့် ဆက်ဆံနေသည်ကို ဦးအေးသွင်သည် အနည်းအကျဉ်းမျှ လောက်ပင် မရိပ်မိချေ။ ထိုသို့ မရိပ်မိသည့်အတွက် ထိုကိစ္စကို ဖွင့်ဟ ပြောဆိုလိုက်လျှင် မမကြီး အဘယ်သို့ ဖြစ်သွားမည်ကိုလည်း ဦးအေးသွင်သည် စဉ်းစားခြင်း မပြုတော့ချေ။ သဘောကောင်းသော ဆရာမ မမကြီးသည် သူ့ကို ဝမ်းမြောက်ဝမ်းသာ ကူညီလိမ့်မည် ဟုသာ အောက်မေ့လျက် ရှိသည်။

တနင်္ဂနွေ ရုံးပိတ်ရက် တစ်ပတ်ခြားပြီးနောက် နောက်တစ်ပတ် ရုံးပိတ်ရက်တွင် ဦးအေးသွင်သည် ကားကို ကိုယ်တိုင် မောင်း၍ ကံဘဲ့သို့ ထွက်လာခဲ့သည်။ မမကြီးကို အကြောင်းမျိုးစုံ ဖွင့်ပြော၍ ခင့်ဖခင်အား နားအဖောက်ခိုင်းမည်ဟု စိတ်ကူးမိစဉ်က လွယ်ကူသလောက် အချိန်အနည်းငယ်အတွင်း မမကြီးနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သောအခါ၌ ဦးအေးသွင်သည် စိုးရွံ့သလိုလို၊ အားနာသလိုလို ဖြစ်လာမိသည်။ တူမကို တောင်းရမ်း ပြောဆိုလို၍ ဒေါ်လေးလုပ်သူကို နားအဖောက်ခိုင်းသော ကိစ္စသည် တရားနည်းလမ်း ကျပါ၏လော၊ ရိုင်းများ နေလေမည်လော၊ မိမိအပေါ်၌ အထင်အမြင်များ သေးသွားမည်လား။

ယင်းသို့ တွေးရင်းနှင့်သာ ဦးအေးသွင်သည် စက်ရှင် တရားသူကြီးဟောင်း ဦးကျော်အောင်၏ အိမ်သို့ ရောက်ရှိလာခဲ့လေသည်။ ခြံအတွင်းသို့ ကားဝင်မိလျှင်ပင် အိမ်တံခါးမကြီးမှ မိမိအား ထွက်၍ ကြိုဆိုနေသော မမကြီး၏ မျက်နှာကို ရှေးဦးစွာ မြင်လိုက်ရသည်။ မမကြီး၏ ပြည့်ဖြိုး၍ ကျက်သရေရှိသော မျက်နှာတွင် ယခင်တစ်ပတ်က မိမိ မလာရောက်သည့်အတွက် စိုးရိမ်ပူပန်ခြင်းနှင့် ယခု တစ်ပတ်တွင် လာရောက်သည့်အတွက် ကြည်နူး ဝမ်းမြောက်ခြင်း အမူအရာ နှစ်ခုစလုံးကို တစ်ပြိုင်တည်း တွေ့မြင်ရလေသည်။ သို့ရာတွင် ရှေးအပျိုကြီးပီပီ မမကြီးသည် ၎င်း ရင်ထဲ၌ ဖြစ်နေသမျှကို အပြင်သို့ ပေါ်ထွက်လာခြင်း မရှိစေရန် အစွမ်းကုန် ထိန်းသိမ်းထားဟန်လည်း ရှိလေသည်။

ကားစက်ပိတ်ပြီးနောက် ဦးအေးသွင် အိမ်ပေါ်သို့ တက်လာသောအခါ



Pdf - Yaybawal

မမကြီးသည် တံခါးဝမှ ရပ်၍ ရွှန်းရွှန်းစားကြည့်ကာ 'ပြီးခဲ့တဲ့ အပတ်က နေထိုင်မကောင်းများ ဖြစ်နေသလား ကိုအေးသွင်' ဟု မေးမြန်းလိုက်၏။

'ကောင်းပါတယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအတွက် အရေးဘကြီး စဉ်းစားနေရလို့ လာချင်ရက်သားနဲ့ မလာဖြစ်တာပါ'

'ဒီလိုဆိုရင်တော့ တော်ပါသေးရဲ့ရှင်၊ ကျွန်မတို့ တစ်အိမ်သားလုံးက ဒီအပတ်သာ ကိုအေးသွင် ပေါ်မလာရင်တော့ အိမ်ကို လိုက်လာပြီး မေးကြမြန်းကြတော့မလို့ တိုင်ပင်ထားပြီးကြပြီ' ဟု အရိုးခံအတိုင်း ပြောဆိုရင်း တံခါးဝမှ ဘေးသို့ ဖယ်ရှားပေးလိုက်သဖြင့် ဦးအေးသွင်သည် အိမ်ပေါ်သို့ တက်လာပြီးနောက် ခါတိုင်း မိမိ ကားသံကို ကြားလျှင် အိမ်ရှေ့ခန်းသို့ အဆင်သင့်ထွက်၍ စောင့်နေတတ်သော ခင့်ကို ရုတ်တရက် မတွေ့ရသဖြင့် ဧည့်ခန်းဆီသို့ ဖြောင့်ဖြောင့်မသွားနိုင်သေးဘဲ ဟိုဟိုသည်သည် ကြည့်နေသည်။

'သြော်… အစ်ကိုကြီးတို့ သားအဖတောင် ခုလေးတင်ပဲ မြို့ထဲက အသိတစ်ယောက်အိမ်က အလှူကို မသွားမဖြစ်လို့ ထွက်သွားကြတယ် ကိုအေးသွင်' ဟု မမကြီးက နောက်မှနေ၍ လှမ်းပြောလိုက်တော့မှ ဦးအေးသွင်သည် ဧည့်ခန်းဘက်ဆီသို့ ဖြောင့်ဖြောင့်တန်းတန်း သွားနိုင်လေတော့၏။

အခါတိုင်း မိမိ ထိုင်နေကျဖြစ်သော ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်ပြီးနောက် သတင်းစာ တစ်စောင်ကို ဟန်လုပ်၍ ဖတ်ရင်း အခွင့်သာခိုက် မမကြီးအား ပြောဆိုခြင်းပြုရမည့် စကားအစီအစဉ်ကို ဦးအေးသွင်သည် တွက်ဆလျက် ရှိသည်။ ထိုသို့ ဧည့်သည်ဖြစ်သူက သတင်းစာကို ကောက်ယူ၍ ဖတ်ရှုလျက် ရှိသဖြင့် မမကြီးသည် ဧည့်သည်ရှိနေသော ဧည့်ခန်းဘက်သို့ ရုတ်တရက် ဝင်မလာသေးဘဲ အခြားဆောင်ရွက်ဖွယ်ရာ ကိစ္စတစ်ခုကို သတိရသကဲ့သို့ အိမ့်နောက်ဖေးဘက်သို့ ကူးသွားမည်အပြုတွင် 'အိမ်အလုပ်တွေ အရေးတကြီး လုပ်စရာများ ရှိသလားဟင်' ဟု ဦးအေးသွင်က လှမ်း၍ မေးလိုက်သဖြင့် 'အရေးတကြီး လုပ်စရာရှိလို့ရယ်လို့တော့ မဟုတ်ပါဘူး၊ ကိုအေးသွင် သတင်းစာဖတ်နေတာ အနှောင့်အယှက် မဖြစ်စေချင်လို့ ရှောင်ထွက်လာတာပါ' ဟု မမကြီးက အိမ်နောက်ဖေးဘက်သို့ ကူးသွားခြင်း မပြုသေးဘဲ ပြန်၍ ပြောလေသည်။

'ဒီလိုဆိုရင် မမကြီးနဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် ကျွန်တော် တိုင်ပင်ချင်တာရှိလို့ ခဏလောက် လာမထိုင်နိုင်ဘူးလား ဟင်'



Pdf - Yaybawal

အရေးကြီးသော ကိစ္စတစ်ခုအတွက် တိုင်ပင်ချင်၍ဟု ဆိုလိုက်သဖြင့် မမကြီး၏ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသည်။ အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြောချင်၍ဆိုလျှင် ဘာမျှ ရင်ထဲတွင် ဒိတ်ခနဲဖြစ်ရန် အကြောင်းမရှိချေ။ ထို့ကြောင့် စိတ်လေးလေးနှင့်ပင် ဧည့်ခန်းဘက်သို့ လျှောက်လာခဲ့ပြီးလျှင် ဦးအေးသွင်နှင့် စားပွဲဝိုင်းကလေးတစ်လုံး ခြား၍နေသော မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် မရဲတရဲနှင့် ထိုင်လိုက်သည်။ ယင်းသို့ မမကြီးသည် ၎င်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်၍ ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် လက်ထဲတွင် ဟန်လုပ်၍ ကိုင်ထားသော သတင်းစာကို စားပွဲပေါ်သို့ ပြန်ချထားပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလိုက်သည်။ မမကြီးအား မိမိ ပြောဆိုလိုသော စကားကို ရဲရဲတင်းတင်း ပြောဆိုနိုင်ရန်အတွက် စီးကရက်ကို ဖွာရင်း ဦးအေးသွင်သည် ၎င်း၏ကိုယ်ကို ရဲဆေးတင်နေပုံ ရသည်။

အိမ်ကြီးတစ်ခုလုံးသည် တိတ်ဆိတ် ငြိမ်သက်လျက်ရှိရာ ဘုရားခန်းဘက်မှ တိုင်ကပ်နာရီ၏ စက်သံကိုပင် ကောင်းစွာ ကြားနေရသည်။

မမကြီးသည် မိမိအား အရေးတကြီး တိုင်ပင် ပြောကြားရန် ရှိသည်ဆိုသော ဦးအေးသွင်၏ အကြောင်းကိစ္စကို မမှန်းဆတတ်အောင် ဖြစ်နေသည်။ ထို့ကြောင့် ဦးအေးသွင်က ဖွင့်ပြောမည့် စကားကိုသာ ငြိမ်သက်စွာ နားစွင့်ရင်း စောစောက ဦးအေးသွင် စားပွဲပေါ်သို့ ပစ်ချထားလိုက်သော သတင်းစာကို ငေးစိုက်ကြည့်နေသည်။

ဦးအေးသွင်သည် စီးကရက်ကို သုံးလေးဖွာမျှ အားပြု ရှိုက်ဖွာလိုက်ပြီးနောက် 'ကျွန်တော် အရေးတကြီး တိုင်ပင်စရာ ရှိတယ်ဆိုတဲ့ ကိစ္စကို မမကြီး တစ်ယောက်ကလွဲပြီး တခြား တိုင်ပင်ရမယ့်လူ မမြင်မိလို့ မမကြီးကို ဖွင့်ပြောရတာပဲ။ မမကြီးကို စိတ်ချယုံကြည်ပြီး ကျွန်တော်ရဲ့ကိစ္စကို ဖွင့်ပြောလိုက်တဲ့ အခါမှာသာ ကျွန်တော့်ကို အထင်မလွဲဖို့နဲ့ အထင်မသေးဖို့ အခုကတည်းက တောင်းပန်ထားချင်တယ်' ဟု ပဏာမ ခံလိုက်သည်။

'ကျွန်မ သဘောထားကို အထူးပြောနေဖို့ လိုသေးသလား ကိုအေးသွင်၊ ရှင် တိုင်ပင်ချင်တဲ့ကိစ္စကို တိုင်ပင်နိုင်ပါတယ်။ ကျွန်မကတော့ မိန်းမသား တစ်ယောက်အနေနဲ့ တတ်နိုင်သလောက် အကူအညီပေးဖို့နဲ့ ပါရမီဖြည့်ပေးဖို့ အသင့်ရှိပါတယ်'

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'မမကြီးကို ကျွန်တော် အများကြီး လေးစားပါတယ်၊ ခင်လည်း ခင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ကိစ္စက အိမ်ထောင်ရေးကိစ္စ ဖြစ်နေလို့ မမကြီးကို ခုလို တိုက်ရိုက်ဖွင့်ပြောဖို့ သင့် မသင့် ဆိုတာကိုလည်း တော်တော် ကလေး အချိန်ယူပြီး စဉ်းစားလာခဲ့ရသေးတယ်'

မိမိအား လူပျိုစကားများ ပြောဆိုလေပြီလားဟု ဆရာမ မမကြီး ရင်ထဲ တွင် လှုပ်ရှားသွား၏။ ရင်တုန်သလိုလို၊ ရင်ဖိုသလိုလိုနှင့် မဝေခွဲတတ်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရခြင်း ဖြစ်သည်။ ပြောဆိုနေသော ကိစ္စကလည်း အိမ်ထောင်ရေးကိစ္စဖြစ်ပြီး၊ ပြောဆိုခြင်း ခံရသူမှာလည်း မိမိကိုယ်တိုင် ဖြစ်နေ ခြင်းကြောင့် မမကြီးသည် အခြားတွေးစရာ မရှိချေ။ ထို့ကြောင့် ဦးခေါင်းကို ငုံ့ကာ ငြိမ်သက်စွာ နားထောင်နေမိသည်။

'ဒါပေမဲ့ မမကြီးကလွဲလို့ ကျွန်တော့်မှာ တခြား တိုင်ပင်ရမယ့်လူလည်း မရှိတော့ မမကြီးကိုပဲ တိုင်ပင်ရတော့မှာပဲ'

'ဟုတ်ကဲ့'

'ကိစ္စကတော့ ကျွန်တော့်ဘက်က လူကြီးစုံရာနဲ့ လာရောက် စကား ကမ်းလှမ်းနိုင်ဖို့အတွက် ဦးရဲ့ သဘောထားကို မမကြီးက တိုးတိုးတိတ်တိတ် တီးခေါက်စုံစမ်းပြီး ကျွန်တော့်ကို အမြန်ဆုံး အကြောင်းပြန်ကြားပေးဖို့ပါပဲ လေ'

'အစ်ကိုကြီးကို ကျွန်မက တီးခေါက် စုံစမ်းပေးရမယ်၊ ဟုတ်လား ကိုအေးသွင်'

'ဟုတ်တယ်လေ'

'စုံစမ်းပြီး အကြောင်းပြန်ကြားရမှာက ဘာကို စုံစမ်းလို့ ဘာကို အကြောင်း ပြန်ကြားရမှာလဲ ကိုအေးသွင်'

'ကျွန်တော့်ဘက်က လူကြီးစုံရာနဲ့ လူသိရှင်ကြား လာရောက် ပြောဆို ဖို့ ကိစ္စအတွက်လေ'

'အဲဒါကတော့ ဟုတ်ပါပြီလေ၊ ကိစ္စဆိုတာက ဘာကိုဆိုလိုတာလဲ' ဟု မမကြီးသည် သဲသဲကွဲကွဲ မရှိသောကြောင့်ပင် သေချာအောင် မေးမြန်း လိုက်ရလေ၏။

'ခင်နဲ့ ကိုအေးသွင်တို့ ကိစ္စအတွက်လေ' မရဲတရဲနှင့် ဝေ့လည်လည်



Pdf - Yaybawal

ပြောဆိုလျက် ရှိနေခဲ့ရာမှ မလွှဲသာ မရှောင်သာတော့၍ ဦးအေးသွင်က ဖွင့်ပြောလိုက်သောအခါ မမကြီးသည် မိမိ၏ နားကိုပင် မယုံကြည်နိုင်သေးသကဲ့သို့ အတန်ကြာမျှ ကြက်သေ သေကာ ငိုင်နေမိပြီးမှ 'အခင်နဲ့ ကိုအေးသွင်တို့ ကိစ္စအတွက် ဟုတ်လား၊ ကိုအေးသွင်' ဟု မပွင့်တပွင့် ပြန်၍မေးလိုက်မိသည်။

'ခင်က ဦးကို လူကြီးစုံရာနဲ့ လာပြောပါတော့ဆိုလို့ အဲဒီလို လူသိရှင်ကြား လာမပြောခင် ဦးရဲ့ သဘောထား အမှန်ကို ကြိုတင်ပြီး သိထားနိုင်အောင်လို့ မမကြီးကို ခုလို ဖွင့်ပြောပြီး အကူအညီ တောင်းရတာပါ'

ပီပီသသနှင့် ကွဲကွဲပြားပြား ကြားလိုက်ရပြီ ဖြစ်သော မမကြီးသည် မိမိ၏ နားကို သံသယ ဖြစ်နေရန် အကြောင်းမရှိတော့ချေ။ သို့ရာတွင် မိမိက မျှော်လင့်ထားခြင်းနှင့် တလွဲစီ ဖြစ်သွားသောစကားကို ရုတ်တရက် ကြားလိုက်ရသည့်အတွက် မိမိကိုယ်ကိုပင် မထိန်းနိုင်အောင် သတိလစ်ကာ မိုက်ခနဲ ဖြစ်၍ သွားလေသည်။

'မမကြီး၊ မမကြီး ဘာဖြစ်သွားသလဲဟင်' အလန့်တကြား အော်ဟစ်ပြောဆိုလိုက်သော ဦးအေးသွင်၏ အသံကို မသဲမကွဲ ကြားလိုက်ရတော့မှ မိမိကိုယ်ကို မနည်းကြီး အားတင်း၍ ဣန္ဒြေပြန်လုပ်ယူရလေသည်။ သို့ရာတွင် ဦးခေါင်းထဲ၌ မူးဝေကာ မျက်လုံးများလည်း ပြာနှမ်းလျက် ကမ္ဘာမြေတစ်ပြင်လုံး ဆီးနှင်းများ ပိတ်ဆီး ဖုံးလွှမ်းနေသကဲ့သို့သာ မြင်နေရသည်။ ဤကဲ့သို့ မမကြီး ရုတ်ခနဲ မူးဝေသွားသောကိစ္စကို ဘာမှန်းသိရှိလိုက်ပုံ မရသော ဦးအေးသွင်သည် ဘာလုပ်ရမှန်း မသိသဖြင့် သစ်ငုတ်တိုကြီးကဲ့သို့ ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။

မမကြီးသည် ၎င်း၏ ဦးခေါင်းနှင့် မျက်လုံးများ ကြည်လင်လာအောင် အတန်ကြာမျှ ငြိမ်သက်နေရသည်။ ယင်းသို့ အတန်ကြာမျှ ငြိမ်သက်နေလိုက်ပြီးမှ 'တစ်ခါတစ်ခါ ကျွန်မ ဒီလိုပဲ မူးတတ်လို့ပါ။ ဒီပြင်တော့ ဘာမှမဖြစ်ပါဘူး' ဟု ဣန္ဒြေဆည်၍ ပြောဆိုလိုက်သည်။

'မမကြီး အမူးမပြေတတ်သေးရင် အိပ်ရာထဲ သွားလှဲနေလိုက်ပါဦးလားဟင်၊ ကျွန်တော့်ကိစ္စကို နောက်တော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့'

'ကိစ္စမရှိပါဘူး ကိုအေးသွင်၊ ကျွန်မ ခုလေးတင် နေကောင်းသွားမှာပါ' ဟု ဦးအေးသွင်အား ပြောဆိုကာ အိမ်အဖော် အဒေါ်ကြီးထံမှ ယခင်

ဦးအေးသွင် ဝယ်ခြမ်းပေးလိုက်သော အိုဒီကလုံး ရေမွှေးကို တောင်းယူပြီးလျှင် ငုံ့နေသည်။

ဦးအေးသွင်သည် စီးကရက် အသစ်တစ်လိပ်ကို ထပ်၍ မီးညှိကာ ခပ်အေးအေးဖွာရင်း မိမိ၏ကိစ္စကို ဆက်လက်ပြောဆိုခြင်းပြုရန် သင့် မသင့် ငဲ့စားနေပုံ ရသည်။ မမကြီး၏ အခြေအနေကိုလည်း အကဲခတ်လျက် ရှိသည်။

တအောင့်မျှကြာလျှင် မမကြီးသည် အမူးပြေ၍ သွားသဖြင့် 'ကျွန်မ တူမကလေး အခင်ကို လက်ထပ်ဖို့ကိစ္စအတွက်နဲ့ ပတ်သက်ပြီး ကိုအေးသွင် တော်တော်ကလေး စဉ်းစားထားပြီးပြီ ထင်တယ်' ဟု မေးလိုက်သည်။

ဦးအေးသွင်သည် ထိုမေးခွန်းကို မျှော်လင့်ထားခြင်း မရှိသည့်အတွက် ရုတ်တရက် ပြန်၍ မဖြေနိုင်ချေ။ ၎င်းအပြင် မမကြီးက မေးမြန်းလိုက်တော့ မှပင် ထိုကိစ္စနှင့် ပတ်သက်၍ မိမိကိုယ်တိုင် လေးလေးနက်နက် စဉ်းစားထားပြီး ဖြစ်သည်၊ မဖြစ်သည်ကို ပြန်၍ စဉ်းစားမိသည်။ တကယ်ဆိုတော့ သူသည် ခင့်ကို လက်ထပ်ဖို့ တစ်ခုလောက်အတွက်သာ စဉ်းစားထားလျက်၊ လက်ထပ်ပြီးသည့် နောက်ပိုင်းတွင် အရှည်သဖြင့် ပေါင်းသင်း နေထိုင်သွားရမည့် ကိစ္စကြီးငယ်များကို လေးလေးနက်နက် ထည့်သွင်း စဉ်းစားခြင်း မရှိသေးချေ။

'အေးလေ ကိုအေးသွင်ဟာ အိမ်ထောင်လည်း ကျခဲ့ဖူးတဲ့ လူကြီး တစ်ယောက်ပဲ။ ဒီမေးခွန်းကို ကျွန်မ မေးနေဖို့ သိပ်မလိုပါဘူးနော်။ ဒါပေမဲ့ ကျွန်မ တူမကလေး အရူးအပေါ်နဲ့ ကိုအေးသွင်ရဲ့ အိမ်ထောင်ကြီးအတွက် စိုးရိမ်မိလို့ မေးလိုက်မိတာပါ' ဟု မမကြီးက ပြောဆိုလိုက်ပြန်သောအခါ လူမှုရေးရာနှင့် အိမ်ထောင်ရေးရာ ကိစ္စအဝဝတို့ကို ဘာတစ်ခုမျှ သိနားလည်ခြင်း ရှိပုံမရသေးသော ထိုမိန်းကလေးနှင့် မိမိ၏ အိမ်ထောင်ကြီး တစ်ခုလုံး ရေရှည် ခရီးသွားကြရမည့်အရေးကို ဦးအေးသွင်သည် စဉ်းစားမိပြန်သည်။ တကယ်ဆိုတော့ ငယ်ရွယ်သော ခင်နှင့် ၎င်း၏ သားသမီးများအရေးကို လည်းကောင်း၊ ၎င်း၏ မိခင်အရေးကို လည်းကောင်း ဦးအေးသွင်သည် ထည့်သွင်း စဉ်းစားခြင်း မရှိခဲ့ဘဲနှင့် လက်ထပ်ဖို့အရေး တစ်ခုတည်းလောက်ကိုသာ စိတ်ကူးယဉ်ခဲ့သူ ဖြစ်လေသည်။ ဘီသိက်ဖုံထက်သို့ တက်ကြသည်အထိသာ ယောကျ်ား



Pdf - Yaybawal

နှင့် မိန်းမတို့သည် မိုးတိမ်များအကြား၌ နေထိုင်နိုင်သော်လည်း ထို ဖုံထက်မှ ဆင်းရသည်နှင့် တစ်ပြိုင်နက် မြေကြီးပေါ်၌ ရုန်းကန် ပြေးလွှားကြရသည်ဆိုသော အနောက်တိုင်း စကားပုံတစ်ခုကိုလည်း ဦးအေးသွင်သည် မေ့လျော့နေသည်။

'ကိုအေးသွင်တို့ အချင်းချင်း သဘောတူ ကျေနပ်ပြီးကြတဲ့ ကိစ္စမို့ ကျွန်မအနေနဲ့တော့ ဘာမှပြောစရာ မလိုပါဘူး။ ပြီးတော့ ကိုအေးသွင်လို လူတစ်ယောက်ကိုလည်း ဘာမှ မကျေနပ်စရာ မရှိပါဘူး။ ကျွန်မ စိုးရိမ်မိတာ တစ်ခုကတော့ လူမှုကိစ္စကို ဘာတစ်ခုမှ မသိရှာသေးတဲ့ ကျွန်မ တူမကလေး အခင့်အတွက်ပါပဲ'

'ဒီအတွက်နဲ့တော့ မမကြီး ဘာမှ မစိုးရိမ်စေချင်ပါဘူး။ ကျွန်တော် သည်းညည်းခံနိုင်ပါတယ်။ နောက်တော့လည်း ခင်ဟာ သူ့ဘာသာ နားလည်လာပါလိမ့်မယ်'

'အခင့်အကြောင်းကို ကိုအေးသွင် ဘာမှ မသိသေးလို့ ကျွန်မ စိုးရိမ်မိတယ်လို့ ပြောတာပါ'

'ခင် ဘယ်လောက်ပဲဆိုးဆိုး ကျွန်တော် သည်းညည်းခံနိုင်ပါတယ်လေ'

'ဒီလို ကြားရတဲ့အတွက် ဝမ်းသာပါတယ် ကိုအေးသွင်။ ရှင့်စကားအတိုင်း တတ်နိုင်သမျှလည်း သည်းညည်းခံပါ။ သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာတဲ့အခါကျတော့လည်း ကျွန်မကို လာတိုင်ကြားစေချင်ပါတယ်'

'စိတ်သာချပါ မမကြီး၊ ကျွန်တော်ဟာ ဦးတို့၊ မမကြီးတို့အပေါ် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမယ့် လူတစ်ယောက်လည်း မဟုတ်ပါဘူး'

'ဒါတွေကတော့ ပြောနေရမယ့် စကားတွေလည်း မဟုတ်ပါဘူး ကိုအေးသွင်။ ကျွန်မတို့ကတော့ စိတ်ချ ယုံကြည်ပြီးသားပါ။ ကိုင်း ကိုအေးသွင် ကိစ္စက ဒါပဲမဟုတ်လား' ဟု ပြောဆိုရင်း ထိုင်နေရာမှ မမကြီးသည် ရုတ်တရက် ထလိုက်သဖြင့် ဦးအေးသွင်သည် မမကြီးအား ဘာစကားပြောရမှန်း မသိအောင် အစ ရှာမရ ဖြစ်သွား၏။

မမကြီးသည် ရေမွှေးပုလင်းကို ရှူလိုက်ပြီးနောက် 'ရှင့်ကို ပါရမီဖြည့်ပေးတဲ့အနေနဲ့ ရှင် အင်မတန် ဖြစ်ချင်နေတဲ့ကိစ္စကြီး ချောချောမောမောနဲ့



Pdf - Yaybawal

ပြေပြေပြစ်ပြစ် ဖြစ်သွားနိုင်အောင် ကျွန်မ တာဝန်ယူလိုက်ပါ့မယ် ကိုအေးသွင်။ ကိုင်း ရှင် နောက်ထပ် ဘာများပြောချင်သေးသလဲ' ဟု မမကြီးက ဦးအေးသွင်အား မျက်နှာလွှဲ၍ ပြောဆို မေးမြန်းလိုက်သည်။

မမကြီးက သူ့ကိစ္စကြီး တစ်ခုလုံးကို လုံးလုံးလျားလျား တာဝန်ယူလိုက်ပြီ ဖြစ်၍ ဦးအေးသွင်သည် နောက်ထပ် ပြောဆိုခြင်း ပြုရန်လည်း စကားမရှိတော့ချေ။ 'ကျေးဇူးတင်ပါတယ် မမကြီးရယ်၊ ကျွန်တော် ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး' ဟု ပြန်ပြောနိုင်လေသည်။

'ဒါဖြင့် ကိုအေးသွင် စိတ်အေးသွားရပြီ မဟုတ်လား'

'မမကြီး ကျေးဇူးကြောင့် အေးရပါပြီဗျာ'

'ကိုင်း ရှင်လည်း ပြန်လိုက်ဦး။ ကျွန်မလည်း ခေါင်းထဲက နည်းနည်းထိုးနေသေးလို့ ခဏလောက် သွားလှဲနေလိုက်မယ်လို့' ဟု မနည်းကြီး အားယူ၍ ပြောဆိုပြီးနောက် မမကြီးသည် အိမ်အတွင်းသို့ လှည့်ထွက်သွားမည်အပြု 'ဒါဖြင့် ကျွန်တော် ဘယ်တော့လောက် လူကြီးတွေကို လွှတ်လိုက်ရမလဲ မမကြီး' ဟု ဦးအေးသွင်သည် လူ့ဘာစ်ဖက်သား ဘာဖြစ်နေသည်ကို အလျှင်း မရိပ်မိ မသိရှိသကဲ့သို့ သူ့ကိစ္စအတွက်ကိုသာလျှင် အရေးတကြီး မေးနေပြန်သည်။

'ကျွန်မဘက်က ကိစ္စပြီးရင်ပြီးချင်း ရှင့်ကို အကြောင်းကြားလိုက်မပေါ့ ကိုအေးသွင်ရယ်၊ စိတ်ချလက်ချသာ နေပါ' ဟု ပြန်လည် ပြောဆိုကာ ဧည့်သည်ဖြစ်သူ ဦးအေးသွင်ကို ဧည့်ခန်းလယ်တွင် တစ်ယောက်တည်း ပစ်ထားခဲ့ပြီးနောက် မမကြီးသည် အိမ်အတွင်းဘက်သို့ ခပ်သုတ်သုတ်ကလေး ဝင်သွားသည်။

မိမိ၏ ကိစ္စကြီးတစ်ခုအတွက် စိတ်အေးသွားရပြီ ဖြစ်သဖြင့် ရန်ကုန်အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်သည် ထိုင်ရာမှ ထလိုက်သည်။ သူသည် များစွာ ပေါ့ပါးလျက်ရှိသည်။ သူသည် ခင်တို့သားအဖ ပြန်လာသည်တိုင်အောင် စောင့်ဆိုင်းနေရလျှင် ကောင်းမည်လားဟုလည်း စဉ်းစားသည်။ နောက်ဆုံး၌ သူသည် စောင့်ဆိုင်းခြင်း ပြုမနေတော့ဘဲ သူ့ဘာသာတစ်ယောက်တည်း အိမ်ကြီးပေါ်မှ ယောင်ချာ ယောင်ချာနှင့် ဆင်းလာခဲ့လေသည်။

ခင်တို့ အိမ်ဝင်းအတွင်းမှ မော်တော်ကားကို ကိုယ်တိုင် မောင်းနှင်၍



Pdf - Yaybawal

ထွက်လာသောအခါ ဦးအေးသွင်သည် ထိုနေ့အဖို့ မိမိလောက် ပျော်ရွှင်နိုင်မည့် သူသည် ရန်ကုန်မြို့၌ မရှိတော့ ဟူ၍ အောက်မေ့လျက် ရှိလေသည်။ သို့ရာတွင် ၎င်းကျောခိုင်း၍ ထားရစ်ခဲ့သော အိမ်ကြီးအတွင်း၌မူကား ထိုနေ့အဖို့ မိမိ လောက် ကံဆိုးသူ မရှိတော့ ဟူ၍ အောက်မေ့ကာ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေရှာသော မိန်းမသားတစ်ယောက် ရှိနေသည်ဆိုသော အကြောင်းကို ဦးအေးသွင်သည် အဘယ်သို့ သိနိုင်ပါမည်နည်း။

## အခန်း(၄)

### (၁)

အငြိမ်းစား စက်ရှင်တရားသူကြီး ဦးကျော်အောင်၏ တစ်ဦးတည်းသော သမီးကလေး "ခင်ခင်"နှင့် ရန်ကုန် အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်တို့၏ နှစ်ဦးနှစ်ဖက်သော လူကြီးမိဘစုံစွာ ရှေ့တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးကြောင်း မင်္ဂလာသတင်းကို အထူးစီစဉ်ထားသော ကြော်ငြာသတင်းတစ်ရပ်အနေနှင့် ရန်ကုန်မြို့မှ ထုတ်ဝေလျက် ရှိကြသော အင်္ဂလိပ်၊ မြန်မာ သတင်းစာကြီးများက ရုတ်တရက် ပုံနှိပ် ဖော်ပြလိုက်ကြသောအခါ၊ သက်ဆိုင်ခြင်း မရှိသော သူများအတွက် ထိုမင်္ဂလာသတင်းသည် ပါရိုးပါစဉ် သတင်းတစ်ရပ်မျှသာလျှင် ဖြစ်သော်လည်း၊ နှစ်ဦးနှစ်ဖက်နှင့် နီးစပ်ရာ သက်ဆိုင်ရာ အစိတ်အပိုင်းများတွင်ကား အတော်ကလေး ဂယက်ရိုက် လှုပ်ရှားသွားစေသော သတင်းထူး သတင်းဆန်းတစ်ခု ဖြစ်နေသည်။ ခပ်လှမ်းလှမ်းနှင့် ခပ်စိမ်းစိမ်းဖြစ်နေသော အစိတ်အပိုင်းကိုကား ထားဘိဦး၊ အတော်ကလေး နီးစပ်၍ အတွင်းကျသော အစိတ်အပိုင်းများ၌မှာပင် ထိုမင်္ဂလာသတင်းကို ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားကြသည်။ "မျက်စိကြီး နားကြီး" ဟူ၍ မိမိတို့ကိုယ်ကို သဘောထားနေကြသော အစုအဝေးများ၌မှာပင် အချင်းချင်း တိုးတိုးကျိတ်ကျိတ် လက်ကုတ်၍ 'ဘယ်လိုက ဘယ်လို ဖြစ်ကုန်ကြတာလဲဟင်'ဟူ၍ မေးယူကြရသည်အထိ ရှုပ်ထွေးလျက် ရှိကြလေသည်။ သတို့သားလောင်းဖြစ်သူ ရာဇဝတ်တရားသူကြီး ဦးအေးသွင်ဘက်မှ လူကြီးမိဘများ ပြုလုပ်၍

ရာပြည့်စာအုပ်တိုက်

ကြောင်းလမ်း ပြောဆိုခြင်းပြုကြသော ခရိုင်ရာဇဝတ် တရားသူကြီးနှင့် တရားလွှတ်တော် တရားဝန်ကြီးဟောင်း တစ်ဦးတို့၏ အိမ်သူအိမ်သားများက လွဲ၍ အခြား ဘယ်သူမျှ မသိရှိကြသေးချေ။ ထိုသို့ သိရှိခွင့်ရကြသော လူကြီးမိဘတို့၏ အိမ်သူအိမ်သားများသည်ပင် သတင်းစာများ၌ ပုံနှိပ်ဖော်ပြခြင်း မပြုမီ တနင်္ဂနွေ တစ်ပတ်ခန့်လောက်ကမှ သိရှိကြခြင်း ဖြစ်လေသည်။

ယင်းသို့ အင်္ဂလိပ်၊ မြန်မာ နေ့စဉ် သတင်းစာကြီးများတွင် တခမ်းတနား ပုံနှိပ် ဖော်ပြလိုက်သော မင်္ဂလာသတင်းသည် စိတ်ဝင်စားဖွယ်ကောင်းသော ပေါင်းသင်းဆက်ဆံရေး သတင်းတစ်ရပ် ဖြစ်နေခြင်းကြောင့် ရန်ကုန်မြို့၏ မျက်စိကြီးနားကြီး ရပ်ကွက်များနှင့် မင်းစိုးရာဇာများ အပိုင်းတွင် အရေးတယူ ပြောဆိုခြင်းပြုရသော ကိစ္စတစ်ခုလိုလည်း ဖြစ်လေသည်။ ပေါင်းသင်းဆက်ဆံရေး သတင်းဟူ၍ ယဉ်ယဉ်ကျေးကျေး နာမည်ပေးထားလျက်ရှိသော "လင်ယူသားနေ" သတင်းများကို ယောကျ်ားဝိုင်းများထက် မိန်းမဝိုင်းများက ပိုမို၍ စိတ်ဝင်စား ပြောဆိုလေ့ ရှိကြလေသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားများသည် အားလပ်ချိန်က နည်းပါးကြသည့်အပြင် သူတစ်ပါး၏ အတွင်းရေး ကိစ္စများကို များစွာ စိတ်ဝင်စားခြင်း မရှိတတ်ကြသောကြောင့် ဖြစ်သည်။ မိန်းမများမှာမူကား အချိန်ပို အချိန်လျှံ များစွာ ရရှိနေကြသည့်အပြင် သူတစ်ပါး၏ အတွင်းရေးကိုလည်း များစွာ စပ်စုချင်တတ်ကြသောကြောင့် ဖြစ်လေသည်။

'ကျော်တော့ လေ့သူကြီး၊ ညားတော့ လေ့ထိုးသား လို့သာ ကြားဖူးပါတယ်။ အခုတော့ ညားတော့ တူမ၊ ကျော်တော့ အဒေါ် ဖြစ်နေပါပကောလား' ဟု တစ်ယောက်က အံ့အံ့ဩဩ ပြောဆို၍ မဆုံးမီ၊ အခြားတစ်ယောက်က 'ဒါ မဆန်းပါဘူးလေ၊ ယောကျ်ားပဋ္ဌင်း မိန်းမပုခက်တွင်းဆိုတဲ့ စကားလည်း အရှိသားပဲ မဟုတ်လား' ဟု လုယက် ပြောဆိုလျက်ရှိရာ၊ ထိုသို့ လုယက်ပြောဆိုသူ၏ စကားမကုန်မီ ပြောချင်လွန်းအားကြီးနေဟန်တူသော နောက်တစ်ယောက်က 'ဦးအေးသွင်နဲ့ ခင်နဲ့က အသက်ချင်း ဒါလောက်လည်း ကွာလှတာမှ မဟုတ်ပဲ။ မသကာ ကွာလှရင် ဆယ့်သုံးလေးနှစ်လောက်သာ ဖြစ်တော့ မပေါ့' ဟု ဝင်ရောက် ပြောဆိုလိုက်သည်။

'အပျိုကလေးက မယားသေ မုဆိုးဖို ယူရတာတော့ နာလှပါတယ်။ အပျိုကြီးဆိုရင်တော့ ထားလိုက်ပါဦး' ဟု ခင်ခင့်ဘက်က နာကြည်းဟန်ရှိသော



Pdf - Yaybawal

ဘဲ်ယောက်က ထိုအတွဲကို မကျေနပ်ကြောင်း ကန့်ကွက် ပြောဆိုလျက်ရှိစဉ် 'အပျိုကလေးနဲ့ မုဆိုးဖို မယားသေတွေ ပြောမနေပါနဲ့လေ။ လင်သေ မုဆိုးမကြီးတွေကကော သားလောက်ဟာလေးတွေကို လင် လုပ်နေတာလည်း ရှိတာပဲ မဟုတ်လား' ဟု အခြားတစ်ယောက်က ထိုသို့ ကန့်ကွက် ပြောဆိုနေသူကို ထပ်မံ၍ ချေပ ပြောဆိုလိုက်ပြန်သည်။

'ဆရာမ မမကြီးတစ်ယောက် သနားပါတယ်။ သူ့ခမျာ ရိုးကရိုးနဲ့' ဟု မမကြီးအတွက် စိတ်မကောင်းဖြစ်၍ ပြောဆိုသူက ပြောဆိုလိုက်သောအခါ၊ 'သူ ညံ့လို့ ကျန်ရစ်ခဲ့တာပဲ ဖြစ်တော့မပေါ့။ ရိုးတယ်ဆိုတာ လင် ရဖို့အတွက် အရည်အချင်းမှ မဟုတ်ပဲ' ဟု အခြားတစ်ယောက်က သူ့ထင်မြင်ချက်ကို ခပ်ဘွင်းဘွင်း ထုတ်ဖော် ပြောဆိုလေသည်။

'ဒီလိုလည်း ဟုတ်မယ် မထင်သေးပါဘူး။ မမကြီးက သူ့တူမကလေးကို ညှာလိုက်ရလို့နဲ့ တူပါတယ်'

'ဒါတွေ ထားပါဦး၊ ခင်ခင်က နောက်လိုက် နောက်ပါတွေ တစ်ပြုံကြီးနဲ့ ဦးအေးသွင်ကို ယူရဘာကတော့ နာတယ် ထင်တာပဲ'

'ဒီလိုချည်း တစ်ဖက်သတ်သတ် ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲရှင်၊ ဦးအေးသွင်ဟာ အသောက်အစားနဲ့ အပျော်အပါးကင်းပြီး အင်မတန် တည်ကြည်တဲ့ လူတစ်ယောက် ဆိုတာကိုလည်း စဉ်းစားကြဦးမှပေါ့'

'ဒါတွေက အရေးမကြီးပါဘူးလေ၊ ကျွန်မကတော့ ခင်ခင်နဲ့ ဦးအေးသွင်တို့ အိမ်ထောင်ရေးဟာ ရေရှည်အတွက် အဆင်ပြေမှ ပြေကြပါ့မလားဆိုတာ တစ်ခုပဲ စိုးရိမ်မိတယ်။ ဘာပြုလို့လဲဆိုတော့ အသက်အရွယ်ချင်းက ကွာရုံတင် မကသေးဘူး၊ ခင်ခင်က ငယ်ငယ်ရွယ်ရွယ်နဲ့ ပျော်ဖို့ပါးဖို့ သုံးဖို့ စွဲဖို့လောက်သာ နားလည်ပြီး အိမ်ထောင်ကြီး တစ်ခုရဲ့ တာဝန်နဲ့ ကိစ္စတွေ ဘာတစ်ခုမှ နားမလည်သေးလို့ပဲ'

ယင်းသို့ ဘေးပတ်ဝန်းကျင်မှ မိမိတို့၏ စေတနာနှင့်သာ သဘာဝအလျောက် အမျိုးမျိုးသော ထင်မြင်ချက်များကို ရက်ရက်ရောရော ပေးကမ်းပြောဆိုလျက် ရှိကြစဉ်၊ သတို့သားနှင့် သတို့သမီးလောင်းတို့သည် ပုဆိုးတန်းတင် အကြင် လင်မယားဘဝသို့ မရောက်ရှိကြသေးမီကပင် လွတ်လွတ်လပ်လပ်နှင့် တပူးတွဲတွဲ သွားလာလျက် လေမမြင် မိုးမမြင် ဖြစ်နေကြသည်။ တနင်္ဂနွေ

နေ့ နံနက်ပိုင်းများတွင် အထူးအစီအစဉ်အဖြစ်ဖြင့် ပြသလေ့ရှိသော ရုပ်ရှင်ပြပွဲများသို့ ဦးအေးသွင်နှင့် ခင်တို့သည် စုံတွဲကြည့်ကြသည်။ တစ်ခါတစ်ရံ အိမ်သို့ ပြန်၍ပင် နံနက်စာကို စားသောက်ခြင်း မပြုကြတော့ဘဲ မြို့ထဲတွင် စားသောက်ကာ နေ့ခင်း ၁၂ နာရီခွဲပွဲကိုပါ ဆက်၍ ကြည့်ကြသည်။ ရုပ်ရှင်ကြည့်ရှုကြပြီးနောက် အိုးရီယင့်တွင် နေ့လယ်စာ စားသောက်ကာ အိမ်သို့ မပြန်သေးဘဲ ဘုရားသို့ ဆက်သွားကြသည်။ ပန်း၊ ရေနှင့် ဆီမီးများ ပူဇော်၍ ဆုတောင်းကြသည်။ ဘုရားပေါ်က ဆင်းလာကြပြီးမှ အိမ်သို့ ပြန်ကြလေသည်။

ဦးအေးသွင်၏ ရုံးအားရက် မဟုတ်သော အခြားနေ့များတွင်လည်း ရုံးဆင်းပြီးသော ညနေခင်းနှင့် ညဦးပိုင်းများတွင် စကော့ဈေး၊ မဂိုလမ်းနှင့် အခြား နာမည်ကြီးစတိုးနှင့် ကုန်တိုက်ကြီးများတွင် တစ်ယောက်မျက်နှာကို တစ်ယောက်က တပြုံးပြုံးနှင့် ကြည့်ကာ အားရပါးရ ဝယ်ခြမ်းနေကြသော ရာဇဝတ်တရားသူကြီး ဦးအေးသွင်နှင့် မင်းကတော်လောင်း ဒေါ်ခင်ခင်တို့ကို မကြာခဏ တွေ့ရသည်၊ မြင်ရသည်။ ၎င်း၏ဖခင် ပင်စင် မယူမီက အလိုလိုက်ခြင်း ခံရသော တစ်ဦးတည်းသော သမီးပီပီ မိမိ ဝယ်ခြမ်း သုံးစွဲလိုသမျှကို စိတ်ရှိလက်ရှိ ဝယ်ခြမ်း သုံးစွဲခွင့် ရရှိခဲ့သော ခင်သည် ဖခင်ဖြစ်သူ အငြိမ်းစားယူသွားပြီးနောက် များစွာ ခြိုးခြံ သုံးစွဲခဲ့ရလေသည်။ ထို့ကြောင့် အတော်ကလေးဆင်းရဲ ကျဉ်းကျပ်သွားသလို ဖြစ်ခဲ့ရသည်။ သို့ရာတွင် ထို ပျောက်ကွယ်သွားသော အခွင့်အရေးကို ယခုတစ်ဖန် ဖြန့်ခနဲ ပြန်လည် ရရှိသဖြင့် ပျော်မှုပါးမှုနှင့် ကြွားမှု စားမှုလောက်ကိုသာ နားလည်သော ခင်သည် ငယ်ရွယ်သူပီပီ အကျေနပ်ကြီး ကျေနပ်ကာ အပျော်ရွှင်ကြီး ပျော်ရွှင်လျက် ရှိလေသည်။ ထို့အတူ ခေတ်ဆန်ဆန် ချောမောလှပသော ကိုယ်ကြိုက် မယား ငယ်ငယ်နှောင်းနှောင်းကလေးကို ရအုံ့ဆဲဆဲဖြစ်သော မုဆိုးဖို တရားသူကြီးသည်လည်း ကမ်းမမြင်လမ်းမမြင်ဖြစ်ကာ အစွမ်းကုန် အလိုလိုက်လျက် ရှိလေသည်။ သို့နှင့် မင်္ဂလာဆောင်ရန် နေ့ရက်တို့ကို ရွေးချယ်၍ ဆောင်နှင်းရန် ကိစ္စအဝဝတို့ကို စီမံခန့်ခွဲခြင်း ပြုရ၏။

မုဆိုးဖိုနှင့် အပျိုစင်တို့၏ မင်္ဂလာဆောင်မျှသာ ဖြစ်သော်လည်း နှစ်ဦးနှစ်ဖက်စလုံးပင် မျက်နှာကြီးများ ဖြစ်ကြသောကြောင့် ခင်နှင့် ဦးအေးသွင်တို့၏ မင်္ဂလာအခမ်းအနားသည် တော်တော်ကလေး ထင်ရှားသော ပွဲသဘင်တစ်ခု ဖြစ်လေသည်။ တော်တော်လည်း စည်ကားသည်။

**ရာပြည့်စာအုပ်တိုက်**

Pdf - Yaybawal

မင်္ဂလာ အခမ်းအနားနှင့် အဆောင်အယောင်ကို ကျက်သရေရှိ မြို့တော်ခန်းမတွင် ဆင်ယင်ကျင်းပခြင်း ပြုကြသည်။ တရားလွှတ်တော် တရားဝန်ကြီးတစ်ဦးနှင့် ဇနီးတို့က သတို့သားနှင့် သတို့သမီးတို့ကို လက်ထပ်ပေးကြသည်။ မြို့တော်၏ အမိအဖကဲ့သို့ ဖြစ်သော သမာဓိမြို့ဝန်ကြီး တစ်ဦးက ဩဘာစကား ပြောကြား၍ မြန်မာပညာရှိကြီးတစ်ဦးက ရတုပိုဒ်စုံ ဖတ်ကြားသည်။ မင်္ဂလာအခမ်းအနားသို့ တက်ရောက် ချီးမြှင့်ကြသော ပရိသတ်မှာ မင်းပိုင်းစိုးပိုင်းက များသည်။ ကုန်သည်ပိုင်းက အသင့်အတင့်မျှသာ ဖြစ်သည်။ ဧည့်ခံသော အကျွေးအမွေးနှင့် အကမ်းအလှမ်း စသည်တို့မှာလည်း ပထမတန်းအမျိုးအစားထဲကချည်း ဖြစ်လေသည်။

သတို့သား ဦးအေးသွင်အဖို့ ဤဒုတိယ မင်္ဂလာဆောင်သည် ပထမမင်္ဂလာဆောင်ထက် အဆပေါင်းများစွာ ပျော်ရွှင် ချမ်းမြေ့စရာ ကောင်းလေသည်။

(၂)

မင်္ဂလာအခမ်းအနားကိစ္စ ပြီးစီးပြီးနောက် တရားသူကြီး ဦးအေးသွင်သည် လက်မလည်နိုင်အောင် အမှုအခင်းများကို စစ်ဆေးနေရသည့် အကြားမှပင် ဖြစ်သည့်နည်းနှင့် တနင်္ဂနွေ သုံးပတ်မျှ ခွင့်ယူကာ လက်ထပ်ပြီးခါစ မယားငယ်ငယ်ကလေးနှင့်အတူ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဘက်သို့ မင်္ဂလာခရီးထွက်လေသည်။ သူသည် ပထမ မယားဖြစ်သူနှင့် မင်္ဂလာဆောင်ခဲ့ရစဉ်က ယခုကဲ့သို့ မင်္ဂလာခရီး မထွက်ခဲ့ရချေ။ မိမိစိတ်ကြိုက် ရွေးချယ်ရသော မယား မဟုတ်၍ ယခုလောက်လည်း ပျော်ရွှင်ခြင်း မရှိခဲ့ချေ။ ယခုတော့မူ မိမိစိတ်ကြိုက် ရွေးချယ်ခွင့် ရရှိသည့်အပြင် ငယ်ငယ်ရွယ်ရွယ်နှင့် ခေတ်ဆန်ချောမော လှပသော မယားကလေးကိုပါ ရရှိလိုက်ပြီ ဖြစ်သဖြင့် လောကကြီးတစ်ခုလုံးနှင့် အဆင်ပြေလျက် ရှိလေသည်။

ရာသီဥတုက မျှတလျက် ရှုခင်း မြင်ခင်းများ သာယာလှပသော အင်းလေးနယ်ဘက်တွင် မိမိ နှစ်သက်မြတ်နိုးသော မယားကလေးနှင့် လှည့်လည်ခဲ့ရသည့် မင်္ဂလာခရီးရက်များအတွင်း ဦးအေးသွင်သည် ၎င်း၏ နောက်ပိုင်းကို လုံးလုံးလျားလျား မေ့လျော့သွားသည်။ စစ်ဆေးနေဆဲ အမှုအခင်းများ



Pdf - Yaybawal

နှင့် တရားရှင်တို့ကိုကား ထားဘိဦး။ ၎င်း၌ မိခင်တစ်ယောက်လုံးနှင့် သားကလေး၊ သမီးကလေးများ ရှိနေသေးသည်ဆိုသော အဖြစ်ကိုပါ သတိမရတော့ချေ။ အင်းလျားမြိုင်မှ အိမ်ကြီးကိုပင် မေ့လျော့သွားလေသည်။

သူ၏ ကမ္ဘာ၌ ခင် တစ်ယောက်သာ ရှိသည်။ ခင်သည်သာ သူ၏ ကမ္ဘာတစ်ခု ဖြစ်နေသည်။ အခြား ဘာမျှမရှိတော့ချေ။ အင်းလေးဗိုလ်တဲတွင် သူ့မယားကလေး ခင်က ပျင်းလှပါသည်၊ သီချင်းတစ်ပုဒ်လောက် ဆိုပြစမ်းပါဟု ပူဆာသောအခါ စစ်ကြိုခေတ်က ဆရာဖြစ်သင် ကောလိပ်မှ ဆရာမ ဒေါ်သန်းအေး သီဆို၍ ဓာတ်ပြားသွင်းထားခဲ့သော "လှေကလေးကို လှော်မည်" သီချင်းကို ဦးအေးသွင်သည် မဆိုတတ် ဆိုတတ်နှင့် ဆိုပြရသည်။ တကယ်ဆိုတော့ သူသည် ဘာသီချင်းကိုမျှ ဆိုတတ် ပြုတတ်သူ မဟုတ်ချေ။ ဝါသနာလည်း ရှိခဲ့သူ မဟုတ်ချေ။ သို့ရာတွင် သူ့မယားကလေး ပူဆာသောကြောင့် စိတ်ကျေနပ်အောင် ကြားဖူးနားဝ ရှိသော ထိုသီချင်းကို ပါးစပ်ထဲတွင် တွေ့သလောက် ဆိုပြခြင်း ဖြစ်လေသည်။ ထိုသို့ ဆိုပြရသည့်အတွက် သူသည် မရှက်ချေ။ မရှက်သည့်အပြင် သူ့ကိုယ်ကိုသူ အဟုတ်ကြီးပါကလားဟူ၍ပင် ထင်လိုက်သေးသည်။ သူ့သီချင်းဆုံး၍ ခင်က လက်ခုပ်တီးသောအခါ သူသည် အချီးအမွမ်းခံရသော ကလေးတစ်ယောက်ကဲ့သို့ ဝမ်းသာလိုက်သည်။

ထိုသို့ သီချင်းဆိုပြရသောနေ့က ညနေပိုင်းတွင် ခင်သည် ခေါင်းကိုက်သည်ဟု ဆိုကာ ညစာ မစားဘဲ အိပ်ရာထဲသို့ ဝင်လှဲနေသဖြင့် ဦးအေးသွင်သည် ခြေမကိုင်မိ လက်မကိုင်မိလောက်အောင် ပျာပျာသလဲ ဖြစ်သွားသည်။ ခင်က ဦးခေါင်းကို အနှိပ်ခိုင်းသဖြင့် သူသည် ဦးခေါင်းကို နှိပ်ပေးရုံမျှသာမက ဇက်ကြောကိုလည်း ဆွဲပေးသည့်အပြင် ခြေသလုံးသားပါမကျန် တစ်ကိုယ်လုံးကိုလည်း နှိပ်ပေးလေသည်။ သူသည် ငါးနှစ်ကျော်ကျော် ခြောက်နှစ်ခန့်မျှ ပေါင်းသင်းလာခဲ့သော နနကို သေသာသွားသည်အထိ ယခုကဲ့သို့ နှိပ်ပေးနင်းပေးဖို့ကား ဝေးလေစွ၊ နဖူးပြင်ကိုပင် လက်တင် စမ်းသပ်ဖော် မရခဲ့ပေ။ နနကသာ သူနေထိုင်မကောင်းသော အခါတိုင်း အအိပ်ပျက် အစားပျက်ခံကာ ပြုစုခဲ့ရသည်။ သို့ရာတွင် ယခုအခါ၌ လေမလည်ရုံမျှနှင့် ခေါင်းကိုက်သည်ဆိုသော နောက်မယားကလေးကိုကား သူသည် ပျာပျာသလဲ နှိပ်နယ်ပေးလျက် ရှိသည်။ မယားကြီးဝဋ် ပြန်လည်နေရသော သူ့အဖြစ်ကိုကား သူ



Pdf - Yaybawal

မခဦးစားမိရှာချေ။ ဝဋ်လည်နေရသော သူ့ဘဝကို သူသည် သာယာလျက်ရှိသည်။

ခွင့်ရက်ကုန်ဆုံး၍ ရန်ကုန်သို့ ပြန်လာကြရသောအခါ ခင်နှင့် လက်မထပ်မီက သူနေထိုင်ခဲ့သော အင်းလျားမြိုင်က အိမ်ကြီးသည်ပင် ဦးအေးသွင်အဖို့ ကျဉ်းကျပ်သလို ဖြစ်နေသည်။ စင်စစ် အင်းလျားမြိုင်မှ အိမ်သည် ကျုံ့၍သွားသည် မဟုတ်ဘဲ သူ့နဂိုအတိုင်းသာ ဖြစ်သည်။ ကျဉ်းကျပ်လောက်အောင် ကျုံ့သွားခြင်းမှာ ဦးအေးသွင်၏ စိတ်သာလျှင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးနယ်ဘက်သို့ မင်္ဂလာခရီး ထွက်နေခဲ့စဉ်က သူ၏ကမ္ဘာတွင် ခင် တစ်ယောက်တည်းမျှသာ ဖြစ်သော်လည်း အင်းလျားမြိုင်သို့ ပြန်လည် ရောက်ရှိလာကြသောအခါ သူ၏ ကမ္ဘာအတွင်းသို့ မြေးအဘွားသုံးဦးတို့သည် တိုးဝှေ့ ဝင်ရောက်လာကြသောကြောင့် ဖြစ်လေသည်။ ၎င်းအပြင် အလုပ်ဝတ္တရားကလည်း သူ့အား တရားခွင်သို့ ဆင့်ခေါ်နေပြီ ဖြစ်သောကြောင့် ဖြစ်လေသည်။

ယင်းသို့ ကျဉ်းကျပ်မှုသည် ဦးအေးသွင် တစ်ယောက်အတွက်သာလျှင် မဟုတ်ချေ၊ ခင့်အတွက်ပါ ဖြစ်လေသည်။ ခင်သည် အဖေနှင့် ဒေါ်လေးလုပ်သူတို့၏ များစွာ အရေးပေး အလိုလိုက်ခြင်းကို ခံခဲ့ရသော မိန်းကလေး တစ်ယောက် ဖြစ်၍၊ မိန်းကလေးတစ်ဦးနှင့် သက်ဆိုင်သော အိမ်ထောင် ထိန်းသိမ်းရေး အလုပ်မှန်သမျှ ဘာတစ်ခုမျှ လုပ်ခဲ့ ကိုင်ခဲ့ရသူ မဟုတ်ချေ။ လုပ်လည်း လုပ်တတ်သူ မဟုတ်ချေ။ ဘုရားပန်း လဲသော ကိစ္စကအစ ကြမ်းတိုက်ရသော အလုပ်အထိ မမကြီးကသာ စီမံခန့်ခွဲ၍ သွားသည်။ တူမကလေး တစ်ယောက်တည်း ရှိ၍ ဘာမျှ မခိုင်းရက် မပြုရက်ခဲ့ချေ။ ထို့ကြောင့် ခင်သည် အိမ်ဦးခန်းမှ နောက်ဖေး မီးဖိုချောင်အထိ ပြုလုပ်၍ မပြီးစီးနိုင်၊ မကုန်ဆုံးနိုင်သော အိမ်၏ ဝေယျာဝစ္စ ကိစ္စများကို ဘာတစ်ခုမျှလည်း နားလည်ခြင်းနှင့် လုပ်တတ်ကိုင်တတ်ခြင်း မရှိချေ။ သို့ရာတွင် အင်းလေးဘက်သို့ မင်္ဂလာခရီးထွက်ရာမှ အင်းလျားမြိုင်သို့ ပြန်၍ ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်နက် အိမ်ထောင့်ရှင်မ တစ်ဦးအဖြစ်နှင့် ခင်သည် ၎င်းဘာမျှ နားမလည်၍ ဘာမျှလည်း မလုပ်တတ် မကိုင်တတ်သော အိမ်ထောင်ကြီးတစ်ခုကို မျက်နှာချင်းဆိုင်ရလေသည်။ ယင်းသို့ အိမ်ထောင်ကြီး တစ်ခုကို မည်သို့မည်ပုံ ဦးစီး အုပ်ချုပ်ရမှန်းလည်း



Pdf - Yaybawal

နားမလည်။ အုပ်ချုပ်ခြင်း အမှုကိုလည်း စိတ်ဝင်စားခြင်း မရှိသော မယား ငယ်ငယ်ကလေးကို ချစ်စနိုးလှသော မုဆိုးဖို လူထွက်ကြီးက ရန်ကုန်သို့ ပြန် ရောက်လျှင် ရောက်ချင်း အိမ်ရှိ သော့မှန်သမျှကို ထိုး၍ အပ်လေသည်။ ထိုသို့ မီးခံသေတ္တာသော့က အစပြု၍ အဝတ်အစား သေတ္တာသော့များပါ အားလုံး ထိုးအပ်ခြင်းကို ခံလိုက်ရသော ခင်သည် မိမိကိုယ်တိုင်ကလည်း နားမလည် ၍ စိတ်ဝင်စားခြင်းလည်း မရှိသော အိမ်ထောင်ကြီး၏ တာဝန်များကို မလွဲ သာ မရှောင်သာ ရင်ဆိုင်ရလေသည်။

ခင်သည် အိမ်ထောင့်ရှင်မ တစ်ဦးအနေနှင့် မလွဲသာ မရှောင်သာ ရင်ဆိုင်ခြင်း ပြုလာရသော ပြဿနာကြီးအတွက် များစွာ စိတ်ကျဉ်းကျပ်လျက် ရှိလေသည်။ တကယ်ဆိုတော့ ထိုအိမ်ထောင်ကြီးနှင့် မုဆိုးဖိုကြီးကို ချစ်မိ ကြိုက်မိစဉ်က ဤကိစ္စများကို လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုခဲ့မိချေ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ကာလများက ခင်သည် မိုးတိမ်များအကြား တွင် ငွေလှေ လခြမ်းကို စီးနင်းလိုက်ပါနေသောကြောင့် ဖြစ်သည်။ ယခုတော့မူ မိုးတိမ်များသည် မိုးရေများအဖြစ် မြေကြီးပေါ်သို့ ရွာချလိုက်ပြီ ဖြစ်ရကား ငွေလှေ လခြမ်းသည်လည်း ကျိုးပဲ့ ပျက်စီးကာ မီးဖိုချောင်၌ ငံပြာရည်နှင့် ငရုတ်သီးများ ကုန်နေသည်ကအစ ကလေးများ ကျောင်းကားမီအောင် ကျွေးမွေး ထားနှင့်ဖို့ ကိစ္စများအထိ ခင်သည် ရုတ်တရက် မျက်မှောက်ပြုနေရလေပြီ။

ဤသို့ ၎င်း၏ တူမကလေး ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်ကာ အခက်အခဲ နှင့် တွေ့ကြုံနေရမည်ဖြစ်သော ကိစ္စကို ကြိုတင်၍ သိမြင်ထားပြီးဖြစ်သော ဒေါ်လေး ဖြစ်သူသည် ခင်တို့ လင်မယား ရန်ကုန်သို့ ပြန်ရောက်၍ ဦးအေးသွင် ရုံးပြန်တက်ရသော နောက်တစ်နေ့တွင်ပင် အင်းလျားမြိုင်အိမ်သို့ ပေါက်၍လာ လေသည်။ ကျောင်းအားရက်လည်း မဟုတ်ဘဲနှင့် မိမိတို့ အိမ်သို့ ရုတ်တရက် ပေါက်လာသော ဆရာမ မမကြီး၏ စေတနာကို နားမလည်ရှာသော ခင်က 'ဟင် ဒီနေ့ ကျောင်းပိတ်လို့လား ဒေါ်လေး' ဟု အံ့အံ့သြသြ လှမ်း၍ မေးလိုက် မိသည်။ မမကြီးသည် တူမလုပ်သူ၏ မေးခွန်းကို ရုတ်တရက် ဖြေကြားခြင်း မပြုသေးဘဲ ဦးအေးသွင်၏ မိခင်နှင့် ဦးအောင်၊ ဒေါ်ရင်တို့ လင်မယားများကို လိုက်လံ နှုတ်ဆက်လျက် ရှိသည်။ ထိုသို့ နှုတ်ဆက်ပြီးမှ ကျောင်းပိတ်ရက် မဟုတ်သော်လည်း တူမ လုပ်သူကို တွေ့လို၍ တမင်တကာ ကျောင်းမှ



Pdf - Yaybawal

ခွင့်ယူကာ လာရသည့်အကြောင်းကို အခြားသူများ မကြားအောင် တိုးတိုး သက်ကုတ်၍ ပြောဆိုခြင်း ပြုရသည်။

ထိုနေ့ တစ်နေ့လုံး မမကြီးသည် အင်းလျားမြိုင်အိမ်တွင် စီမံခန့်ခွဲ ရာ ရှိသမျှတို့ကို စီမံခန့်ခွဲ၍၊ လုပ်ကိုင်စရာ ရှိသမျှတို့ကို လုပ်ကိုင်ပေးပြီး နောက် ဦးအေးသွင် ရုံးမှ အိမ်သို့ ပြန်မလာတတ်မီကလေးတွင် ဘတ်(စ်)ကား စီး၍ ပြန်သွားလေသည်။ ဦးအေးသွင်၏ မိခင်နှင့် ဦးအောင်တို့ လင်မယားက ကလေးများနှင့် ဦးအေးသွင် ပြန်ရောက်သည်အထိ နေပါဦးဟု အမျိုးမျိုး ဆွဲ ကြသည်တိုင်အောင် မမကြီးသည် အိမ်တွင် ညစာအတွက် ဘာမျှ မစီမံခဲ့ရ သေးဟု အကြောင်းပြ၍ ဖွတ်ပြန်ခြင်း ဖြစ်သည်။ အခြားအိမ်သားများက အမျိုးမျိုး ဝိုင်း၍ တားကြသည်တိုင်အောင် သူ့အတွက် တမင်သက်သက် ကျောင်းမှပင် ခွင့်ယူကာ သူ ဘာမျှ နားမလည်သေးသော အိမ်မှုကိစ္စများကို လာရောက် ပြသ လုပ်ကိုင်ပေးသွားခဲ့သော ဒေါ်လေးဖြစ်သူကို ခင်သည် "ဒေါ်လေးကလည်း ခဏလောက် နေပါဦး" ဟူ၍ တစ်ခွန်းတလေမျှ လောကဝတ် စကားပင် ပြောဆိုဖော် မရချေ။ မိမိ၏မိခင် သေဆုံးသွားပြီးနောက် မိမိတို့ သားအဖ ကို လာရောက် စောင့်ရှောက်လျက် အိမ်ထောင်ကြီး တစ်ခုလုံးကိုလည်း ဦးစီး လုပ်ကိုင်ပေးခဲ့သော ဒေါ်လေး ဖြစ်သူက မိမိ လင်သား၊ မိမိ အိုးအိမ်နှင့် ဖြစ် နေသော အချိန်တွင် လာရောက် ဩဝါဒပေးနေခြင်းကို မိန်းမတို့ဘာဝ ခင်သည် အခံရကျပ်သလို ဖြစ်နေသည်။ "ငါ့လင်နဲ့ ငါ နေတာတောင် ဒီမိန်းမကြီးက သူ့ဘာသာသူ အေးအေးဆေးဆေး မနေနိုင်သေးဘဲ ဘာပြုလို့ အားအားယား ယား လိုက်လာပြီး ဩဝါဒပေးချင်ရသေးတာလဲ" ဟု ဝမ်းထဲ၌ ပြောဆိုမိသည်။ တကယ်ဆိုတော့ မမကြီး လာရောက် စီမံခန့်ခွဲ၍ လုပ်ကိုင်ပေးစရာ ရှိသမျှကို လုပ်ကိုင်ပေးသွားသည့်အတွက်ကြောင့် အိမ်တွင်းရေး အခက်အခဲ အကြောင်း အမျိုးမျိုး ပြေလည်သွားသောကိစ္စကို ခင်သည် အနည်းငယ်မျှ အသိအမှတ် မပြုချေ။ ၎င်းအဖို့လည်း အတွေ့အကြုံ ရရှိလိုက်သည်ကို ထည့်သွင်း စဉ်းစား ခြင်း မရှိချေ။ ထို့ကြောင့် ဘတ်(စ်)ကားစီး၍ ပြန်သွားရရှာသော မမကြီးကို ၎င်းတို့နှင့်အတူ တားဆီးဖော်မှပင် မရလိုက်သော ခင့်အား ဝမ်းထဲမှ အံ့ဩ နေကြသော အခြားအိမ်သားများ၏ မျက်နှာရိပ် မျက်နှာကဲကိုလည်း ခင်သည် နားမလည်လိုက်တော့ချေ။

ခင်နှင့် ဦးအေးသွင်တို့ မင်္ဂလာဆောင်ပြီးနောက် သုံးလသာသာ လေးလ



Pdf - Yaybawal

ခန့်မျှအတွင်း တစ်လလျှင် နှစ်ကြိမ်ခန့်မျှ မမကြီးသည် အင်းလျားမြိုင် အိမ်သို့ မှန်မှန်ကြီး လာရောက်လေ့ ရှိသည်။ သို့ရာတွင် ဦးအေးသွင်နှင့် အတတ်နိုင်ဆုံး ရှောင်ကွင်းလိုဟန် တူ၍ ရုံးအားရက်နှင့် ကျောင်းအားရက်များတွင် ဘယ်တော့မှ လာရောက်ခြင်း မရှိချေ။ ကျောင်းမှ ခွင့်ယူ၍ တမင်သက်သက် လာရောက်ခြင်း ပြု၏။

မမကြီး အင်းလျားမြိုင်သို့ လာရောက်၍ အိမ်မှုကိစ္စများကို စီမံခန့်ခွဲပေးသည့်အတွက် အိမ်သားများအားလုံးက ကျေးဇူးတင် ဝမ်းသာကြသလောက် ခင် တစ်ယောက်ကတော့ ထိုသို့ မဟုတ်ချေ။ ၎င်း၏ အကျိုးအတွက် သက်သက်မဲ့ အလုပ်ပျက် အကိုင်ပျက်ခံကာ လာရောက် သင်ကြား လုပ်ကိုင်ပေးနေသော အဒေါ်ဖြစ်သူကိုပင် ငယ်ရွယ်သော ခင်သည် တုဏှိဘာဝေ ကြည့်နေသည်။ မိမိ မသိသေးသော၊ နားမလည်သေးသော အိမ်ထောင့်ကိစ္စများကို စိတ်ရှည်လက်ရှည် သင်ပြ လုပ်ကိုင်ပေးနေသည်ကို လေ့လာ သင်ကြားခြင်းပြုဖို့ကား ဝေးစွ၊ သုန်သုန်မှုန်မှုန်ပင် လုပ်နေလိုက်သေးတော့သည်။ ရိုးသား ဖြူစင်သော စေတနာဖြင့် ကိုယ့်တူမကလေး မတတ်တာကို တတ်အောင်၊ နားမလည်တာကို နားလည်အောင် ပြသပေးနေသော မမကြီး တစ်ယောက်ကတော့ တူမ၏ အတွင်းသဘောများကို မရိပ်မိ မသိရှာချေ။ မိမိ ပြသ လုပ်ကိုင်ပေးနေသော ကိစ္စများကို ခင်က အနည်းငယ်မျှ အရေးမထားသော သဘောဖြင့် အိပ်ရာထက်တွင် လှဲနေလျှင် ခင်တို့ လင်မယား အိပ်စက်သော အခန်းအတွင်းသို့ အပျိုကြီးတန်မဲ့ ဝင်လိုက်သွားပြီး 'ဟဲ့… အခင် ဒေါ်လေး လုပ်တာကိုင်တာကို လိုက်ကြည့်စမ်းပါဦးကွယ်' ဟု အတင်းအကြပ် ပြောဆိုလေ့ရှိသည်။

'ခင် ခေါင်းထဲက မူးနေလို့ လှဲနေတာပါ ဒေါ်လေး၊ ဒေါ်လေး လုပ်စရာရှိတာသာ လုပ်ထားပစ်ခဲ့ပါလေ' ဟု ခင်က ပြန်ပြောတတ်သည်။

ဤသို့ မိမိက တကူးတကန့်နှင့် အလုပ်ပျက် အကိုင်ပျက်ခံကာ လာရောက်ပြသ လုပ်ကိုင်ပေးနေခြင်းကို တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်အထိ ခေါ်ပြသည့်တိုင်အောင် ခေါင်းမူးမြဲ မူးနေသောအခါ မမကြီးသည် စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။

'ဒေါ်လေး ဒီကို လာပြပေးနေတိုင်း ညည်း ဒီလိုချည်း ခေါင်းမူးမူးနေရင် ဒေါ်လေးအနေနဲ့ တစ်သက်လုံး လာပြပေးနိုင်မှာ မဟုတ်ဘူး ဆိုတာ



Pdf - Yaybawal

ကိုလည်း ညည်း စဉ်းစားတတ်ဖို့ ကောင်းပြီ အခင်’ ဟု မမကြီးက ပြောဆိုလိုက်၏။

‘ခင့်ဘာသာခင် ဖြစ်လာမှာပေါ့ ဒေါ်လေး၊ ဘာပြုလို့ ဒေါ်လေးက ခင့်အတွက် ဒုက္ခခံနေချင်ရတာလဲ ဟင်’

‘ညည်းက ဘာမှမလုပ်တတ် မကိုင်တတ်နဲ့မို့ အခင်’

‘ခင် လင်ရပြီးတဲ့အထိ ဒေါ်လေး လိုက်ပူနေတာကိုတော့ ခင် မစဉ်းစားတတ်တော့ဘူး’ ဟု ခင်က ခပ်ပြောင်ပြောင်ကလေး ပြောဆိုလိုက်သောအခါ မမကြီးသည် မိမိ၏ နားကိုပင် သံသယ ဖြစ်သွားလေသည်။ ထို့ကြောင့် ရတ်တရက် ဘာမျှပြန်မပြောသေးဘဲ အိပ်ရာထက်တွင် မှောက်၍နေသော ခင့်ကို ငေးစိုက်၍ ကြည့်နေမိသည်။ အတန်ကြာမှ ‘ညည်း ဘာပြောလိုက်တာလဲ ဟင် အခင်’ ဟု ပြန်၍ မေးမြန်းနိုင်လေသည်။

ခင်သည် မှောက်၍ အိပ်နေရာမှ အလူးအလဲ ထလိုက်ပြီးနောက် ‘ခင် လင်ရပြီးတဲ့အထိ ဒေါ်လေး လိုက်ပူနေတာကို ခင် မစဉ်းစားတတ်ဘူး လို့ ပြောတာ’ဟု ပြောဆိုကာ ခုတင်ပေါ်မှ ဆင်း၍ အခန်းအပြင်ဘက်သို့ ခပ်ဆောင့်ဆောင့်ကလေး လုပ်၍ ထွက်သွားလေသည်။

မိတဆိုး တူမကလေး တစ်ယောက် ဖြစ်၍ မိမိကိုယ်တိုင်ကလည်း များစွာ အရေးပေး အလိုလိုက်ခဲ့သည်။ ဦးအေးသွင် လက်တွင်းသို့ ထည့်မပေးလိုက်ရမီက မိမိအပေါ်၌ နွဲ့ဆိုးဆိုးကာ ဆောင့်ကြီး အောင့်ကြီး လုပ်ခဲ့သည်များလည်း ရှိသည်။ သို့ရာတွင် မမကြီးသည် တူမ အရှုးအပေါကလေးကို အဘယ်မျှ ဆိုးဆိုး၊ အဘယ်မျှ ဆောင့်ဆောင့် အပြစ်မယူခဲ့ချေ။ ယခုအခါတွင် သူ့လင်၊ သူ့သား၊ သူ့အိုး၊ သူ့အိမ်နှင့် ဖြစ်နေပြီဖြစ်သော တူမကလေးက ဆောင့်ဆောင့်အောင့်အောင့် လုပ်လာသောအခါ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားလေသည်။ ဝိုင်းလာသော မျက်ရည်များ ထွက်၍ ကျမလာအောင် အတော်ကြီး အားစိုက်ထားရသည်အထိ ဖြစ်သည်။ မိမိ၏ စေတနာကို ဝေဒနာဖြစ်အောင် မိုက်မိုက်မဲမဲ ပြုလုပ်လိုက်သော ခင့်ကိုလည်း ဒေါသဖြစ်မိသည်။

ဤသို့ စေတနာထားရှိသော ဒေါ်လေး ဖြစ်သူနှင့် မသိ မိုက်မဲသော တူမတို့ စကားကတောက်ကဆ များပြီးနောက် ဆရာမ မမကြီးသည် အင်းလျားမြိုင် အိမ်သို့ နှစ်လနီးပါးခန့်မျှ သွားရောက်ခြင်း မပြုတော့ဘဲ ဖြတ်ထားလိုက်



Pdf - Yaybawal

သည်။ သိမှု မရှိသေးသော တူမ ဖြစ်သူ အသိတရား ဝင်လာအောင် စိတ်ကို တင်း၍ ဖြတ်ထားရသော်လည်း မမကြီးသည် အင်းလျားမြိုင် အိမ်မှ သတင်းကို ရင်တမမနှင့် အမြဲတစေ နားစွင့်လျက်သာ ရှိလေသည်။

အင်းလျားမြိုင်သို့ မမကြီး လာရောက်ခြင်း မပြုသည့်အတွက် ဝမ်းသာလွတ်လပ်သူမှာ မင်းကတော်လေး ခင်ပင် ဖြစ်လေသည်။ ခင်သည် မိန်းမပီပီ မိမိဘာသာ ဘာတစ်ခုမျှ မအုပ်ချုပ် မလုပ်တတ်သေးသော်လည်း မိမိ၏ပိုင်နက် ဖြစ်သော မိမိအိမ်တွင် မိမိကသာ ဘုရင်မ လုပ်ချင်သည်။ အိမ်သားများအားလုံး အပေါ်၌လည်း မိမိ တစ်ဦးတည်းကသာ ဩဇာညောင်းချင်သည်။ သို့ရာတွင် မိမိက ဘာမျှ နားမလည်ဘဲ၊ မလုပ်တတ် မကိုင်တတ်ဘဲနှင့် မိမိ၏ ပိုင်နက်ကို အဘယ်သို့ ဦးစီး ကြိုးကိုင်နိုင်ပါမည်နည်း။ အင်မတန် အရေးကြီးလှသော ထိုအချက်ကြီး တစ်ချက်ကိုကား ခင်သည် မထီမဲ့မြင် ပြုလျက်ရှိလေသည်။ ထို့ကြောင့်လည်း မမကြီးကိုယ်တိုင် လာရောက် စီမံခန့်ခွဲခြင်းပြုခဲ့သော သုံးလေးလလောက်က အိမ်၏ အထွေထွေ ကုန်ကျစရိတ်သည် တစ်လလျှင် လေးရာထက် အထက်သို့ မတက်ခဲ့သော်လည်း မမကြီး မလာရောက်တော့သည့် ကာလအပိုင်းအတွင်း တစ်လ တစ်လလျှင် အောက်တန်း ငါးရာထက်မနည်း ကုန်ကျလျက် ရှိလေသည်။ ခါတိုင်း လများထက် တစ်ရာသာသာခန့်သာ ပိုမို ကုန်ကျခဲ့သော်လည်း မမကြီး စီမံခန့်ခွဲစဉ်က တစ်လလျှင် လေးရာခန့်မျှ ကုန်ကျသလောက် အရာလည်း မရောက်ချေ။ သို့ရာတွင် မိမိလှေ မိမိသာလျှင် လှော်သူကြီး လုပ်ချင်လှသော ခင်သည် တစ်လ တစ်လလျှင် မကုန်ခန်းသင့်ဘဲ လေ၍နေသော ငွေတစ်ရာကို ပမာဏ မထားချေ။

မမကြီး လာရောက်ခြင်း မပြုသည့်အတွက် ဝမ်းနည်းသူများနှင့် ထိခိုက်နစ်နာသူများမှာ ခင်ကလွဲလျှင် ကျန်အိမ်သားအားလုံး ဖြစ်လေသည်။ တူဝရီးစကား ကတောက်ကဆများသော အတွင်းရေးကို ဘာမျှ မသိလိုက်ကြသော ခင်၏ ယောက္ခမကြီးနှင့်တကွ ဦးအောင်တို့ လင်မယားကပါ 'မမကြီး တစ်ယောက် ပေါ်မလာတာ ကြာပြီ။ ဘာများဖြစ်လို့ပါလိမ့်။ နေထိုင်လို့ပဲ မကောင်းလို့များလား၊ ဒါမှမဟုတ် အလုပ်ပဲ များနေလို့လား' ဟု တသသ ပြောဆိုညည်းတွားကြလေသည်။ တစ်ခါတစ်ရံ ကလေးများ ဖြစ်ကြသော ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမကပင် လွမ်းဆွတ် သတိရမိကြဟန်ဖြင့် 'ကံဘဲ့က ကြီးကြီးလည်း မလာတော့ဘူး' ဟု ၎င်းတို့၏ ဘွားအေအား မေးမြန်း



Pdf - Yaybawal

သေ့ ရှိကြသည်။ ထို အသံဗလံများကို ကြားနေရသော ခင်သည် လုံး၀ ဂရုစိုက်ရာ မဟုတ်သကဲ့သို့ သဘောထားကာ ၎င်းကိုယ်၌ ဘာမျှမသိသေးသော တိုင်းပြည်ကြီးတွင် မင်းလုပ် အုပ်ချုပ်၍နေသည်။

ယင်းသို့ မကုန်သင့် မခန်းသင့်ဘဲနှင့် ကုန်ခန်းကာ မလေသင့်ဘဲ လေလျက် တစ်လထက် တစ်လ ပို၍သာ အကုန်အကျ များပြားလျက်သာ ရှိသော်လည်း မယားငယ် ချောချောကလေးကို ရရှိထားသော လင် လုပ်သူက ဘာတစ်ခွန်းမျှ ပြောဆို မေးမြန်းခြင်းကား မရှိချေ။ သူ့မယားကလေး ဘာပဲ လုပ်လုပ် လုပ်သမျှ အကောင်းချည်းသာ ထင်ကာ၊ သူ့မယား သုံးသမျှ စွဲသမျှကိုလည်း အဟုတ်ချည်း အောက်မေ့လျက် အကျေနပ်ကြီး ကျေနပ်နေသည်။ တကယ်ဆိုတော့ သူ့မယားကလေးသည် အိမ်ထောင် ထိန်းသိမ်းမှုကိစ္စနှင့် ပတ်သက်၍ ဘာမျှ နားမလည်သေးသည်ကို သူသည် မသိချေ။ ထို့အတူ ပိုက်ဆံကိုလည်း အဘယ်သို့ ကိုင်တွယ် သုံးစွဲရမှန်း နားမလည်သေးသည်ကိုပင် သူ မသိချေ။

ဘဏ်တွင် ငွေရှင် အနည်းငယ် အပ်ထားသည်မှလွဲ၍ ရသမျှ လခကို မယားလက်ထဲသို့ အကုန်လုံး ထိုးအပ်၍ ထို လခကို မယားလုပ်သူက ဘာတွေ ဝယ်ခြမ်း၍ ဘယ်လိုက ဘယ်လို သုံးစွဲသည်ဆိုသည်ကိုလည်း လင် လုပ်သူက တစ်ခွန်းတစ်ပါဒမျှ မမေးချေ။ တစ်လ တစ်လ ဆန်းလျှင် သူ၏ မယားကလေးက ၎င်းဝတ်ဖို့အတွက် နောက်ဆုံးပေါ် ကောင်းပေ့ ညွှန့်ပေ ဆိုသော ပိုး၊ ဖဲ၊ နိုင်လွန်နှင့် ဘရိုကိတ်များကို နှစ်ရာ သုံးရာဖိုးခန့် တစ်ပွေ့တစ်ပိုက်ကြီး ဝယ်ခြမ်းလာသည် ဆိုလျှင်လည်း သူသည် ကျေကျေနပ်နပ်နှင့် ပြုံးပြုံးရွှင်ရွှင် ကြည့်နေတတ်လေသည်။ တစ်ခါတစ်ရံတွင် လခနှင့်ပင် တစ်လနှင့်တစ်လ အလျဉ်မမီ၍ ဘဏ်မှ နှစ်ရာစ၊ သုံးရာစ ထုတ်ပေးနေရသည့်တိုင်အောင်လည်း သူသည် အမှုမထားချေ။ ခေတ်ဆန်ဆန် ချောမော လှပသော မယားငယ်ငယ်ကလေးကို သိမ်းပိုက်ရရှိထားသူ တစ်ဦးပီပီ မယား လုပ်သမျှကို အကျေနပ်ကြီး ကျေနပ်၍သာ နေလေသည်။

## (၃)

မှဆိုးဖို ဘဝနှင့် ရန်ကုန် အနောက်ပိုင်း ရာဇဝတ် တရားသူကြီး ဦးအေးသွင်သည် တစ်နှစ်သာသာခန့်မျှ အကူးအသန်း အဆက်အဆံ မရှိဘဲ ခပ်ရိုးရိုး

ခပ်ကုပ်ကုပ် နေထိုင်လာခဲ့သည့်အတွင်း အင်းလျားမြိုင်သို့ အပေါင်းအသင်း အထွက်အဝင် နည်းပါးခဲ့သော်လည်း စက်ရှင်မင်းကြီးတစ်ဦး၏ သမီးဖြစ်သူ မင်းကတော် ဒေါ်ခင်ခင် တစ်ယောက် ရောက်ရှိလာခဲ့ပြီးသည့်နောက် လေး၊ ငါး၊ ခြောက်လခန့်မျှအတွင်း အပေါင်းအသင်း အထွက်အဝင်သည် တစ်စထက် တစ်စ စည်ကား များပြား၍ လာလေသည်။ ပေါင်းသင်း ဝင်ထွက်ကြသူများမှာ များသောအားဖြင့် ဘဝတူ မင်းကတော်၊ စိုးကတော်များသာ များလေသည်။ သို့ရာတွင် ထို မင်းကတော်၊ စိုးကတော်များနှင့် ညှပ်၍ပါလာတတ်သော စိန်ပွဲစား၊ ရွှေပွဲစား အနည်းအကျဉ်းနှင့် အမူသည် တချို့တလေလည်း ပါရှိတတ်သည်။

မိမိအား မင်းကတော်တစ်ဦးအနေနှင့် သူတစ်ပါးက လေးလေးစားစားနှင့် ခင်ခင်မင်မင် ဆက်ဆံဝင်ထွက်လာကြသော အခါ၌ ခင်သည် ပြန်လည်တုံ့ပြန်ခြင်း မပြု၍ မဖြစ်တော့ချေ။ မတုံ့ပြန်ပါက ရိုင်းစိုင်းရာကျတော့မည် ဖြစ်လေသည်။ နဂို သဘာဝကလည်း ပျော်ချင် ပါးချင်သောအရွယ် ဖြစ်သည့်အတွက် ယခုကဲ့သို့ အခွင့်အလမ်း ပွင့်လာသောအခါ ခင်သည် အိမ်ထဲ၌သာ ကုပ်၍ မနေနိုင်တော့ချေ။ မိမိ အိမ်သို့ တစ်ခါ လာလည်သော အသိတစ်ဦး၏ အိမ်သို့ တစ်ခေါက်တော့ သွားရလိမ့်မည်လည်း ဖြစ်သည်။ သို့ရာတွင် အိမ်၌ရှိသော မော်တော်ကားကို လင် ဖြစ်သူက ရုံးလုပ်ငန်းအတွက် တစ်ယောက်တည်း အသုံးပြုနေရသောကြောင့် အခက်အခဲ တွေ့နေရသည်။ သို့ရာတွင် မော်တော်ကား တစ်စီးကို လင်ရော မယားပါ သုံးစွဲနေကြသော အခြား မင်းကတော်များထံ၌ စုံစမ်း နည်းခံလိုက်သောအခါ ဘာမျှ မခက်ခဲလှသည်ကို တွေ့ခဲ့ရလေသည်။ 'ဒရိုင်ဘာတစ်ယောက် ထမင်းကျွေး၊ တစ်လ ကိုးဆယ် တစ်ရာလောက် ပေးငှားထားလိုက်ရင် ပြီးတာပဲ ခင်ရဲ့'ဟု မင်းကတော် တစ်ယောက်က နည်းပေး လမ်းပြသွားသည်။

မင်းကတော်တစ်ယောက် အနေနှင့် မိမိ၏ ပေါင်းသင်းဆက်ဆံရေးအတွက် အိမ်မှ မော်တော်ကားကို မိမိပါ အသုံးပြုနိုင်ရန် ဒရိုင်ဘာတစ်ယောက် သတ်သတ်ထားပေးဖို့ ခင်က တစ်ချိန်တည်းသာ ပြောဆိုခြင်း ပြုရလေသည်။ ဦးအေးသွင်သည် မယားလုပ်သူ၏ ဆန္ဒအတိုင်း နယ်မှ ရန်ကုန်သို့ ရာဇဝတ်တရားသူကြီးအဖြစ်ဖြင့် ပြောင်းရွှေ့လာကတည်းက မိမိကိုယ်တိုင် မောင်းနေ



Pdf - Yaybawal

သော မော်တော်ကားအတွက် ဒရိုင်ဘာကို တစ်ခါတည်း ငှားရမ်းလိုက်သည်။ ထိုသို့ ဒရိုင်ဘာ ငှားရမ်းဖို့ ပြောဆိုလိုက်သော မယား လုပ်သူကိုပင် လင်တော်မောင်က စိတ်ကူးဉာဏ် ကောင်းကြောင်းဖြင့် ချီးမွမ်း ပြောဆိုခြင်း ပြုလိုက်သေးသည်။ 'ခင်က အကြံပေးလိုက်တော့မှ ကလေးနှစ်ယောက်အတွက် ကျောင်းကားခ တစ်လ တစ်လ နှစ်ဆယ် ပေးနေရတာကို သတိရတယ်။ ကိုကိုတို့ ဒရိုင်ဘာတစ်ယောက် သတ်သတ်ထားလိုက်ရင် ခင်လည်း သုံးချင်သလို သုံးနိုင်တဲ့အပြင် ကလေးကျောင်းကားခလည်း သက်သာသွားမယ်နော်'ဟု အန်ကယ်မှ ဝန်ထောက်မင်း၊ ဝန်ထောက်မင်းမှ အစ်ကိုကြီး၊ ယခုတစ်ဖန် အစ်ကိုကြီးကမှ ကိုကို ဖြစ်လာပြန်သော လင် လုပ်သူက ရွှန်းရွှန်းဝေ ပြောဆိုသွားသည်။ သူသည် ကလေးများအတွက် တစ်လလျှင် နှစ်ဆယ်လောက်မျှသာ ကုန်ကျနေသော ကျောင်းကားခကို မြင်သည်။ သို့ရာတွင် ဒရိုင်ဘာ လခ၊ ပိုမို ကုန်ကျမည့် ဓာတ်ဆီဖိုးနှင့် ဒရိုင်ဘာက ရောင်းစားဦးမည့် ဓာတ်ဆီများကို ထည့်သွင်းတွက်ချက်ခြင်း မရှိတော့ချေ။

အိမ်ထောင်ရေးကိုလည်း စိတ်မဝင်စား၊ နားကလည်း မလည်ရသည့်အထဲ ပျော်မှုပါးမှုနှင့် ကြွားမှု ဝါမှုလောက်ကိုသာ စိတ်စောလျက် ရှိနေသော ခင့်အတွက် မိမိ ဒရိုင်ဘာနှင့် မိမိကား ဖြစ်လာသည့် နောက်ပိုင်းတွင် အိမ်ထောင်ထိန်းသိမ်း အုပ်ချုပ်ခြင်း ပြုရသောအလုပ်ကို လုံးဝ ပြန်မကြည့်သလောက် ဖြစ်သွားလေသည်။ လင်ဖြစ်သူအား ရုံးသို့သွားပို့၍ ကား အိမ်သို့ ပြန်ရောက်လာသည်နှင့်တစ်ပြိုင်နက် မိမိကလည်း အိမ်မှ တစ်ခါတည်း ထွက်တော့သည်။ တစ်နေကုန် တစ်နေခန်း ထွက်၍နေခဲ့ရာမှ ယောက်ျား ရုံးကပြန်ချိန်နီးမှ အိမ်သို့ ပြန်ရောက်လေ့ရှိသည်။

အိမ်မှုကိစ္စများကို လှည့်ကြည့်ဖော်မျှ မရတော့ဘဲ အပေါင်းအသင်းနှင့် အပျော်အပါးနောက်သို့ချည်းသာ တကောက်ကောက် လိုက်နေသော ခင့်အတွက် ပထမဦးဆုံး စိတ်အနှောင့်အယှက် ဖြစ်ရသူမှာ ၎င်း၏ ယောက္ခမပင် ဖြစ်သည်။ ဦးအေးသွင်၏ မိခင်မှာ ရှေးအဘွားကြီး ဖြစ်၍ ချွေးမလုပ်သူ ယခုကဲ့သို့ အိမ်မှုကိစ္စကို ဘာတစ်ခုမျှ ဂရုမစိုက်ဘဲ ခေတ်ဆန်ဆန် ဝတ်စား ဆင်ယင်ကာ တစ်နေကုန် တစ်နေခန်း လည်ပတ်နေခြင်းကို အနည်းငယ်မျှ မကြိုက်ပေ။ သို့ရာတွင် မိမိ၏ သားလုပ်သူ ကိုယ်တိုင်က ဘာမျှ ပြောဆိုဆုံးမခြင်း၊ သတိ



Pdf - Yaybawal

ပေးခြင်း မရှိဘဲ မြတ်မြတ်နိုးနိုးနှင့် အလိုလိုက်နေသည်ကိုသာ တွေ့နေ မြင်နေရသောအခါ အဘွားကြီးအိုသည် သားနှင့် ချွေးမတို့၏ အိမ်ထက်တွင် တစ်နေ့ထက် တစ်နေ့ အနေအထိုင် ကျဉ်းကျပ် ဆင်းရဲလာသည်။ မနေတတ် မထိုင်တတ်အောင်လည်း ဖြစ်လာသည်။ မြေးကလေး နှစ်ယောက်အပေါ် သံယောဇဉ်ကြိုးက ကြီးမားနေ၍သာလျှင် ပိန်လိမ်နေနိုင်ခြင်း ဖြစ်လေသည်။ အကယ်၍ထောက်ထားစရာ ထို မြေးကလေး နှစ်ယောက်သာ ရှိမနေခဲ့လျှင် စစ်ကိုင်းတောင်ရိုး၌ ၎င်းဆောက်လုပ် လှူဒါန်းထားခဲ့သော သီရိခေမာချောင်မှ ကျောင်းတိုက်သို့ သွား၍ ရသေ့မ လုပ်နေမိမည် ဖြစ်သည်။

ခင်သည် အိမ်ရှင်မ ဖြစ်လာပြီးသည့်နောက် အိမ်ရှင်မဝါ တော်တော်ကလေး ရလာသည်နှင့်အမျှ ယောက္ခမ လုပ်သူအပေါ်၌ ပေါ့ပေါ့ဆဆ ဖြစ်လာသည်။ မိမိလင်၏ မွေးသမိခင်ကြီး တစ်ယောက်လုံးကိုပင် အိမ်တွင် သက်သက်ပိုနေသော အဘွားကြီးတစ်ယောက် အနေနှင့် မြင်လာသည်။ သို့ရာတွင် ထိုအဘွားကြီးသည် အိမ်ထောင်ကြီးတစ်ခုလုံးကို မိမိသဘောနှင့် မိမိ လုပ်ချင်သလိုလုပ်နေသော ခင့်အား အဘယ်သို့ပင် အမြင်မတော် ဖြစ်နေစေကာမူ ကောင်းသည်၊ ဆိုးသည် ဘာမျှ ဝင်ရောက် ပြောဆိုခြင်း ပြုရှာသည် မဟုတ်ချေ။ ထိုအဘွားကြီး အိမ်တွင် ရှိနေသည့်အတွက် ကလေးနှစ်ယောက်၏ အထွေထွေတာဝန်ကို မိမိက ဘာတစ်ခုမျှပင် လှည့်မကြည့်ရသည့်အပြင် နာနီ တစ်ယောက်ကိုလည်း ငှားရမ်းရန် မလိုတော့ချေ။ ယင်းသို့ ထိုအဘွားကြီးအို ရှိနေသည့်အတွက် မိမိအဖို့ အကျိုးများနေသော အချက်အလက်များကို ခင်သည် စဉ်းစားနားလည်ခြင်း မရှိချေ။ ထို မိန်းမကြီးသာ အိမ်၌ မရှိလျှင် မိမိအနေနှင့် ပို၍လွတ်လပ်မှုရှိမည်၊ စိတ်ထင်သလိုလည်း နေနိုင်မည်ဆိုသော အချက်လေးများကိုသာ တွေးသည်။

မင်းကတော်ဝါ တော်တော်ကလေး ရရှိလာသည်နှင့်အမျှ ခင်သည်သာမန် လည်တတ် ပတ်တတ်၊ ကြွားတတ် ဝါတတ်ရုံမျှသာ မဟုတ်တော့ဘဲ ပညာတတ်နှင့် မင်းစိုးရာဇာပိုင်းတွင် များစွာ ခေတ်စား၍နေသော အခြားအပြုအမူ အကျင့်အကြံနှင့် အတတ်ပညာများကိုလည်း တစ်စထက် တစ်စအတုမြင် အတတ်သင်လာသည်။ ဝါသနာလည်း ပါလာသည်။ ပေါင်းသင်းဆက်ဆံရေးနှင့် သက်ဆိုင်သည်ဆိုသော ပွဲသဘင်နှင့် အခမ်းအနား အဆောင်



Pdf - Yaybawal

အယောင်များသို့ ခင်သည် အခြား မင်းကတော်များနှင့်အတူ တစ်စ တစ်စ ပါဝင် တက်ရောက်ခြင်း ပြုလေသည်။ အရက်ပွဲ၊ ကပွဲနှင့် လောင်းကစားပွဲများနှင့်လည်း ခင်သည် တဖြည်းဖြည်း ယဉ်ပါးလာရုံမျှမက မိမိ နေအိမ်တွင် ဖဲဝိုင်း ဒိုင်ခံဝံ့သည့်အခြေသို့ပင် ရောက်ရှိ၍လာလေသည်။ ဤသို့ ပထမအကြိမ် အင်းလျားမြိုင် အိမ်တွင် ဖဲဝိုင်း ပြုလုပ်သောနေ့၌ သမီး ယောက္ခမ စကားကတောက်ကဆ များကြတော့သည်။ မသင့်တော်သည့်အကြောင်းကို ယောက္ခမလုပ်သူက မနေသာလွန်း၍ တိုးတိုးတိတ်တိတ် ပြောဆို သတိပေးခြင်းကိုပင် ခင်သည် ကြက်ခေါင်းဆိတ်မခံ ဖြစ်ကာ ပြန်လှန်၍ ပြောဆိုသည်။ သို့ရာတွင် ဦးအေးသွင်၏ မိခင်က ထိုကိစ္စကို သား ဖြစ်သူ မသိရှိရအောင် မျိုသိပ် ဖုံးဖိထားသည်။ မိမိအတွက်နှင့် ပတ်သက်၍ သားနှင့် ချွေးမတို့ စိတ်မချမ်းမသာ ဖြစ်ကြမည့်အရေးကို အလွန်တရာ စိုးရိမ်ပူပန်ဟန် ရှိသည်။

ခင်သည် တက်ကြွနေသော ငယ်ရွယ်သူ ဖြစ်သဖြင့် နောက်တစ်ကြိမ် ၎င်း၏ အိမ်တွင် ဖဲဝိုင်း အလှည့်ကျသောအခါ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်း ပြုရုံမျှမက အရက်များကိုပင် ကြားညှပ် ထည့်သွင်းခြင်း ပြုလေသည်။ အရက်ပါမှ ခေတ်မီ၍ လူရာဝင်သော ယဉ်ကျေးမှု ထွန်းကားနေသည့်ခေတ်တွင် ခင် ကဲ့သို့ ငယ်ရွယ်သူများအဖို့ ဘာမျှမဟုတ်သော ကိစ္စကလေး တစ်ခုသာ ဖြစ်လိမ့်မည် ဖြစ်သော်လည်း၊ အင်မတန် ကြီးလေးသော ကံကြီးတစ်ပါးအနေနှင့် စွဲလမ်း ကြောက်ရွံ့လျက်ရှိသော ၎င်း၏ယောက္ခမ လုပ်သူအတွက် ကြက်သီးမွေးညင်း ထ စရာ ဖြစ်နေသည်။ သို့ရာတွင် ထိုကိစ္စကို သားလုပ်သူ စိတ်အနှောင့်အယှက်ဖြစ်မည် စိုး၍သာ တစ်ခွန်းမျှ မဟဘဲ အင်းလျားမြိုင် အိမ်သို့ မပေါ်လာသည်မှာ အတန်ကြာနေပြီ ဖြစ်သော မမကြီးဆီသို့ သားလုပ်သူ ရုံးအသွားတွင် ၎င်းအား ပို့ပေးရန်သာ ပြောဆိုခြင်း ပြုသည်။ အိမ်၌ ဖြစ်ချင်တိုင်း ဖြစ်နေသော ကိစ္စများကို မမကြီးအား တိုးတိုးတိတ်တိတ် ဖွင့်ဟ ပြောဆို၍ ၎င်း၏ အကူအညီကို ယူရန် ဖြစ်သည်။ သို့ရာတွင် တစ်ကြိမ်က ၎င်းတို့ တူဝရီးချင်း စကားကတောက်ကဆများကြသော ကိစ္စကိုကား အဘွားကြီးအိုသည် မသိရှာချေ။ လင် ရခါမှ တစ်သက်လုံးက မိမိအား ကြောက်ရွံ့ရိုသေလာခဲ့သော သူငယ်မက အာခံခြင်း ပြုသည့်အတွက် ရှက်လည်း ရှက်၊ စိတ်လည်း နာသဖြင့် အင်းလျားမြိုင် အိမ်သို့ လမ်းဖြတ်ထားသော မမကြီး၏



Pdf - Yaybawal

အဖြစ်ကိုလည်း မသိရှာချေ။ သူ့တူမ မလိမ္မာ၍ မိုက်မဲသောကိစ္စများကို သွားရောက် တိုင်ကြားပါလျှင် သူ့အဒေါ်လုပ်သူသည် ဘယ်နည်းနှင့်မျှတော့ ကြည့်နေလိမ့်မည် မဟုတ်ဟု ရိုးသားစွာ ယုံကြည်လျက် ရှိသည်။

## (၄)

မိမိ၏ စေတနာကို ဝေဒနာဖြစ်အောင် မိုက်မိုက်မဲမဲ ပြုလုပ်လိုက်သောကြောင့်သာ စိတ်ကို တင်း၍ လမ်းဖြတ်ထားလိုက်ရသော်လည်း စေတနာ ပျက်စီးခြင်း မရှိသော မမကြီးသည် အင်းလျားမြိုင် အိမ်၏ သတင်းကို အမြဲတစေ မေးမြန်းနားစွင့်လျက်သာ ရှိသည်။ မိမိအနေနှင့် ထိုကဲ့သို့ လမ်းဖြတ်ထားသော အမှုသည် လူကြီးလည်း မပီသရုံမျှမက မှန်ကန်ခြင်းလည်း မရှိသည်ကို မမကြီးသည် နောက်ပိုင်းတွင် ခေါင်းအေးလာသည်နှင့်အမျှ တဖြည်းဖြည်း စဉ်းစားလာမိသည်။ သို့ရာတွင် မှားယွင်းသော လူငယ်ကမှ မိမိ၏ အမှားကို ပြင်ဆင်သောအနေနှင့် လူကြီးထံသို့ လာရောက်ခြင်း မပြုသောအခါ လူကြီး ဖြစ်နေသော မမကြီးသည် အင်းလျားမြိုင် အိမ်သို့ သွားရောက်ခြင်းပြုရန် ကိစ္စအတွက် ဝန်လေး ပင်ပန်းလျက် ရှိပြန်သည်။ မမကြီးသည် လူငယ်နှင့် ပြိုင်၍ မမိုက်သင့်၊ မမှားသင့်သော လူကြီးလုပ်သူ၏ တာဝန်ကို မစဉ်းစားမိ၍ကား မဟုတ်ချေ။ မှားယွင်း မိုက်မဲနေသော လူငယ်တစ်ဦးအား လူကြီးလုပ်သူက အလျှော့ပေးလိုက်လျှင် ၎င်း၏ မှားယွင်းမိုက်မဲမှုကို သွယ်ဝိုက်သောနည်းဖြင့် အားပေးအားမြှောက်ပြုရာ ရောက်မည့် အချက်ကိုလည်း များစွာ စဉ်းစား ချိန်ဆရခြင်း ပြုနေရသည်။ ၎င်းအပြင် မိမိက ဇွတ်အတင်း သွားရောက်ခြင်းအားဖြင့် နောက်ထပ်၍ ပဋိပက္ခ ဖြစ်ပွားလာခဲ့အောင် များစွာ ဆိုးဝါးသွားမည့် အခြေအနေကိုလည်း လေးလေးနက်နက် မစဉ်းစား၍ မဖြစ်ချေ။

တူမ ဖြစ်သူနှင့် အင်းလျားမြိုင်အိမ်၏ သတင်းကို အမြဲတစေ နားစွင့်ထားသည် ဖြစ်သောကြောင့် ဖြစ်ပျက်သမျှ အကြောင်းအရာများကို အကုန်အစင်သာ မဟုတ်သော်လည်း ကြားသိတန်သရွေ့ မမကြီးသည် ကြားသိနေရပေသည်။ ခင်သည် ယခင်ကနှင့် မတူတော့ဘဲ ကပွဲ၊ အရက်ပွဲနှင့် မိတ်ဆက်ပွဲများကို တက်သည်ကအစ ဖဲကောင်းကောင်းရိုက်တတ်နေပြီဆိုသော သတင်းများ အားလုံးကို နားမချမ်းမသာ ကြားရလေသည်။ ထိုသို့ ၎င်း၏ မယား



Pdf - Yaybawal

ခင်းကတော်အတတ် တစ်ဖက်ကမ်းခပ်အောင် အတတ်ကြီး တတ်နေသော ကိစ္စနှင့် ပတ်သက်၍ လင် ဖြစ်သူက ဘာတစ်ခွန်းမျှ တားမြစ် ဆုံးမဖော်မရဘဲ အလိုတူ အလိုပါအနေနှင့် အလိုလိုက်ထားသော ကိစ္စများကိုလည်း မမကြီး သည် ကြားနေရသည်။

ယင်းသို့ သတင်းကောင်းတစ်ခုမျှ မကြားရဘဲ သတင်းဆိုး သတင်းပုပ် များကိုသာချည်း ဆက်တိုက်လိုလို ကြားနေရသော မမကြီးသည် မိမိအနေ နှင့် အဘယ်သို့မျှလည်း ဟန့်တားခြင်း မပြုနိုင်သဖြင့် နား မချမ်းသာ၊ စိတ် မချမ်းသာ ဖြစ်နေရသည်။ တစ်နေ့တာ ကျောင်းကိစ္စနှင့် အိမ့်တာဝန်များ ပြီးစီး၍ ညအိပ်ရာဝင်သော အခါများ၌လည်း ညဥ့်တော်တော်ကလေး နက် သည်အထိ အိပ်၍မရချေ။ ငယ်ရွယ်၍ ရှေ့နောက်မစဉ်းစားတတ်သေးသော ကြောင့် မသိမိုက်မဲလျက်ရှိသော ခင့်ကိုပင် စိတ်ဆိုးရမည်လော၊ သို့တည်းမဟုတ် မယားငယ်ငယ်ကလေး ယူထားပြီးလျှင် လင့်ဝတ္တရား ရှိသည့်အတိုင်း ဆုံးမတန် သည်ကိုပင် ဆုံးမခြင်း မရှိရုံမျှမက အစစအရာရာ အလိုလိုက်လွန်းအားကြီး နေသော ဦးအေးသွင်ကိုပင် အပြစ်တင်ရမည်လော။ သူတစ်ပါး လင်မယားအရေး နှင့် ပတ်သက်၍ အပျိုကြီးသည် ကြားမှ စိတ်မောလူမော ဖြစ်နေရလေသည်။

'ပြီးခဲ့တဲ့ လတုန်းကများ ခင် တစ်ယောက် ဖဲရှုံးလိုက်တာ သူ့ လက်ကောက်တစ်ဖက်ကိုတောင် သူ့ယောကျ်ားမသိအောင် တိတ်တိတ်ပေါင်ထား ရတယ် ဆိုပါကလား' ဟု အသိမိတ်ဆွေတစ်ဦးက သူ့တူမ၏ သတင်းကို လာရောက် ပြောဆိုလိုက်လျှင် မမကြီးသည် ခေါင်းနားပန်းကြီးသွားသည်။ ထမင်းမစားနိုင်အောင် ဖြစ်ရ၏။

'တစ်လောက သဟာယ ကလပ် နှစ်ပတ်လည် ကပွဲမှာ ရှင့်တူမ ခင် တစ်ယောက် အရက်တွေ မူးပြီး ဟို ကြာသမား မောင်မောင်ထွန်း ဆိုတဲ့လူနဲ့ တွဲ က တယ်လို့ ကြားတယ် မမကြီး။ အဲဒါ ကိုယ့်တူမကို လင်နဲ့ သားနဲ့ပဲ ဆိုပြီး ဒီလိုတော့ ကြည့်နေလို့ မဖြစ်သေးဘူး ထင်တယ်။ မောင်မောင်ထွန်း ဆိုတဲ့ လူယုတ်မာက သူတစ်ပါး သားမယားလည်း ရှောင်တာ မဟုတ်ဘူးလို့ ကြားတယ်ရှင့်' ဟူသော သတင်းကို ကြားလိုက်ရပြန်သော အခါများ၌လည်း မမကြီးသည် ကြက်သီးမွေးညင်းများပင် တဖြန်းဖြန်း ထ ကာ ညလုံးပေါက် အိပ်မရတော့သည်အထိ ဖြစ်ခဲ့ရသည်။



Pdf - Yaybawal

ဤသို့ တစ်စထက်တစ်စ ဆိုးဆိုးဝါးဝါးနှင့် ကြောက်မက်ဖွယ်ရာ သတင်းများကိုသာ တစ်ခုပြီးတစ်ခု အဆက်မပြတ် ကြားလာရသောအခါ မိမိအနေနှင့် သည်အတိုင်း ကြည့်နေ၍ မဖြစ်တော့ဘဲ ဘာပဲဖြစ်ဖြစ် တစ်ခုခု ဝင်လုပ်မှ ဖြစ်တော့မည့်အရေးကို မမကြီးသည် စဉ်းစားလာရလေသည်။ ယင်းသို့ ပြင်၍ မဖြစ်တော့အောင် လုံးလုံးလျားလျားကြီး ပျက်စီးသွားခြင်း မရှိမီ တစ်ခုခု ဝင်လုပ်ဖို့ စဉ်းစားနေခိုက် ဦးအေးသွင်၏ မိခင်သည် မမျှော်လင့်ဘဲ ကံဘဲ့သို့ ရုတ်တရက် ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

'မမကြီးတစ်ယောက် အိမ်ကို မလာတာကြာလို့ ငါ့ကို လိုက်ပို့စမ်းပါ ခိုင်းတာနဲ့ အမေ့ကို လာပို့ရတာပဲ မမကြီး' ဟု ၎င်း၏ မိခင်ကို ပို့ထားခဲ့ပြီး နောက် ရုံးသို့ ပြန်ထွက်သွားတော့မည့် ဦးအေးသွင်အား 'ကိုအေးသွင် ခဏ လောက်' ဟု တားလိုက်ရသည်။ မမကြီးသည် ၎င်းပြောဆိုမည့် စကားကို အဘွားကြီး မကြားနိုင်လောက်အောင် ဦးအေးသွင်အား ခပ်လှမ်းလှမ်းသို့ ခေါ် သွားပြီးမှ 'ခုလာမယ့် တနင်္ဂနွေနေ့မှာ ရှင် သွားစရာ လာစရာများ ရှိနေသလား' ဟု မေးလိုက်သည်။

'သွားစရာ လာစရာ ရှိတယ်ရယ်လို့တော့ မဟုတ်ပါဘူး မမကြီး၊ ဘယ်လိုကိစ္စများ ရှိနေလို့လဲ ဟင်' ဦးအေးသွင်က ခပ်ပေါ့ပေါ့ပင် ပြောလေသည်။

'ရှင့်ကို ကျွန်မ အရေးကြီးတဲ့ ကိစ္စကလေးတစ်ခုလောက် အေးအေး ဆေးဆေး ပြောချင်လို့ မနက်ခင်းလောက် အိမ်ကို မလာနိုင်ဘူးလား'

'ဒီလိုဆိုရင် ကျွန်တော် ခင့်ကိုပါ ခေါ်လာခဲ့မယ်လေ'

'ကိုအေးသွင်နဲ့ သတ်သတ်ပြောချင်တာပဲ။ အခင့်ကို ခေါ်မလာဘဲ ကိုအေးသွင် တစ်ယောက်တည်း လာစေချင်တယ်။ သိပ်တော့ ကြာမှာ မဟုတ်ပါဘူးလေ'

'ဒါဖြင့် ကျွန်တော် တစ်ယောက်တည်းပဲ လာခဲ့ပါ့မယ်လေ၊ စိတ်သာချပါ'

ဦးအေးသွင် ရုံးသို့ ထွက်သွားပြီးသည့်နောက်မှ မမကြီးသည် ၎င်း၏ မိခင်ကို ဧည့်ခံစကား ပြောဆိုခြင်း ပြုနိုင်လေသည်။ မူလက မမကြီးကိုသာ လျှင် ချွေးမ တော်စပ်ရလိမ့်မည်ဟု အောက်မေ့ကာ အကျေနပ်ကြီး ကျေနပ်



Pdf - Yaybawal

လျက် ရှိနေခဲ့သော အဘွားကြီးအိုသည် တလွဲတချော် ဖြစ်သွားပြီးနောက် တော်တော်ကလေး စိတ်မကောင်း ဖြစ်စရာများကို တစ်ခုပြီးတစ်ခု ဆက်တိုက် တွေ့ကြုံလာခဲ့ရရာမှ နောက်ဆုံး မမကြီးဆီသို့ အကူအညီတောင်းရန် လာရ ပြန်သောအခါ၌၊ မိမိ ပြောစရာရှိသော စကားများကို ပြောဆိုခြင်း မပြုနိုင်မီ ကပင် မျက်ရည်ကလေးများ အစစနှင့် ဖြစ်နေရှာသည်။ ထို့ကြောင့် မမကြီး ကပင် မျက်ရည်လေး အစစနှင့် တုန်တုန်ယင်ယင် ဖြစ်နေသော အဘွားကြီးအို အား ခရီးရောက်မဆိုက် အားပေးနှစ်သိမ့်ခြင်း ပြုရလေသည်။

ဦးအေးသွင်၏ မိခင်သည် မိမိ တိုင်ကြား ပြောဆိုလိုသော သားနှင့် ချွေးမတို့၏ အကြောင်းများကို ရေးလူကြီးပီပီ တစ်နေကုန် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆို ၍ ညနေစောင်းတွင် အိမ်က ကားလာကြိုတော့မှ အင်းလျားမြိုင်အိမ်သို့ မပြန်ချင် ပြန်ချင်နှင့် ပြန်သွားသည်။ အသက်အရွယ် ကြီးရင့်သောသူများ၏ သဘာဝနှင့် စိတ်နေသဘောထားကို ကောင်းစွာ နားလည်ထားသော မမကြီးက အဘွား ကြီးအို ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ခြင်း ပြုသည်။ ချွေးမ ရောက်လာခါမှ သား၏ အိမ်ထက်တွင် သိမ်သိမ်ငယ်ငယ် ဖြစ်နေပုံရသော အမယ်ကြီးကိုလည်း အားပေးနှစ်သိမ့်ခြင်း ပြုရသည်။ ၎င်းအပြင် ထိုသို့ ဖြစ် ပျက်နေသော ကိစ္စများကို မိမိ တာဝန်ယူနိုင်သမျှ ယူ၍ ပြောဆို ဆုံးမပေးမည့် အကြောင်းကိုလည်း ကတိပေး ပြောကြားလိုက်သည်။ မမကြီးကို များစွာ ယုံကြည် အားကိုးခြင်း ပြုဟန်ရှိသော အဘွားကြီးအိုသည် အားတက်ဖွယ်ရာ စကားများကို ကြားလိုက်ရသောအခါ အတော်ကလေး အားတက်သွားပုံ ရသည်။ ရောက်စကဲ့သို့ မျက်ရည်ကလေးစစနှင့် မဟုတ်တော့ဘဲ ပြုံးပြုံးရွှင်ရွှင် လည်း ဖြစ်လာသည်။ ပြန်ခါနီးတွင် မမကြီးအား အင်းလျားမြိုင်သို့ မကြာခဏ လာရောက် ကြည့်ရှုပေးဖို့အတွက် တတွတ်တွတ် မှာကြားသွားလေသည်။

(၅)

ဦးအေးသွင်၏ မိခင်အား စိတ်သက်သာမှု ရရှိသွားအောင် မိမိအနေနှင့် အားပေး စကားသာ ပြောကြားလိုက်ရသည်။ အဘွားကြီး ပြန်သွားပြီးနောက် မမကြီး သည် စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းလောက်အောင် ဖြစ်ချင်တိုင်း ဖြစ်နေသော အင်းလျားမြိုင် အိမ်၏ အတွင်းရေးများကို စဉ်းစားရင်း ဘာကစ၍ ဘယ်လို လုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ ကြက်မနှင့် ကြက်ဥ ဘယ်ဒင်းက စသည်



Pdf - Yaybawal

ကို စဉ်းစားရ ကျပ်လှသကဲ့သို့ ယခုကဲ့သို့ အင်းလျားမြိုင်အိမ်တွင် ဖြစ်ပျက်နေသော ကိစ္စများနှင့် ပတ်သက်၍ ခင်နှင့် ကိုအေးသွင်၊ ဘယ်သူ၏တာဝန်ဖြစ်သည်ကို စဉ်းစားလေလေ စဉ်းစားရကျပ်လေ ဖြစ်လာသည်။ ၎င်းအပြင် သူ့လင်နှင့် သူ့မယား၊ သူ့အိုးနှင့် သူ့အိမ်တွင် ဖြစ်ပျက်နေသော အိမ်တွင်းရေးကိစ္စများကို မိမိအနေနှင့် ဝင်လိုက်လျှင် "ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက် လေး" ဆိုသော စကားပုံကဲ့သို့ ဖြစ်သွားမည့်အရေးကိုလည်း ထည့်သွင်းစဉ်းစားရသေးသည်။ နောက်ဆုံး၌ နောက်အပတ် တနင်္ဂနွေနေ့တွင် ကိုအေးသွင်လည်း အိမ်သို့ လာမည်ဟု ကတိပေးသွားသည့်အတိုင်း ၎င်းလာသောအခါမှပင် ပြောတန်သရွေ့ ကိစ္စများကို ပြော၍ သတိပေးတန်သော ကိစ္စကို သတိပေးတော့မည်ဟု အောက်မေ့ကာ၊ ကိုအေးသွင် လာရောက်မည်ဆိုသော နောက်အပတ် တနင်္ဂနွေနေ့ကို စောင့်ဆိုင်းနေခဲ့သည်။ သို့နှင့် ကိုအေးသွင် ကံဘဲ့အိမ်သို့ တစ်ယောက်တည်း လာခဲ့ပါမည်ဆိုသော တနင်္ဂနွေနေ့သည် ရောက်ရှိ၍လာလေသည်။ မမကြီးသည် ကိုအေးသွင် လာသောအခါ မိမိအနေနှင့် ပြောဆိုသတိပေးရမည့် ကိစ္စများနှင့် အချက်အလက်များကို သေသေချာချာ စဉ်းစားရွေးချယ်၍ စောင့်မျှော်ခဲ့လေသည်။ သို့ရာတွင် ထိုအပတ် တနင်္ဂနွေနေ့သည်သာ ကုန်လွန်၍သွားသည်။ ကိုအေးသွင် တစ်ယောက်ကား ကံဘဲ့အိမ်သို့ ပေါ်မလာချေ။ နေဝင်၍ မိုးချုပ်သွားခဲ့သည့်တိုင်အောင် လာပါ့မည်ဟု ကတိပေးသွားသူကသာ ပေါ်လာခြင်း မရှိသော်လည်း မမကြီးသည် အမျှော်မပျက်သေးချေ။ ကိစ္စတစ်ခုခု ရှိနေ၍သာ နောက်ကျနေခြင်း ဖြစ်လိမ့်မည်ဟု တွေးကာ ည ကိုးနာရီခန့်အထိ စောင့်ဆိုင်းခဲ့မိသည်။ သို့ရာတွင် ညဉ့်နက်၍ အိမ်တံခါးများပိတ်ကာ မီးများသာ ငြိမ်းသတ်လိုက်ရသော အချိန်အထိ ကိုအေးသွင်ကား ပေါ်မလာတော့ချေ။

မမကြီးသည် လာပါမည် ဟု ကတိပေးထားခဲ့ပြီးမှ သူ၏ စကားကို အပျက်ခံလိုက်သော ဦးအေးသွင်၏အကြောင်းကို စဉ်းစားရင်း တော်တော်နှင့် အိပ်၍ မရချေ။ ကိုအေးသွင်သည် များစွာ တည်ကြည် လေးနက်သော လူတစ်ယောက် ဖြစ်ကြောင်းကို မမကြီးသည် ကောင်းစွာ စိတ်ချ ယုံကြည်ထားသည်။ သို့ရာတွင် ထိုမျှ တည်ကြည် လေးနက်သော လူတစ်ယောက်သည် ယခု အဘယ်ကဲ့သို့ ဖြစ်သွားပြီနည်း။ မိမိက အရေးကြီးသော ကိစ္စတစ်ခုကို



Pdf - Yaybawal

ပြောရန် ရှိနေသည်ဟု လေးလေးနက်နက် ပြောဆို မှာကြားလိုက်ပါလျက်နှင့် ကိုအေးသွင်သည် လာခဲ့ပါမည်၊ စိတ်သာချပါ ဟူသော ကတိ ဝန်ခံစကားကို ပြောကြားသွားပြီးကာမှ ၎င်း၏ စကားကို အဘယ့်ကြောင့် အပျက်ခံလိုက်သနည်း။ ကိုအေးသွင်သည် ထိုကိစ္စကို ခင့်အား ဖွင့်ဟ တိုင်ပင်သဖြင့် ခင်က ဘားမြစ်လိုက်၍ မလာနိုင်ခြင်းပင် ဖြစ်လိမ့်မည်လော။ သို့တည်းမဟုတ် မိမိ ၏ တူမအရင်း ဖြစ်သူကပင် မိမိအား အာခံဝံ့ခဲ့ပြီ ဖြစ်သောကြောင့် ထို တူမနှင့် စပ်မှ တော်ရသူ ကိုအေးသွင်သည်လည်း မိမိအပေါ်၌ လေးနက် ခံ့ညားမှု လျော့ပါးသွားခြင်း ဖြစ်သလော။ မိန်းမသားတို့ဘာဝ ခနစ်စဉ် အမျှင်တန်း လျှောက်၍ တွေးရင်း မမကြီးသည် စိတ်မကောင်း ဖြစ်မိသည်။ အဘက်ဘက်တွင် စိတ်ကောင်း စေတနာကောင်း ထားပါလျက် ထိုသို့ ဖြစ်လာရသော မိမိ၏ဘဝကို ဆက်လက် စဉ်းစားရင်း ဝမ်းနည်းလာသည်။ သို့ရာတွင် တနင်္လာနေ့ နံနက်တွင် ဦးအေးသွင်သည် ရုံးသို့သွားရင်း စောစောစီးစီး ကံဘဲ့အိမ်သို့ ဝင်လာသောအခါ တစ်ညလုံး စိတ်မကောင်း ဖြစ်နေခဲ့ရသော မမကြီးသည် သက်သာရာ ရရှိသွားလေသည်။ ဦးအေးသွင် အိမ်သို့ ဝင်လာသောအချိန်တွင် ဦးကျော်အောင်သည် နံနက်ခင်း လမ်းလျှောက်ထွက်ရာမှ ပြန်မရောက်တတ်သေးသဖြင့် မမကြီးသည် မိမိ သတိပေး ပြောဆိုလိုသောကိစ္စများကို လွတ်လွတ်လပ်လပ် ပြောဆိုခွင့် ရရှိသည့်အတွက် ဝမ်းသာမိသည်။

'ကျွန်မ မနေ့က တစ်နေ့လုံး မျှော်လိုက်ရတာ ကိုအေးသွင်၊ မိုးကြီးချုပ်တဲ့အထိ ရှင် ပေါ်မလာတော့မှ တစ်ခုခုများ ဖြစ်လို့လားဆိုပြီး စဉ်းစားမိတယ်'ဟု မမကြီးက စလိုက်လျှင် စလိုက်ချင်း 'ဟုတ်တယ် မမကြီး၊ မနေ့က မနက်ခင်း အိပ်ရာက အထ ခင် ရုတ်တရက် မူးပြီး လဲကျသွားလို့ ကျွန်တော်လည်း တော်တော်ကလေး အလုပ်များသွားတယ်' ဟု ဦးအေးသွင်က ၎င်း၏ စကား ပျက်ခဲ့ရသည့် အကြောင်းကို ခရီးရောက်မဆိုက် ပြောကြားလိုက်လေသည်။

'ဟင်... အခင် အိပ်ရာက အထ မူးပြီးလဲတယ်။ အခု ဘယ်လိုနေသေးသလဲ။ မနေ့က ဒီလိုဖြစ်ရင် ကျွန်မတို့ကို အကြောင်းကြားဖို့ ကောင်းပါတယ်' ဟု မမကြီးက ပျာပျာသလဲ မေးမြန်းရင်း ဦးအေးသွင်အား အပြစ်တင်လိုသော လေသံဖြင့် ပြောဆိုလိုက်သည်။



Pdf - Yaybawal

'ကျွန်တော်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး ဆရာဝန် ပြေး ခေါ်ရတာနဲ့ တခြား ဘာမှ သတိမရဘူး မမကြီး။ ဒါပေမဲ့ ခင် မူးတာက အမူးကောင်းပါလို့ ဆရာဝန်က ပြောသွားလို့ ဘာမှ စိုးရိမ်စရာ မရှိပါဘူးဗျာ'

'ဘယ်လို အမူးကောင်းလဲ ကိုအေးသွင်၊ ကျွန်မ နားမလည်ဘူး'ဟု လင်သား မရဖူးသေးသော အပျိုကြီးပီပီ မမကြီးက ကောင်းစွာ စိတ်မအေး နိုင်သေးသော အမူအရာဖြင့် ထပ်၍ မေးလိုက်ပြန်သည်။

ဦးအေးသွင်သည် မိမိ မယား ကိုယ်ဝန်ရှိသည့်အကြောင်းကို သိမ်သိမ် မွေ့မွေ့နှင့် သွယ်သွယ်ဝိုက်ဝိုက် ပြောပြလိုက်သည့်တိုင်အောင် ဘာမှန်းမသိ ရှာသေးသော အပျိုကြီးအား နားလည်လွယ်အောင်၊ နားဝင်လည်း သာအောင် အဘယ်သို့ ပြောဆိုရမည့်အရေးကို အတန်ကြာမျှ စဉ်းစားနေရသည်။ သို့ရာ တွင် တရားသူကြီး တစ်ဦးသာ ဖြစ်လျက် မြန်မာစာပေနှင့် သက်ဆိုင်သော သုတေသီ မဟုတ်သော ဦးအေးသွင်သည် ဘယ်လိုမျှ ဝေါဟာရ ရှာဖွေ၍ မရနိုင်သည့်အဆုံးတွင် 'ဆရာဝန်က စမ်းသပ်ပြီး ခင့်မှာ ကိုယ်ဝန် ရနေတာ နှစ်လ ရှိသွားပြီလို့ ပြောသွားတာပါ'ဟု တုံးတိတိပင် ပြောချလိုက်၏။

'ဩော်... ဒီလိုလား'သည်တော့မှပင် အပျိုကြီးကလည်း နားလည်သွား ဟန် ရှိသည်။

'ဆရာဝန်က အားဆေးထိုးသွားလို့ ခင် နေကောင်းသွားပါပြီ မမကြီး၊ ဘာမှ စိုးရိမ်စရာတော့ မရှိပါဘူး'

'အခင် တစ်ယောက်လည်း ဘာလိုလိုနဲ့ ကလေးအမေတောင် ဖြစ် တော့မယ်'ဟု မိမိဘာသာ တစ်ယောက်တည်း ပြောဆိုသကဲ့သို့ မမကြီးက ပြောဆိုလိုက်သည်။ ထိုသို့ ပြောဆိုလိုက်စဉ် မမကြီး၏ မျက်နှာသည် အနည်း ငယ် အိုစာ၍ သွားလေသည်။

မိမိ မနေ့က လာရောက်ခြင်း ပြုရန်အတွက် ပျက်ကွက်သွားခဲ့ရသော အကြောင်းကို ရှင်းလင်း ပြောကြားပြီးပြီဖြစ်၍၊ မိမိအား အရေးကြီးသောကိစ္စ တစ်ခုကို ပြောကြားရန် ရှိသည်ဆို၍ မှာထားသော မမကြီးက ပြောဆိုမည့် စကားကို ဦးအေးသွင်သည် နားစွင့်လျက် ရှိလေသည်။ သို့ရာတွင် မမကြီးက တော်တော်နှင့် ပြောဆိုခြင်း မပြုသေးသဖြင့် သူသည် စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလေသည်။ စီးကရက်ကို သုံးလေးဖွာမျှ ဆက်၍ ဖွာရင်း



Pdf - Yaybawal

ထိုနေ့တွင် စီရင်ချက် ချမှတ်ရန်ရှိသော အမှုကြီးတစ်မှုအကြောင်းကို စဉ်းစားခြင်း မရှိဘဲ နောက်မယားကလေး ခင်နှင့် ကလေးတစ်ယောက် ထပ်မံ ရရှိမည့် အကြောင်းကိုသာ စဉ်းစားနေမိသည်။

ဤသို့ ဦးအေးသွင်သည် ၎င်းအား ဖေဖေ ဟု ခေါ်ဝေါ်ဦးမည့် ကလေးတစ်ယောက်အကြောင်းကို စဉ်းစားလျက် ရှိသကဲ့သို့ သားနှင့် သမီးနှင့် ဖြစ်လာသော အခါတွင် ခင် တစ်ယောက် သတိတရား ရပြီး လိမ္မာရေးခြားရှိလာလေမည်လားဟု မမကြီးသည် စဉ်းစား၍ နေလေသည်။

စီးကရက် တစ်လိပ်သာ ပြာဖြစ်သွားသည်၊ မမကြီးက ၎င်းအား ဘာမျှ ပြောဆိုခြင်း မပြုသောအခါ ရုံးအလုပ်ကို ရတ်တရက် စဉ်းစားမိလိုက်သော ဦးအေးသွင်က 'မမကြီး ပြောချင်တယ်ဆိုတဲ့ ကိစ္စက ဘယ်လိုလဲဟင်' ဟု စ၍ မေးလိုက်ရလေသည်။

'သြော်... ဟုတ်ပါရဲ့၊ ခင် တစ်ယောက် ကလေးအမေ ဖြစ်တော့မယ်ဆိုလို့ သူ့အကြောင်း စဉ်းစားနေမိတာနဲ့ ကျွန်မ ပြောဖို့ရှိတဲ့ကိစ္စကိုတောင် မေ့နေလိုက်တာ'

'ဆိုစမ်းပါဦး မမကြီး'

'ကိစ္စကတော့ တခြား မဟုတ်ပါဘူး ကိုအေးသွင်၊ ရှင့်မယားကိစ္စပါပဲ'

'ဟင်... ခင် ဘာဖြစ်လို့တုံး မမကြီး၊ ပြောပါဦး'

'ဘာဖြစ်နေတယ် ဆိုတာကို ကိုအေးသွင်လည်း သိဖို့ကောင်းတယ်ထင်တယ်'

'မမကြီး ပြောလိုက်တာ ကျွန်တော် ကောင်းကောင်း နားမလည်လိုက်ဘူး'

'ခင် တစ်ယောက် တော်တော်ဆိုးနေတယ် ဆိုတဲ့ သတင်းကို ရှင်နားစွန်နားဖျားကလေးလောက်မှ မကြားမိဘူးလား'

'ဘယ်လို ဆိုးတာလဲဟင် မမကြီး၊ ကျွန်တော်တော့ ဘာမှ မကြားမိသေးဘူး'

'အိမ်တကာလည်ပြီး ဖဲရိုက်ရုံတင်မကဘူး၊ အင်းလျားမြိုင် အိမ်မှာလည်း ဖဲဒိုင်ခံနေတဲ့ ကိစ္စကို ရှင် တကယ် မသိဘူးလားဟင်'

'သြော်... ဒီကိစ္စလား၊ ဒါကတော့ မင်းကတော်ချင်း ပေါင်းသင်း

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

ဆက်ဆံရေးလုပ်တဲ့ ကိစ္စဆိုတော့ ကျွန်တော့်အနေနဲ့ တားမြစ်လို့ မတော်ဘူး ထင်တယ် မမကြီး၊ ရန်ကုန်မှာတော့ ဒီကိစ္စဟာ သိပ်ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး'

'ဩော်... ရှင်ကပါ သဘောတူ ခွင့်ပြုထားတဲ့ ကိစ္စကိုး'

'ဒါကတော့ ကျွန်တော့်အထက်က လူကြီး သားမယားတွေကိုယ်တိုင် လုပ်နေ ကိုင်နေကြတဲ့ကိစ္စ ဖြစ်နေတော့ ကျွန်တော့်အနေနဲ့ သိပ်သဘောကျတဲ့ ကိစ္စ မဟုတ်တဲ့တိုင်အောင် ပြောဖို့ဆိုဖို့ ခပ်ခက်ခက်ဖြစ်နေတယ် မမကြီး'

'အခင်ဟာ ဖဲရိုက်တတ်ရုံ ဒိုင်ခံတတ်ရုံတွင်မကသေးဘူး ကိုအေးသွင်၊ အရက်ပါ သောက်တတ်ပြီး အိမ်မှာလည်း သူနဲ့ ဖဲရိုက်ဖော် မင်းကတော်တွေ ကို အရက်နဲ့ ဧည့်ခံနေတယ် ဆိုတာကိုကော ရှင် သိသလား'

'ဒီအထိတော့ ကျွန်တော် မသိရသေးဘူး မမကြီး' ဟုသာ ပြောဆိုခြင်း ပြုလိုက်သော်လည်း ဦးအေးသွင်မှာ ထိုကိစ္စကို များစွာ အရေးတကြီး သဘောထားပုံ မရချေ။ အေးစက်စက်ပင် ဖြစ်လေသည်။

မိမိက စိုးရိမ် ပူပန်၍ အရေးတကြီးနှင့် လေးလေးနက်နက် ပြောဆိုလျက် ရှိသည့်တိုင်အောင် အေးစက်စက်နိုင်လှသော ဦးအေးသွင်၏ အမူအရာကို ကြည့်ရင်း မမကြီးသည် မချင့်မရဲ ဖြစ်နေမိသည်။ ကရုဏာဒေါသောလည်း ဖြစ်မိသည်။ ထို့ကြောင့် 'ရှင် ခုလို အေးစက်စက်လုပ်နေပြီး အခင့်ကို သိပ်ပြီး အလိုလိုက်လို့ မဖြစ်ဘူးထင်တယ် ကိုအေးသွင်။ ကျွန်မ တူမရဲ့ သတ္တိနဲ့ အကြောင်းကို ရှင့်ထက် ကျွန်မက သိထားလို့ ကြိုတင်ပြီး သတိပေးနေတာနော်' ဟု အနည်းငယ် ဒေါသသံကလေး လွှမ်းကာ ခပ်မာမာကလေး ပြောဆိုလိုက်သည်။

ဦးအေးသွင်သည် ဘာမျှ ပြန်ပြောခြင်း မပြုဘဲ အနေရ အထိုင်ရ ကျဉ်းကျပ်လာသကဲ့သို့ စီးကရက် တစ်လိပ်ကို မီးညှိ၍ ဖွာလေသည်။

'ကျွန်မ အရေးတကြီး ပြောချင်တဲ့ကိစ္စကတော့ ဒါပါပဲ ကိုအေးသွင်၊ အဲဒီတော့ ရှင့်မယားကို ရှင်က ချစ်လို့ အလိုလိုက်တာတော့ လိုက်ပါ။ ဒါပေမဲ့ ခုလို တရားလွန်ကြီးတော့ လွှတ်ပေးမထားစေချင်ဘူး။ ဒီလိုသာ ကြာကြာလွှတ်ထားပေးရင် တစ်နေ့ ရှင်ပါ ဒုက္ခရောက်ပြီး အကုန်လုံး ကစဉ့်ကလျား ဖြစ်ကုန်မှာ စိုးရိမ်ရတယ်။ ရှင့်အမေကြီးနဲ့ ခင်မာတူးတို့၊ မောင်မောင်လေးတို့

မောင်နှမကို သနားရင်၊ ပြီးတော့ မယားကလေးကိုလည်း ရှင် တကယ်ချစ်ရင် ကျွန်မ အခုလို သတိပေးတာကို လေးလေးနက်နက် ခဥ်းစားစေချင်တယ်' ဟု ပိမိ စိတ်ထဲတွင် ရှိသမျှကို ပြောလိုက်ရမှ ရင်ထဲတွင် ရှင်းသွားသည်။

ဦးအေးသွင်သည် ၎င်း၏ လက်ပတ်နာရီကို မြှောက်၍ ကြည့်ရင်း 'ရုံးချိန်ကပ်နေလို့ ကျွန်တော် သွားလိုက်ဦးမယ် မမကြီး၊ ခုလို သတိပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ မမကြီး သတိပေးတဲ့အတိုင်းလည်း ကျွန်တော် တတ်နိုင်သလောက် ထိန်းသိမ်းပါ့မယ်။ နောက်ပြီးတော့ ငင်လည်း သားသမီးတွေ ရလာပြီးတဲ့ နောက်ပိုင်းမှာ သူ့ဘာသာသူ ခဥ်းစားတတ်လာပါလိမ့်မယ် ထင်တယ်' ဟု ပြောဆိုစွင့်ဘောင်းကာ အိမ်ပေါ်မှ ဆင်း၍ သွားသဖြင့် မမကြီးသည် ဦးအေးသွင်အား နောက်ပိုင်းမှ ဦးခေါင်း တညိတ်ညိတ်နှင့် လှမ်း၍ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

Pdf - Yaybawal

# အခန်း (၅)

## (၁)

ဦးအေးသွင် ပြန်သွားပြီးနောက် မိမိအနေဖြင့် သူတို့ လင်မယား အတွင်းရေး နှင့် အိမ်ထောင်ရေး ကိစ္စများကို ထိုမျှ ပြောဆိုလိုက်ခြင်းသည် မှားယွင်း၍များ သွားလေမည်လား ဟု မမကြီးသည် သုံးလေးရက်ခန့် ဆက်၍ စဉ်းစားနေမိ သည်။ ၎င်းအပြင် မိမိက အစိုးရိမ်ကြီးသလောက် မိမိ သတိပေး ပြောဆိုသော အကြောင်းအရာများကို ထိုက်သင့်သလောက် အလေးထားပုံ မရသော ဦးအေးသွင် ၏ အမူအရာကိုလည်း အားမလို အားမရ ဖြစ်မိသည်။ ငယ်ရွယ်သော ခင် သည် လူ့လောကအကြောင်း ဘာမျှမသိသေး၍ မိုက်မဲ မှားယွင်းလျက် ရှိသည် ပဲ ထားဘိဦး၊ မယားတစ်ဆက်က နှစ်ဆက် ဖြစ်လာလျက် လူ့ကိစ္စ အတွေ့ အကြုံ အတော်များများ ရှိထားသင့်ပြီ ဖြစ်သော ဦးအေးသွင်အနေနှင့် ဤမျှ လောက် ဆင်ခြင်တုံတရား မနည်းပါးသင့် ဟူ၍လည်း တွေးတောမိသည်။

လူချင်း စ၍ တွေ့ဖူး မြင်ဖူးကတည်းက မမကြီးသည် မုဆိုးဖို ဘဝ နှင့် မယား သေဆုံးပြီးနောက် ငါးနှစ်ကျော်မျှ သိပ်သိပ်သည်းသည်းနှင့် ပိပိရိရိ နေထိုင်ခဲ့သော ဦးအေးသွင်အပေါ်၌ အတော်ကလေး အထင်ကြီး လေးစားခြင်း ရှိခဲ့သည်။ မိခင်အိုကြီးနှင့် လည်းကောင်း၊ အရွယ်မရောက်သေးသော သား ကလေး၊ သမီးကလေးများနှင့် လည်းကောင်း စည်းစည်းလုံးလုံးနှင့် ဣန္ဒြေ ရရ နေထိုင်ခြင်း ပြုခဲ့သော ဦးအေးသွင်အား ဝမ်းထဲမှလည်း ချီးမွမ်းခဲ့မိသည်။ ဦးအေးသွင်ကဲ့သို့ လူတစ်ယောက်ကသာ မိမိအား မေတ္တာမျှဖို့ ပြောဆိုခဲ့လျှင်



*Pdf - Yaybawal*

မိမိအနေနှင့် ကျေကျေနပ်နပ်ကြီးလက်ခံ၍ သူ၏အိမ်တော်ကြီးကို စိုစိုပြည်ပြည် ဖြစ်လာအောင် ထိန်းသိမ်း စောင့်ရှောက်ပေးမည်။ သူ့သားသမီးကလေးများကိုလည်း ကိုယ့်သားသမီးကလေးများကဲ့သို့ လိမ်လိမ်မာမာနှင့် ကြီးပြင်းလာအောင် စောင့်ရှောက်ပေးမည် ဟု စိတ်ကူးထားခဲ့သည်။ သို့ရာတွင် ဦးအေးသွင်က မိမိအား စိတ်ကူးခြင်းမပြုဘဲ မိမိ၏ တူမကလေးကိုသာ လက်ထပ်လိုကြောင်း ဖွင့်ဟ ပြောဆိုသောအခါ လွဲချက်နာလိုက်ရပြီ ဖြစ်သော်လည်း မမကြီးသည် မိမိကိုယ်ကို အနည်းငယ်မျှ ဣန္ဒြေမပျက်စေဘဲ သူတို့ကိစ္စကို အစစအရာရာနှင့် အဘက်ဘက်တွင် အဆင်ပြေအောင် မျက်နှာပူပူနှင့်ပင် ဆောင်ရွက်ပေးခဲ့သည်။ ထိုမျှသာလျှင် မကသေး၊ အိမ်ထောင်ထိန်းသိမ်းမှုကိစ္စကို ဘာတစ်ခုမျှ မည်မည်ရရ မလုပ်တတ်၊ မကိုင်တတ်ရုံမျှသာမက ဘာမှန်းလည်း နားမလည်သေးသော မိမိ၏ တူမကလေးနှင့် သူ၏ အိမ်ထောင်ကြီး အဆင်ပြေပါစေတော့ ဟူသော စေတနာ ဗရပွနှင့် မမကြီးသည် သူတို့ လင်မယား ညားခါစ သုံးလေးလအထိ အလုပ်ပျက် အကိုင်ပျက်ခံကာ သူတို့အိမ်သို့ တကူးတကန့်သွားရောက်၍ လုပ်ကိုင်ပြသစရာ ရှိသမျှကို လုပ်ကိုင်ပြသပေးခဲ့သည်။ ထိုသို့ မိမိက အစိုးရိမ်ကြီး၍ စေတနာထားကာ အနစ်နာခံ ဆောင်ရွက်လုပ်ကိုင်ပေးခဲ့သော်လည်း မိမိ၏ စေတနာကို ဝေဒနာဖြစ်အောင် မိမိ၏ တူမ အရင်းခေါက်ခေါက်က ကလန်ကဆန် လုပ်လိုက်သောအခါ၊ မမကြီးသည် မိမိကိုယ်တိုင် အုပ်ချုပ် ထိန်းသိမ်း၍ အပျိုကြီးဖားဖားဖြစ်အောင် မွေးမြူလာခဲ့ရသော တူမဖြစ်သူအပေါ်၌ မျက်နှာချင်း မဆိုင်ချင်တော့လောက်အောင် စိတ်ပျက်သွားခဲ့ရသည်။ ရင်ထဲ၌လည်း နာခဲ့ရသည်။ သို့ရာတွင် မိမိ ထိုသို့ ခံလာခဲ့ရသော ကိစ္စကို အခြားသူများ သိရှိသွားလျှင် စိတ်မကောင်းဖြစ်ကြမည့်အရေးကို တွေးမိ၍ မည်သူ တစ်ဦး တစ်ယောက်ကိုမျှ အသိမပေးဘဲ မိမိဘာသာ တစ်ယောက်တည်း ကြိတ်၍ ခံခဲ့သည်။ မမကြီးသည် ထိုသို့ လင်မယားအတွက်နှင့် ထိုသို့ တစ်ဖက်သတ် ခံလာခဲ့ရသော်လည်း သူတို့ လင်မယားအပေါ်၌ ထားရှိခဲ့သော စေတနာရင်းကား လျော့ပါးခြင်း မရှိချေ။ သူတို့အိမ်သို့ ဆက်၍ သွားမြဲသွားနေလျှင် သူ့မယားနှင့် တစ်နေ့သောအခါ အော်ကြီးဟစ်ကျယ် ဖြစ်လာနိုင်စရာအကြောင်းကို လူကြီးပီပီနှင့် ချင့်ချိန် စဉ်းစား၍ လမ်းဖြတ်ထားခဲ့သော်လည်း သူတို့အိမ်သတင်းနှင့် သူ့မယား သတင်းကို အမြဲတစေ နားစွင့်လျက်သာ ရှိခဲ့သည်။



Pdf - Yaybawal

ထိုသို့ အင်းလျားမြိုင် အိမ်သို့ လမ်းဖြတ်ကာ သတင်းကိုသာ နားစွင့်နေခဲ့သော ကာလများအတွင်း ခင့်အကြောင်းနှင့် ပတ်သက်၍ ဆိုးဆိုးဝါးဝါး သတင်းများကိုသာ တစ်ခုပြီးတစ်ခုဆိုသလို ဆက်တိုက်သာ ကြားနေခဲ့ရသည်။ အကယ်၍ ခင်သည် ထိုရက်များအတွင်း ကံဘဲ့အိမ်သို့ လာရောက် လည်ပတ်ခြင်း ရှိခဲ့လျှင် မမကြီးသည် အဒေါ်လုပ်သူ အနေနှင့် ဘာပဲဖြစ်ဖြစ် မိမိ၏တူမကို သတိပေး ဆူပူခြင်း ပြုမည်သာ ဖြစ်လေသည်။

သို့ရာတွင် ခင်သည် မိမိကို မတွေ့ချင်လိုသည်တိုင်အောင် သူ့အဖေ အရင်းခေါက်ခေါက် တစ်ယောက်လုံး ရှိနေသေးသော ကံဘဲ့အိမ်သို့ပင် တစ်ခါတစ်ခေါက်မျှ လာရောက်ရမှန်း မသိသကဲ့သို့ လမ်းဖြတ်ထားလေသည်။ ထို့ကြောင့် မမကြီးသည် မိမိအနေနှင့် ထိုကိစ္စများကို သတိပေး ပြောဆိုခြင်း ပြုရန်အတွက် အင်းလျားမြိုင်သို့ သွားရတော့မလိုလို၊ မသွားဘဲ နေလိုက်ရတော့ မလိုလိုနှင့် မဝေခွဲ မဆုံးဖြတ်နိုင်ဘဲ ရှိနေခိုက်၊ ချွေးမ လုပ်သူ၏ အကြိမ်ကြိမ် စော်ကားမှုကို မခံမရပ်နိုင်တော့၍ မိမိအား အားကိုးအားထားပြု၍ တိုင်ကြားပြောဆိုရန်အတွက် ကံဘဲ့သို့ တကူးတကန့်ပင် လာရောက်ရှာသော ၎င်း၏ မိခင်အား ကားဖြင့် လိုက်ပို့ပေးရင်း ဦးအေးသွင်သည် ကံဘဲ့အိမ်သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။ ထိုအခွင့်အရေးကို မမကြီးသည် ချက်ကောင်းယူ၍ အသုံးချလိုက်ပြီ ဖြစ်သော်လည်း ဦးအေးသွင်၏ အေးစက်သော တုံ့ပြန်မှုကို ကြည့်၍ အားမလို အားမရ ဖြစ်ရပြန်သည်။ မိမိ အထင်ကြီးခဲ့သလောက် လေးလေးနက်နက် မရှိလှသော ဦးအေးသွင်၏ အပေါ်၌လည်း စိတ်ပျက်မိသည်။ စိတ်ပျက်ရုံမျှသာမက ထိုလင်မယား ထိုအတိုင်းသာ သွားနေလျှင် တစ်နေ့ ကျည်ပွေ့ တွေ့မည်ကိုလည်း လှမ်းမြင်နေမိသည်။

ဤသို့ ဦးအေးသွင် ပြန်သွားပြီးနောက် သုံးလေးရက်ခန့် ဆက်၍ ၎င်းတို့ လင်မယား သားအမိတစ်တွေ၏ ရှေ့ရေးကို တွေးတော ပူပန်နေခိုက် ခင်သည် မမျှော်လင့်ဘဲ ကံဘဲ့အိမ်သို့ ၎င်းတို့အိမ်မှ ကားနှင့် တစ်နေ့ခင်းတွင် ဗြုန်းခနဲ ပေါက်လာသည်။ ဦးအေးသွင်ကား ရုံးတက်နေသဖြင့် ပါမလာချေ။ အိမ်မှ ဒရိုင်ဘာက ကားကို မောင်းလာ၏။

အိမ်ပေါ်သို့ တက်လာကတည်းက မျက်နှာ များစွာ မကောင်းလှသော ခင်၏ အနေအထားကို မမကြီးသည် လှမ်း၍ သတိပြုလိုက်မိသည်။ ထို့ကြောင့်

မိမိက လူကြီးပင် ဖြစ်သော်ငြားလည်း ဧည့်သည်လို ဖြစ်နေပုံရသော ခင့်အား 'အစ်ကိုကြီး နေမကောင်းတာ ကြားလို့ မေးရအောင် လာတာလား အခင်'ဟု ဦးနောက်သွေးတိုး များသဖြင့် အနည်းငယ် မူးဝေ၍နေသော ခင့်ဖခင်ဖြစ်သူ အကြောင်းကို ပြောဆိုရင်း နှုတ်ဆက် မေးမြန်းလိုက်၏။

'ဟင်... ဖေဖေ နေမကောင်းတာကို ဘယ်သူမှလည်း အကြောင်းမကြား ပါလား'ဟု ခင်က အပြစ်တင်လိုသော လေသံဖြင့် ပြောဆိုပြီးနောက် ဧည့်ခန်း လယ်ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။

'အစ်ကိုကြီး လေးငါးရက်လောက်ကတည်းက မူးမူးနေလို့ ဒေါ်လေး တောင် ခွင့်ယူထားရတယ်။ ဒါပေမဲ့ သိပ်ပြီး စိုးရိမ်စရာလည်း မဟုတ်လို့ အခင်တို့ဆီကို အကြောင်းမကြားသေးဘဲ နေတာပါ'မမကြီးသည် လက်ထဲ မှ သတင်းစာကို ဘေးသို့ ချထားလိုက်ရင်း၊ မိမိအပေါ်၌ စိတ်မကျေသေးဟန် တူသော တူမ လုပ်သူကို အကျိုးအကြောင်း ရှင်းလင်းပြောပြရလေသည်။

ခင်သည် ဖခင်လုပ်သူ၏ ကျန်းမာရေးထက် ၎င်းအတွက် အခြားအရေး ကြီးနေသော ကိစ္စတစ်ခုခုကို ပြောဆိုရန် ရှိသကဲ့သို့ 'ဒါထက် ဖေဖေ အိပ် ပျော်နေသလားဟင်'ဟု အကြောင်းအရာသစ်သို့ လွှဲပြောင်းမေးမြန်းလိုက်၏။

'ခုတင်ကလေးကပဲ အိပ်ပျော်သွားတယ်နဲ့ တူတယ်။ ဒါထက် တစ်လော က ကိုအေးသွင် အိမ်ဝင်သွားရင်း အခင် အိပ်ရာက အထ ရုတ်တရက် မူးပြီး လဲကျသွားတဲ့အကြောင်း ပြောပြလို့ ဒေါ်လေးတောင် တော်တော်ကလေး စိတ်ပူလိုက်ရသေးတယ်။ နောက်တော့မှ အခင် တစ်ယောက် ကလေးအမေ ဖြစ်တော့မယ့်အကြောင်း ရှင်းပြတော့မှ စိတ်အေးသွားရတယ်ကွယ်'ဟု တူမ ဖြစ်သူ၏ မျက်နှာရိပ် မျက်နှာကဲကို မသိမသာ အကဲခတ်ရင်း မမကြီးက ပြောဆိုသည်။

'ခင် ကနေ့ ဒေါ်လေးဆီကို လာတာ ဒီအကြောင်းကို ပြောချင်လို့တော့ မဟုတ်ဘူး။ တခြား အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြောချင်လို့'တူမ လုပ်သူ က မျက်နှာအနေအထားကို ခပ်တင်းတင်း ခပ်မာမာထားကာ ပြောဆိုလိုက် သဖြင့် အဒေါ်ဖြစ်သူ မမကြီးသည် ရင်ထဲတွင် ဖိုခနဲ ဖြစ်၍သွားသည်။ "တခြား အရေးကြီးတဲ့ကိစ္စတစ်ခု"ဟု ဆိုသည်မှာ အဘယ်နည်း။ သူ့အမေ သေဆုံး သွားပြီး ဆယ့်သုံးလေးနှစ်သမီး အရွယ်မှစ၍ မိမိကသာ ထိန်းသိမ်းအုပ်ချုပ်ခဲ့၊

ဆုံးမလာခဲ့ရသော တူမကလေးကို မမကြီးသည် မျက်နှာပင် မကြည့်ရဲအောင် ဖြစ်လာသည်။ "ဘာအရေးကြီးတဲ့ကိစ္စလဲဟေ့ အခင်" ဟု ပြန်၍ မမေးနိုင်လောက်အောင် နှုတ် အ နေလေသည်။

'ဟိုတစ်လောက ကိုကိုဟာ ဒေါ်လေးတို့အိမ် ဝင်သွားတယ်ဆိုတာက သူ့သဘောနဲ့သူ ဝင်သွားတာလား၊ ဒါမှမဟုတ် ဒေါ်လေးက မှာလို့ ဝင်လာရတာလားဆိုတာ အခင် သိပါရစေ' ဟု ခင်က တိတိကျကျ မေးမြန်းလိုက်ပြီးနောက် စောစောက မမကြီး ချထားသော သတင်းစာကို လှမ်း၍ ဆွဲယူကာ ဖတ်နေလိုက်သည်။

မမကြီးသည် ထိုသို့ ရုတ်တရက် အမေးအမြန်းခံလိုက်ရသည့်အတွက် မျက်စိပျက် မျက်နှာပျက် ဖြစ်သွားလေသည်။ ခင်သည် ထို မေးခွန်းကို အဘယ့်အတွက် နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းနေခြင်း ဖြစ်သနည်း။ ရိုးသားသော မမကြီးသည် ထိုမေးခွန်း၏ ဦးတည်ချက်ကိုလည်း စဉ်းစားမိဟန် မရှိချေ။

'ကိုကိုကတော့ ဒေါ်လေးက မှာလိုက်လို့ လာရတယ် ပြောပါကလား။ အဲဒါ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ခင် သေသေချာချာ သိချင်လို့' ခင်သည် မမကြီး၏ အဖြေကို သည်းညည်းခံ စောင့်ဆိုင်းခြင်း မပြုလိုတော့သကဲ့သို့ မိမိဘာသာ ဖြေကြား ပြောဆိုပြီးနောက် မေးခွန်းအသစ်တစ်ခုကို ထုတ်ပြန်လိုက်ပြန်သည်။

မိမိက သားမယားဖြစ်သူကို ဆုံးမတန်သရွေ့ ဆုံးမခြင်း ပြုရန်အတွက် သတိပေးလိုက်ခြင်းကို ထိုသူသည် မယားလုပ်သူအား ဆုံးမရကောင်းမှန်းနားမလည်ဘဲ မိမိ သတိပေး ပြောဆိုလိုက်သော စကားများကို မယားကလေးအား တစ်လုံးမကျန် သံတော်ဦးတင်လေပြီ ဖြစ်ကြောင်း မမကြီးသည် ရိပ်မိစပြုလာသည်။ ငယ်ရွယ်သော မယားကသာ မဟုတ်၊ သေခါနီး ယောကျ်ားဖြစ်သူကလည်း မိမိ၏စေတနာကို ဝေဒနာဖြစ်အောင် လုပ်ပြန်လေပြီဟု စဉ်းစားမိကာ မမကြီးသည် တော်တော်ကလေး စိတ်မချမ်းမသာ ဖြစ်မိသည်။

'ခင် မေးတာကို ဖြေပါဦး ဒေါ်လေး' ဟု ခင်က အဖြေကို အပူတပြင်းတောင်းဆိုခြင်း ပြုလေသည်။

မိမိက စေတနာထားရှိသလောက် မိမိအား ဆန့်ကျင်ဘက်ချည်းသာ တုံ့ပြန်လျက်ရှိနေသော ကမ္ဘာကြီးတစ်ခုလုံးကိုပင် မမကြီးသည် စိတ်ကုန်ခန်း



Pdf - Yaybawal

လျက် ရှိသည်။ ထို့ကြောင့် ခင်၏ မေးခွန်းကို ပြန်လည် ဖြေကြားရန်အတွက် အနည်းငယ်မျှပင် အရေးမထားမိတော့ချေ။

'ခင် မေးနေတာကို ဒေါ်လေး မဖြေနိုင်ဘူး မဟုတ်လား' ဟု ခင်က သတင်းစာကို စားပွဲပေါ်သို့ ပြန်၍ ပစ်ချရင်း မေးလိုက်ပြန်သည်။

မိမိကသာ မေးခွန်းထုတ်ခဲ့ရသော တူမ လုပ်သူက မိမိအား မာရေကျောရေ မေးခွန်းပြန်ထုတ်နေသည့်အတွက် မမကြီးသည် ယူကျုံးမရဖြစ်ကာ မျက်ရည်များပင် ဝိုင်း၍ လာလေသည်။

'ဒေါ်လေး မဖြေနိုင်ရင်လည်း ဖြေဖို့ မလိုပါဘူး။ ဘာပြုလို့လဲဆိုတော့ ဒီမေးခွန်းကို မမေးခင်ကတည်းက ဒေါ်လေး ဖြေနိုင်မှာ မဟုတ်ဘူးဆိုတာကို ခင် သိပြီးသားပါ' ဟု ခင်က တစ်ဆင့်ထက်တစ်ဆင့် ကဲတက်၍ လာသောအခါ မမကြီးသည် နှုတ်ပိတ်နေ၍ မဖြစ်တော့သကဲ့သို့ 'တော်ပါတော့ အခင်၊ ဒေါ်လေး စိတ်ရှုပ်လွန်းလို့ပါကွယ်' ဟု ပြောဆို ဟန့်တားလိုက်မိသည်။

'ဟိုအရင် ဒေါ်လေး ခေါင်းကိုက်လို့ ကိုကိုက ဒေါ်လေးအတွက်ရော ခင့်အတွက်ပါ အိုဒီကလုံးရေမွှေး ဝယ်ပေးလိုက်တုန်းကတည်းက ခင့်အပေါ်မှာ ဒေါ်လေး ထားခဲ့တဲ့ စေတနာကို ခင် ကောင်းကောင်း နားလည်ပြီးသားပါ'

'ဘာတွေ တောင်ရမ်း လျှောက်ပြောနေတာလဲ ခင်၊ တော်ကြာ အစ်ကိုကြီး အိပ်ရာက နိုးသွားပါ့မယ်ကွယ်'

'ဒေါ်လေးအတွက် ဝယ်ပေးလိုက်တဲ့ ရေမွှေးပုလင်းကိုတော့ အသာကလေး ယူထားလိုက်ပြီး ခင့်အတွက် ဝယ်ပေးလိုက်တဲ့ ရေမွှေးပုလင်းကိုတော့ ကိုကို့ကို အတင်းပြန်အပေးခိုင်းခဲ့တာက ဘာသဘောလဲဆိုတာ ဒေါ်လေး ရှင်းပြနိုင်ရဲ့လား'

ယခုကဲ့သို့ ခင်က ရာဇဝင် အရင်းအမြစ်နှင့်တကွ အန်ထုတ်လိုက်တော့မှပင် မမကြီးသည် မိမိ ဆိုက်ရောက်နေရသော ဘဝနှင့် အခြေအနေတို့ကို ကောင်းကောင်းကြီး သဘောပေါက် နားလည်လာရတော့သည်။ ထိုသို့ သဘောပေါက် နားလည်လာရသည်နှင့်အမျှ တစ်သက်နှင့်တစ်ကိုယ် အရှက်ကြီးရှက်၊ အဝမ်းနည်းကြီး ဝမ်းနည်းကာ ဘာတစ်ခွန်းမျှလည်း ပြန်လည်၍ ရှင်းလင်းပြောဆိုခြင်း မပြုနိုင်တော့ချေ။ ဒလဟော ကျဆင်းလာသော မျက်ရည်များကိုသာ တွင်တွင်ကြီး သုတ်နေရတော့သည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'ဒေါ်လေးကို ခပ်ဘွင်းဘွင်းပဲ ဖွင့်ပြောလိုက်တော့မယ်။ ကိုကို့လို ကလေး နှစ်ယောက်နဲ့ မုဆိုးဖိုကြီးမျိုးကို ခင်လို ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းကလေး တစ်ယောက်က လက်ထပ်ယူခဲ့တာဟာ အင်မတန် ချစ်လှ ကြိုက်လှလို့တော့ မထင်လိုက်ပါနဲ့ ဒေါ်လေး။ ဒေါ်လေး အငမ်းမရဖြစ်ပြီး ခင့်အပေါ်မှာ မနာလို တွန့်တိုခဲ့တာတွေကို အင်မတန် မခံချင်လွန်းလို့ သက်သက်မဲ့ အရွဲ့တိုက်ပြီး ဇွတ်ဆွဲယူလိုက်တာ။ ခင့်လို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက် အတွက် လင် မရှားပါဘူး' ခင်သည် ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး ပြောဆို လျက် ရှိရာမှ အနည်းငယ် စိတ်ထွက်လာသကဲ့သို့ အသံသည် အနည်းငယ် ကျယ်လောင်၍ လာသောကြောင့် 'တိုးတိုးပြောပါ အခင်ရယ်၊ အစ်ကိုကြီးက အစ တခြား ဘယ်သူမှ ကြားသွားလို့ တော်တဲ့ကိစ္စ မဟုတ်ပါဘူးကွယ်'ဟု ပြောဆိုခြင်း မပြုရန် ပိတ်ပင်တားမြစ်၍ ဩဇာမရှိသည့် အဆုံး၌ မမကြီးသည် တိုးတိုးတိတ်တိတ် ပြောဆိုခြင်းပြုရန် တူမ ဖြစ်သူကို မျက်ရည်စက်လက်နှင့် တောင်းပန်ရသည်။

'ဒေါ်လေးလည်း တက္ကသိုလ်ကျောင်းကြီးထွက် မိန်းမ ပညာတတ်ကြီး တစ်ယောက်ပါ။ လောကကြီးမှာ လင် ဒါလောက်လည်း မရှားသေးပါဘူး'

'တော်ပါတော့ အခင်၊ ညည်း ပြောနေတာတွေဟာ တစ်ခုမှ မဟုတ် ဘူး'

'တစ်ခုမှ မဟုတ်လို့သာ တော်သေးတာပေါ့'

'တော်တော့ အခင်၊ ညည်း ပြောနေတာတွေ ဒေါ်လေး နားရှက်လွန်း လို့ပါ'

'ဩော်... ဒေါ်လေးက နားရှက်ရမှန်း သိလာမှကိုး။ ဒါထက် တစ်လောက ကိုကို့ကို ဒေါ်လေးက ခင် မသိအောင် တစ်ယောက်တည်း တိုးတိုးတိတ်တိတ် မှာတာကတော့ ဘာသဘောလဲဟင်၊ ခင် မသိလို့ မေးစမ်းပါရစေဦး'

'ညည်း ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး အခင်၊ ဒါပဲ ဒေါ်လေး ပြောတတ်တော့တယ်'

'ခင်တို့ လင်မယား သင့်သင့်မြတ်မြတ်နဲ့ ချစ်ချစ်ခင်ခင် ပေါင်းနေ သင်းနေတာကို ကြည့်မနေနိုင်လို့ ဟိုလူကြီးကို လက်သိပ်ထိုး ခေါ်ပြီး လင် မယားအကြား ဘာတွေ ပြောလွှတ်လိုက်ရတာလဲဟင်။ ဟို လူကြီးကလည်း



Pdf - Yaybawal

ဘယ်လို စေတနာ၊ ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ပြောတယ်ဆိုတာကိုတောင် ခေါင်းစားတတ်ဘဲ အိမ်ပြန်လာပြီး ခင့်ကို ဂူးဂူးဝါးဝါး လုပ်နေလိုက်သေးတယ်။ ဒါတွေအားလုံး ဒေါ်လေး ဉာဏ်ချည်း မဟုတ်လား'

မိမိက ဖြူစင် သန့်ပြန့်သော စေတနာကို ဝေဒနာဖြစ်အောင် လင်ရော မယားပါ ပြုလုပ်လိုက်ကြရုံနှင့် မတင်းတိမ်နိုင်ကြသေးဘဲ ယခုတစ်ဖန် မယား အမိုက်အမဲကပါ မိမိအား အထင်အလွဲကြီးလွဲကာ ထင်မိထင်ရာ တစ်ဖက်သတ် ဒွပ်စွဲ ပြောဆိုနေခြင်းကို မမကြီးသည် ပြန်လှန် ချေပခြင်းနှင့် ဆက်လက် နားထောင်ခြင်း မပြုနိုင်တော့သဖြင့် ထိုင်နေရာမှ ဖြုန်းခနဲ ထ၍ မိမိအခန်းထဲ သို့ ပြေးဝင်လာခဲ့ပြီးနောက် အိပ်ရာထက်တွင် ကိုယ်ကို ပစ်လှဲချလိုက်ရ၏။

စိတ်ကျေနပ်လောက်အောင် ပြောဆိုပြီးနောက် ခင်သည် ကံဘဲ့အိမ်မှ မော်တော်ကားနှင့် ထွက်၍သွားသောအခါ မမကြီးသည် ၎င်း၏ အိပ်ရာထက် တွင် လူးလိမ့်ရင်း ကျန်ရစ်ခဲ့လေသည်။ လူသူမကြားသော်လည်း ကျိတ်၍ ငိုနေရသည်။

(၂)

ခင်ကိုယ်တိုင် ကံဘဲ့အိမ်သို့ ရေးကြီးသုတ်ပျာ လိုက်လာပြီး တစ်ဖက်သတ် စွပ်စွဲ ပြောဆို၍ ကက်ကက်လန်အောင် ရန်တွေ့ မောင်းမဲခြင်းကို ဖြုန်းခနဲ ခံလိုက်ရပြီးနောက် မမကြီးသည် များစွာ တုန်လှုပ် ချောက်ချားလျက် ရှိလေ ၏။ ၎င်း၏ တစ်သက်နှင့် တစ်ကိုယ်တွင် ဤကဲ့သို့ တုန်လှုပ် ချောက်ချား ခြင်းနှင့် စိတ်၏ လှုပ်ရှားခြင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့၊ မကြုံခဲ့ ဖူးချေ။ ထိုအဖြစ်မျိုးကိုလည်း တွေ့ကြုံရလိမ့်မည် ဟူ၍ ဘယ်တုန်းအခါကမျှ မထင်မှတ် မမျှော်လင့်ခဲ့မိပေ။ ထိုသို့ ဖြစ်ပွားခဲ့သော ကိစ္စနှင့် အဖြစ်အပျက်ကို ဘေးလူ မည်သူ တစ်ဦးတစ်ယောက်မျှသာ မသိရှိလိုက်သော်လည်း တစ်နည်း မဟုတ်လျှင် တစ်နည်းနည်းဖြင့် ဘေးလူ တစ်စုံတစ်ယောက်များ သိရှိသွား လေမည်လားဟု အစိုးရိမ်ကြီး စိုးရိမ်လျက် အသိတစ်ယောက်ယောက်ကို တွေ့ သောအခါတိုင်း မမကြီးသည် မလုံမလဲ ဖြစ်နေသည်။ သိမ်သိမ်ငယ်ငယ် ဖြစ်နေသည်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံမလဲဖြစ်ကာ မျက်နှာမထားတတ်အောင်၊ မဖော်ဝံ့အောင် အရှက်ကြီး ရှက်နေမိသည်။



Pdf - Yaybawal

ဤကဲ့သို့ လူကြားမကောင်း၊ သူကြားမကောင်းလောက်အောင် တူဝရီး အရင်းခေါက်ခေါက်အကြားတွင် ဆိုးဆိုးဝါးဝါး ဖြစ်ပွားခဲ့ရသော ကိစ္စကို မမကြီးသည် တော်တော်နှင့် မေ့ပျောက်၍သော် လည်းကောင်း၊ ဖျောက်ဖျက်၍သော် လည်းကောင်း မရချေ။ ထိုသို့ ဖြစ်ပွားခဲ့ပြီးနောက် သုံးလေးလခန့် အတွင်း ထိုအကြောင်းကို မတွေးမိသောနေ့၊ မစဉ်းစားမိသောနေ့ ဟူ၍ မရှိသလောက် ဖြစ်သည်။ ထိုကိစ္စကို မေ့ပျောက်ပစ်လိုက်ရန် အဘယ်သို့ သတိဝီရိယ ထားရှိကာ အားထုတ်ထုတ်၊ အားထုတ်ခြင်း ပြုသည်နှင့်အမျှ ပို၍ပို၍သာ စဉ်းစားမိလျက်သား ဖြစ်နေသည်။ နေ့အချိန်များဘက်တွင် ကျောင်းတာဝန်နှင့် လည်းကောင်း၊ အိမ်ကိစ္စနှင့် လည်းကောင်း ပြေးလွှား လှုပ်ရှားနေရသောကြောင့် များစွာ အနှောင့်အယှက် မဖြစ်လှသော်လည်း လူခြေတိတ်၍ ညအိပ်ရာဝင်သော အချိန်နာရီများတွင်ကား ကြီးစွာသော အနှောင့်အယှက်နှင့် တွေ့ကြုံရလေသည်။

မမကြီးသည် ညညဘက်များတွင် တော်တော်နှင့် မအိပ်နိုင်ချေ။ ဖြူစင်သန့်ပြန့်သော အိပ်ရာထက်တွင် သက်သက်သာသာ လဲလျောင်း မှေးစက်နေရသော်လည်း လှိုင်းလေထန်ပြင်း၍ ကမ်းမမြင်သော ပင်လယ်ပြင်၌ ရုန်းကန်ကူးခတ်နေရသည်နှင့်မခြား မောပန်း လှိုက်ဖိုနေရသည်။ မိမိအား ယင်းသို့ ဒုက္ခပေးလျက်ရှိသော အာရုံများကို အဘယ်သို့ပင် ကြိုးစား၍ ဖြတ်ဖြတ်၊ ကြိုးစား၍ ဖြတ်လေလေ ပို၍ ပို၍ ဆိုးလာလေလေ ဖြစ်နေသည်။

မိမိကသာ လူလားမြောက်အောင် ထိန်းသိမ်း အုပ်ချုပ်ခဲ့ရပြီးနောက် မိမိကပင် စီစဉ်၍ လင်သား ပေးစားခဲ့ရသော တူမ အရင်းခေါက်ခေါက်ဖြစ်သူက မိမိအား ပြန်လှန် အာခံကာ လင်လုဘက်အနေနှင့် နင့်နင့်သီးသီး စွပ်စွဲပြောဆိုသွားခဲ့သော စကားများကို ကြားယောင်ကာ အသည်းနှလုံးကို လှံနှင့်ထိုးဆွသကဲ့သို့ အခံရကျပ်လျက် ရှိလေသည်။ သက်ပြင်းကို မကြာခဏ ချနေပြီးလျှင် အိပ်ရာထက်တွင် ငါးဖယ်ပုံသလို ပုံနေရသည်။ “ဒေါ်လေး အငမ်းမရ ဖြစ်ပြီး ခင့်အပေါ်မှာ မနာလို ဝန်တိုခဲ့တာတွေကို အင်မတန် မခံချင်လွန်းလို့ သက်သက်မဲ့ အရွဲ့တိုက်ပြီး ဖွတ်ဆွဲယူလိုက်တာ။ ခင့်လို ငယ်ငယ်ရွယ်ရွယ် မိန်းကလေး တစ်ယောက်အတွက် လင် မရှားပါဘူး” ဟု ရန်စွယ်ငေါငေါနှင့် ပြောဆိုသွားခဲ့သော စကားများသည် တူမကလေးတစ်ယောက် ဟူ၍ များစွာ စေတနာထားရှိခဲ့သော မမကြီးအတွက် အသည်းခိုက်စရာ ဖြစ်နေသည်။



Pdf - Yaybawal

ခင် စွပ်စွဲ ပြောဆိုခြင်း ပြုသကဲ့သို့ မိမိအနေနှင့် ဦးအေးသွင်အပေါ်၌ ဘာကယ်ပင် အငမ်းမရ ဖြစ်ခဲ့သလော။ ထို စွပ်စွဲချက်ကို မမကြီးသည် ဦးခေါင်း အေးအေးထား၍ ပြန်လည် စဉ်းစားကြည့်မိသည်။ မိမိနှင့် ဦးအေးသွင်သည် သက်တူရွယ်တူများ ဖြစ်ကြသည့်အလျောက် အိမ်သို့ လာရောက် လည်ပတ်စဉ် အခါများက မိမိကပင် လူကြီးလုပ်၍ ဧည့်ခံခြင်း၊ စကားလက်ခံ ပြောဆိုခြင်း ၁သော အိမ်ရှင်ဝတ္တရားများကို ဆောင်ရွက်ခဲ့သည်ကား အမှန်ဖြစ်သည်။ မိမိ နှင့် ဦးအေးသွင်တို့ လူကြီးစကားများ ပြောဆိုနေကြခိုက် ခင်သည် မကြာခဏ ကလေးစကားများကို ဝင်ရောက် ပြောဆိုခြင်း ပြုတတ်သဖြင့် အိမ်ရှင်လူကြီး အနေနှင့် ခင့်ကို ဟန့်တား ပိတ်ပင်ခြင်း ပြုခဲ့မိသည်များလည်း ရှိလေသည်။ ဤသို့ လူကြီးတစ်ယောက်အနေနှင့် လူကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည့် အတွက် ခင်က မိမိအား ၎င်းအပေါ်တွင် မနာလို တွန့်တိုခဲ့သည်ဟု စွပ်စွဲ ပြောဆိုသွားခြင်း ဖြစ်ပါက ဘာမျှ မတတ်နိုင်ချေ။ နောက်ဆုံး ဤအချက် အလက်များကို မခံချင်လှ၍ ဦးအေးသွင်အား အရွဲ့တိုက်သည့်အနေနှင့် ဇွတ် ဆွဲယူလိုက်ခြင်း ဖြစ်သည်ဟု ခင်က ဖွင့်ထုတ် ပြောဆိုသွားသည်။ ခင် ပြောသည့် အတိုင်းသာ မှန်ပါက ခင်နှင့် ဦးအေးသွင်တို့၏ အနာဂတ်အရေးသည် ရင်လေး စရာပင် ဖြစ်တော့သည်။ အဒေါ်ဖြစ်သူနှင့်သာ သင့်လျော်သည့် ဦးလေးအရွယ် လောက် လူကြီးတစ်ဦးကို ချစ်၍ ကြိုက်၍လည်း မဟုတ်ပါပဲ အဒေါ် လုပ် သူအား မခံချင်၍ အရွဲ့တိုက်သည့်သဘောဖြင့် အတင်းဖမ်းဆွဲ၍ လင် လုပ်သော အိမ်ထောင်ရေးသည် ခရီးရှည်သွား၍ ဖြစ်နိုင်ပါဦးမည်လော။ မိမိတို့ တူဝရီး အတွက်သာမက ဦးအေးသွင်နှင့်တကွ သူ့အိမ်ထောင်ကြီး တစ်ခုလုံးအတွက်ပါ တလွဲတချော်စီ ဖြစ်သွားခဲ့ရသော အဖြစ်အပျက်များ၏ အကြောင်းရင်းကို မမကြီးသည် ယခုမှပင် အမှန်အတိုင်း သိရှိ နားလည်လာလေသည်။ သို့ရာတွင် ထိုကိစ္စကြီးသည် လွန်ခဲ့ပြီ ဖြစ်၍ ပြန်ဆုတ်နိုင်သော ကိစ္စမျိုးလည်း မဟုတ် သဖြင့် လာမည့်ဘေးဒဏ်ကို ခံနိုင်ရည်ရှိဖို့အတွက်သာ ပြင်ဆင်ဖို့ လိုလိမ့် မည်။ ယခုကပင် မမကြီးသည် ထိုဘေးဒဏ်၏ ဖိစီးခြင်းကို အလူးအလိမ့် ခံနေရပြီ ဖြစ်သည်။ ၎င်းအပြင် ဤမျှနှင့် မပြီးစီးသေးဘဲ ရှေ့လျှောက် အဘယ် ကဲ့သို့သော အပေါင်းအဖော်များနှင့် ထပ်မံလာရောက် လည်ပတ်ကြဦးမည့် အရေးကိုလည်း ကြိုတင်၍ မသိရှိနိုင်သေးချေ။ မမကြီးကဲ့သို့ပင် ဦးအေးသွင်

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

၏ မိခင်လုပ်သူသည်လည်း ထိုဘေးဒဏ်၏ နှိပ်စက်ခြင်းကို အနည်းနှင့်အများ ခံစားနေရပြီ ဖြစ်သည်ကို မမကြီးသည် စဉ်းစားမိလေသည်။ တစ်လောက ပင် ထိုအဘွားကြီးအိုသည် ၎င်းထံသို့ မျက်ရည်ကလေးစစနှင့် လာရောက်၍ ငိုချင်း ချသွားခဲ့ပြီ မဟုတ်ပါလော။

မမကြီးသည် ငယ်ငယ်ရွယ်ရွယ်နှင့် အလှအပကို တပ်မက်သော ဦးအေးသွင်နှင့် အဒေါ်လုပ်သူကို မခံချင်သောစိတ်နှင့် တမင် အရွဲ့တိုက်လိုက် သည်ဆိုသော ခင်တို့၏ အိမ်ထောင်ရေးကို ဆက်လက်၍ မတွေးဝံ့အောင် ဖြစ် လာသည်။ မိမိအား လင်ရော မယားကပါ တစ်မျိုးတစ်ဖုံစီ နှိပ်စက် ညှဉ်းဆဲ သွားခဲ့ကြသည်တိုင်အောင် မမကြီးသည် မေတ္တာမပျက်နိုင်သေးချေ။ မိမိ ခံနေ ရသော အနာကိုပင် မေ့လျော့ကာ သူတို့ လင်မယား အိုအောင်မင်းအောင်မှ ပေါင်းရပါ့မည်လား ဆိုသော အရေးကိစ္စအတွက် မစားနိုင်၊ မအိပ်နိုင် ကြောင့်ကြ ပူပန်နေရပြန်သည်။

ဤသို့ တူဝရီး နှစ်ယောက်အကြားတွင် ဘေးလူ ကြား၍မှ မတော် လောက်အောင် ဆိုးဆိုးဝါးဝါး ဖြစ်ပွားခဲ့ပြီးနောက် လေးလသာသာခန့်အကြာ တစ်နေ့သော ညနေခင်းတွင် ဦးအေးသွင်၏ မိခင်ကြီးသည် ၎င်း၏ မြေး နှစ်ယောက်နှင့်အတူ ကံဘဲ့အိမ်သို့ ပြုန်းခနဲပေါက်၍လာသည်။ မြေးများကိုပါ မခေါ်စဖူး ခေါ်လာသောကြောင့် ရိုးရိုးသားသားပင် ထိုမြေးအဘွားတစ်တွေ အလည်လာကြသည်ဟု ထင်လိုက်မိသည်။

ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမသည် မမကြီးကို မြင် လိုက်လျှင် သူတို့အမေအရင်း သေရာမှ ထလာသည်ကို တွေ့လိုက်သည်နှင့် မခြား သူ့ထက်ငါ အပြေးအလွှား လာကြသည်။ 'ကြီးကြီး... ကြီးကြီး' ဟု အငမ်းမရ ခေါ်ကာ၊ သူ့ထက်ငါ အလုအယက် ဝိုင်း၍ ဖက်ကြ၊ တက်ကြ သည်။ အငယ်ဖြစ်သော မောင်မောင်လေးက အာသွက်လျှာသွက်လေး ဖြစ်သော ကြောင့် 'ကျွန်တော်တို့ အိမ်ကို ကြီးကြီး ဘာလို့ မလာတာလဲဟင်၊ ကျွန်တော် ရော၊ မမကြီးရော ကြီးကြီးကို သိပ်အောက်မေ့တာပဲ'ဟု မမကြီးပေါ်သို့ တက် ထိုင်၍ ပြောဆိုမေးမြန်းနေသောအခါ၊ မမကြီးသည် ရုတ်တရက် အဖြေမပေး နိုင်ဖြစ်ကာ မောင်မောင်လေးနှင့် ခင်မာတူးတို့ မောင်နှမကို တစ်လှည့်စီ ကြည့် နေမိသည်။ ဤသို့ အငယ် လုပ်သူက မေးမြန်းလိုက်သောကိစ္စကို အဖြေမပေး



Pdf - Yaybawal

နိုင်ဘဲ ရှိနေခိုက် 'မမကြီးတို့ မောင်လေးတို့ကို ကြီးကြီးက မအောက်မေ့လို့ မလာတာပေါ့ကွယ်' ဟု ခင်မာတူးက မောင်မောင်လေးအား လှမ်း၍ ပြောဆိုလိုက်သောအခါ မမကြီးသည် မျက်ရည်များ ပိုဝိုင်း၍ လာလေသည်။ မိမိအား စွဲစွဲလမ်းလမ်း ခင်တွယ်လျက်ရှိကြသော ကလေးများ ရှိရာအိမ်သို့ မိမိသွားလိုတိုင်း မဖြစ်တော့သောအရေးကို စဉ်းစားမိရင်း တော်တော်ကြီး စိတ်မကောင်း ဖြစ်ရလေသည်။ ထို့ကြောင့် 'ကလေးတို့ကို ကြီးကြီး မအောက်မေ့လို့ မဟုတ်ပါဘူးကွယ်။ ကြီးကြီး အလုပ်တွေ များနေလို့ပါ' ဟု လှည့်ပတ်ပြောဆိုလိုက်ရလေသည်။

'ဒါဖြင့် တနင်္ဂနွေနေ့ ကျောင်းပိတ်ရင် ကြီးကြီး ခင်မာတူးတို့ အိမ်ကို လာပါလားဟင်၊ ဖေဖေနဲ့ မေမေလေးက တနင်္ဂနွေနေ့တိုင်း ခင်မာတူးတို့ကို အိမ်မှာထားခဲ့ပြီး သူတို့ချည်း လျှောက်လျှောက်လည်နေကြတော့ သိပ်ပျင်းနေတာပေါ့ ကြီးကြီးရဲ့။ ကြီးကြီးသာ တနင်္ဂနွေနေ့တိုင်း လာရင် ခင်မာတူးတို့ သိပ်ပျော်မှာပဲ' ဟု ခင်မာတူးက ပြောဆိုလိုက်သောအခါ၊ မမကြီးသည် ဘာမျှ ပြန်မပြောနိုင်လောက်အောင် ဖြစ်နေသဖြင့် မိမိအား ရင်းနှီး ချစ်ခင်သော အမူအရာဖြင့် မော့၍ကြည့်နေသော ခင်မာတူး၏ ဆံစကလေးများကို ကြင်နာစွာ သပ်ပေးနေမိ၏။

'လာမယ် မဟုတ်လားဟင် ကြီးကြီး' ဟု မောင်မောင်လေးက ၎င်း၏ လည်ပင်းကို အားရပါးရ ဖက်တွယ်၍ မေးမြန်းလိုက်သောအခါ မမကြီးသည် ဘေးကျပ်နံကျပ်ကာ အသက်ကိုပင် မနည်းကြိုးစား၍ ရှူရလေသည်။

ဤသို့ မမကြီးနှင့် ၎င်း၏မြေးများ ဖြစ်နေကြပုံကို ဘေးမှနေ၍ ဦးခေါင်း တညိတ်ညိတ်နှင့် ငြိမ်သက်စွာ ကြည့်ရှုနေရာမှ 'ကလေးတွေကတော့ မမကြီးမှ မမကြီး ဖြစ်နေတော့တာပါပဲကွယ်' ဟု အဘွားကြီးအိုက ညည်းတွား ပြောဆိုလိုက်သည်။ ထိုသို့ ညည်းတွားပြောဆိုလိုက်ခြင်း၌ အပြစ်တင်လိုသော လေသံများ ပါရှိနေကြောင်းကို မမကြီးသည် ကောင်းစွာ နားလည်လိုက်သည်။

ထိုသို့ မြေးများကိုပါ ခေါ်၍ ကဲဘဲ့အိမ်သို့ လာမလည်စဖူး လည်ပတ်သော ညနေက မိုးတော်တော်ကြီးချုပ်မှ ဦးအေးသွင်၏ မိခင်သည် အင်းလျားမြိုင် အိမ်သို့ ပြန်သွားလေသည်။ အိမ်သို့ မပြန်မီ တစ်ညနေလုံးလိုလို မမကြီးနှင့် စကားပြောဆိုရာ၌ သားနှင့်ချွေးမများ အကြောင်းကိုသော် လည်းကောင်း၊

အင်းလျားမြိုင် အိမ်အကြောင်းကိုသော် လည်းကောင်း ဘာတစ်ခွန်းမျှ ညည်းညူ ပြောဆိုခြင်းမပြုဘဲ အသက်အရွယ် ကြီးရင့်လာခါမှ ဘုရားတရားနှင့် အေးအေး ဆေးဆေး ငြိမ်ငြိမ်သက်သက် နေထိုင်လိုသည့် အကြောင်းကိုသာ ပြောဆိုခြင်း ပြုလေသည်။ ထို့ကြောင့် ယခင်တစ်ပတ် လာရောက် လည်ပတ်စဉ်က သား များ၊ ချွေးမများ အကြောင်းကိုသာ ညည်းညူပြောဆိုခဲ့သော အမယ်ကြီးအို သည် ယခုတစ်ခေါက်တွင် ထိုကိစ္စနှင့် ပတ်သက်၍ ဘာတစ်ခွန်းမျှ ပြောဆို ခြင်း မပြုဘဲ ဘုရားတရား ကိစ္စကိုသာလျှင် မဲ၍ပြောဆိုနေသောကြောင့် သား များ၊ ချွေးမများ တော်တော်ကလေး အဆင်ပြေသွားလောက်ပြီဟု မမကြီးက အကဲခတ်လိုက်မိသည်။ သို့ရာတွင် အိမ်သို့ ပြန်ခါနီး၌ အမယ်ကြီးအို ပြောဆို သွားသော စကားကို ကြားလိုက်ရသောအခါတွင် မမကြီးသည် စောစောက မိမိ အကဲခတ်ပုံ တက်တက်စင် လွဲမှားသွားကြောင်း ကောင်းစွာ နားလည် လိုက်သည်။

'အဲဒါကြောင့် သန်ဘက်ခါလောက် စစ်ကိုင်းတောင်ရိုးကို သွားပြီး ဥပုသ်ရက်ရှည်စောင့်မလို့ စီစဉ်ထားပြီးပြီ။ ဒေါ်ဒေါ် အခုလာတာဟာ ဒီအကြောင်း လည်း ပြောရင်း၊ နှုတ်လည်းဆက်ရင်း ဆိုသလိုပေါ့ကွယ်'

'ဟင်... ဒေါ်ဒေါ် စစ်ကိုင်းတောင်ရိုးမှာတောင် ဥပုသ်ရက်ရှည် သွား စောင့်မလို့လား' ဟု မမကြီးက ထိတ်လန့်တကြား မေးမြန်းလိုက်မိသည်။

'တရားအားထုတ်တဲ့အခါမှာ ငြိတွယ်စရာ သံယောဇဉ်နဲ့ ပြတ်နိုင်သမျှ ပြတ်ပြီး ဝေးနိုင်သမျှ ဝေးမှလည်း ဖြစ်တော့မပေါ့ မမကြီးရယ်'

'ဒီကလေးတွေရယ်၊ ဒီအိမ်ကြီးရယ်၊ အခင်တို့ လင်မယားနဲ့ ထားပစ် ခဲ့ပြီး ဒါလောက် ဝေးဝေးလံလံမှာ ရက်ရှည်လများ သွားနေလို့ကော ဖြစ်ပါ့ မလား ဒေါ်ဒေါ်' ဟု မမကြီးက စိုးရိမ်ပူပန်စွာ မေးမြန်းလိုက်မိသည်။

'မမကြီး သိတဲ့အတိုင်းပဲ၊ သူတို့အတွက် ဒေါ်ဒေါ်လည်း တတ်နိုင် သလောက် ထိန်းသိမ်း လုပ်ကိုင်ပေးခဲ့ပြီးပြီ မဟုတ်လား။ ဒေါ်ဒေါ်လည်း ကနေ့ သေမလား၊ မနက်ဖြန် သေမလား ဆိုတာ မသိနိုင်သေးတော့ ကိုယ့်အတွက် လည်း လုပ်ဦး ကိုင်ဦးမှပေါ့ မမကြီးရယ်'

'ဒေါ်ဒေါ် ပြောတာလည်း ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ အခင်တို့ လင် မယားကို ဒီအတိုင်း ပစ်ထားခဲ့လို့ ဖြစ်ပါ့မလားဆိုတာလည်း စဉ်းစားပါဦး ဒေါ်ဒေါ်'

ရာပြည့်စာအုပ်တိုက်

*Pdf - Yaybawal*

'ဒေါ်ဒေါ် စဉ်းစားခဲ့တာ ကြာပဲ ကြာလှပါပကော မမကြီး။ အခုတော့ ကိုယ့်စိတ်ကို တုံးတုံးချ ဆုံးဖြတ်ပြီးပြီ'

မိမိ၏ စိတ်နှလုံးကို တုံးတုံးချ ဆုံးဖြတ်ပြီးပါပြီ ဆိုသော အမယ်ကြီး အိုအား မမကြီးသည် နောက်ထပ် ဘာများ ပြောဆိုရှိကော ဖြစ်ပါဦးမည် နည်း။ ဘာမျှပြောဆိုရန် မတတ်နိုင်တော့၍ မမကြီးသည် ငြိမ်သက်နေလိုက် ရ၏။

'မြေးတွေက သူတို့ ကြီးကြီးကို တွေ့ချင်တယ်၊ တွေ့ချင်တယ်နဲ့ ပူဆာ နေကြတာတောင် ကြာပြီ။ အဲဒါကို သူတို့ မိဘတွေက မကြားချင်ယောင် ဆောင်နေကြတော့ ဒေါ်ဒေါ်ကိစ္စကိုလည်း ပြောရင်း၊ နှုတ်ဆက်ရင်း မြေးတွေ လည်း သူတို့ အင်မတန် တွေ့ချင် မြင်ချင် ဖြစ်နေကြတဲ့ ကြီးကြီးနဲ့လည်း တွေ့ရအောင်ဆိုပြီး တစ်ပါတည်း ခေါ်လာခဲ့ရတာပဲ မမကြီးရယ်'ဟု နောက်ဆုံး ပြောဆို၍ ထွက်သွားကြသော မြေးအဘွားတစ်တွေကို မမကြီးသည် အိမ်၏ တံခါးဝမှ မျက်စိတစ်ဆုံး မျှော်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

## (၃)

အိမ်ထောင်တစ်ခု၌ အသက်အရွယ် ကြီးရင့်၍ လူ့လောက အတွေ့အကြုံနှင့် အခက်အခဲ အတော်များများကို ဖြတ်သန်း ကျော်လွှားလာခဲ့ရသော လူကြီး မိဘ တစ်ဦးဦး ရှိနေလျှင် ထိုအိမ်ထောင်၏ တည်ငြိမ်မှုအတွက် အနည်းနှင့် အများ စိတ်ချကြရလေသည်။ အသက်အရွယ် ကြီးရင့်သော လူကြီးမိဘတို့ သည် အိမ်ထောင်ကြီးတစ်ခု၌ တစ်ခုခု တိမ်းစောင်းလာသည်နှင့် တစ်ပြိုင်နက် ကြည့်မနေတတ်ကြဘဲ ထိန်းမတ်လေ့ရှိကြသည်။ ဗျစ်တောက် ဗျစ်တောက် စကားများလေ့၊ ဆူပူလေ့ ရှိသော်လည်း ၎င်းတို့၏ ဗျစ်တောက်ဗျစ်တောက် ပြောဆိုခြင်းနှင့် ဆူပူခြင်းများကို မထီမဲ့မြင်ပြု၍ မဖြစ်ချေ။ လူကြီးမိဘတို့သည် ၎င်းတို့ တွေ့ခဲ့ရသော ကျည်ပွေ့ကို လူငယ် သားသမီးများအား မတွေ့ရအောင် စိုးရိမ် ပူပန်စွာ သတိပေးနေကြခြင်းသာ ဖြစ်သည်။ မိမိတို့ အိုးအိမ်နှင့် မိမိတို့ ဘာသာ လွတ်လွတ်လပ်လပ် နေထိုင်လိုကြသော လူငယ် သားသမီးများသည် ဤသို့ မိမိတို့အိမ်များ၌ မလွဲသာ မရှောင်သာတတ်၍ ကျွေးမွေးထားရသော လူကြီးမိဘတို့၏ ဗျစ်တောက် ဗျစ်တောက် ပြောဆိုတတ်ခြင်းနှင့် ဆူပူတတ်



Pdf - Yaybawal

ခြင်းကို များသောအားဖြင့် ပမာမခန့်နှင့် မထိတရိ ပြုလုပ်တတ်လေ့ ရှိကြသည်။ အဓိပ္ပာယ်မရှိ စကားများနေခြင်းဟု သဘောထားကာ လူကြီးမိဘတို့၏ ဩဝါဒစကားကို အလေးမထားဘဲ မိမိတို့ဘာသာ လွတ်လွတ်လပ်လပ် နေထိုင်လေ့လည်း ရှိကြသည်။ ထိုသို့ မိမိတို့ထက် လူ့လောက အတွေ့အကြုံ များပြားသော လူကြီးမိဘတို့၏ ကြိုတင် သတိပေးမှုကို သတိမူရမှန်း မသိဘဲ မိမိတို့သဘောနှင့် မိမိတို့ နေချင်သလိုနေ၊ လုပ်ချင်သလို လုပ်ကြသူများသည် ဖြုန်းခနဲနဖူးနှင့်ကျည်ပွေ့ တွေ့လိုက်ရပြီး ဟက်တက်ကြီး ကွဲတော့မှပင် မိမိတို့၏ အမှားအယွင်းများကို သတိတရား ပြန်လည် ရရှိတတ်ကြသည်။ သို့ရာတွင် ကိစ္စသည် လွန်ခဲ့ပြီ ဖြစ်၍ နောင်တရရုံမှတစ်ပါး အခြား ဘာမျှ မတတ်နိုင်တော့ချေ။

ခင်၏ ယောက္ခမဖြစ်သူ အဘွားကြီးအို စစ်ကိုင်းတောင်ရိုးသို့ ထွက်သွားပြီးနောက် အင်းလျားမြိုင်အိမ်အတွက် ပူပန်သောက ရောက်ရှိနေရသူမှာ မမကြီးတစ်ယောက်သာ ဖြစ်လေသည်။ ခင်တို့ လင်မယားသည် ပူပန်ဖို့ဝေးစွ၊ ထိုအဘွားကြီး မရှိသည့်အတွက် မိမိတို့လင်မယား ပိုမို၍ လွတ်လပ်သည်ဟု သဘောထားနေကြပုံရသည်။ အထူးသဖြင့် ခင်သည် ပိုမို၍ လွတ်လပ်သွားသည်ဟု အောက်မေ့လျက် ရှိလေသည်။ သို့ရာတွင် မိမိ မျက်နှာမြင်ဖို့အရေးနှင့် မိမိ အိမ်တွင် မရှိသော အခါများ၌ အိမ်ကို ကြည့်ရှုစောင့်ရှောက်ပေးမည့်သူတစ်ဦး မရှိတော့သည့်အရေးကိုကား အနည်းငယ်မျှ ထည့်သွင်းစဉ်းစားမိဟန် မရှိချေ။ ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမ၏ အရေးကိုလည်း ခင်သည် လုံးလုံးလျားလျား စဉ်းစားခြင်း မပြုတော့ချေ။ အဘွားကြီးမကြည့်ပေးလျှင် ဦးအောင်တို့ လင်မယားက ကြည့်ပေးလိမ့်မည်ဟု ခပ်ပေါ့ပေါ့ခပ်တန်တန်လောက်သာ အောက်မေ့ထားသည်။ သို့ရာတွင် အိမ်၏ တာဝန်ဟူသမျှနှင့် ပန်းခြံကိုပါ ကြည့်ရှု လုပ်ကိုင်ပေးနေကြရသော ထို လင်မယားနှစ်ယောက်တို့သည် ထိုမျှ များပြားလှသော ကိစ္စများ၏အကြားမှ ကလေးနှစ်ယောက်၏ တာဝန်ကိုပါ စေ့စေ့ငငဖြစ်အောင် ကြည့်ပေးနိုင် မပေးနိုင်ဆိုသည့် အချက်ကိုကား ဦးအေးသွင်၏ မင်းကတော်သည် စဉ်းစား ချိန်ဆခြင်းလည်း မပြုချေ။

ဦးအေးသွင်၏ မိခင် အင်းလျားမြိုင် အိမ်မှ ထွက်ခွာသွားပြီးနောက်



Pdf - Yaybawal

ပထမဦးဆုံး ထိခိုက်ခြင်း ခံရသူများမှာ အိမ်ဦးဘုရားခန်းနှင့် ခင်မာတူးတို့ မောင်နှမပင် ဖြစ်သည်။ အမယ်ကြီးအို ရှိစဉ်က သေသေသပ်သပ်နှင့် ကြည်ညို ဖွယ်ရာ ရှိနေခဲ့သော ဘုရားခန်းမှာ အဘွားကြီး မရှိပြီးသည့်နောက် ပန်းနှင့် ရေ လဲပေးခြင်းလည်း မရှိ၊ ဖုန်ခါပေးမည့်သူလည်း မရှိတော့သဖြင့် ညှိုးညှိုး နွမ်းနွမ်းနှင့် ပေပေကျံကျံ ဖြစ်လာတော့သည်။ ဘုရားသခင်၏ ရုပ်ပွားတော် ပင်လျှင် ဆွမ်းတော်အကပ်ခံရသည့် အခါမှ အကပ်ခံရသည် အထိလည်း ဖြစ်လာသည်။ ထို့အတူ ၎င်းတို့ဘွားအေ မရှိပြီးသည့်နောက်ပိုင်းတွင် ခင်မာတူး နှင့် မောင်မောင်လေးတို့ မောင်နှမသည် ကြီးကြပ် အုပ်ချုပ်၍ ထိန်းသိမ်း ပေးသည့် လူကြီးတစ်ဦးတစ်ယောက်မျှ မရှိတော့သည့်အတွက် ပေပေရေရေ နှင့် စည်းပျက်ကမ်းပျက် ဖြစ်လာသည်။ ဘွားအေ ရှိစဉ်က နေ့စဉ် ရေမိုးချိုး ကာ သန့်သန့်ပြန့်ပြန့်နှင့် ကျန်းကျန်းမာမာ ရှိနေခဲ့သော ကလေးများသည် ယခုအခါတွင် ရေချိုးသည့်အခါမှ ချိုးရလျက်၊ အဝတ်ဟောင်း အစားဟောင်းများ နှင့် ကျောင်းတက်ရသော အခြေသို့ ဆိုက်လာသည်။ ၎င်းပြင် အစားအသောက် နှင့် အအိပ်အနေကပါ ပျက်လာပြန်သဖြင့် ကလေးများ၏ ကျန်းမာရေးကိုပါ ထိခိုက်စပြုလာသည်။ သူတို့ဘွားအေနှင့် ရင်အုပ်မခွာ နေထိုင်ခဲ့ရစဉ်က ကျန်းကျန်း မာမာနှင့် ရွှင်ရွှင်လန်းလန်း ရှိနေခဲ့သော ကလေးနှစ်ယောက်သည် ယခုအခါ တွင် အအေးမိ၊ မိုက်နာနှင့် အဖျားရောဂါများ မကြာခဏ ဝင်ရောက်ဖွဲ့ကပ် ခြင်းကို ခံနေကြရသဖြင့် ကျောင်းရက်ပျက်ရုံမျှသာမက ဆရာဝန်ခေါ်ရ၊ ဆေး တိုက်ပို့ရနှင့် ငွေကုန်ကြေးကျ များလာ၏။ ကလေးများမှာ ပစ်စလက်ခတ် ပစ်ထားခြင်းကို ခံရသဖြင့် ယခင် သူတို့ ဘွားအေနှင့် နေထိုင်ရစဉ်ကကဲ့သို့ စိုစိုပြည်ပြည်နှင့် တက်တက်ကြွကြွ မဟုတ်တော့ဘဲ မဲမဲသဲသဲနှင့် ညှိုးငယ်လာ ကြသည်။ ကလေးများသည် အခါတိုင်းကဲ့သို့ ဆော့ခြင်း၊ ကစားခြင်းနှင့် ရယ်မော ခြင်းများပင် မပြုနိုင်ကြတော့ချေ။ ကျောင်းမှ ပြန်လာလျှင် သူတို့မိဘများ မမြင်နိုင်သော ချောင်တစ်ချောင်၌ ကုပ်၍ နေကြသည်။ သူတို့ ဘွားအေအား လွမ်းဆွတ်နေကြသည်။ သူတို့ဘွားအေ သူတို့ဆီ အမြန်ဆုံး ပြန်လာဖို့အတွက် မောင်နှမ နှစ်ယောက်တို့သည် တောင့်တောင့်တတ ပြောဆိုလျက် ရှိကြရာမှ တစ်ခါတစ်ရံ သူတို့ ကြီးကြီး ဖြစ်သူလည်း တစ်ခါမှ လာမလည်တော့သည့် အကြောင်းကို ညည်းညူ ပြောဆိုနေကြ၏။

သို့နှင့် ခင်သည် သားဦးကလေးကို ချောချောမောမောပင် မျက်နှာမြင်ခဲ့လေသည်။ ခင်တို့သားအမိ သားဖွားခန်းမှ အင်းလျားမြိုင်အိမ်သို့ ပြန်လည်ရောက်ရှိသောနေ့တွင် မမကြီးသည် လူကြီး ဝတ္တရားအတိုင်း သွားရောက်ကြည့်ရှု၍ မေးမြန်းခြင်း ပြုလေသည်။ ထိုနေ့တွင် ဦးအေးသွင်လည်း ရုံးမှ ခွင့်ယူထားသဖြင့် ၎င်းကိုပါ အင်းလျားမြိုင်အိမ်၌ တွေ့ရသည်။ ခင်မာတူးတို့မောင်နှမကိုကား မတွေ့ရချေ။ ကျောင်းတက်နေသည်။

မမကြီး အင်းလျားမြိုင်အိမ် လာသည့်အတွက် ဦးအောင်နှင့် ဒေါ်ရင်တို့ လင်မယားသည် ဝမ်းသာကြ၏။ ပျာပျာသလဲ ပြုစု ဧည့်ခံကြသည်။ အိမ်ရှင်လင်မယား မကြားနိုင်အောင် ၎င်းတို့၏ အခက်အခဲများကို တိုးတိုးတိတ်တိတ် ပြောဆို တိုင်ကြားကြသဖြင့် မမကြီးသည် စိတ်ရှည်လက်ရှည် နားထောင်နေရသည်။ မမကြီးအား ယခင်ကကဲ့သို့ မကြာခဏ လာရောက် ကြည့်ရှုဖို့လည်း တောင်းပန် ပြောဆိုကြပြန်သဖြင့် မမကြီးသည် အဘယ်သို့မျှ အကြောင်းပြန်ကြားခြင်း မပြုနိုင်သည့်အတွက် ငြိမ်သက်စွာသာ နားထောင်နေလိုက်ရသည်။

ခင်တို့သားအမိမှာ ကျန်းကျန်းမာမာ ဖြစ်သည်။ ခင်၏ သားဦးကလေးမှာလည်း ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာကောင်းလေသည်။ မိမိ၏ မြေးဦးကလေးအား သူ့အမေလက်မှ ယူ၍ မမကြီးသည် ခေတ္တခဏ ပွေ့ချီနေခိုက် ခင်က ဦးအေးသွင်အား ကလေးအတွက် နာနီငှားပေးဖို့ကိစ္စကို အလောတကြီး ပြောဆိုလျက် ရှိသည်။ ဦးအေးသွင်က သူ့မယား နာနီ ငှားခိုင်းနေသောကိစ္စကို ဘာမျှပြန်မပြောဘဲ တစ်စုံတစ်ရာကို ခပ်လေးလေး ခပ်ငိုင်ငိုင် စဉ်းစား တွေးတောနေပုံ ရလေသည်။ သူ၏ အမူအရာကို ကြည့်ရသည်မှာ ချစ်စရာကောင်းသော သားကလေးတစ်ယောက်ကို ထပ်မံ ရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည့်အစား စိတ်ညစ်ညူးစရာ၊ သို့မဟုတ် စိတ်အနှောင့်အယှက် ဖြစ်စရာ တစ်စုံတစ်ရာကို မလွဲသာ မရှောင်သာ တွေ့ဆုံ ရင်ဆိုင်ခြင်း ပြုနေရသကဲ့သို့ ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် လေးလေးလံလံ ဖြစ်နေသည်။ အခါတိုင်း မျက်နှာထား အင်မတန် သာယာချိုအေးသော ဦးအေးသွင်သည် မယားလုပ်သူ ကျန်းကျန်းမာမာနှင့် မျက်နှာမြင် ပြီးစီးသော အချိန်တွင် သုန်သုန်မှုန်မှုန်နှင့် အိုအိုစာစာ ဖြစ်နေသည်။ သို့ရာတွင် သူ့မယားကတော့ လင် လုပ်သူ၏ အမူအရာကို အနည်းငယ်မျှ သတိမထားသကဲ့သို့ နာနီတစ်ယောက် ကောင်း



Pdf - Yaybawal

ကောင်း ငှားရမ်းဖို့ ကိစ္စအတွက်သာ အရေးကြီး တိုက်တွန်းပြောဆိုလျက် ရှိသည်။

မမကြီးသည် ကိုအေးသွင်၏ အမူအရာနှင့် အနေအထိုင်ကို ကောင်းစွာ သတိပြု အကဲခတ်မိသည်။ ထို့ကြောင့် လင် လုပ်သူအား ဖုတ်ပူမီးတိုက် နာနီ အငှားခိုင်းနေသော ခင့်အား နာနီ ကောင်းကောင်းမွန်မွန်နှင့် မျက်နှာလွှဲရသည့် အမျိုးအစားထဲက ရနိုင်အောင် တဖြည်းဖြည်း စုံစမ်းပြီးမှ ငှားရမ်းသင့်ကြောင်း ကို လှည့်ပတ် ပြောဆို၍သာ ရက်ပြောင်းပေးလိုက်ရသည်။

ထိုနေ့က ခင်၏ မျက်နှာအနေအထားနှင့် အမူအရာမှာ မိမိအပေါ်၌ တော်တော်ကလေး ပျော့ပျောင်းလာသလို ရှိသည်ကို တွေ့ရသည့်အတွက် မမကြီးသည် စိတ်သက်သာမှု ရရှိလေသည်။ ဝမ်းလည်းသာမိသည်။ ထို့ကြောင့် မတွေ့ရသည်မှာ တော်တော်ကလေး ကြာသွားပြီ ဖြစ်သော ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမကိုပါ တွေ့ရအောင် ရတ်တရက် အိမ်သို့ မပြန် သေးဘဲ ကလေးများ ကျောင်းမှ ပြန်သည့်အချိန်အထိ စောင့်နေမိသည်။ ညနေ စောင်း၌ အိမ်သို့ ပြန်ရောက်လာကြသော ကလေးများသည် မမကြီးကို လှမ်း၍ မြင်လိုက်လျှင် သူတို့အတွက် အသစ်ရရှိနေသော ညီကလေး၊ မောင်ကလေး ကိုပင် လုံးလုံး သတိမရနိုင်ကြတော့ဘဲ မမကြီးဆီသို့ အူယားဖားယား ပြေးလွှား လာကြသည်။ 'ကြီးကြီး... ကြီးကြီး' နှင့် ဝမ်းသာအားရ ခေါ်ငင်ကာ သူ့ထက် ငါ အလုအယက် ဖက်ထားကြသည်။

ကလေးများက အတင်းတွယ်ကပ်၍ ထားကြသည်က တစ်ကြောင်း၊ ဦးအောင်တို့ လင်မယားကပါ ညစာ စားသောက်ပြီးစီးမှ ပြန်ရန် အတင်းဆွဲ ထားကြသည်က တစ်ကြောင်းကြောင့် ထိုနေ့က မိုးတော်တော်ကလေးချုပ်မှ မမကြီးသည် အင်းလျားမြိုင်မှာ ကံဘဲ့အိမ်သို့ ပြန်ရသည်။

## အခန်း(၆)

(၁)

အသက်ငယ်ရွယ်ခြင်းနှင့် ခေတ်ဆန်ဆန် ချောမော လှပခြင်းလောက်ကိုသာ လျှင် မက်မောတပ်ငြိ၍ နောက်အိမ်ထောင်သစ် ပြုလိုက်သော ရန်ကုန် အနောက်ပိုင်း ရာဇဝတ် တရားသူကြီး ဦးအေးသွင်သည် အိမ်ထောင်သက် တစ်နှစ်သာသာ ခန့်အတွင်း ညားခါစ မယားငယ်ငယ်ကလေးနှင့် မိုးမမြင် လေမမြင် ပျော်နိုင် ပါးနိုင်ခဲ့သော်လည်း ကလေးတစ်ယောက် ရရှိပြီးနောက် အိမ်ထောင်သက် ၂ နှစ်နီးပါးခန့် ရှိလာသောအခါ တဖြည်းဖြည်း အသက်ရှူကျပ်မှန်းမသိ ကျပ်စ ပြုလာသည်။ တစ်စထက်တစ်စ မလှုပ်သာ မလွန့်သာအောင် ဖြစ်လာသည်။ ဘယ်တုန်းကမှ စိတ်ညစ်ညူးခြင်း မရှိခဲ့ဖူးသော လူတစ်ယောက်သည် ယခု အခါတွင် စိတ်ညစ်ညူးစ ပြုလာသည်။ သို့ရာတွင် မိမိ တစ်ယောက်တည်း လူမသိအောင် ကျိတ်၍ စိတ်ညစ်ညူးရခြင်းမျိုးသာ ဖြစ်သည်။

အိမ်ထောင်မပြုမီက လည်းကောင်း၊ ပြုအံ့ဆဲဆဲ အချိန်ကာလအထိ လည်းကောင်း ဦးအေးသွင်သည် မိမိ ပြုလုပ်တော့မည့်ကိစ္စနှင့် ပတ်သက်၍ ရှေ့နောက် ဝဲယာ ဘာတစ်ခုမျှ စဉ်းစား မြော်ခေါ်ခြင်း မပြုနိုင်ခဲ့ချေ။ သူ တမ်းတမ်းစွဲဖြစ်နေသော ထိုမိန်းကလေးကို အမြန်ဆုံး သိမ်းပိုက်ယူငင်နိုင်ရေး တစ်ခုတည်းအတွက်သာ စူးစိုက် မှုန်ထူလျက် ရှိနေခဲ့သည်။ သူ့အား ဘေး ပတ်ဝန်းကျင်မှ မည်ကဲ့သို့ ထင်မြင်ချက်ပေး ပြောဆိုပြုနေကြသော အသံဗလံ များကိုပင် စောင်းပါးရိပ်ခြည် နားထောင်ရစကောင်းမှန်းလည်း ဦးအေးသွင် သည် သတိမရမိချေ။ သူသည် အငမ်းမရ ဖြစ်နေခဲ့သည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

သို့နှင့် နောက်ဆုံး သူ အင်မတန် တပ်မက်နေသော မိန်းကလေးကို လက်ထပ်ခြင်း ပြုနိုင်ခဲ့သည်။ လက်ထပ်ပြီးနောက် အသစ်စက်စက် မယားကလေးနှင့် မင်္ဂလာခရီးပင် ထွက်ခဲ့သေးသည်။ မင်္ဂလာခရီးတစ်လျှောက်တွင် မယားကလေးက သီချင်းဆိုပြဆို ဆိုပြရ၊ နိုပ်ပေးဆို နှိပ်ပေးရနှင့် သူသည် တော်တော်ကလေး ပျော်ခဲ့မိသည်။ မိမိကိုယ်ကို အဘယ်မျှ ကလေးကလားနိုင်နေပြီဆိုသော အချက်ကိုကား တရားသူကြီးသည် ယောင်၍မျှပင် စဉ်းစားမိပုံ မရချေ။ မင်္ဂလာခရီးထွက်ရာမှ ရန်ကုန်သို့ ပြန်လာကြပြီးနောက် ကိုယ့်အိုးကိုယ့်အိမ်၊ ကိုယ့်သား ကိုယ့်သမီးများနှင့် စတင်နေထိုင်ခြင်း ပြုကြရသော အချိန်အထိလည်း ဦးအေးသွင်သည် ဘာမျှ စဉ်းစား ချင့်ချိန်ခြင်းသော် လည်းကောင်း မပြုမိသေးချေ။ ဤကမ္ဘာလောက၌ မိမိလောက် ကံကောင်းသူသည် မရှိတော့ဟုသာ ထင်မြင် အောက်မေ့နေခဲ့သည်။ တစ်သက်လုံးက ဒရိုင်ဘာမထားဘဲ မိမိကိုယ်တိုင် မောင်းလာခဲ့သော မော်တော်ကားအတွက် မယားကလေး၏ အလိုဆန္ဒအတိုင်း ဒရိုင်ဘာတစ်ယောက် ထားရှိကာ ဘုရားသွား ကျောင်းတက် လုပ်ခဲ့ကြသည်။ ပျော်ပွဲ ရှင်ပွဲနှင့် မင်းပွဲ စီးပွဲများကို လက်တွဲ၍ တက်ခဲ့ကြသည်။

အသက်ငယ်ရွယ်၍ ခေတ်ကလည်း ဆန်သဖြင့် အခြား အခြားသော မင်းကတော် ကြီးငယ်များနှင့် နင်လား ငါလား ယှဉ်ပြိုင်၍ ဝတ်ချင် စားချင်၊ ပျော်ချင် ပါးချင်၊ မော်ချင် ကြွားချင်၊ သုံးချင် ဖြုန်းချင်သော မယားကလေးအား အနည်းငယ်မျှ ခြိုးခြံရမှန်း သတိမရမိဘဲ အိတ်သွန်ဖာမှောက် အလိုလိုက်ကာ ကျေနပ်ခြင်းမက ကျေနပ်လျက် ရှိနေခဲ့သည်။ သူ့မယားကလေး ခေတ်ဆန်ဆန် ဝတ်စားသွားလာလျက် ပျော်နေ ပါးနေသည်ကို မြင်ရလျှင် သူသည် အကြည်နူးကြီး ကြည်နူးလျက်သာ ရှိနေခဲ့သည်။ ဤသို့ သာယာ ပျော်ပါးနိုင်မှုအတွက် မိမိ၏ အဝင်နှင့် အထွက် မျှသည်၊ မမျှသည်ဆိုသော ကိစ္စကြီးတစ်ခုလုံးကိုပင် မုဆိုးဖိုကြီးတစ်ယောက် ဖြစ်ခဲ့သော တရားသူကြီးသည် တွက်ချက် ချင့်ချိန်ခြင်း မပြုနိုင်သည်အထိ အကဲပိုခဲ့လေသည်။

ခင်သည် ငယ်ရွယ်သူ ဖြစ်၍ အိမ်မှုကိစ္စကို ဘာမျှ မစဉ်းစား မချင့်ချိန်တတ်သေးသည့်အတွက် တာဝန် များစွာ မရှိလှပေ။ သို့ရာတွင် မယားတစ်ဆက်က နှစ်ဆက် ဖြစ်လာသော ဦးအေးသွင်အနေနှင့် အိမ်ထောင်၏ အသုံးစရိတ်



Pdf - Yaybawal

ကို စဉ်းစား ချင့်ချိန်တတ်ဖို့ ကောင်းလေသည်။ သို့ရာတွင် ထိုသို့ကား မဟုတ်ခဲ့ချေ။ အိမ်မှုကိစ္စကို ဘာမျှ နားမလည်သေးသော မယားကလေးအား ရသမျှ လခနှင့် အိမ်ရှိ သော့မှန်သမျှကို ထိုးအပ်၍ ထိုမယားကလေး သုံးသမျှ၊ လုပ်သမျှကို ကြည့်နေခဲ့သည်။

သူ့မယားကသာ ဘာတစ်ခုခုကို လိုချင်သည်ဆိုလျှင် သူသည် မဆိုင်းမတွ ဝယ်စေသည်။ အလှအပနှင့် ဖိမ်ခံပစ္စည်းများကို အဆမတန် ဝယ်လျှင်လည်း သူသည် ညည်းညူခြင်းပင် မပြုမိ။ ရသော လခနှင့် မလောက်လျှင် ယခင်က စုဆောင်းမိသော ဘဏ်အပ်ငွေကလေးထဲမှပင် လွယ်လင့်တကူ ချက်လက်မှတ် ရေးထိုး၍ လိုသလောက် ထုတ်ပေးလေ့ ရှိသည်။ မယားက ဒရိင်ဘာ ငှားပေးပါဟု တစ်ခွန်းတည်းသာ ပြောရလေသည်။ သူသည် မဆိုင်းမတွ ငှားပေးလိုက်သည်။ သူ့မယားကလေး ကပွဲ တက်လိုတက်၊ ဖဲရိုက်လိုရိုက်လျှင်လည်း သူသည် လင့်ဝတ္တရားကို မသိရှိသော သတ္တဝါတစ်ကောင်ကဲ့သို့ ဘာတစ်ခွန်းမျှ ဆုံးမ ပြောဆိုခြင်း မပြုသည့်အပြင် မယား၏ အပြုအမူကိုပင် သဘောတူ ကျေနပ်သကဲ့သို့ ပြုံးပြုံးရွှင်ရွှင် ကြည့်နေတတ်သည်။

ဤသို့ လင်ယောကျ်ားအနေနှင့် ငယ်ရွယ်၍ ပျော်မှု ပါးမှုနှင့် ကြွားမှု ဝါမှုလောက်ကိုသာ နားလည်ကာ အခြား ဘာမျှ မသိတတ်သေးသော မယားကလေးကို မထိန်းသိမ်း မဆုံးမသည့်အပြင် ချစ်စနိုး၍ အစစအရာရာတွင် အလိုလိုက်ခဲ့သည့်အတွက် ခင်သည်လည်း တစ်စထက်တစ်စ စည်းကမ်းပျက်လာသည်။ အတင့်ရဲသည်ထက် ရဲလာသည်။ လင်ကို လင် ဟူ၍ လည်းကောင်း၊ အိမ်ကို အိမ် ဟူ၍ လည်းကောင်း များစွာ အလေးမထားတတ်တော့ဘဲ ပေါ့ပေါ့တန်တန်နှင့် မထိတရိ ဖြစ်လာသည်။ နောက်ဆုံး၌ မိမိ ဝမ်းဗိုက်နှင့် ရက်ရှည်လများ ဆင်းရဲခံကာ လွယ်၍ မွေးထုတ်လာခဲ့ရသော သားကိုပင် ခင်တွယ်ရမှန်း မသိတတ်အောင် ဖြစ်လာ၏။

ခင်သည် မိမိ ရင်၌ ဖြစ်သော သားကလေးကိုပင် မိမိ နို့မတိုက်တော့ချေ။ နို့ဘူးနှင့် ထားလေသည်။ မိမိ နို့တိုက်လျှင် မိမိ၏ ကျန်းမာရေးနှင့် အလှပျက်စီးလိမ့်မည်ဟု အကြောင်းပြသည်။ ဤဆင်ခြေသည်ကား ခေတ်ပညာတတ်များ၊ အထူးသဖြင့် ခေတ်ဆန်သူတိုင်း၏ ဆင်ခြေ ဖြစ်၏။

ခင်သည် ထိုမျှနှင့်လည်း မဟုတ်သေးချေ။ ဤသို့ ကလေးကို နို့ဘူး



Pdf - Yaybawal

တိုက်ပြီးနောက် ကလေးကို ထိန်းသိမ်း စောင့်ရှောက်ဖို့အတွက် နာနီ တစ်ယောက် ထားရှိပေးဖို့ လင်သားထံတွင် အခွင့်အရေးတစ်ရပ်အနေနှင့် တောင်းဆိုခြင်း ပြုပြန်လေသည်။ မိခင် ဖြစ်လာသည့် ဘဝ၌မှာပင် မိခင်၏ မြင့်မြတ်သော တာဝန်ကို ငြင်းဆန်ခြင်း ဖြစ်သည်။ ထုံးစံအတိုင်း ကျန်းမာရေးကိုပင် အကြောင်းပြလေသည်။ အခြား မင်းကတော်များလည်း နာနီ ထားရှိကြောင်းကို ကိုးကားပြောဆိုခြင်း ပြုသည်။ စင်စစ်တော့ ကလေးကို နာနီနှင့် ထားရှိခြင်းအားဖြင့် မိမိ ထင်သလို သွားချင်ရာ သွား၍ လည်ချင်သလို လည်နိုင်ဖို့အတွက် အစီအစဉ် ပြုလုပ်ခြင်းမျှသာ ဖြစ်လေသည်။

ခင်၏ သားဖွားစရိတ်အတွက် တော်တော်ကလေး ကုန်ကျလိုက်ပြီးနောက် မယားကလေးကို အခါလည်ကျော်ကျော် အလိုလိုက်ချင်တိုင်း လိုက်လာခဲ့သော ရာဇဝတ်တရားသူကြီးသည် ကြွေးပတ်လည် ဝိုင်းနေပြီ ဖြစ်လေသည်။ ဘဏ်၌ အပ်ထားသော ငွေကလေးများပင် ကုန်ခန်းသွားရုံမျှမက အတွင်းပစ္စည်း အတော်များများကိုပင် ပေါင်နှံထားရသော အခြေသို့ ဆိုက်ရောက်လျက် ရှိသည်။ ထို့ကြောင့် သူ့မယားကလေးက အခွင့်အရေးတစ်ရပ်အနေနှင့် တောင်းဆိုနေသော နာနီတစ်ယောက် ငှားရမ်းထားရှိရမည့် အရေးအတွက် ဦးအေးသွင်သည် အကျပ်ရိုက်လျက် ရှိလေသည်။ ဤသို့ အကျပ်ရိုက်လာတော့မှပင် သူသည် အဝင်နှင့် အထွက်ကို ပြန်လည် စိစစ်ရမှန်း ရိပ်မိလာသည်။

အိမ်အတွက် မထား၍မဖြစ်သော ဦးအောင်တို့ လင်မယားနှင့် ခင်အတွက် အပိုသက်သက်လို ငှားရမ်းထားရသော ဒရိုင်ဘာအတွက် တစ်လတစ်လလျှင် နှစ်ရာကျော်ကျော် ကုန်နေသည်။ ၎င်းအပြင် အိမ်သုံးစရိတ်၊ အိမ်လခ၊ မီးခ၊ ဓာတ်ဆီဖိုး၊ ကလေးများ ကျောင်းစရိတ်နှင့် မိမိတို့ လင်မယားအသုံးစရိတ်များကလည်း တသီတတန်းကြီး ရှိနေသေးသည်။ ထိုသို့ စရိတ်ကြီး၍ အဝင်ထက် အသွက်က များစွာ ပိုလျှံနေရသည့်အထဲ ယခုတစ်ဖန် နာနီ တစ်ယောက်ကို ထပ်မံ ထားရှိရဦးမည်ဆိုလျှင် မျက်ဖြူဆိုက်ဖို့သာလျှင် ရှိတော့သည်။ ထို့ကြောင့် ထိုနာနီ ငှားရမ်းပေးရမည့် ကိစ္စကို ခပ်ဆွဲဆွဲကလေး လုပ်ထားလိုက်မိသည်။ သို့ရာတွင် စ၍ ညားကတည်းက "ငါးခြောက်ဟဲ့ဟု ဆိုလျှင် ဖုတ်ပြီးသားပါ" ဟူသော အနေသို့ရောက်အောင် အလိုလိုက်ထားခြင်း



Pdf - Yaybawal

ခံလာရသော မယားဖြစ်သူက ဆူဆူပူပူနှင့် ဆောင့်ဆောင့်အောင့်အောင့်ကလေး လုပ်လိုက်သောအခါ မယား၏ အငြိုအငြင်ကို ခံနိုင်ဖို့ကား ဝေးစွ၊ မယားလုပ်သူ မျက်နှာ မသာသည်ကိုပင် ခံနိုင်ရည် မရှိသော တရားသူကြီးသည် "ဖြစ်လိုရာ ဖြစ်" ဟူ၍ သဘောထားကာ သူ့မယား ဆောင့်ဆောင့်အောင့်အောင့် အရေးဆို နေသော လိုလားချက်ကို မျက်စိမှိတ်၍ တစ်ခါတည်း လိုက်လျောလိုက်ရသည်။ ဤသို့ လင်ယောကျ်ားပီပီ တင်းတင်းမာမာ ခုခံရမည့်နေရာတွင် လွယ်လင့် တကူ အလျှော့ပေးလိုက်သည့်အတွက် သူသည် နာနီတစ်ယောက်၏ လခကို သာ ကုန်ကျခြင်း ပြုရသည် မဟုတ်ချေ။ ကလေးကို နာနီနှင့် ထားပစ်ခဲ့ပြီး နောက် သူ့မယား အပြင်သို့ ထွက်၍ လေသမျှအတွက် အတောမသတ်နိုင် အောင် ကုန်ရခန်းရဦးမည်လည်း ဖြစ်သည်။ သို့ရာတွင် မယားကလေး၏မျက်နှာ အညိုးမခံနိုင်သော ဦးအေးသွင်သည် ထိုကိစ္စကို ထည့်သွင်း စဉ်းစားခြင်း ပြု ရန်သော် လည်းကောင်း၊ တွက်ချက်ခြင်းပြုရန်သော် လည်းကောင်း စွမ်းပကား မရှိချေ။

ကြွေးကလည်း ဝိုင်း၊ ပေါင်နှံထားရသော ပစ္စည်းများအတွက်ကလည်း အတိုးတက်၊ အဝင်ထက် အထွက်က လစဉ်လိုလို ပိုလျှံချည်းနေသောအခါ ဦးအေးသွင်သည် အိပ်မပျော်သော ညများကို ဖြတ်သန်းခြင်း ပြုလာရလေ သည်။ သူသည် သန်းခေါင်ကျော် တစ်ချက်တီးအထိ အိပ်စက်၍မရချေ။ ရက်၊ လ အနည်းငယ်အတွင်း သူ၏ဆံပင်များသည် ဟိုတစ်ကွက် သည်တစ်ကွက် ဖြူစ ပြုလာသည်။ အသားအရေများလည်း သိသိသာသာ လျော့ပါးလာ၏။

"ခလုတ်ထိမှ အမိ တ သည်" ဆိုသောစကား ရှိသည့်အတိုင်း အသက် ငယ်ရွယ်၍ ခေတ်ဆန်ဆန် ချောမောလှပသော မယားကလေးကို တပ်မက် ခဲ့သော မုဆိုးဖိုကြီးသည် သူ့ဇာတ်ထုပ်ကို အကွက်လည်အောင် မခင်းနိုင်တော့ မှပင် သူ လုပ်ခဲ့ပြီးသော အလုပ်ကို နဖူးပေါ် လက်တင်၍ ပြန်လည် စဉ်းစားစ ပြုလာသည်။ "ကျွန်မ တူမကလေးက အရူးအပေါနဲ့မို့ ကိုအေးသွင်ရဲ့ အိမ်ထောင် ကြီးနဲ့ ဖြစ်ပါ့မလား ဆိုတာကို စိုးရိမ်မိတာ တစ်ခုပါပဲ" ဟု သူ့တူမကလေးကို မိမိက လက်ထပ်ဖို့ ခွင့်တောင်းစဉ်က မမကြီး ပြောဆိုခဲ့သော စကားများကို ယခုမှ လေးလေးနက်နက် သဘောပေါက်လာသည်။ ထိုစကားကို မမကြီး ပြောကြားစဉ်က သူသည် ရှေ့နောက် ဘာမျှစဉ်းစားရမှန်း မသိခဲ့ချေ။ ထိုသို့

ခဉ်းစားလိုက်သော ကိစ္စကြီး တစ်ခုကို စဉ်းစားရမှန်း မသိလောက်အောင် မိုက်မိုက်မဲမဲ အငမ်းမရဖြစ်ခဲ့သည့်အတွက် ယခုအခါတွင် နဖူးကျည်ပွေ့ တွေ့နေရလေပြီ။ ယင်းသို့ နဖူးကျည်ပွေ့ တွေ့နေရသော ကိစ္စတွင် မိမိ အဆိုးနှင့် မိမိ အမိုက်မှုသာ ဖြစ်၍ မိမိ မိုက်ပြစ်နှင့် မိမိ ခံဖို့သာ ရှိလေသည်။ သို့ရာတွင် "ရှင့်စကားအတိုင်း တတ်နိုင်သမျှလည်း သည်းညည်းခံပါ။ သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာတဲ့အခါကျတော့လည်း ကျွန်မကို လာတိုင်ကြားစေချင်ပါတယ်" ဟု မမကြီးက မှာကြားလိုက်သော စကားကလေးများကို ပြန်လည် သတိရလိုက်သောအခါတွင် မိမိ ရင်ဆိုင်နေရသော အကျပ်အတည်းကို ခင်၏ ဒေါ်လေးအား ဖွင့်ဟ တိုင်ပင်၍ အကူအညီတောင်းရလျှင် ကောင်းလေမည်လားဟု တွေးမိပြန်သည်။ တကယ်ဆိုတော့ မိမိ ဤသို့ နဖူးကျည်ပွေ့ မတွေ့ရမီကာလအတန်ကြာကပင် မိမိတို့ လင်မယား သားအမိတစ်တွေအပေါ်၌ ဖြူစင်သော စေတနာဖြင့် မမကြီးသည် ကြိုတင်၍ သတိပေးခဲ့ဖူးပြီ မဟုတ်သလော။ "ရှင့်မယားကလေးကို ရှင်က ချစ်လို့ အလိုလိုက်တာတော့ လိုက်ပေါ့။ ဒါပေမဲ့ ခုလို တရားလွန်ကြီးတော့ လွှတ်ပေးမထားစေချင်ဘူး။ ဒီလိုသာ ကြာကြာ လွှတ်ပေးထားရင် တစ်နေ့ ရှင်ပါ ဒုက္ခရောက်ပြီး အကုန်လုံး ကစဥ့်ကလျားဖြစ်ကုန်မှာ စိုးရိမ်ရတယ်။ ရှင့်အမေကြီးနဲ့ ခင်မာတူးတို့၊ မောင်မောင်လေးတို့ မောင်နှမကို သနားရင်၊ ပြီးတော့ ရှင့်မယားကလေးကိုလည်း ရှင် တကယ်ချစ်ရင် ကျွန်မ ခုလို သတိပေးတာကို လေးလေးနက်နက် စဉ်းစားစေချင်တယ်" ဟူ၍ မမကြီးက အစိုးရိမ်ကြီးစွာဖြင့် ကြိုတင် သတိပေး ပြောကြားခဲ့သော စကားများသည် အမှန်ကြီး မှန်လျက် ရှိလေသည်။ သို့ရာတွင် ထိုသို့ သတိပေးခြင်းကို ခံရစဉ်က သူသည် အလေးမထားခဲ့ချေ။ ထို့ကြောင့် ယခုကဲ့သို့ နဖူးကျည်ပွေ့ တွေ့နေရသောအချိန်မှ သူသည် မမကြီးကို ထပ်မံ၍ ဒုက္ခပေးလို့ ကောင်းနိုင်ပါဦးမည်လော။ သူသည် မမကြီးကို ဖွင့်ဟတိုင်ပင်ဖို့ကား ဝေးစွ၊ မိမိ၏ တကယ့်အဖြစ်မှန်နှင့် အခြေမှန်အား မမကြီး သိရှိသွားမည့်အရေးကိုပင် များစွာ စိုးရိမ်ထိတ်လန့်မိလေသည်။ ခင် မျက်နှာမြင်ပြီးသည့်နောက် မမကြီးသည် တစ်လလျှင် အနည်းဆုံး တစ်ခေါက်လောက် အင်းလျားမြိုင် အိမ်သို့ ခပ်မှန်မှန် လာရောက် လည်ပတ်လေ့ရှိသည်။ သို့ရာတွင် ဦးအေးသွင်သည် မိမိ အပေါ်၌ ဖြူစင်သော စေတနာကို ထားရှိလျက် မိမိ၏ အကျိုးစီးပွားကို လာ

ရောက် ကြည့်ရှုပေးနေသော မမကြီးကို မိမိအပြစ်နှင့် မိမိဖြစ်နေ၍ မျက်နှာချင်းပင် မဆိုင်ဝံ့လောက်အောင် လိပ်ပြာမသန့် ဖြစ်နေသည်။ မိမိအပြစ်နှင့် မိမိဘာသာ သိမ်ငယ်လျက် ရှိလေသည်။ ထို့ကြောင့် မိမိ ရင်ဆိုင်ခြင်း ပြုနေရသော အကျပ်အတည်းကို အဘယ်သူ တစ်ဦးတစ်ယောက်အားမျှ ဖွင့်ဟတိုင်ပင်၍ အကြံဉာဏ်နှင့် အကူအညီတောင်းရန် စဉ်းစားခြင်းမပြုတော့ဘဲ မိမိပြဿနာကို မိမိဘာသာ တစ်ယောက်တည်း နည်းလမ်းရှာဖွေ၍ ဖြစ်တတ်သလို ဖြေရှင်းခြင်း ပြုရန် ဆုံးဖြတ်လိုက်လေသည်။

(၂)

"မဒန်း သားမခင်" ဆိုသော မြန်မာစကားပုံတစ်ခု ရှိလေသည်။ ထို စကားအတိုင်း သားတစ်ယောက် ရခဲ့ပြီ ဖြစ်သော်လည်း ခင်သည် လင်ကို လည်းကောင်း၊ သားကို လည်းကောင်း၊ အိမ်ကို လည်းကောင်း ခင်မင်ခြင်း မရှိသေးချေ။ ခင်မင်ရမှန်းလည်း နားမလည်သေးချေ။ ယခင်ကကဲ့သို့ ဝတ်ဝတ်စားစား ကြွားကြွားဝါဝါနှင့် သွားသွားလာလာပင် ဖြစ်သည်။ ကလေးမွေးပြီးခါမှ ယခင်ကထက်ပင် သာလွန်၍ ပိုမို လွန်ကဲလာသည် ဟု ထင်ရလေသည်။ ခင်သည် ယခင်ကထက် အလှအပကို ကြိုက်၍ ယခင်ကထက် အသုံးအစွဲ ကြီးလာသည်။ အလည်အပတ်လည်း များလာသည်။ တစ်ခါတစ်ရံ အလည်ကြွုကာ မိန်းမသားတန်မဲ့ ညဥ့်နက်သန်းခေါင်လောက်မှ အိမ်သို့ ပြန်သည်အထိ သောင်းကျန်းလာ၏။

မိမိအိမ်၌ အခြေအနေ အဘယ်သို့ ရှိနေသည်၊ လင်သား ဖြစ်သူ အဘယ်မျှ စိတ်ဆင်းရဲ ဒုက္ခရောက်၍ အဘယ်သို့ ဖြစ်နေသည်ဆိုသော အိမ်အတွင်းရေး ကိစ္စများကို ဘာတစ်ခုမျှလည်း မသိချေ။ ဂရုလည်း မစိုက်ချေ။ နောက်ဆုံး မိမိ ဝမ်းဗိုက်နှင့် လွယ်၍ မွေးထုတ်ရသော သားကလေး လေထိုး၍ ဆရာဝန် ခေါ်ရသော ကိစ္စကိုပင် မသိနိုင်လောက်အောင် အပျော်အပါးနှင့် သာယာမှုနောက်သို့ ရေစုန်မျှောကာ လိုက်နေခဲ့သည်။ ပျော်မှုပါးမှုနှင့် ကြွားမှု ဝါမှုကလွဲ၍ ခင်သည် အခြား ဘာကိုမျှ စိတ်ဝင်စားခြင်းလည်း မရှိတော့ချေ။ ပတ်ဝန်းကျင်၏ သွေးဆောင်ရာသို့ တကောက်ကောက်သာ လိုက်ပါနေခဲ့သည်။ ဖဲရိုက်ဖို့ဖြစ်စေ၊ တစ်စုံတစ်ရာကို ဝယ်ခြမ်း သုံးစွဲလို၍ဖြစ်စေ လင်သား

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

၏ အခြေအနေကို ဘာမျှ နားမလည်ဘဲ တွင်တွင်သာ တောင်းတတ်သည်။ လင် လုပ်သူက အကျပ်အတည်း ဖြစ်နေ၍ ရုတ်တရက် မပေးနိုင်၊ မကမ်းနိုင် ဖြစ်နေသောအခါများတွင် ဆူတတ် ပူတတ်သည်။ ဆောင့်ပြ အောင့်ပြသည်။ လင် လုပ်သူက ဘယ်လိုမျှ ပေးနိုင်ပုံ မပေါ်မှန်း သိရှိသောအခါ စိတ်ကောက်၍ ထွက်သွားတတ်ပြီးလျှင် ၎င်းနှင့် ကြွားဖော်ဝါဖက် အပေါင်းအဖော်များထံ၌ ချေးငှားသည်။ သို့မဟုတ် မိမိ ပစ္စည်းတစ်ခုခုကို ပေါင်နှံသည်။ ထို့နောက် မိမိ ဆန္ဒအတိုင်း လုပ်ချင်ရာ လုပ်သည်။ သုံးချင်ရာ သုံးလေသည်။

ညားခါစတုန်းကကဲ့သို့ မိမိကို အလိုမလိုက်တော့သည့်အပြင် မိမိနှင့် အတူ ပျော်ပွဲရွှင်ပွဲနှင့် မင်းစိုးရာဇာ ပွဲသဘင်များသို့ လိုက်ပါ တက်ရောက်ခြင်း မရှိတော့သော လင်သား လုပ်သူကို မိမိအပေါ်၌ အချစ်လျော့သည်၊ ဂရုမစိုက်တော့ ဟု အထင်ရောက်ကာ တစ်ခါတစ်ရံ လင် ဖြစ်သူအား တမင်တကာ အရွဲ့တိုက်သည့်အနေနှင့် အခြားသော ယောကျ်ားအဖော်များနှင့်အတူ မခိုးမခန့် သွားလာခြင်း ပြုလေသည်။ သို့ရာတွင် ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်၍ လင်လုပ်သူ အဘယ်မျှ အကျပ်ရိုက်ကာ စိတ်ဒုက္ခဖြစ်နေသည်ဆိုသော အကြောင်းကို လည်းကောင်း၊ ငွေကို လွယ်လွယ်ကူကူနှင့် ရရှိနိုင်မည့် နည်းလမ်းကို ကြောက်မက်ဖွယ်ရာ ရှာဖွေ၍နေသော လင်၏ အကြံအစည်ကို လည်းကောင်း ခင်သည် ဘာတစ်ခုမျှ နားမလည်ချေ။ သိလည်း မသိချေ။ လင် လုပ်သူကလည်း ချစ်စနိုးလှသော မယားကလေး စိတ်ညစ်ညူးကာ သိမ်သိမ်ငယ်ငယ် ဖြစ်သွားမည်ကို များစွာ စိုးရိမ်သကဲ့သို့ ဘာအကျိုးအကြောင်းမျှကိုပင် ဖွင့်ဟ ပြောဆိုခြင်း မပြုချေ။ အေးအတူ ပူအမျှ ဆိုသော လင်နှင့် မယားတို့ ထားရှိကြရသော ဆက်ဆံရေးကို အလျှင်းဂရုမထားဘဲ မိမိဘာသာ တစ်ယောက်တည်း ကျိတ်၍ပူ၊ ကျိတ်၍ ကြံလျက်သာ နေလေသည်။

ဤသို့ လင် ဖြစ်သူက မိမိအပေါ်၌ အဘယ်အထိ သက်ညှာ လိုက်လျော ခဲ့သည်၊ အဘယ်မျှ အရေးပေး ချစ်မြတ်နိုးခဲ့သည် ဆိုသော အတွင်းကျကျ အကြောင်းအရာများကို ခင်သည် ဘာတစ်ခုမှလည်း နားလည်ရမှန်း မသိချေ။ မိမိ အလိုဆန္ဒရှိသလောက် ပြည့်ပြည့်စုံစုံဖြစ်အောင် မဖြည့်စွမ်းနိုင်သောအခါများတွင် ခင်သည် တကယ့် ကလေးသူငယ်မ တစ်ယောက်နှင့်မခြား လင်သား တစ်ယောက်လုံးကို မခိုးမခန့်နှင့် အရွဲ့တိုက်လေ့ရှိသည်။ ဤကဲ့သို့ အရွဲ့တိုက်



Pdf - Yaybawal

ကာ မခံချိ မခံသာဖြစ်အောင် လည်းကောင်း၊ စိတ်အနှောင့်အယှက် ဖြစ်အောင် လည်းကောင်း ထိုးဆွ ပြုလုပ်ပေးခြင်းအားဖြင့် မိမိ၏ လင်ယောကျ်ားသည် မိမိအား အလိုလိုက်လာလိမ့်မည်၊ လိုက်လျောလာလိမ့်မည်ဟု အစဉ်းစားဉာဏ် နည်းပါးသေးသော ငယ်ရွယ်သူပီပီ ချင့်တွက်ခြင်းပြုထားပုံ ရလေသည်။ သို့ရာတွင် မိမိ၏ လင်သားဖြစ်သူ အဘယ်မျှ ခြေကုန်လက်ပန်းကျ ဖြစ်နေပြီဆိုသော ကိစ္စကိုကား အနည်းငယ်မျှ စဉ်းစားတတ်ခြင်း မရှိချေ။ ၎င်းအပြင် ထိုကဲ့သို့ လင်သားကို မခိုးမခန့်ပြုကာ အရွဲ့တိုက်သောကိစ္စများသည် အပြက်အပြက်နှင့် နှာခေါင်းကသွေး တကယ်ထွက်လာတတ်သည်ဆိုသော သဘာဝကိုလည်း ခင်သည် ငယ်ရွယ် မိုက်မဲသူပီပီ ဘာမျှ မစဉ်းစားတတ်ချေ။

'မမလှိုင်တို့ ဥယျာဉ်ပွဲကို ကိုကို လိုက်မပို့ပေးနိုင်ဘူးဆိုရင်လည်း နေပေါ့လေ။ ခင့်အတွက် ကိစ္စမရှိပါဘူး။ ကိုမောင်မောင်ထွန်းက ကိုကို အလုပ်များနေလို့ လိုက်မပို့ပေးအားရင် သူ့ကားနဲ့ ဝင်ခေါ်သွားပေးမယ်လို့ ပြောထားပါတယ်' ဟု နိုင်ငံတော် အစိုးရက ပေးကမ်းထားသော လစာအပြင် အခြားဝင်ငွေ ရရှိနိုင်မည့် နည်းလမ်းကို ရှာဖွေကြံဆရင်း ငိုင်နေသော လင် လုပ်သူအား ခင်သည် မခိုးမခန့် ပြောလား ပြောတတ်သည်။ ယင်းသို့ ပြောတတ်ရုံသာမဟုတ်၊ မောင်မောင်ထွန်း ဆိုသူက ကားနှင့် ဝင်ခေါ်သောအခါ လိုက်သွားတတ်သည်။ လင်ဖြစ်သူ ဘယ်သို့ ကျန်ရစ်မည်ကိုပင် မသိရှိပေ။

'ကိုကို မပေးချင်ရင်လည်း ခင် မတောင်းတော့ပါဘူး။ ကိုမောင်မောင်ထွန်းက ခင် မလွယ်တဲ့အခါ သူ့ဆီက အချိန်အခါမရွေး ယူသုံးပါလို့ ပြောထားပါတယ်။ သူ့ဆီကပဲ ဆွဲသုံးရတော့မှာပေါ့လေ' ဟုလည်း လင်သားထံမှ မိမိ အလိုရှိတိုင်း တောင်း၍ မရသောအခါ ခင်သည် မထိတရိနှင့် မခံချိ မခံသာဖြစ်အောင် ပြောတတ်သည်။ ဤသို့ ပြောတတ်ရုံမျှသာမဟုတ်၊ မောင်မောင်ထွန်း ဆိုသူထံမှ ဆွဲငင်၍ ရဲရဲတင်းတင်း သုံးစွဲသည်အထိ ဖြစ်လာသည်။

တကယ်ဆိုတော့ ခင်က ၎င်း၏ မိတ်ဆွေကောင်းကြီး တစ်ဦးအဖြစ်ဖြင့် လည်းကောင်း၊ သူရဲကောင်းကြီးတစ်ဦးအဖြစ်ဖြင့် လည်းကောင်း ရွှန်းရွှန်းဝေအောင် ကိုးကား ပြောဆို၍နေသော မောင်မောင်ထွန်း ဆိုသူသည် သူတစ်ပါးသားပျို သမီးပျိုကလေးများနှင့် သားမယားများကိုပါမချန် ငွေနှင့် ပေါက်၍၊ လိုက်လံ အချောင်နိုက်၍ ဖျက်ဆီးနေသော လူယုတ်မာ ကြာသမားတစ်ယောက်



Pdf - Yaybawal

မှုသာ ဖြစ်လေသည်။ မောင်မောင်ထွန်းသည် မူလက အခြေအမြစ်ရှိသူတစ်ဦး မဟုတ်ချေ။ လွတ်လပ်ရေး ရရှိပြီးမှ တန်ခိုးအာဏာရှိခဲ့သော နိုင်ငံရေးသမား အမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံကာ ခေတ်စားနေသော ကုမ္ပဏီတစ်ခုကို တည်ထောင်၍ ချပေးသမျှ သွင်းကုန် လိုင်စင်များကို နိုင်ငံခြားသားများအား ရောင်းစားကြီးပွားနေသူ တစ်ဦးမျှသာ ဖြစ်လေသည်။ ထိုသို့ တိုင်းပြည် ငွေများကို တရားလက်လွတ် အလွဲသုံးစားပြုလျက် အာဏာလက်ရှိ နိုင်ငံရေးသမားနှင့် ကပ်မြှောင်ကာ မင်းပိုင်းစိုးပိုင်းသို့ လူကြီးလူကောင်းတစ်ဦးအဖြစ်ဖြင့် လည်းကောင်း၊ ကြေးရတတ်တစ်ဦး အဖြစ်ဖြင့် လည်းကောင်း ဝင်ဆံ့နေသူတစ်ဦးလည်း ဖြစ်လေသည်။ တိုက်တစ်လုံးကောင်းကောင်းနှင့် နေထိုင်၍ မော်တော်ကား ကောင်းကောင်း စီးပြကာ ပိုက်ဆံကို ခပ်ဖောဖော ခပ်ရမ်းရမ်းကလေး သုံးဖြုန်းပြနိုင်လျှင် လူတစ်ဖက်သားအား များစွာ အထင်ကြီးတတ်သော မင်းစိုးရာဇာပိုင်းတွင် မောင်မောင်ထွန်းသည် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သော လူကြီးလူကောင်းတစ်ဦး ဖြစ်လာခဲ့သည်။ လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံလာရသူတစ်ဦးလည်း ဖြစ်လာသည်။ သူတို့၏ နေအိမ်များနှင့် ပွဲသဘင် အခမ်းအနားများသို့ ရှိရှိသေသေ ဖိတ်ကြားခြင်းခံရသူ အထက်တန်းစား လူကြီးလူကောင်း စာရင်းတွင်လည်း ပါဝင်လာသည်။ လူကြီးလူကောင်း ဆိုသူများကိုသာ ရွေးချယ်သတ်မှတ်၍ လက်ခံခြင်း ပြုလေ့ရှိကြသော ဟပ်ကလပ်၊ ပြည်ထောင်စု ကလပ်နှင့် ဂေါက်ကလပ်များတွင်ပင် မောင်မောင်ထွန်းသည် များစွာ အရေးပါသူတစ်ဦး ဖြစ်လေသည်။

ခင်သည် မော်တော်ကားအသစ် တစ်စီးပြီး တစ်စီး လဲစီးကာ ငွေကြေးကို အလကား ရရှိနေသကဲ့သို့ ဖောဖောသီသီနှင့် မခန့်လေးစား သုံးစွဲ၍နေသော မောင်မောင်ထွန်းအား အလွန်တရာ လေးစား ကြည်ညိုဖွယ်ရာကောင်းသော လူကြီးလူကောင်းတစ်ဦး အဖြစ်ဖြင့် ခင်မင် ဆက်ဆံခဲ့ခြင်း ဖြစ်လေသည်။ တကယ့် လူကြီးလူကောင်းတစ်ဦးအဖြစ်ဖြင့် လေးလေးစားစား ယုံကြည်ကာ မကြာခဏ အတူတကွ သွားလာနေခဲ့ခြင်းလည်း ဖြစ်လေသည်။ သို့ရာတွင် ထိုသူ၏ အတွင်းသဘောနှင့် အကြံအစည်ကိုကား ဘာမျှမသိချေ။ ထိုသို့ မသိရှိသည့် အတွက်ကြောင့်လည်း မောင်မောင်ထွန်းနှင့်တွဲ၍ မိမိ လင်သားအား မခံချိမခံသာ ဖြစ်အောင် အရွဲ့တိုက်နေခဲ့မိခြင်း ဖြစ်သည်။



Pdf - Yaybawal

ခင်သည် မိမိ လုပ်နေသော အလုပ်ကို အဟုတ်ကြီး ထင်နေသည်။ သို့ရာတွင် အဘယ်သို့ ဘေးအန္တရာယ်နှင့် မိမိ ရင်ဆိုင်၍နေသည်ကိုကား မသိရှိချေ။ ထိုသို့ မသိရှိသည့်အတွက် မခန့်လေးစား ကစားမြဲ ကစားနေသည်။ သို့ရာတွင် ကောက်ကျစ်သော ကျားငစဉ်းလဲသည် မိမိ၏ သားကောင်အား ရွှေလက်ကောက်ကို မက်လုံးပေး၍ တဖြည်းဖြည်း ဆွဲဆောင်လျက် ရှိလေသည်။ တစ်လုံးသွင်း၊ နှစ်လုံးသွင်း သွင်းကာ မိမိ အပိုင်စီးနိုင်မည့် ချောင်ကောင်းကောင်း အတွင်းသို့ မသိမသာ ကျုံးသွင်းနေ၏။

ဤသို့ မောင်မောင်ထွန်း ဆိုသော လူကြီးလူကောင်း ကြာသမားတစ်ဦးနှင့် ၎င်းမယားကလေး လွတ်လွတ်လပ်လပ် သွားလာလျက်ရှိသော ကိစ္စကို လင်သားအနေနှင့် ဦးအေးသွင်သည် ဘာမျှ ပြောဆိုဟန့်တားခြင်းလည်း မပြုချေ။ သူ အလိုမလိုက်နိုင်သော မယား ဖြစ်သူအား အခြားသူတစ်ဦးက ကူညီစောင့်ရှောက်ပေးသည့်အတွက် ကျေးဇူးပင် တင်နေသလား မပြောနိုင်ချေ။ မောင်မောင်ထွန်း၏အကြောင်းကို ကောင်းစွာ သိရှိသော ဦးအေးသွင်၏ မိတ်ဆွေအချို့က ထိုကိစ္စနှင့် ပတ်သက်၍ ဦးအေးသွင်အား သတိပေးရန် တာဝန်ရှိကြသော်လည်း လင်သားလုပ်သူ ကိုယ်တိုင်က ကျေကျေနပ်နပ်ကြီး ခွင့်ပြုထားသည်ကို တွေ့နေရသဖြင့် အမုန်းခံ၍ သတိပေး ပြောဆိုခြင်း မပြုဝံ့အောင် ဖြစ်နေကြသည်။ ၎င်းအပြင် မိမိတို့ သတိပေးသောကိစ္စကို မောင်မောင်ထွန်း သိရှိသွားလျှင် မိမိတို့အတွက် ရန်မအေးမည့် အရေးကိုလည်း တွေးတောပူပင်ကြဟန် တူသည်။ အဘယ်ကြောင့်ဆိုသော် မောင်မောင်ထွန်းသည် လူကြီးလူကောင်းတစ်ဦးအဖြစ်ဖြင့် အသိအမှတ်ပြုခြင်း ခံနေရသူ ဖြစ်သည့်အပြင် တန်ခိုးအာဏာရှိသော နိုင်ငံရေးသမားများ၏ မိတ်ဆွေလည်း ဖြစ်သောကြောင့် ဖြစ်လေသည်။ တတ်နိုင်လျှင် မည်သူမဆို ဒုက္ခပေးနိုင်သော မြွေပွေးနှင့် မကစားလိုကြချေ။

နောက်ဆုံး၌ ထိုသတင်းသည် မမကြီး၏ နားသို့ ပေါက်ကြားလာခဲ့လေသည်။ သို့ရာတွင် ထိုသတင်းသည် မမကြီးအတွက် သတင်းဆန်း မဟုတ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ယခင်ကလို မောင်မောင်ထွန်း ဆိုသူနှင့် ကပွဲတစ်ခုတွင် အတူ တွဲကဖူးသည်ဆိုသော သတင်းကို ကြားရဖူးသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် မလွန်မီ တားမြစ်ပိတ်ပင်ရန် ဝတ္တရားရှိသဖြင့် မိမိ



Pdf - Yaybawal

ကိုယ်တိုင်ပင် တူမ လုပ်သူအား သတိပေး ပြောဆို၍ တားမြစ်ခြင်းပြုရန် အင်းလျားမြိုင်အိမ်သို့ တစ်နေ့သတ်သတ် သွားမည့်ဆဲဆဲ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုသည် ဗြုန်းခနဲ ဖြစ်ပျက်၍ သွားလေသည်။ ဤအဖြစ်အပျက်သည် အခြားတော့မဟုတ်၊ ရန်ကုန် အနောက်ပိုင်း ရာဇဝတ် တရားသူကြီး ဦးအေးသွင်အား အမှုသည် တစ်ဦးထံမှ ငွေသုံးထောင် လာဘ်ယူမှုဖြင့် အထူး စုံစမ်းစစ်ဆေးရေးဌာနက ရုတ်တရက် ဖမ်းဆီးလိုက်သော ကိစ္စပင် ဖြစ်လေသည်။

(၃)

ဦးအေးသွင်အား နေ့ခင်း နာရီပြန် နှစ်ချက်တီးသာသာခန့်တွင် ၎င်း၏ ရုံးခန်းအတွင်း၌ ရုတ်တရက် ဝင်ရောက် ဖမ်းဆီး၍ ရန်ကုန်ထောင်သို့ ပို့လိုက်ခြင်းဖြစ်ရာ၊ ထိုသတင်းကို ခရိုင်ရာဇဝတ် တရားသူကြီးကတော် ဒေါ်ခင်မှီကိုယ်တိုင် ၎င်းတို့အိမ်မှ ကားဖြင့် ကျောင်းသို့ လိုက်လာပြီး အကြောင်းကြားခြင်း ဖြစ်လေသည်။ ထိုသတင်းကို ရုတ်တရက် ကြားလိုက်ရသောအခါ မမကြီးသည် မိမိနားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ သို့ရာတွင် မိမိအား တကူးတကန့် လာရောက်ပြောကြားသူမှာ ခရိုင်ရာဇဝတ်တရားသူကြီးကတော် ကိုယ်တိုင် ဖြစ်နေခြင်းကြောင့် နားကြားမှားခြင်းလည်း မဖြစ်နိုင်ချေ။

'ကိုကိုက သူ့ရုံးခန်းကနေပြီး မမကို တယ်လီဖုန်းနဲ့ အကြောင်းကြားကြားချင်း ဒီသတင်း ခင့်ကိုပြောပြရအောင် အင်းလျားမြိုင်အိမ်ကို ခုပဲ ရောက်ခဲ့သေးတယ်။ ဒါပေမဲ့ ခင် နေ့ခင်းထဲက ထွက်သွားတာ ပြန်မလာသေးဘူးဆိုလို့ ဒီကို လှည့်ဝင်လာခဲ့ပြီး မမကြီးကို ပြောရတာပဲ' ဟုသာ ပြောဆိုပြီးနောက် ဒေါ်ခင်မှီ ထွက်၍သွားသဖြင့် ရုတ်တရက်သော် ဤကဲ့သို့အဖြစ်မျိုးနှင့် မတွေ့ဖူး မကြုံဖူးသောကြောင့် ဘာက စ၍ ဘာကိုလုပ်ရမှန်း မသိဘဲ အတန်ကြာမျှ ငိုင်နေမိသည်။

သတိရလျှင်ရချင်း မမကြီးသည် ကျောင်းမှ တယ်လီဖုန်းဖြင့် တက္ကစီကား တစ်စီးကို ခေါ်ယူပြီးလျှင် ထိုသတင်းကို ပြောကြားရန်နှင့် လုပ်ကိုင်ဆောင်ရွက်စရာ ရှိသမျှတို့ကို လုပ်ကိုင် ဆောင်ရွက်ခြင်းနှင့် တိုင်ပင် ပြောကြားခြင်း ပြုရန်အတွက် အင်းလျားမြိုင်အိမ်သို့ ထွက်လာခဲ့လေသည်။ ကံဘဲ့အိမ်



Pdf - Yaybawal

သို့ ဝင်၍ မိမိ၏ အစ်ကိုလုပ်သူအား အကြောင်းကြားခြင်းပင် မပြုနိုင်တော့ချေ။ အင်းလျားမြိုင် အိမ်သို့ မမကြီး ရောက်သောအခါ ခင်သည် ပြန်မရောက်သေးချေ။ ထို့ကြောင့် ထိုသတင်းကို ဦးအောင်တို့ လင်မယားအား အကြောင်းမကြားဘဲ ခင့်ကို နာရီဝက်ခန့် စောင့်လေ၏။ နာရီဝက် စောင့်၍ ခင် ပြန်မလာသောအခါမှ ၎င်းသွားတတ် လာတတ်သော မိတ်ဆွေအိမ်များသို့ လိုက်လံမေးမြန်း ရှာဖွေရန် မမကြီးသည် တက္ကစီနှင့် လိုက်ရပြန်သည်။

ခင် သွားတတ် လာတတ်သော အသိမိတ်ဆွေ သုံးလေးအိမ်မျှ တစ်အိမ်တက်ဆင်း လိုက်လံ ရှာဖွေခဲ့ပြီးနောက် ညနေ ၆ နာရီထိုး၍ တော်တော်ကလေး မှောင်လာတော့မှ၊ တော်တော်ကလေး ဖဲရှုံး၍ မွန်ထူနေဟန်ရှိသော ခင့်အား ဖဲဝိုင်းတစ်ဝိုင်းတွင် သွား၍ တွေ့လေသည်။ လူအများရှေ့တွင် ပြောဆိုရန် သင့်သောကိစ္စ မဟုတ်သဖြင့် မမကြီးသည် ခင့်အား အရေးကြီးသောကိစ္စတစ်ခုကို ပြောဆိုရန်ရှိ၍ အပြင်သို့ ခေတ္တလောက် လိုက်လာရန် ပြောဆိုရလေသည်။ ထို့ကြောင့် ခင်သည် မလိုက်ချင် လိုက်ချင်နှင့် လိုက်၍လာသည်။ မိမိဖဲရှုံးနေတုန်း လိုက်လာရပါမည်လားဟု ဆောင့်အောင့်ပြလိုက်သေးသည်။ မမကြီးက ဖြစ်သမျှအကြောင်းကို ဖွင့်ပြောလိုက်သောအခါမှ မျက်လုံးကျယ်၍ သွားသည်။ သို့ရာတွင် မိမိလင်တစ်ယောက်လုံး အဖမ်းခံနေရသော ကိစ္စအတွက် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိချေ။

မမကြီး ငှားရမ်းခဲ့သော တက္ကစီနှင့် အင်းလျားမြိုင်အိမ်သို့ ပြန်လာကြစဉ် 'ဒါထက် ကိုကို့ကို လာဘ်ယူမှုနဲ့ ဖမ်းရအောင် ကိုကိုကကော တကယ်လာဘ်စားနေလို့လား' ဟု ခင်က မိမိ လင်သား လာဘ်ယူမှုဖြင့် အဖမ်းခံနေရသော ကိစ္စကို အဘယ်သို့မျှ ဆက်စပ်၍ နားမလည်နိုင်သကဲ့သို့ မေးမြန်းလျက်ရှိသဖြင့် 'ညည်းယောက်ျား တကယ် လာဘ်စားတယ် မစားဘူး ဆိုတာကို ညည်းကသာ အသိဆုံး ဖြစ်ရတော့မှာပေါ့။ ဘယ့်နှယ်ကြောင့် ကျုပ်ကို မေးနေရတာလဲ'ဟု မမကြီးက စိတ်မရှည်နိုင်သကဲ့သို့ ဘုခပ်ကျကျကလေး ပြန်ပြောလိုက်သည်။ 'ကိုကို လာဘ်ယူတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဒေါ်လေး' ဟု အိမ်အတွင်းရေးကိစ္စကို လည်းကောင်း၊ ငွေရေးကြေးရေးကိစ္စကိုလည်းကောင်း ဘာတစ်ခုမှ မသိသော ခင်က မိမိ ထင်မြင်ချက်ကို ပြောဆိုလိုက်သောအခါ၊ ဦးအေးသွင်အား မနက်ဖြန် ထောင်ဝင်စာ သွားရောက် တွေ့ဆုံ



Pdf - Yaybawal

၍ တိုင်ပင်စရာရှိသော ကိစ္စများကို တိုင်ပင်ကာ ရှေ့နေ ရှေ့ရပ်များပါ ငှားရမ်းဖို့အတွက် စဉ်းစားရင်း လိုက်ပါလာသော မမကြီးလည်း ဘာမျှ ပြန်လည်ပြောဆိုခြင်း မပြုချေ။

အင်းလျားမြိုင်အိမ်သို့ ရောက်သောအခါ အတော်မှောင်နေပြီ ဖြစ်သော်လည်း မမကြီးသည် ကံဘဲ့အိမ်သို့ ပြန်ရန် မစဉ်းစားနိုင်သေးဘဲ ဦးအေးသွင်အတွက် အရေးတကြီး လိုက်လံ ဆောင်ရွက်ပေးရန် လိုအပ်မည်ထင်သောကိစ္စများကို ခင်နှင့် တိုင်ပင်ခြင်း ပြုရလေသည်။ ခင်နှင့်သာ တိုင်ပင်ရမည်ဆိုသော်လည်း ခင်သည် ဘာတစ်ခုမျှ နားလည်သည် မဟုတ်သောကြောင့်ဘာမျှ အရာမရောက်ဘဲ ရှိနေပြန်လေသည်။ မိမိက အရေးတကြီး ပြောဆိုနေသော်လည်း ခင်သည် ဘာတစ်ခွန်းမျှ ပြန်ပြောဖော်မရဘဲ ငုတ်တုတ်သာနားထောင်နေသည်။ ထိုအခိုက် တော်တော်ကလေး မိုးချုပ်၍ လာသည်တိုင်အောင် ခါတိုင်း တွေ့နေ၊ မြင်နေကျဖြစ်သော သူတို့အဖေကို မတွေ့ရသောကြောင့် ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမသည် အနီးတွင် ရစ်သီရစ်သီလုပ်နေကြရာမှ 'ဖေဖေကောဟင် မေမေလေး' ဟု ခင်မာတူးက ငိုမဲ့မဲ့ဖြင့် ခင့်အား မေးလိုက်သောကြောင့် လင် အဖမ်းခံရသဖြင့် ဘာမျှ မလုပ်တတ်မကိုင်တတ် ဖြစ်နေသော ခင်သည် စိတ်တိုလာသကဲ့သို့ 'နင့်အဖေ သေပြီ' ဟု အော်ငေါက်၍ ပြောဆိုလိုက်သဖြင့် ဘာမျှမသိသော ကလေးနှစ်ယောက်သည် အဟုတ်တကယ် ထင်မှတ်ကာ တစ်ပြိုင်တည်း ငိုယိုကြလေတော့သည်။ ထို့ကြောင့် မမကြီးသည် ခင့်အား ဟန့်လိုက်ရပြီးနောက် ငိုယိုနေသော ကလေးများကို လှည့်ပတ် ချော့မော့၍ နာနီနှင့် ထားပစ်ခဲ့ပြီးလျှင် ခင့်အား ခေါ်ကာကံဘဲ့အိမ်သို့ ထွက်လာခဲ့ရပြန်လေသည်။

ကံဘဲ့အိမ်သို့ ရောက်သောအခါ ဦးအေးသွင် အဖမ်းခံရသည့်ကိစ္စနှင့်ပတ်သက်၍ ဘာမျှမသိသေးသော ဦးကျော်အောင်အား အကြောင်းစုံ ဖွင့်ပြောပြီးနောက် သားအဖ တူဝရီးသုံးဦးတို့ အတော်ကလေး ညဥ့်နက်သည်အထိတိုင်ပင်ကြရလေသည်။ ဦးကျော်အောင်သည် စက်ရှင် တရားသူကြီးဟောင်းတစ်ဦး ဖြစ်သော်လည်း မိမိကိုယ်နှိုက်ကသော် လည်းကောင်း၊ မိမိနှင့် နီးစပ်သူများထဲမှသော် လည်းကောင်း ယင်းကဲ့သို့ အမှုအခင်းမျိုးနှင့် မတွေ့ကြုံခဲ့ဖူးသဖြင့် မိမိသမက် ဖြစ်ရသော ကိစ္စကို ဥပဒေကြောင်းအရသာ ပြောဆိုနိုင်၍

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

အခြား ဘာမျှမသိချေ။ ထို့ကြောင့် ဦးအေးသွင်အား ထောင်ဝင်စာခံ၍ သွားရောက် တွေ့ဆုံကာ တိုင်ပင်ဖို့ကိစ္စက အစ ရှေ့နေငှားဖို့ ကိစ္စ၊ အာမခံဖို့ကိစ္စနှင့်တကွ ဦးအေးသွင် အချုပ်ခံနေရသည့် ရက်အတွင်း အင်းလျားမြိုင်အိမ်၏ အထွေထွေကိစ္စများ အားလုံးကိုပါ မမကြီးက ဦးစီးဦးကိုင် ဆောင်ရွက်ဖို့ ဖြစ်လာသည်။ မမကြီးကမှ ဖေးဖေးမတ်မတ် မဆောင်ရွက်လျှင် အခြားဆောင်ရွက်မည့် သူလည်း မရှိချေ။ ဦးအေးသွင်၏ သားမယားဖြစ်သူ ခင်မှာ ဘာကစ၍ ဘာကို လုပ်ရမှန်းပင် သိသူ မဟုတ်ချေ။

မမကြီးအနေနှင့် တာဝန်ယူ လုပ်ဆောင်နေရသော ကိစ္စများမှာ များလည်း များ၊ ကြီးလည်း ကြီးလေသည်။ တစ်ဖက်တွင် ကျောင်းနှင့် ကံဘဲအိမ်၏ တာဝန် ရှိလေသည်။ ထိုတာဝန်များအပြင် အင်းလျားမြိုင်အိမ်၏ တာဝန်ကိုပါ လုံးဝ ယူလိုက်ရပြီးနောက် ဦးအေးသွင်၏ အမှုကိစ္စအတွက်နှင့် ပတ်သက်၍လည်း ရုံးနှင့် ရှေ့နေများဆီသို့ ဖတ်သီဖတ်သီ ပြေးလွှားနေရသည်။ ယင်းသို့ ကြီးလေး များပြားသော တာဝန်များကို ထမ်းဆောင်ရစဉ် ကျောင်းနှင့် ကံဘဲအိမ်၏တာဝန်များမှာ သူ့အချိန်နှင့်သူ၊ သူ့အပိုင်းနှင့်သူဖြစ်၍ ဘာမျှ အပန်းမကြီးလှသော်လည်း အင်းလျားမြိုင်အိမ်နှင့် ဦးအေးသွင်၏ အမှုကိစ္စအတွက် ကြီးမားသော အခက်အခဲများကို တွေ့ရလေသည်။ ဦးအေးသွင်ကို ဖမ်းဆီးခြင်း ပြုလိုက်သော နေ့မှစ၍ သူ၏ လစာမှာ တစ်ဝက်သာသာမျှလောက်သာ ရရှိတော့သဖြင့် အင်းလျားမြိုင်၏ အိမ်စရိတ်ကို မကာနိုင်တော့ချေ။ ထို့ကြောင့် နာနီကို ခင့်အား မတိုင်ပင်တော့ဘဲ မိမိ သဘောနှင့် ဖယ်ထုတ်လိုက်ရပြီးလျှင် ဦးအောင်တို့ လင်မယားနှင့် မော်တော်ကား ဒရိုင်ဘာတို့ကို အမှုမပြီးစီးမီ သုံးပုံတစ်ပုံစီ လျှော့၍ယူရန် မမကြီးက အကျိုးအကြောင်းနှင့် ပြောဆိုသဖြင့် ကျေကျေနပ်နပ်ပင် လက်ခံကြလေသည်။ ဤသို့ အင်းလျားမြိုင် အိမ်စရိတ်ကို ဖြတ်တန်သရွေ့ ဖြတ်၍ လျှော့လိုက်ပြီးနောက် ငွေကိုလည်း မိမိကိုယ်တိုင် ကိုင်တွယ်သဖြင့် ရရှိသော လခတစ်ဝက်သာသာနှင့် အလျဉ်မီအောင် စီမံနိုင်ခဲ့သည်။ ရပ်ပျက်ဆင်းပျက်မဖြစ်အောင် ထိန်းသိမ်းခြင်း ပြုပေးနိုင်ခဲ့သည်။ သို့ရာတွင် ဦးအေးသွင်အတွက် ရှေ့နေ ငှားရမ်းဖို့ကိစ္စနှင့် ရင်ဆိုင်ရသောအခါ များစွာ အခက်အခဲတွေ့ကြုံရလေသည်။ အဘယ်ကြောင့်ဆိုသော် ရှေ့နေခ ပေးစရာ ဦးအေးသွင်၌ တစ်ပြားတစ်ချပ်မျှ မရှိတော့သည့်အပြင် ပေါင်နှံ ရောင်းချ၍ ရနိုင်သော



Pdf - Yaybawal

ပစ္စည်းလည်း ဘာမျှ၊ အဖိုးတန်ပစ္စည်းတစ်ခုမျှ လက်ထဲ၌ မရှိလေသောကြောင့် ဖြစ်လေသည်။ သည်တော့မှပင် မမကြီးသည် အင်းလျားမြိုင်အိမ်ကြီး၏ အတွင်းရေး အားလုံးနှင့် ဦးအေးသွင် လာဘ်ယူရသော အကြောင်းရင်းကို ရိပ်မိလေသည်။

ခင်နှင့်အတူ ဦးအေးသွင်အား ထောင်ဝင်စာခံ၍ သွားတွေ့ကာ ရှေ့နေခ ပေးရန် ဘာမျှ မရှိတော့၍ မော်တော်ကားကို ရောင်း၍ ငွေးရမ်းခြင်းပြုရန်သာ ရှိတော့ကြောင်း ဦးအေးသွင်က ဖွင့်ပြောလေသည်။ သို့ရာတွင် မော်တော်ကားကို ရောင်းချ၍လည်း မမကြီးအတွက် မဖြစ်သေးချေ။ ဦးအေးသွင် ပြောဆိုသည့်အတိုင်း မော်တော်ကားကို ရောင်းချလိုက်ပါက တန်ရာတန်ဖိုးကို ရရှိနိုင်လိမ့်မည် မဟုတ်သည့်အပြင် ၎င်းတို့အတွက်လည်း အလုပ်လုပ်ကိုင်ရန် များစွာခက်ခဲသွားလိမ့်မည် ဖြစ်သောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ရှေ့နေခ ပေးဖို့ကိစ္စအတွက် ဦးအေးသွင်၏ အခြေအနေအမှန်ကို သိရှိလိုက်ရပြီဖြစ်၍ မမကြီးသည် ဆက်လက် တိုင်ပင်ခြင်း မပြုတော့ဘဲ မိမိဘာသာ ဖြစ်သည့်နည်းနှင့် ရာကြ ငွေးရမ်းရန် စီစဉ်ရလေသည်။ မိမိနှင့် ယခင် ကျောင်းနေဖက် ရှေ့နေတစ်ယောက်ကို မျက်နှာအောက်ချကာ သွားရောက် ပြောဆိုကြည့်ရာ၊ အမှုကို ပြတ်သည်အထိ ငါးထောင်နှင့် လိုက်ပေးမည်။ ရှေးဦးစွာ နှစ်ထောင်တော့ ပေးထားရမည် ဟု ပြောဆိုသဖြင့် လောလောဆယ်ပေးရန် ငွေနှစ်ထောင်အတွက် ရှာရလေသည်။

လင် ထောင်ထဲနေရသည့်အခိုက် သူ့မယားကလေး သိမ်ငယ်မည် စိုးသော်လည်း နောက်ဆုံး၌ မမကြီးသည် မတတ်နိုင်တော့သဖြင့် ခင့်တွင် ရှိနေသေးသော ကြယ်သီးတစ်စုံကို ချော့မော့ပြောဆို၍ ပေါင်ကြည့်ရာ ထောင့်ငါးရာသာ ရသဖြင့်၊ မိမိ စုဆောင်း၍ ကျစ်ကျစ်လျစ်လျစ် သိမ်းဆည်းထားသော ငွေကလေး တစ်ထောင်ခန့် ရှိသည့်အနက်မှ ငါးရာကို ဖဲ့၍ ဖြည့်ထည့်ပေးလိုက်ရသည်။

ဦးအေးသွင်အား ဖမ်းဆီးလိုက်ပြီးနောက် နှစ်လသာသာ သုံးလခန့် အကြာတွင် အမှုအတွင်း အာမခံဖြင့် နေထိုင်ခွင့် ရရှိရေးအတွက် မိမိဘာသာ ဖြစ်သလို လှည့်ပတ် ငွေးရမ်းရသော ရှေ့နေနှင့် မမကြီးသည် ကိုယ်ဖိရင်ဖိ ကြိုးစားခဲ့လေသည်။ တစ်သက်လုံးက မိမိ ဂုဏ်သိက္ခာနှင့် မိမိ မည်သူတစ်ဦး



Pdf - Yaybawal

ကိုမျှ မျက်နှာအောက်မချခဲ့သော မမကြီးသည် ယခုအခါတွင် အောက်ကျခံသင့်သောသူများကို အောက်ကျခံကာ၊ တောင်းပန်ပြောဆိုသင့်သော သူများကိုလည်း အပြေးအလွှား သွားရောက်တောင်းပန်ခြင်း ပြုရလေသည်။ သို့ရာတွင် လာဘ်ပေးလာဘ်ယူမှုကို အပြင်းအထန် ဖမ်းဆီး နှိပ်ကွပ်နေသော အချိန်ကာလလည်း ဖြစ်နေသည်က တစ်ကြောင်း၊ တရားစွဲဆိုထားသော ပုဒ်မနှင့် အမှုသွား အမှုလာများအရ အာမခံပေး၍ မဖြစ်နိုင်လောက်အောင် ဖြစ်နေသည်က တစ်ကြောင်းကြောင့် ဦးအေးသွင် အာမခံ ရရှိရေးကိစ္စမှာ များစွာ မလွယ်ကူချေ။ နောက်ဆုံး သက်ဆိုင်ရာ တရားရုံးတော်မှ အာမခံ လျှောက်ထားသောကိစ္စကို ပယ်ချလိုက်လေသည်။

ယင်းသို့ အာမခံကိစ္စကို ပယ်ချလိုက်ပြီးနောက် အမှုကိုလည်း အတော်ကြာမျှ စစ်ဆေးရမည် ဖြစ်ပြီးလျှင် နောက်ဆုံး၌လည်း ဦးအေးသွင် လွတ်မြောက်ရန် လမ်းစ မရှိမှန်း တဖြည်းဖြည်း ရိပ်မိလာရသောအခါ မမကြီးသည် စိတ်မောလူမော ဖြစ်သွားသည်။ မိမိ၏ ဦးခေါင်းပေါ်သို့သာ ပုံ၍ကျလာမည့် ဦးအေးသွင်၏ ဝန်ထုပ်ဝန်ပိုးကြီးကို စဉ်းစားမိရင်း ခေါင်းနားပန်းကြီးသွားသည်။ သို့ရာတွင် သူ့မယားကလေး ခင် တစ်ယောက်ကတော့မူ သူ့လင်ကို ဖမ်းလိုက်ခါစတုန်းက ကဲ့သို့ အပူရုပ် မရှိတော့ဘဲ တဖြည်းဖြည်းနှင့် ခပ်ကြွကြွ ခပ်ကြွားကြွားကလေး ဖြစ်လာသည်။ ယခင်ကကဲ့သို့ ဝတ်ဝတ်စားစားနှင့် သွားလာ လုပ်လာသည်။

## (၄)

ယင်းသို့ ဦးအေးသွင်၏ အမှုကို ရှည်လျား ကြာမြင့်စွာ တစ်နှစ်ကျော်ကျော်မျှ စစ်ဆေး ကြားနာခြင်း ပြုနေသည့်ကာလအတွင်း မမကြီးသည် မိမိ၏ ကျောင်းအလုပ်အပြင် အိမ်ထောင်ကြီး နှစ်ခု၏ တာဝန်ကို ပင်ပင်ပန်းပန်း ထမ်းဆောင်ခဲ့ရလေသည်။ အိမ်ထောင်ကြီး နှစ်ခုအနက် ကံဘဲ့အိမ်အတွက် ဘာမျှ တာဝန်မကြီးသော်လည်း အင်းလျားမြိုင် အိမ်အတွက် စိတ်မောလူမော ဖြစ်ခဲ့ရသည်။ ကံဘဲ့အိမ်တွင် သွေးတိုးရောဂါကြောင့် မကြာခဏ မူးတတ်သော ဦးကျော်အောင်၏ တာဝန်မှလွဲ၍ အခြားအိမ်၏ ဝေယျာဝစ္စမှန်သမျှကို အိမ်ဖော် အဒေါ်ကြီးနှင့် မျက်နှာလွှဲထားနိုင်သော်လည်း အင်းလျားမြိုင် အိမ်တွင် ကလေးသုံးယောက်



Pdf - Yaybawal

နှင့် ခင့်ကိုပါ ထိန်းသိမ်းခြင်းပြုရသော တာဝန်ကား မမကြီးအတွက် အပင်ပန်း ဆုံး ဖြစ်လေသည်။ ငယ်ရွယ်သော ကလေး သုံးယောက်တို့ကို သူ့စည်းကမ်း နှင့် သူ ထားပေးသဖြင့် ကလေးများအတွက် များစွာ အနှောင့်အယှက် မဖြစ် ရသော်လည်း အဘယ်သို့မျှ စည်းကမ်းကလနားသတ်၍ မရနိုင်သော ခင့်အတွက် မမကြီးသည် များစွာ စိတ်ပူပင်သောက ရောက်ရလေသည်။

မိမိအတွက်နှင့် အမှားမှားအယွင်းယွင်းဖြစ်ကာ အဖမ်းအဆီးခံနေရ သော လင် ဖြစ်သူအတွက် ဘာမျှ ပူပန်ရမှန်း မသိသကဲ့သို့ ပေါ့ပေါ့ဆဆ သွားလာ နေထိုင်လျက် ရှိသည်။ ရှေ့ရေးကိုလည်း ဘာတစ်ခုမျှ လေးလေး နက်နက် စဉ်းစားပူပန်ခြင်း မပြုတတ်ဘဲ ယခင် လင်သားဖြစ်သူ အမှုအခင်း မဖြစ်ပွားမီကအတိုင်း ဝတ်စား ဆင်ယင်ကာ မမကြီး ကျောင်းတက်နေရသော နေ့ခင်း နေ့လယ်ဘက်များတွင် အိမ်မှ ထွက်၍ ထွက်၍ နေတတ်သည်။

မိမိ၏အလုပ်နှင့် မအားမလပ်နိုင်အောင် အလုပ်များနေသော မမကြီး သည် မိမိ၏အလစ်တွင် အိမ်မှ ကားနှင့် ခင် ထိုကဲ့သို့ ထွက်၍ ထွက်၍ လည်ပတ် နေသောကိစ္စကို တော်တော်နှင့် မသိချေ။ ဦးအေးသွင်၏ လခကို မိမိကိုယ်တိုင် ကိုင်၍ သုံးစွဲနေသည့်အကြားမှ တစ်ခါတစ်ရံ ခင်သည် အဖိုးတန်ပစ္စည်းများ ဝယ်ခြမ်းလျက်ရှိသော ကိစ္စကိုလည်း အမှုမဲ့ အမှတ်မဲ့ ဖြစ်နေခဲ့သည်။ မေးမြန်း ခြင်းလည်း မပြုမိချေ။ ခင်သည် အဖိုးတန် ပစ္စည်းများကို ဝယ်ခြမ်းနိုင်ရန် အတွက် ပိုက်ဆံ အဘယ်က ရသနည်း။ ဖဲရိုက် သုံးစွဲခြင်းပြုရန်အတွက်ကော အဘယ်သူက ထုတ်ပေးနေသနည်း။ နံနက် မိုးလင်း၍ မျက်စိနှစ်လုံး ပွင့်လာရ ကတည်းက ညဉ့်နက် မိုးချုပ်၍ မျက်စိနှစ်လုံး ပိတ်လိုက်ရသည့်အထိ များပြား သော အာရုံတို့နှင့် တွေ့ထိ ဆက်ဆံနေရသော မမကြီးသည် အသက်ကြီးရင့်သူ များနှင့် စာလျှင် လည်းကောင်း၊ ငယ်ရွယ်သော ကလေးများနှင့်စာလျှင် လည်း ကောင်း မိမိကိုယ်ကို ထိန်းသိမ်း အုပ်ချုပ်နိုင်ရမည် ဖြစ်သော ခင့်ကို ချီးက သေးက အစ လိုက်၍ ကြည့်လည်း မကြည့်နိုင်ချေ။

လူသားစားဖူးသော ကျားသည် ရွာအနီးအနား ပတ်ဝန်းကျင်၌သာ တဝဲလည်လည် ရှိနေတတ်သည်ဆိုသော စကားအတိုင်း လင်သား ဖြစ်သူ အဖမ်းဆီး မခံရမီက နေထိုင်ခြင်း ပြုခဲ့ရသော အနေအထိုင်၊ အသုံးအစား၊ အသွားအလာနှင့် ပတ်ဝန်းကျင်တို့တွင် လင် ဖြစ်သူ ဒုက္ခရောက်၍ အဖမ်းအဆီး



Pdf - Yaybawal

ခံနေရသော အချိန်ကာလတွင်လည်း ခင်သည် တဝဲလည်လည် ဖြစ်နေသည်။ မိမိကိုယ်ကို ထိန်းချုပ်ခြင်း မရှိဘဲ အစွမ်းကုန် အလိုလိုက်ခဲ့သည့်အတွက် ထို ပတ်ဝန်းကျင်နှင့် အဆောင်အယောင်တို့ကို မဖြတ်နိုင်အောင် ဖြစ်သည်။ ဤသို့ သော အချိန်ကာလနှင့် အခြေအနေတွင် ခင်သည် မောင်မောင်ထွန်း ဆိုသူနှင့် ထပ်မံ၍ တွေ့ရှိကာ ဆက်သွယ်မိခြင်း ဖြစ်လေသည်။ ယခုတစ်ကြိမ် ပြန်လည် တွေ့ရှိကြသော အခါ၌ ခင်သည် အငတ်ဘဝတွင် ဖြစ်လေသည်။ ၎င်း၏ နောက်ကျော၌ လင် ဖြစ်သူသည် အကျဉ်းထောင်ထဲသို့ ရောက်နေသည်။ သို့ရာတွင် မောင်မောင်ထွန်းသည် ယခင်ကအတိုင်း တိုက်နှင့် မော်တော်ကားနှင့် ဖြစ်သည်။ ဘဏ်တွင် ငွေစာရင်းရှိသဖြင့် ချက်လက်မှတ်စာအုပ်နှင့် ရာတန် လေးငါးရွက်ကို အိတ်ကပ်ထဲ အမြဲထည့်ထားနိုင်သည်။

ဦးအေးသွင် အဖမ်းခံရပြီးနောက် ဆယ်လခန့်အကြာတွင် ခင်သည် မမျှော်လင့်ဘဲ ဖဲဝိုင်းတစ်ခုတွင် မောင်မောင်ထွန်းနှင့် တွေ့ဆုံရသောအချိန်၌ ခင်သည် အသုံးအစွဲ ကျပ်တည်း ပြတ်လပ်နေချိန် ဖြစ်သည်။ လင် အဖမ်းအဆီး ခံနေရသဖြင့် များစွာ သိမ်ငယ်၍လည်း နေသည်။ ထိုကဲ့သို့သော အချိန်တွင် မောင်မောင်ထွန်းသည် တကယ့် မိတ်ဆွေကောင်းကြီး တစ်ဦးအနေနှင့် ခင့်အား သနားလှပါသည်၊ ကူညီခြင်းလည်း ပြုပါရစေ၊ လိုအပ်သော အကူအညီကို လည်း အချိန်မရွေး ပြောပါဟု နှုတ်ဖြင့် ပြောဆိုခြင်း ပြုရုံမျှမက ခင့်အား ၎င်း၏ အိတ်ကပ်အတွင်းမှ ရာတန် အထပ်လိုက် ထုတ်ပြပြီးနောက် ရာတန် ငါးရွက်ကို ဖွတ်အတင်း ပေးလေသည်။ အစ ပထမ၌သာ ခင်သည် ဟန်လုပ်၍ ငြင်းမိသေးသော်လည်း နောက်ဆုံးတွင် ဝမ်းသာအားရ ယူလိုက်သည်။ လင် ဖြစ်သူ အဖမ်းခံခဲ့ရပြီးကတည်းက ရာတန်စက္ကူကို မမြင်ဖူးသလောက် ဖြစ် နေခဲ့သော ခင်သည် မောင်မောင်ထွန်းထံမှ ရာတန်စက္ကူ ငါးရွက်ကို ရရှိလိုက် သောအခါ မည်ကဲ့သို့ ကျေးဇူးတင်ရမှန်း မသိလောက်အောင် ဖြစ်နေသည်။ သို့ရာတွင် တစ်နစ် တစ်နစ်လျှင် လိုင်စင် ရောင်းစားခြင်း အလုပ်တစ်ခုတည်း ဖြင့် ငွေတစ်သိန်းခွဲ နှစ်သိန်းခန့် ဝင်ငွေရှိသော မောင်မောင်ထွန်းကဲ့သို့ လူ တစ်ယောက်အတွက် ငွေငါးရာ တစ်ထောင်သည် ဘာမျှမဖြစ်လောက်သည် ကိုကား ခင်သည် မသိချေ။ အကျပ်အတည်း တွေ့နေသော လင်ရှိ မယားများ ကို ယခုကဲ့သို့ ငွေနှင့်ပေါက်၍ ဖျက်ဆီးလေ့ရှိသော မောင်မောင်ထွန်း၏ အကျင့်



Pdf - Yaybawal

စာရိတ္တဆိုးနှင့် အကြောင်းကိုလည်း ခင်သည် ဘာမျှမသိချေ။ ခင် သိသော ကိစ္စတစ်ခုမှာ မိမိ အသုံးအစွဲ ကျပ်တည်းနေခိုက် လွယ်လင့်တကူ ငွေငါးရာမျှ ထုတ်ပေးသော မောင်မောင်ထွန်း၏ သဘောကောင်းမှုသာ ဖြစ်သည်။

ရာတန်စက္ကူ ငါးရွက်ကား အစမျှသာ ဖြစ်လေသည်။ ထို့နောက် ခင်သည် မကြာခဏ မောင်မောင်ထွန်းနှင့် တွေ့လေသည်။ မောင်မောင်ထွန်းက ရုပ်ရှင်ကြည့်ဖို့ ခေါ်လျှင် လည်းကောင်း၊ ကပွဲသို့ ခေါ်လျှင် လည်းကောင်း၊ မရမ်းကုန်းဘက်သို့ ထမင်းစားခေါ်လျှင် လည်းကောင်း ခင်သည် ဝမ်းသာအားရ လိုက်တော့သည်။ မောင်မောင်ထွန်းက ဝယ်ခြမ်းပေးသော ဇိမ်ခံပစ္စည်းများ ကိုလည်း ယူတော့သည်။ သူတစ်ပါး သားပျို သမီးပျိုကလေးများကို လည်းကောင်း၊ သားမယားများကို လည်းကောင်း ယခုကဲ့သို့ ငွေကြေး၊ အပျော်အပါး၊ အဝတ်အစားများဖြင့် တဖြည်းဖြည်း ဖြားယောင်း ကျူးသွင်းကာ နောက်ဆုံး၌ ယုတ်ယုတ်ကန်းကန်း ဖျက်ဆီးတတ်သော မောင်မောင်ထွန်း၏ ထောင်ချောက်ထဲသို့ ခင်သည် တိုးဝင်လျက် ရှိလေသည်။ ယင်းသို့ မောင်မောင်ထွန်းနှင့် သွားလာနေရသဖြင့် လင် ဖြစ်သူကိုပင် ထောင်ဝင်စာ မှန်မှန် သွားမတွေ့နိုင်သည်အထိ လင်သားအပေါ်၌ ပေါ့ဆလာသည်။ မထိတရိနှင့် မခန့်မညား ဖြစ်လာသည်။ မိမိ လင်သားဖြစ်သူသည် မိမိအပေါ်၌ အဘယ်မျှ အလိုလိုက်ကာ မိမိအတွက်နှင့် ယခုကဲ့သို့ ဖြစ်ပျက်သွားရသည်ဆိုသော အချက်အလက်များကိုပင် သတိမရနိုင်တော့ချေ။ ခင်သည် မစင်ပုံထဲမှ လောက်မကလေးနှင့် မခြား ဖြစ်နေ၏။

မိမိ သွင်းလိုက်သော ကျူးထဲသို့ မိမိ စီးလိုသော ဆင်မကလေးသည် တအိအိ ဝင်ရောက်လာသောအခါတွင် ကျွမ်းကျင်သော ဆင်သမားသည် ထို ဆင်ရိုင်းမလေးကို တဖြည်းဖြည်း ယဉ်ပါး သိမ်မွေ့စေပြီးနောက် မိမိ အသုံးချလိုရာ ချသကဲ့သို့၊ ကြာသမား မောင်မောင်ထွန်းသည် ခင့်အား ၎င်းလိုရာသို့ တဖြည်းဖြည်း ဖြားယောင်း ခေါ်ဆောင်လာခဲ့ပြီး သူ၏ လမ်းစဉ်အတိုင်း အပိုင်စီးရန် ကြံ၏။

'ကိုအေးသွင် ဆိုတဲ့လူက ကိုယ့်သားမယား မျက်နှာကိုမှ မထောက်ဘဲ ရမ်းလိုက်တော့ ခင် ခုလို ဒုက္ခမရောက်သင့်ဘဲ ရောက်ပြီး မျက်နှာမငယ်သင့်ဘဲ ငယ်နေရတာပေါ့။ ကိုထွန်းသာ ခင့်လို မယားချော မယားလှကလေးမျိုး



Pdf - Yaybawal

ရထားရင် ဒီအဖြစ်မျိုး ဘယ်အဖြစ်ခံမလဲ' ဟု ကြာသမားပီပီ အောက်ခြေက စ၍ မသိမသာ ဖြိုလေသည်။

ခင်သည် လင်သား ရ၍ သားတစ်ယောက်သာ မွေးခဲ့သော်လည်း ဘာတစ်ခုကိုမှ ချင့်ချိန် စဉ်းစားတတ်သည် မဟုတ်ချေ။ ဖခင်များ၊ အဒေါ်များနှင့် နေထိုင်ခဲ့စဉ်ကလည်း ကလေးကလေး တစ်ယောက်လို နေထိုင်ခဲ့ပြီးနောက် လင်သား ရသောအခါ၌လည်း ကလေးငယ် တစ်ယောက်နှင့် ဘာမျှမခြားနေထိုင်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် မောင်မောင်ထွန်းက မိမိ၏ လင်သားကို အပြစ်ဖို့၍ မိမိအား ချိုင်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြောဆိုလိုက်သောစကားကို ဘာမှန်းပင် မခွဲခြားတတ်ချေ။ ထို့ကြောင့် မောင်မောင်ထွန်း ပြောဆိုလိုက်သည့်အတိုင်း မိမိ၏ လင်သားအပေါ်၌ စိတ်ပျက်၍ မောင်မောင်ထွန်းအပေါ်၌ အထင်ကြီးသော စိတ်ဓာတ်များ ဖြစ်ပေါ်လာသည်။

မောင်မောင်ထွန်းသည် ဤကိစ္စမျိုးဘက်၌ အတွေ့အကြုံ တော်တော်များပြားသူ ဖြစ်သည့်အလျောက် မိမိ ပစ်လိုက်သော မြားချက်သည် ခင့်အပေါ်၌ အဘယ်အထိ စူးဝင်သွားသည်ကို တစ်ခါတည်း တွက်ချက်သိရှိပြီး ဖြစ်လေသည်။ ဤနည်းဖြင့် သူသည် လင်ဖြစ်သူ ဖမ်းဆီးအကျဉ်းခံနေရခိုက် သူ့မယား ခင်ကို မြားတစ်စင်းပြီး တစ်စင်း ချက်ကောင်းကိုချည်း ပစ် ပစ်သွားခဲ့ရာ နောက်ဆုံး၌ အလိုလို အားငယ်နေသောခင်သည် 'ခင့်ကို သနားပါကိုထွန်းရယ်'ဟုသာ ပြောဆိုရင်း ကြာသမား မုဆိုး၏ ရှေ့မှောက်တွင် ဒူးတုပ်၍ လဲကျသွားလေသည်။

Pdf - Yaybawal

# အခန်း(၇)

## (၁)

ရန်ကုန် အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဦးအေးသွင်အား တရားရုံးတော်မှ တစ်နှစ်သာသာခန့်မျှ စစ်ဆေးခဲ့ပြီးနောက် လာဘ်ပေး လာဘ်ယူမှုတွင် ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသည်ဟုဆိုကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ်မျှ ချမှတ်၍ အပြစ်ဒဏ် ပေးလိုက်သောအခါ၊ တရားလွှတ်တော်သို့ တက်၍ အယူခံဝင်ဖို့ ကိစ္စကအစ အပြင်ဘက်တွင် ကျန်ရစ်ခဲ့သော ၎င်း၏ သားမယားများနှင့်တကွ တာဝန်မှန်သမျှသည် မမကြီး၏ ဦးခေါင်းပေါ်သို့သာ တစ်ပြုံတစ်ခေါင်းကြီး စုပုံ၍ ကျလာသည်။ ထိုတာဝန်များကို မည်သို့မျှ ဥပေက္ခာပြု၍ မဖြစ်သော မမကြီးအတွက် ဇက်ကြိုးကျလုမတတ်လည်း ခံလိုက်ရလေသည်။

ဦးအေးသွင်၏အမှုကို တရားရုံးတော်မှ စီရင်ချက် ချမှတ်ခြင်း မပြုမီ တစ်လသာသာ နှစ်လခန့်လောက်က သား ဖြစ်သူ၏ သတင်းကို ကြား၍ စစ်ကိုင်းတောင်ရိုးတွင် တရားအားထုတ်နေသော ၎င်း၏မိခင်သည် ရန်ကုန်သို့ လိုက်လာသေးသည်။ သို့ရာတွင် အင်းလျားမြိုင်အိမ်၌ တစ်လခန့်မျှလောက်သာ နေထိုင်ပြီးနောက် ချွေးမဖြစ်သူ အနေအထိုင် မတော်လွန်းသည်ကို သတိပေးစကား ပြောကြားခြင်းပြုမိရာမှ သမီးယောက္ခမ ဆူဆူပူပူ ဖြစ်ကြသဖြင့် သား၏အမှု ပြီးစီးအောင်ပင် စောင့်ဆိုင်းခြင်း မပြုတော့ဘဲ စစ်ကိုင်းတောင်ရိုးသို့ ပြန်သွားလေသည်။ အဘွားကြီးအိုသည် ချွေးမနှင့် ဖြစ်ပွားရသောကိစ္စကို



Pdf - Yaybawal

သားဖြစ်သူနှင့် မမကြီးတို့ စိတ်မကောင်း ဖြစ်ကြမည်စိုး၍ ဘာတစ်ခွန်းမျှပင် ဟ၍ မသွားချေ။ မမကြီးကိုသာ မှာကြားရန်ရှိသောကိစ္စများ မှာကြား၍ ပြန်သွား၏။ ယင်းသို့ ခင်တို့ သမီးယောက္ခမ ဆူဆူပူပူဖြစ်ကြသောကိစ္စကို အဘွားကြီး ပြန်သွားပြီးနောက် သုံးလေးရက်ခန့်အကြာတွင် ဦးအောင်တို့ လင်မယားက မမကြီးအား တိုးတိုးတိတ်တိတ် ပြောပြကြသဖြင့် မမကြီးသည် တော်တော်ကလေး စိတ်မကောင်း ဖြစ်ရလေသည်။ လင်သားဖြစ်သူ ဒုက္ခရောက်နေရခိုက် မိဘနှင့် ဘာမျှမခြားသော ယောက္ခမ ဖြစ်သူအား ယခုကဲ့သို့ ဆူဆူပူပူနှင့် အိမ်တွင် မနေနိုင်အောင် လုပ်ရပါမည်လားဟု ဒေါသထွက်မိသည်။ ခင့်အား ထိုကိစ္စကို မေးမြန်း၍ လူကြီးဝတ္တရားအတိုင်း မြည်တွန် တောက်တီးခြင်း ပြုသောအခါ ခင်သည် ၎င်းတို့သမီးယောက္ခမ အကြားတွင် ဘာမျှမဆိုင်သောသူက ဝင်ရောက် စွက်ဖက်ခြင်း ပြုရပါမည်လားဟု မမကြီး၏ အဆုံးမကို တစ်ခွန်းမျှမခံဘဲ ပြန်လှန် ပြောဆိုခြင်း ပြုသဖြင့် တူဝရီးနှစ်ယောက် စကားများကြရပြန်သည်။

လင် ထောင်ကျသွားပြီးသည့် နောက်ပိုင်း၌လည်း ဘာမျှ ပူပန်ခြင်း မရှိသကဲ့သို့ ခင်သည် ဝတ်စားသွားလာ လုပ်မြဲ လုပ်နေသည်။ လင်သား၏ အမှုအတွက် တရားလွှတ်တော်သို့ တက်ရောက်၍ အယူခံဝင်ဖို့ရှိသော ကိစ္စကိုပင် အရေးမထားတော့ချေ။ မမကြီးကသာလျှင် ရှေ့နေနှင့် တိုင်ပင်၍ စီစဉ်စရာ ရှိသမျှတို့ကို စီစဉ်ရလေသည်။ ကျန်နေသေးသော ရှေ့နေခငွေသုံးထောင်ကိုလည်း ရှင်းလင်း ပေးကမ်းခြင်းပြုရန်အတွက် တာဝန်သည်လည်း မမကြီး၏ ဦးခေါင်းပေါ်သို့ ကျလာသည်။ ထို့ကြောင့် အင်းလျားမြိုင် အိမ်မှ မော်တော်ကားကို အမြန်ဆုံး ရောင်းချလိုက်ရန် မမကြီးသည် စီစဉ်ရလေသည်။ ထိုသို့ မော်တော်ကားကို ရောင်းချဖို့အတွက် မမကြီးသည် ခင်နှင့် တော်တော်ကလေး စကားများလိုက်ရသေးသည်။ ခင်က မိမိ၏ ကားကို မရောင်းလို ဟု ဖွတ်ခဲသည်။ မမကြီးက မရောင်း၍ မဖြစ်သော အချက်အလက်များကို ပြောပြသည်။ ရှေ့နေခ ပေးဖို့က အစ ကုန်ကျစရာများကို အသေးစိတ် ပြောကြားရသည်။ သို့ရာတွင် ခင်သည် ဖွတ်ခဲမြဲ ခဲနေပြန်သဖြင့် မမကြီးသည် မော်တော်ကားကို ဖွတ်ရောင်းချလိုက်ရလေသည်။ မိမိကသာ ဝယ်လိုလျှင် တစ်သောင်းခန့် တန်ဖိုးရှိသော ကားကို မိမိက ရောင်းချလိုက်သဖြင့် ရှစ်ထောင်နှင့်ပင် ရောင်း



Pdf - Yaybawal

လိုက်ရသည်။ ထို ကားရောင်းလိုက်ရ၍လည်း ထို ကားရောင်းလိုက်ရသော ငွေရှစ်ထောင်အနက်မှ ကျန်ရှိနေသေးသော ရှေ့နေခ ငွေသုံးထောင်ကို ပေးကမ်းရပြီးနောက် တစ်ဖန် ကျန်ရှိနေသေးသော ငွေငါးထောင်ကို ကားရှင် ဖြစ်သော ခင်၏ လက်ထဲသို့ တစ်ပြားတစ်ချပ်မျှ မထည့်ဝံ့ဘဲ မိမိ လက်ထဲ၌သာ ကျစ်ကျစ်ပါအောင် ဆုပ်ထားရလေသည်။ မိမိ ကားရောင်း၍ရသော ငွေကို တစ်ပြားတစ်ချပ်မျှ မိမိအား ပေးအပ်ခြင်း မပြုဘဲ မမကြီးက သူ့လက်ထဲတွင် သိမ်းဆည်းထားသဖြင့် မိမိအား မပေးရကောင်းလားဟု ခင်သည် အော်ကြီးဟစ်ကျယ်နှင့် ဆူဆူပူပူ လုပ်ပြန်သည်။ ဦးအေးသွင် ထောင်မှ မလွတ်မချင်း အရွယ်မရောက်သေးသော ကလေးသုံးယောက်နှင့် နေထိုင် စားသောက်သွားရဦးမည့် အရေးကို တွက်ချက် စဉ်းစားထားပြီးဖြစ်သော မမကြီးသည် ထို ငွေငါးထောင်ထဲမှ ခင့်ကို တစ်ပြားတစ်ချပ်မျှ ပေးမထားဝံ့ချေ။ သူ့ငွေမို့ သူ့ကိုသာ ပေးထားလိုက်လျှင် ရှေ့နောက် ဝဲယာ ဘာတစ်ခုမျှ ချင့်ချိန်ခြင်းမပြုဘဲ ရက်ပိုင်း လပိုင်းအတွင်း ဝယ်ခြမ်း သုံးဖြုန်းပစ်လိုက်မည့်အရေးကို ကောင်းစွာ သိရှိထားပြီးဖြစ်သည့်အလျောက် မမကြီးသည် ထိုငွေကို မိမိ လက်ထဲ၌ ကျစ်လျစ်စွာ ဆုပ်ထားခြင်း ဖြစ်လေသည်။

မိမိ၏ကား ရောင်းရသော ကျန်ငွေကို တောင်း၍မရသောအခါ ခင်သည် ရှေ့နေ စတင်ငှားရမ်းစဉ်က ပေါင်နှံထားရသော မိမိ၏ ကြယ်သီးကို ရွေးပေးရန်အတွက် ဆူဆူပူပူ လုပ်ပြန်လေသည်။ အလုပ်တွေက များ၍ စိတ်ကလည်း ပင်ပန်းနေရသည့်အတွက် မမကြီးသည် နားပူမခံလိုသဖြင့် မိမိ လက်ထဲ၌ရှိသော ငွေငါးထောင်အနက်မှ အတိုးရော အရင်းပါ ထောင့်ခုနစ်ရာခန့် ကျနေသော ခင်၏ကြယ်သီးကို ရွေးပေးလိုက်ရလေသည်။ ကျန်သော ငွေသုံးထောင်ကျော်ကို တစ်ပြားမှ အထိမခံနိုင်တော့ချေ။

မော်တော်ကားကို ထုခွဲရောင်းချ၍ ပေးဆပ်စရာ ရှိသည်တို့ကို ပေးဆပ်ပြီးသောအခါ အင်းလျားမြိုင်အိမ်ကို သူ့အိမ်ရှင် လက်သို့ ပြန်အပ်၍ ဦးအေးသွင်၏ ဝန်ထုပ်ဝန်ပိုးများကို သူ၏ ဦးခေါင်းထက်သို့ ပြောင်းရွှေ့ ထမ်းဆောင်ရန်အတွက် မမကြီးသည် စီစဉ်ရပြန်လေသည်။ ခင်နှင့်တကွ ကလေး သုံးယောက်တို့ကို ကံဘဲ့အိမ်သို့ ပြောင်းရွှေ့ထားရတော့မည် ဖြစ်၍ ဦးအောင်တို့ လင်မယားအားလည်း တစ်နေရာရာ၌ အလုပ်အကိုင် ရှာဖွေရန်အတွက် မမကြီးသည်



Pdf - Yaybawal

စိတ်မချမ်းမသာနှင့် ပြောဆိုခြင်း ပြုရလေသည်။ ဦးအောင်တို့ လင်မယားသည် ဦးအေးသွင်၏ ပထမ မယားကြီး နန ဆုံးပြီးကတည်းက ဦးအေးသွင်တို့ သားအဖတစ်တွေနှင့် နေထိုင်လာခဲ့ကြသော အိမ်ဖော်များ ဖြစ်ကြ၍၊ ယခုကဲ့သို့ တခြားတစ်ပါး၌ အလုပ်အကိုင် ရှာဖွေရန်အတွက် သတိပေး ပြောဆိုခြင်း ခံရသောအခါ ဝမ်းနည်းပက်လက် ငိုယိုကြလေသည်။ ထို့ကြောင့် မမကြီးက မိမိ၏ တာဝန်များကို ရှင်းလင်း ပြောကြားရလေသည်။ နောက်ဆုံး၌ ၎င်းတို့အနေနှင့် ကလေးများနှင့် မခွဲခွာလို၍ မမကြီးတို့ အိမ်တွင် လခ တစ်ပြား တစ်ချပ်မျှ မယူဘဲ လိုက်နေပါရစေ၊ ထမင်းတစ်လုတ်သာ ကျွေးထားပါဟု ပြောဆိုလာသောအခါ မမကြီးသည် တစ်နွယ်ငင်၍ တစ်စင်ပါလာသော ဦးအေးသွင်၏ ဝန်ထုပ်ဝန်ပိုးမှန်သမျှကို အကုန်လုံးပင် ဦးခေါင်းထက်သို့ မလွှဲမရှောင်သာ တင်လိုက်ရတော့သည်။

ဦးအေးသွင် ထောင်ကျသွားပြီးနောက် အင်းလျားမြိုင် အိမ်မှ ကံဘဲ့အိမ်သို့ ပြောင်းရွှေ့လာကြသူများ အားလုံးလိုလို မမကြီး ဦးဆောင်သော ကံဘဲ့အိမ်၌ ပျော်ရွှင် ချမ်းမြေ့ကြသော်လည်း ခင် တစ်ယောက်ကား အခြားသူများကဲ့သို့ မဟုတ်ချေ။ တစ်ကြိမ်က မမကြီး ထိန်းသိမ်း အုပ်ချုပ်မှုအောက်မှ လွတ်မြောက်၍ မိမိ အိုး၊ မိမိ အိမ်နှင့် ဘုရင်မ လုပ်လာခဲ့ပြီးနောက် ယခု တစ်ဖန် မိမိ၏ မူလနေရာဟောင်းသို့ ပြန်ရောက်ရသောအခါ ခင်သည် များစွာ အနေရ ကျုံ့၍သွားလေသည်။ မိမိအိမ်နှင့် မိမိ နေထိုင်ခဲ့ရစဉ်က မိမိ သဘောတစ်ခုတည်းနှင့် မိမိ ထင်သလို နေထိုင်နိုင်ခဲ့သော်လည်း ယခုအခါတွင် ထိုကဲ့သို့ နေထိုင်၍ မဖြစ်တော့သဖြင့် မိမိ လင်သားဖြစ်သူ ထောင်ကျနေသည်နှင့်မခြား မိမိကိုယ်ကိုလည်း ထောင်ကျနေသကဲ့သို့ မှတ်ထင်လျက်ရှိသည်။ မူလ ပတ်ဝန်းကျင်ဟောင်းပင် ဖြစ်သော်လည်း ယခုအခါတွင် အသစ်ကဲ့သို့ ဖြစ်နေသော ပတ်ဝန်းကျင်နှင့် မိမိကိုယ်ကို သဟဇာတ ဖြစ်နိုင်အောင်၊ ဘယ်ကဲ့သို့မျှ စပ်အပ်၍ မရအောင် ဖြစ်နေသည်။ အင်းလျားမြိုင်အိမ်တွင် ခင်သည် အသက်ဦးဆံပိုင် ဘုရင်မတစ်ပါးနှင့် ဘာမျှမခြား မင်းမူ စိုးစံခဲ့သည်။ မိမိအား ဘယ်သူ တစ်ဦး တစ်ယောက်ကမျှ ဩဇာပေးခြင်း၊ ဆရာလုပ်ခြင်း မခံခဲ့ရချေ။ မိမိ သဘောတစ်ခုတည်းသာ ဖြစ်သည်။ လင်သားလုပ်သူကပင် မိမိအား ဘာတစ်ခွန်း တစ်ပါဒမျှ ဆိုးသည်၊ ကောင်းသည် မပြောခဲ့။ ဤကဲ့သို့ အင်းလျားမြိုင်အိမ်

မှာပြည့်စာအုပ်တိုက်

Pdf - Yaybawal

တွင် စည်းမဲ့ ကမ်းမဲ့ နေချင်သလို နေလာခဲ့သော်လည်း အစစအရာရာတွင် စည်းကမ်း တင်းကျပ် ကြီးမားသော ကံဘဲ့အိမ်တွင် ခင်သည် ရေနှင့်ကင်းလွတ်လျက် ရှိနေသော ငါးသတ္တဝါကဲ့သို့ ဖြစ်နေလေသည်။

မိမိအိုး မိမိအိမ်နှင့် နေထိုင်လာခဲ့ပြီးသော မိန်းမသား တစ်ယောက်သည် အခြားသူတစ်ဦး၏ အိမ်၌ ခေါင်းလျှို၍ နေထိုင်ခြင်း ပြုရသော ဆင်းရဲခြင်းလောက် အခြား ဆင်းရဲခြင်းသည် မရှိချေ။ စည်းပျက် ကမ်းပျက်နှင့် နေချင်သလို နေလာခဲ့သော ခင်သည် မမကြီး၏ တင်းကျပ်သော စည်းကမ်းစနစ်အောက်တွင် တစ်နေ့တခြား အနေဆင်းရဲလာသည်။ အပျိုစင်ဘဝနှင့်တုန်းက အဒေါ်ဖြစ်သူ၏ ဩဇာကို နာခံနိုင်ခဲ့သော်လည်း လင်သား ရပြီးသည့်နောက်တွင်ကား စကားတစ်လုံးမျှပင် အတင်မခံချင်တော့ပေ။ ထိုသို့ မခံချင်၍လည်း ခင်သည် မမကြီးအား အာခံ ပုန်ကန်ခဲ့၏။ သို့ရာတွင် မလွှဲသာ မရှောင်သာသောကြောင့် ကံဘဲ့အိမ်သို့ ပြောင်းရွှေ့လိုက်ပါလာခဲ့ရပြီးနောက် မမကြီး၏ ဩဇာအောက်သို့ ပြန်ရောက်မြဲ ရောက်ရပြန်သောအခါ ထို ဘဝမှ လွတ်မြောက်ရန်အတွက် ခင်သည် နည်းလမ်းကို မရှာဘဲ မနေနိုင်အောင် ဖြစ်လာသည်။ ထိုသို့ စဉ်းစားရှာဖွေရင်းနှင့်ပင် အိပ်မပျော်သော ညများကို စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် ဖြတ်သန်းလာခဲ့ရသည်။

(၂)

အင်းလျားမြိုင်မှ ကံဘဲ့အိမ်သို့ အားလုံး ပြောင်းရွှေ့လာခဲ့ကြပြီးနောက် မည်သို့မျှ မလစ်သဖြင့် ခင်သည် တနင်္ဂနွေ နှစ်ပတ်ခန့်မျှ အိမ်ထဲတွင်သာ ကျိတ်နေခဲ့ရာမှ မမကြီး ကျောင်းပြန်တက်သော နေ့ခင်းဘက် တစ်နေ့တွင် ဦးအေးသွင်အား ထောင်ဝင်စာ သွားတွေ့ဦးမည်ဟု အိပ်ရာထက်တွင် လဲနေသော ဖခင်ဖြစ်သူနှင့် အခြား အိမ်သားများကို အကြောင်းပြကာ မြို့ထဲသို့ ထွက်လာခဲ့လေသည်။ စင်စစ် ခင်သည် ထောင်ကျနေသော လင် လုပ်သူကို များစွာ အရေးထားတော့သည်ကား မဟုတ်ချေ။ ကံဘဲ့အိမ်သို့ ပြောင်းရွှေ့လာရကတည်းက လူချင်း တစ်ခါမျှ မတွေ့ရတော့သည့် မောင်မောင်ထွန်းအား တွေ့ဆုံခြင်းပြုရန် မြို့ထဲရှိ ၎င်း၏ အလုပ်တိုက်သို့ ထွက်လာခြင်းမျှသာ ဖြစ်လေသည်။ မောင်မောင်ထွန်းနှင့် တွေ့လျှင် မိမိ တွေ့ကြုံနေရသော အကျပ်အတည်းများကို ဖွင့်ဟပြောဆို၍ မိမိ အကြံအစည် တစ်ခုကိုလည်း တိုင်ပင်ရန် ဖြစ်သည်။



Pdf - Yaybawal

မြို့ထဲရှိ မောင်မောင်ထွန်း၏ အလုပ်တိုက်သို့ ရောက်သောအခါ မောင်မောင်ထွန်းသည် အရေးကြီးသော အလုပ်ကိစ္စတစ်ခုအတွက်နှင့် အတွင်းဝန်များ ရုံးသို့ သွားနေသည်ဆို၍ ၎င်း၏ စာရေးနှင့်တူသူ လူတစ်ယောက်က ကုလားထိုင် ထိုးပေးသဖြင့် ခင်သည် ထိုင်၍ စောင့်ရလေသည်။ လူချင်း ရင်းနှီးနေကြသည်မှာ အတန်ကြာပြီ ဖြစ်သော်လည်း ခင်သည် ယခင်က မောင်မောင်ထွန်း၏ အလုပ်တိုက်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးချေ။ ယခု တစ်ကြိမ် ရောက်လာရသည်မှာလည်း ၎င်းက ပေးထားသော လိပ်စာကတ်ပြားကလေးကို အားကိုးပြု၍ စမ်းတဝါးဝါးနှင့် စွန့်စားလာရခြင်းမျှသာ ဖြစ်လေသည်။

မောင်မောင်ထွန်း၏ အပြန်ကို စောင့်ရင်း ငွေကို ရေလို သုံးစွဲနေသော ၎င်း၏ အလုပ်တိုက် အခြေအနေကို အကဲခတ် ကြည့်ရှုမိလေသည်။ နိုင်ငံခြားမှ တစ်နှစ်လျှင် ဆယ့်လေးငါးသန်းဖိုးမျှသော သွင်းကုန်ပစ္စည်း အမျိုးမျိုးကို မှာယူ တင်သွင်းနေသည်ဟု အဆိုရှိသော မောင်မောင်ထွန်း၏ အလုပ်တိုက်တွင် ဖြစ်ဖြစ်မြောက်မြောက် မည်မည်ရရဆို၍ ခင်သည် ဘာမျှ မတွေ့မိချေ။ မှန်ဗီရို သုံးလေးခုအတွင်း ခင်းကျင်း ပြသထားသော အထည်အလိပ်နှင့် ကြွေထည် နမူနာပစ္စည်း အနည်းအကျဉ်းလောက်မျှသာ တွေ့မြင်ရသည်။ ခင်သည် တစ်နာရီသာသာခန့်မျှ ထိုင်၍ စောင့်နေရသည့်အတွင်း မောင်မောင်ထွန်း၏ အလုပ်တိုက်သို့ အလုပ်ကိစ္စနှင့်ဖြစ်စေ၊ အရောင်းအဝယ်ကိစ္စနှင့်ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်သည်ကိုလည်း မတွေ့ရသဖြင့် အနည်းငယ် အံ့သြသလို ဖြစ်မိသည်။ အလုပ်တိုက် တစ်ခုလုံးတွင်လည်း အင်္ဂလိပ် စစ်တုရင်ကို သဲသဲမဲမဲ ထိုးနေကြသော စာရေးထင်ရသူ နှစ်ဦးနှင့် ရုပ်ရှင်စာစောင် တစ်ခုကို ကြော်ငြာပါမကျန် ဖတ်ရှုနေသော ရုံးစေသူငယ်ကလေးတစ်ဦး၊ ပေါင်း သုံးဦးတို့ကိုသာ တွေ့မြင်ရလေသည်။ ထို့ကြောင့် စာရေးနှင့်တူသော လူတစ်ယောက်က ခပ်စောစောက လာ၍ ပေးသွားသော မြန်မာသတင်းစာ တစ်စောင်ကို ဟိုလှန် သည်လှန်နှင့် မောင်မောင်ထွန်းကို စောင့်နေရလေသည်။

သတင်းစာကို ဟိုလှန် သည်လှန်နှင့် ကြည့်နေသည့်အခိုက် အလုပ်တိုက် ရှေ့တွင် ဂျစ်ကားတစ်စီး ထိုးရပ်လိုက်သဖြင့် ခင်သည် လှမ်း၍ ကြည့်လိုက်သည်။ ဂျစ်ကားထဲတွင် တော်တော်ကလေး သားသားနားနား ဝတ်စားထားသော အသက်အစိတ်၊ သုံးဆယ်ခန့် မိန်းမတစ်ယောက် ပါလာသည်။



Pdf - Yaybawal

ထို မိန်းမသည် ကားပေါ်မှပင် ဆင်းမလာချေ။ စစ်တုရင်ထိုးနေသော စာရေးနှစ်ယောက်အနက် တစ်ယောက်က ဆင်းသွား၍ တွေ့ဆုံရသည်။ ထို မိန်းမသည် စာရေးလုပ်သူကို ၎င်း မှာကြားပြောဆိုရန် ရှိသော ကိစ္စများကို မှာကြားပြီးနောက် ခင့်အား အကဲခတ်သလို တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ထွက်သွားသည်။

ထို ဂျစ်ကား ထွက်သွားပြီးနောက် မကြာမီ မောင်မောင်ထွန်းသည် ၎င်း၏ ကားသစ်ကြီးကို ကိုယ်တိုင် မောင်း၍ အလုပ်တိုက်သို့ ရောက်ရှိလာသည်။ မမျှော်လင့်ဘဲ မိမိ အလုပ်တိုက်သို့ ရောက်ရှိနေသော ခင့်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ပထမသော် အံ့သြသွားပုံ ရလေသည်။ ခင်က ပြုံး၍ နှုတ်ဆက်လိုက်တော့မှ 'ဟင် ခင်၊ ဘယ်တုန်းက ရောက်နေသလဲ။ ခဏကလေးနေဦးနော်' ဟု ခင့်အား နှုတ်ဆက်ကာ အလုပ်တိုက်အတွင်းသို့ ဝင်လာပြီးနောက် ၎င်း၏ စာရေးနှစ်ယောက်တို့ကို တိုးတိုးတိတ်တိတ် မှာကြားရန်ရှိသော ၎င်း၏ အလုပ်ကိစ္စများကို မှာကြားခြင်း ပြုနေသည်။ အလုပ်တိုက်တွင် သူ၏ ကိစ္စပြီးစီးသောအခါ ခင့်ကို သူ၏ မော်တော်ကားပေါ်သို့ အတက်ခိုင်းပြီးနောက် မြို့၏ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုသို့ ကားကို မောင်းလာခဲ့သည်။ ယခင်က ၎င်းတို့နှစ်ဦး လွတ်လွတ်လပ်လပ် တွေ့ဆုံခဲ့ကြဖူးသော ကျယ်ဝန်းသည့် ခြံနှင့် အိမ်ကလေးတစ်လုံးသို့ ရောက်ကြသောအခါ ဦးအေးသွင် ထောင်ကျသွားသည့် အကြောင်း၊ ထို့အတွက် မိမိအနေနှင့် ဘာများ လုပ်ပေးရန် လိုသည်ဆိုသော အချက်များကို သိရှိလိုကြောင်းဖြင့် မောင်မောင်ထွန်းက မေးမြန်း၏။

မောင်မောင်ထွန်းနှင့် ယခုကဲ့သို့ ဖြောင့်ဖြောင့်တန်းတန်းနှင့် လွတ်လွတ်လပ်လပ် တွေ့ခွင့်ရရှိသဖြင့် ဝမ်းသာနေသော ခင်သည် ရုတ်တရက် ဘာပြန်ပြောရမှန်း စကားစ ရှာ၍ မရသေးသည့်အတွက် ငိုင်နေမိသည်။ မိမိ ပြောဆိုတိုင်ပင်လိုသော ကိစ္စကလည်း များစွာ အရေးကြီးနေသဖြင့် စကားအစီအစဉ်ကို ချိန်ဆနေရသည်။

'ဩော်... ဒါထက် ခင့်မှာ သုံးဖို့စွဲဖို့များကော ရှိသေးရဲ့လားဟင်။ ရှိရှိ မရှိရှိလေ ဒါကလေးလောက်တော့ လက်စောင့် ခြေစောင့်ထားဖို့ ယူထားလိုက်ပါဦး ခင်' ဟု ပြောပြောဆိုဆိုနှင့် မောင်မောင်ထွန်းက ဆယ်တန် ဆယ့်လေးငါးရွက်ခန့် လှမ်း၍ပေးပြန်လေသည်။ သို့ရာတွင် ခင်သည် ထိုငွေကို ရုတ်တရက်



Pdf - Yaybawal

ယှုငင်ခြင်း မပြုနိုင်သေးဘဲ 'ခင်တို့ ဒီလိုချည်း နေသွားလို့ မဖြစ်သေးဘူး ထင်တယ် ကိုထွန်း' ဟု မိမိ ပြောဆိုလိုသော ကိစ္စကို စ လိုက်လေသည်။

ထိုစကားကို ခင့်ထံမှ မျှော်လင့်ထားခြင်း မရှိခဲ့သော မောင်မောင်ထွန်းသည် ရုတ်တရက်သော် များစွာ အံ့ဩတုန်လှုပ်သွားပုံ ရလေသည်။ သို့ရာတွင် သူသည် အမူအရာကို ချက်ချင်း ပြင်ဆင်လိုက်ပြီးနောက် 'ကိုထွန်းကတော့ ခင်နဲ့ ခုလို ခိုးကြောင်ခိုးဝှက် တွေ့ပြီး တိုရေရှားရေ ချစ်ချစ်နေရတာက ပို အရသာရှိတယ် ထင်တာပဲလေ။ ဒါပေမဲ့ ခင့် သဘောထားနဲ့ လိုလားချက်က ဘယ်လိုရှိနေသလဲ ဆိုတာကိုလည်း ပြောစမ်းပါဦး' ဟု ခပ်ပေါ့ပေါ့ပင် ပြောဆိုလေသည်။

မောင်မောင်ထွန်းက ထိုသို့ ပေါ့ပေါ့ဆဆ ပြောဆိုလိုက်ခြင်းကို ခင်သည် သဘောမကျချေ။ 'ခင်နဲ့ ကိုထွန်းတို့ ခုလို တိတ်တိတ်ပုန်း သွားလာနေထိုင်ကြတာကို ကနေ့အထိ ဘယ်သူတွေမှ မရိပ်မိကြသေးဘူးလို့ ထင်ရပေမယ့် ဒီလိုသာ ကြာကြာနေသွားရင် တစ်နေ့နေ့တော့ တစ်ယောက် မသိ တစ်ယောက်ယောက် သိလာမယ့်အရေးကို ခင် သိပ်စိုးရိမ်တယ်။ တကယ်လို့သာ ဒီကိစ္စကြီးကို လူတွေ သိသွားကြရင် ကိုထွန်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သလို ခင့်အဖို့လည်း ဒီတစ်သက်မှာ လူလုပ်နိုင်စရာအကြောင်း မရှိတော့ဘူး။ ခင်ကတော့ ဒီအရေးကို တွေးတွေးပြီး ညညများ အိပ်လို့တောင် မရဘူး'ဟု ခင်က ၎င်း၏ စိုးရိမ်ပူပန်ချက်နှင့် ၎င်း၏ အိပ်မပျော်သော ရောဂါအကြောင်းကို ပြောပြလေသည်။

'ပိပိရိရိနဲ့ သေသေသပ်သပ်လုပ်ထားတဲ့ အလုပ်တစ်ခုကို ဘေးလူတွေ သိဖို့ဆိုတာ မလွယ်လှပါဘူး ခင်ရဲ့။ အစစအရာရာ စိတ်ချပြီး ခပ်အေးအေး နေပါ။ သိပ်လည်း အစိုးရိမ်ကြီးမနေပါနဲ့ကွယ်' ဟု အစိုးရိမ်ကြီးနေသော ခင်၏ နဖူးပြင်ကို ယုယုယယ ကိုင်တွယ် ပွတ်သပ်ပေးရင်း မောင်မောင်ထွန်းက အားပေးခြင်း ပြုလိုက်၏။

'ကိုထွန်း မစိုးရိမ်ပေမယ့် ခင်တော့ စိုးရိမ်မိတယ်။ ဒီအလုပ်ကို ဘေးလူတွေများ သိသွားကြရင် ခင့်အဖို့တော့ ကိုယ့်ကိုယ်ကို သတ်သေလိုက်ဖို့ပဲ ရှိတော့တယ်'

'ခင်က ဒါလောက်တောင် အစိုးရိမ်ကြီးနေရင်လည်း မစိုးရိမ်ပါနဲ့လို့



Pdf - Yaybawal

ပြောလို့ မဖြစ်တော့ဘူးပေါ့ကွယ်။ ဒီတော့ ခင့်အနေနဲ့ ဘယ်လို ဖြစ်စေချင်သလဲ ဆိုတာကိုသာ ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါဦး'

'ဖြစ်နိုင်မယ်ဆိုရင်တော့ ခင့်အနေနဲ့ ပိုင်ပိုင်နိုင်နိုင် လွတ်လွတ်လပ်လပ် နေချင်တာ တစ်ခုပဲ။ ပြီးတော့ ဒီကိစ္စကိုလည်း အချိန်ဆွဲမထားချင်ဘူး၊ မြန်မြန် ဆန်ဆန် ရှင်းလင်းပစ်လိုက်ချင်တယ်'

'ကိုအေးသွင် တစ်ယောက်လုံး ရှိနေသေးတော့ ဘယ်လို ပိုင်ပိုင်နိုင်နိုင် ဖြစ်နိုင်ပါ့မလဲဆိုတာကို ခင်ပဲ စဉ်းစားစမ်းပါဦးလေ။ တော်တော်ကြာ ကိုထွန်း ကို မယားခိုးမှုနဲ့ တရားစွဲလိုက်လို့ အရှက်တကွဲ ဖြစ်နေမယ့်အပြင် ထောင်ပါ ကျနေပါဦးမယ်ကွယ်'

'ကိုအေးသွင် ရှိနေသေးတယ်ဆိုတဲ့ကိစ္စက ကိုထွန်းနဲ့ မဆိုင်လှပါဘူး လေ။ ခင်နဲ့သာ အဓိက ဆိုင်တဲ့ကိစ္စပါ။ ဒီကိစ္စကြီးကို ပြတ်ပြတ်စဲစဲနဲ့ ကင်းကင်း ရှင်းရှင်း ဖြစ်သွားအောင် ခင် ရှင်းပစ်လိုက်ရင် ပြီးရော မဟုတ်လား'

မမျှော်လင့်သော စကားကို ရုတ်တရက် ကြားလိုက်ရသောအခါ ကြာသမား မောင်မောင်ထွန်းသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ သည်။ သူသည် ခင်နှင့် တိတ်တဆိတ် အဆက်အသွယ် ပြုလုပ်လျက်ရှိသော ကိစ္စကို ယခု ခင် ပြောဆိုလိုက်သော အခြေအနေအထိ တစ်ကြိမ်တစ်ခါကမျှ စဉ်းစားမိခြင်း မရှိခဲ့ဖူးချေ။ သူသည် လွတ်လပ်သော မိန်းမသားများကို လည်း ကောင်း၊ ကာမပိုင် လင်သားရှိသော မိန်းမသားများကို လည်းကောင်း ဤကဲ့သို့ တိတ်တဆိတ် ဆက်သွယ်ခဲ့ဖူးပေါင်းလည်း များလှချေပြီ။ ထို မိန်းမသားတို့၏ အားနည်းချက်နှင့် ပျော့ကွက်များကို ရှာဖွေ ဖြည့်စွမ်း၍ သူ အလိုရှိသောအရာ ကိုလည်း ထို မိန်းမသားများထံမှ တောင်းဆို ရယူခဲ့ဖူးပေါင်းလည်း များလှ ချေပြီ။ အဘယ် မိန်းမသားတစ်ယောက်ကမျှ သူ့အား လက်ထပ်ဖို့ကိစ္စအတွက် တစ်ခွန်းမျှ မဟခဲ့ကြချေ။ သူကလည်း စိတ်ကူးခြင်း မပြုခဲ့ချေ။ တစ်ဦးနှင့် တစ်ဦး အပေးအယူ ပြုလုပ်ကာ ကျေကျေနပ်နပ်ကြီး ဆက်ဆံခဲ့ကြသည်သာ ဖြစ်လေသည်။ သို့ရာတွင် ခင် တစ်ယောက်နှင့်ကျတော့မှ မမျှော်လင့်သော စကားကို ကြားရခြင်း ဖြစ်သဖြင့် သူသည် ရုတ်တရက် ဘာမျှ ပြန်မပြောတတ် အောင် ဖြစ်နေလေသည်။

'ခင်ကိုယ်တိုင်က မေတ္တာကုန်ခန်းပြီး ဘယ်လိုမှ မပေါင်းချင်တော့တဲ့



Pdf - Yaybawal

လူတစ်ယောက်ကို ကွာဖို့ ရှင်းဖို့ဟာ ဘာမှ ခက်ခဲတဲ့အလုပ် မဟုတ်ပါဘူး ကိုထွန်းရယ်၊ အင်မတန် လွယ်ပါတယ်'

'ခင် ပြောနေသလောက် လွယ်မှ လွယ်ပါ့မလား ခင်၊ စဉ်းစားစမ်းပါဦး'

'ခင့်အဖို့တော့ ဘာမှ စဉ်းစားနေရမယ့်အလုပ် မဟုတ်ပါဘူး ကိုထွန်း၊ ခင့်အကြောင်းကို ခင်သာ အသိဆုံးပါ'

'ဒါတွေကို ကိုထွန်း နားလည်ပါတယ်လေ။ ဒါပေမဲ့ ကိုအေးသွင် ခုလို ထောင်ကျနေတဲ့အခိုက် ခင့်အနေနဲ့ ဖြုန်းခနဲ ကွာလား ရှင်းလားလုပ်လို့ သင့် မသင့် ဆိုတာကိုသာ ခေါင်းအေးအေးထားပြီး စဉ်းစားဖို့ကို ကိုထွန်းက သတိပေးရတာပါ' ခင်သည် ရုတ်တရက် တွေ၍ သွားလေသည်။

'ကိုထွန်းအဖို့ကတော့ စိတ်ချထားစေချင်တယ်။ ဒါပေမဲ့ ခုလို ဖြုန်းစားကြီး ကွာလားရှင်းလား လုပ်ဖို့ဆိုတဲ့ ကိစ္စကိုတော့ ကိုထွန်းအနေနဲ့ ခင့်ကို အချိန်နည်းနည်း ဆွဲထားပေးဖို့ တောင်းပန်ပါရစေ'

ခင်သည် မောင်မောင်ထွန်း ပြောဆိုလိုက်သော စကားကို အနည်းငယ် အလေးထား၍ စဉ်းစားနေဟန် ရှိသည်။ မိမိကိုယ်ကိုလည်း ရုတ်တရက် အဆုံးအဖြတ် မပြုနိုင်သေးသကဲ့သို့ ငိုင်နေသည်။

'ကိုထွန်းဘက်ကတော့ အချိန်မရွေး အဆင်သင့် ဖြစ်နေတယ်ဆိုတာကို ကိုထွန်း ကတိပေးထားပါမယ်လေ။ ခင့်ဘက်ကသာ ခင့် ဖေဖေတို့၊ ဒေါ်လေးတို့ကို ငဲ့ပြီး အချိန်နည်းနည်း ဆွဲထားပေးဖို့လောက် ကိုထွန်းက တောင်းပန်နေရတာပါ'

'ကိုထွန်း ပြောတာ နည်းလမ်းကျပါတယ်လေ။ ဒါပေမဲ့ ဘယ်လောက် ကြာကြာကြီး ဆိုင်းနေရဦးမှာလဲ ကိုထွန်း၊ ခင်တော့ ကြာကြာစောင့်မနေနိုင်တော့ဘူး'

'ဘေးပတ်ဝန်းကျင်ရဲ့ အခြေအနေကို ကြည့်ပြီး ခြောက်လတန် ခြောက်လ၊ တစ်နှစ်တန် တစ်နှစ်လောက်တော့ ဣန္ဒြေလုပ်ရဦးမှပေါ့ ခင်။ ကိုယ် ဖြစ်ချင်တာ တစ်ခုတည်းလောက်ကိုသာကြည့်ပြီး ဇွတ်လုပ်ချလိုက်ရင် လူတွေက ဘာပြောကြမလဲ ဆိုတာကိုလည်း စဉ်းစားဖို့ လိုလိမ့်မယ်'

'ခြောက်လ၊ တစ်နှစ် ဆိုတာ မကြာလွန်းဘူးလားဟင် ကိုထွန်း။ ခင့် အနေနဲ့ ဒါလောက်ကြာကြာကြီး သည်းညည်းခံမနေချင်တော့ဘူး'



Pdf - Yaybawal

'ဒီအတောအတွင်းလည်း ခင်နဲ့ ကိုထွန်းတို့ ခုလိုမှန်မှန် တွေ့နေကြဦးမယ့် ဟာပဲကွယ်။ ဒါလောက်ကတော့ ဘာကြာတာမှ မဟုတ်ဘဲ'

'ရှေ့လျှောက် မှန်မှန်တွေ့ဖို့ဆိုတာက အရင်ကလို သိပ်မချောင်လှတော့ဘူးနော် ကိုထွန်း။ ဖေဖေတို့၊ ဒေါ်လေးတို့နဲ့ နေရတဲ့အတွက် ခင့်အဖို့ သိပ်ကျဉ်းကျပ်တယ်။ ဒါကြောင့် ဒါလောက် ကြာကြာကြီး သည်းညည်းခံ မနေချင်တော့ဘူးလို့ ပြောတာ'

'တစ်သက်လုံးနဲ့ဆိုင်တဲ့ ကိစ္စကြီးကို စဉ်းစားပြီး ဒါလောက်ဟာကိုတော့ သည်းညည်းခံနိုင်ဖို့ လိုလိမ့်မယ်ထင်တယ် ခင်။ လောကကြီးမှာ အငိုလွယ်လို့ အရှိုက်ခက်တယ် ဆိုတဲ့ စကားပုံကိုလည်း ကြားဖူးသားပဲ မဟုတ်လားကွယ်' ဟု မောင်မောင်ထွန်းက ခင်၏နဖူးပြင်ကို ငြင်သာစွာ နမ်းရှုပ်ရင်း ပြောဆိုလိုက်တော့မှ ခင်သည် ငြိမ်သက်စပြုလာသည်။ ဤကမ္ဘာကြီးတွင် မိမိ စိတ်ဆန္ဒတစ်ခုတည်းနှင့် ပြုလုပ်၍ မဖြစ်သေးဘဲ လက်တွေ့ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသော အခြေအနေ တို့သည်လည်း ရှိနေကြပါသေးကလားဟု ခင်သည် တွေးတော နားလည်စ ပြုလာသည်။

(၃)

ရန်ကုန် အနောက်ပိုင်း ရာဇဝတ် တရားသူကြီး ဦးအေးသွင်၏ အယူခံအား အောက်ရုံးအမိန့်အတိုင်း အတည်ပြု၍ တရားလွှတ်တော်က ပယ်ချလိုက်သော အခါ ဝတ်လားစားလားနှင့် အခြေမပျက် သွားလာနေထိုင်လျက် ရှိသော ၎င်း၏ မယားအတွက် ဘာမျှ ထူးခြားပြောင်းလဲခြင်း မရှိလှသော်လည်း ၎င်း၏ ဝန်ထုပ်ဝန်ပိုးများကို လေးလေးပင်ပင် ထမ်းဆောင် ရှန်းကန်ခြင်း ပြုနေရသော မမကြီး တစ်ယောက်သည် ခြေကုန်လက်ပန်းကျ၍ သွားလေသည်။ ဦးအေးသွင် ထောင်မှ ပြန်လွတ်၍ မလာမချင်း သူ၏ မယားနှင့် သားသမီးများကို မိမိကသာ ဒိုင်ခံ၍ လုပ်ကိုင် ကျွေးမွေးခြင်း ပြုရမည့်အရေးအတွက် မည်ကဲ့သို့မျှ မအောက်မေ့သော်လည်း အကွပ်မဲ့ ကြမ်းကဲ့သို့ ပရမ်းပတာဖြစ်ကာ အပြောရ အဆိုရ ခက်လှသော ၎င်း၏ မယားကလေးအား ဆက်လက် ထိန်းသိမ်းခြင်း ပြုရမည့် တာဝန်အတွက် စိတ်မောလူမော ဖြစ်မိသည်။ ဘာမျှ နားမလည်ကြသေးသော ကလေးငယ်များကို သူ့စည်းကမ်းနှင့်သူ စီစဉ်ထားပေးလိုက်လျှင် ဘာမျှ လှည့်



Pdf - Yaybawal

ကြည့်ရန် အကြောင်းမရှိသော်လည်း နားလည်အောင် အမျိုးမျိုး ပြောဆိုဆုံးမ၍ ထားသော်လည်း စည်းစနစ်ထား၍ မည်သို့မျှ မရသော ခင့်အတွက် မမကြီးသည် မကြုံစည်တတ်အောင် ဖြစ်နေသည်။

လင် ဖြစ်သူ ထောင်ကျနေရသည့်အခိုက် မမကြီးသည် မိမိ၏ တူမအား သိမ်သိမ်ငယ်ငယ် မထားလိုလှချေ။ ထိုသို့ စည်းစနစ်နှင့် မထားဘဲ သူ့သဘောအတိုင်း လွှတ်ထားပေးလိုက်ပြန်လျှင်လည်း ခင်သည် မိမိအား အသက်ရှိသည် ဟူ၍ပင် သဘောထားတော့မည် မဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့ ထင်သလိုသွားလာနေထိုင်မည့် အရေးကိုလည်း အဘက်ဘက်မှ လှည့်၍ စဉ်းစားချင့်ချိန်ခြင်း ပြုရပြန်လေသည်။ မိမိတာဝန်ယူ ထိန်းသိမ်းနေရသည့်အခိုက် စိတ်ထင်ရာ ဖွတ်တရွတ် လုပ်တတ်လေ့ရှိသော ခင်သည် တစ်ခုခုကို စွတ်ရွတ်၍ လုပ်ပစ်လိုက်ချေသော် မိမိ ဦးခေါင်းပေါ်သို့ ပုံ၍ကျမည့်အရေးကို မမကြီးသည် ပေါ့ပေါ့တန်တန် သဘောထား၍ မဖြစ်ချေ။ ယခင် လင်သားမရမီ ဘဝနှင့်တုန်းက မိမိ တူမလုပ်သူအား ထိန်းသိမ်း စောင့်ရှောက်ရာတွင် တာဝန်ကြီးလေးခြင်း မရှိခဲ့သော်လည်း၊ လင်သား ရ၍ ကလေးတစ်ယောက်အမေ ဖြစ်ပြီးခါမှ အထိန်းရ အသိမ်းရ ကျပ်နေသည်။ အပြောရခက်နေသည်။ မိမိက တစ်ခွန်းလောက် ပြောရသေးသည်။ ခင်က လေးငါးဆယ်ခွန်း ပြန်ပြောပြီးလေပြီ။ ထို့ကြောင့် မမကြီးသည် တစ်အိမ်သားလုံးအနက် အငယ်ဆုံး ကလေးအတွက်ပင် ဘာမျှ ပူပင်သောက မရောက်ရသော်လည်း ခင် တစ်ယောက်အတွက်က စိတ်မောလူမော ဖြစ်နေရသည်။

ဦးအေးသွင်၏ အယူခံအား တရားလွှတ်တော်မှ ပယ်ချလိုက်ပြီးနောက် သုံးလေးရက်အတွင်း အိမ်သားအားလုံး စိတ်မကောင်း ဖြစ်နေကြခိုက် ခင်သည် တစ်ညတွင် သန်းခေါင်ကျော်လောက်မှ အိမ်သို့ ပြန်လာသည်။ မိန်းမသားတန်မဲ့ ဤသို့ ညဉ့်နက်အောင် သွားလာ လည်ပတ်နေခြင်းအတွက် မမကြီးက လူမမာဖြစ်သော ဦးကျော်အောင်လည်း မကြားရလေအောင် ခင့်အား မြည်တွန်တောက်တီးခြင်း ပြုလေသည်။ သို့ရာတွင် ခင်သည် ၎င်းအား ချုပ်ချယ်ရပါမည်လား ဟု တစ်ခွန်းမခံ လူကြားသူကြား ပြန်လှန် ပြောဆိုခြင်းပြုသဖြင့် ဦးကျော်အောင်သာမက ခပ်လှမ်းလှမ်းမှ အိမ်နီးချင်းများပင် ကြားရလေ၏။ ထိုမျှနှင့်ပင် ရပ်မနေလိုက်သေးဘဲ စိတ်လုပ်ကာ အိမ်မှထွက်၍ အသိ တစ်



Pdf - Yaybawal

ယောက် အိမ်တွင် သုံးလေးရက်ခန့် သွား၍နေလေသည်။ ဦးအောင်တို့ လင်မယားက ချော့မော့၍ လိုက်ခေါ်မှ ပြန်လာသည်။ ထိုသို့ အိမ်ပြန်လာပြီးနောက် ခင်သည် စိတ်လုပ်ကာ မမကြီးအား စကားမပြောချေ။

မိမိ၏တာဝန် ဟူသမျှကို ငွေဝယ်ကျွန်မကြီး တစ်ယောက်နှင့်မခြား ဖတ်သီဖတ်သီ လုပ်ကိုင်ပေးနေသော မမကြီးကို ခင်သည် ကျေးဇူးတင်ရမှန်း သိတတ်ဖို့ ဝေးစွ။ မိမိအား နေရာတကာတွင် ချုပ်ချယ်၍ တမင်သက်သက် နှိမ်ခြင်းပြုနေသော ညှိုးသူ ရန်ဘက်သဖွယ် သဘောထားလျက် ရှိလေသည်။ မမကြီးက စေတနာနှင့် ပြောဆို လုပ်ကိုင်ပေးနေခြင်းကို ဘာတစ်ခုမျှ အကောင်းဘက်မှ မမြင်တော့ချေ။ မမကြီး ပြုလုပ်သမျှတို့သည် ၎င်း၏အတွက် အဆိုးနှင့် ဆန့်ကျင်ဘက်ချည်း ဖြစ်နေလေသည်။ အထူးသဖြင့် မိမိသဘောနှင့် မိမိ သွားလိုရာသွား၍ လည်လိုရာ လည်ပတ်ခြင်း မပြုနိုင်အောင် ဟန့်တားသည့် အတွက်နှင့် ပတ်သက်၍ ခင်သည် မမကြီးအပေါ်၌ မကျေနပ်ဆုံး ဖြစ်လေသည်။ ကလေးသူငယ်မလေး တစ်ယောက် မဟုတ်တော့သော မိမိအား ဤမျှ လိုက်လံ ဟန့်တားနေခြင်းသည် မိမိအား ရန်ရှာနေခြင်း ဖြစ်သည်ဟု စွဲမှတ်လျက် ရှိသည်။ စင်စစ်တော့ မိမိနှင့် မောင်မောင်ထွန်းကို့ လွတ်လွတ်လပ်လပ် တွေ့ဆုံ ဆက်ဆံခြင်း မပြုနိုင်အောင် ကြားမှ ကာဆီးနေသော မမကြီးအား ခင်သည် အာဃာတ ကြီးမားနေခြင်းမျှသာ ဖြစ်လေသည်။ သို့ရာတွင် မမကြီး အနေနှင့် ခင်နှင့် မောင်မောင်ထွန်းတို့ တိတ်တဆိတ် ဆက်သွယ်နေသောကိစ္စ ကို ဘာတစ်ခုမျှ ရိပ်မိခြင်း မရှိသေးချေ။ အသက်ငယ်ရွယ်၍ လင်နှင့် ဝေးကွာ နေသော မိန်းမသား တစ်ဦးအား ဝတ္တရားအတိုင်း အတတ်နိုင်ဆုံး စောင့်ရှောက် နေခြင်းမျှသာ ဖြစ်လေသည်။ မှားယွင်းသည်တို့ကို မမှားယွင်းရအောင် အမှန်း ခံကာ သတိပေးနေရခြင်း ဖြစ်၏။

မိမိ၏ ပြောစကားကို နားမထောင်သည့်အပြင် မိမိကို ရန်လုပ်လျက် ရှိသော ခင့်အတွက်နှင့် မမကြီးသည် တဖြည်းဖြည်း ကျောချမ်းစ ပြုလာသည်။ မိမိကိုယ်တိုင် ဘာမျှမတတ်နိုင်သလို ဖြစ်နေသော ကိစ္စကြီးတစ်ခုကို လက်ပိုက် ကြည့်နေ၍ မဖြစ်တော့ကြောင်းလည်း စဉ်းစားစ ပြုလာသည်။ ထိုကိစ္စကို ထောင်ကျနေသော လင်သား ဖြစ်သူကို သွားရောက် တိုင်ကြား၍ သူ့မယားကို တစ်ဖက်လှည့်နှင့် အဆုံးမခိုင်းရလျှင် ကောင်းလေမည်လား။ ထိုသို့ မိမိက



Pdf - Yaybawal

သွားရောက် တိုင်ကြားသည့်အတွက် ထောင်ထဲက လူသည် ပို၍များ စိတ်ဆင်းရဲဒုက္ခ ဖြစ်နေဦးမည်လား။ ထို လားနှစ်လားကိုလည်း မမကြီးသည် ထည့်သွင်း စဉ်းစားခြင်း ပြုရသေးသည်။ ၎င်းအပြင် သူ့မယားကို တစ်သက်လုံးက ဆုံးမရမှန်း မသိသော လူတစ်ယောက်ကို သွားရောက် အဆုံးမခိုင်း၍ကောင်း ရပါမည်လားဟုလည်း တွေးရပြန်သည်။ ထို့ကြောင့် မမကြီးသည် ချီတုံချတုံနှင့် ဦးအေးသွင်ထံသို့ တော်တော်နှင့် သွားရောက်ခြင်း မပြုနိုင်ခဲ့ချေ။ နောက်ဆုံးတွင် သူတို့ ဖအေလုပ်သူနှင့် မတွေ့ရသည်မှာ ကာလအတန်ကြာပြီ ဖြစ်သော ကလေးများက 'ဖေဖေ့ဆီ ပို့ပေးပါ ကြီးကြီး၊ ဖေဖေ့ကို အောက်မေ့တယ်' ဟု ပူဆာကြတော့မှ ကလေးများကိုလည်း ပို့ရင်း၊ မိမိ ပြောဆိုရန်ရှိသော ကိစ္စကိုလည်း ပြောဆိုရင်း ကျောင်းအားသော တနင်္ဂနွေနေ့ တစ်နေ့တွင် ကလေးများကို မိမိနှင့် တစ်ပါတည်းခေါ်ကာ ထောင်ကြီးဘက်သို့ ထွက်လာခဲ့လေသည်။

ဦးအေးသွင်သည် များစွာ ဝမ်းချုံး၍ သွားလေသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော သားကလေး၊ သမီးကလေးများကို တွေ့ရသဖြင့် ပြုံးရယ်ခြင်း ပြုလေသည်။ သို့ရာတွင် သူ၏အပြုံးသည် ယခင် ရာဇဝတ် တရားသူကြီးဘဝတုန်းကကဲ့သို့ တောက်ပစိုပြည်ခြင်း မရှိလှ။ 'ခင် တစ်ယောက်ကော'ဟု ပါလာသည်ကို မတွေ့ရသော သူ့မယားအား ရေငတ်သလို မေးလေသည်။ ဦးအေးသွင်၏ အယူခံအား တရားလွှတ်တော်က ပယ်ချလိုက်ပြီးနောက် တစ်လသာသာခန့်အတွင်း ခင်သည် ထောင်ဝင်စာ သွားတွေ့မည်ဟု အိမ်တွင် ပြောဆိုကာ သုံးလေးကြိမ်မျှ ထွက်သွားခဲ့သည်။ ထိုကြားထဲမှ သူ့လင်က သူ့မယားကို ရေငတ်သလို မေးနေသည့်အတွက် 'ခါတိုင်း အပတ်တွေတော့ ခင့်ကို လွှတ်နေကျ ဖြစ်ပေမယ့် သည်အပတ်တော့ ကလေးတွေနဲ့လည်း ကိုအေးသွင် တွေ့ရအောင်၊ နောက်ပြီးတော့ ကျွန်မ ပြောချင်တာကလေးတစ်ခု ရှိတာကိုလည်း ပြောရအောင်ဆိုပြီး ခင့်ကို မခေါ်မိဘဲ ကျွန်မတို့ချည်း လာခဲ့တာပါ'ဟု မမကြီးက ရှင်းလင်း ပြောဆိုလိုက်ရသည်။

'ဟင်... ခင် တစ်ခါမှလည်း လာမတွေ့ပါလား မမကြီး'ဟု ဦးအေးသွင်က ပြန်လည် ပြောဆိုလိုက်တော့မှ မမကြီးသည် မိမိအား လက်တစ်လုံးကြားလိမ်၍ အိမ်မှ ထွက်ထွက်လည်နေသော ခင်၏ လုပ်ကိုင်ပုံကို နားလည်ရလေ



Pdf - Yaybawal

သည်။ သို့ရာတွင် ထိုအကြောင်းအရာကို ဆက်လက် ပြောဆိုနေလျှင် ဦးအေးသွင် စိတ်မချမ်းမသာ ဖြစ်တော့မည်ကို စဉ်းစားမိသဖြင့် အာရုံ ပြောင်းလွဲသွားစေရန် အတွက် သားအငယ်ဆုံး မောင်ခင်အေးကို သူ့အဖေအား လှမ်း၍ ပေးလိုက် ရင်း 'မောင်ခင်အေးက ဖေဖေ့ဆီကို သွားမယ် သွားမယ်နဲ့ ကျွန်မကို ပူဆာ နေတာ တော်တော်ကြာပြီ' ဟု မမကြီးက ပြောဆိုလေသည်။ ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမသည်လည်း သူတို့အဖေအနီးသို့ သွား၍ ထိုင် ကာ ပွတ်သီးပွတ်သပ် လုပ်နေကြပြန်သဖြင့် စောစောက သူ့မယားကို ရေငတ် သလို မေးမြန်းနေသော ဦးအေးသွင်သည် မေ့လျော့သွားပုံ ရလေသည်။ သူသည် မတွေ့ရသည်မှာ ကြာပြီဖြစ်သော ကလေးများနှင့် ရယ်ကာမောကာ စကား ပြောဆိုလျက် ရှိသည်။ ထို့ကြောင့် မမကြီးသည် သူတို့ သားအဖတစ်တွေကို ဘေးမှ ငြိမ်သက်စွာ ကြည့်နေမိသည်။ တကွဲတပြားစီ ဖြစ်နေကြသော သားအဖ တစ်တွေ ဖြစ်နေပုံအတွက်လည်း စိတ်မကောင်း ဖြစ်နေမိသည်။

ယင်းသို့ သူတို့ သားအဖတစ်တွေ စကားပြောဆိုနေကြပုံကို ဘေးမှ ကြည့်ရင်း ခင်၏အကြောင်းကို ပြောသင့် မပြောသင့် မမကြီးသည် တော်တော် ကလေး ချိန်ဆနေသည်။ သူ့မယားကို ဆုံးမပေးစေလိုသောအနေဖြင့် ပြောဆို လိုက်သည်တိုင်အောင် တွေးမိတွေးရာ တွေးကာ လူတစ်ဖက်သား စိတ်မချမ်း မသာ ဖြစ်သွားလေမည်လား။ မပြောဆို မတိုင်ကြားပါကလည်း တစ်နေ့သော အခါ မိမိတာဝန်မကင်း ဖြစ်မည့်အရေးကိုလည်း စဉ်းစားရပြန်သေးသည်။ နောက်ဆုံး၌ ထောင်ဝင်စာ အချိန်စေ့လု၍ ပြန်ခါနီးမှ မိမိအနေနှင့် မပြောဆို လျှင် မဖြစ်တော့သော ခင့်ကိစ္စကို ဦးအေးသွင်လည်း နားခံသာအောင် လှည့်ပတ် ပြောဆိုခြင်း ပြုရလေသည်။

'ခင် တစ်ယောက်လည်း ခုထက်ထိ မလိမ္မာချင်သေးဘူး ကိုအေးသွင်။ ကလေးမကလေးဟာ လည်ဖို့ပတ်ဖို့နဲ့ ပျော်ဖို့ပါးဖို့လောက်သာ စိတ်ကူး နေတုန်းပဲ'

ထိုမျှလောက် ပြောဆိုလိုက်ခါမျှနှင့်ပင် သူ့မယား အကြောင်းကို ကောင်းစွာ သိရှိထားသော ဦးအေးသွင်သည် တစ်ခါတည်း ငိုင်၍ သွားလေ သည်။ သူ၏ မျက်နှာသည် ကလေးများနှင့် စကားပြောဆိုနေစဉ်ကကဲ့သို့ ကြည်လင် ရွှင်လန်းခြင်း မရှိတော့ဘဲ သိသိသာသာပင် အိုစာ၍ သွားလေသည်။



Pdf - Yaybawal

'ခင့်အတွက်နဲ့တော့ အများကြီး ခက်ပါသေးတယ် မမကြီးရာ' ဟု သက်ပြင်းကို ချရင်း ညည်းတွား ပြောဆိုလိုက်သည်။

'ကျွန်မလည်း တတ်နိုင်သလောက် ဆုံးမနေတာပဲ ကိုအေးသွင်။ ဒါပေမဲ့ သူ့လင် သူ့သားနဲ့ ဖြစ်သွားပြီးခါမှ ကျွန်မ စကားကို သိပ်နားမထောင်ချင်တော့ဘူး။ ဒါကြောင့် ခင် လာတွေ့တဲ့အခါလည်း ကိုအေးသွင်အနေနဲ့ ဆုံးမပေးပါဦး' ဟု တိုင်ကြားလက်စနှင့် မမကြီးက အဆုံးတိုင်အောင် တိုင်ကြားလိုက်ရတော့သည်။

ဦးအေးသွင်အား ထားပစ်ခဲ့ပြီးနောက် ကလေးများနှင့် ထောင်ဘူးဝမှ ထွက်လာခါနီးတွင် 'ခက်တာပါပဲ မမကြီးရယ်၊ အို မဆုံးမတော့ ဒီလို ဖြစ်ရတာတွေ အားလုံး ကျွန်တော့်ရဲ့ အပြစ်တွေချည်းပါပဲလေ' ဟု ဦးအေးသွင် ညည်းတွား ပြောဆိုလိုက်သော စကားလုံးများသည် အိမ်သို့ ပြန်ရောက်သည့်တိုင်အောင် မမကြီး၏ နားထဲမှ တော်တော်နှင့် မထွက်တော့ပေ။ ထိုသတ္တဝါသည် သူ၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍ လေးဖက် ကာထားသော အုတ်နံရံများအတွင်း၌ ပြန်လည် သုံးသပ်မိဟန် ရှိသည်။ သူ၏ လွဲချော်ချက်များကိုလည်း ယခုမှပင် ပြန်လည် စဉ်းစားမိဟန် တူသည်။ ထို့အတွက် သူသည် များစွာ နောင်တ ရနေပုံလည်း ရလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ လည်ရာပတ်ရာမှ ပြန်ရောက်ခါစနှင့် တူသော ခင်နှင့် အခန့်သင့် တွေ့ရသဖြင့် ဦးအေးသွင်က မှာလိုက်သဖြင့် သွားရောက် တွေ့ဆုံခြင်း ပြုရန်အတွက် မမကြီးသည် သတိပေး ပြောဆိုလိုက်မိသည်။ သို့ရာတွင် ခင်သည် ထိုစကားကို အလျှင်းပင် အရေးမထားသကဲ့သို့ သွားမည်လည်း မပြော၊ မသွားဘူး ဟုလည်း မပြောဘဲ ခပ်ထုံထုံလုပ်နေသည်။ မမကြီးသည် မိမိအား ဦးအေးသွင်ထံသို့ သွားတွေ့ဦးမည် ဟု သုံးလေးကြိမ်ခန့် ပြောဆို၍ ဦးအေးသွင်အား တကယ် သွားမတွေ့သော အကြောင်းကို ခင့်အား မေးသင့်၊ မမေးသင့် ချိန်ဆမိသည်။ မိမိကသာ မေးလိုက်လျှင် ယမ်းပုံမီးကျဖြစ်ကာ ဦးအေးသွင်အား နောက်ထပ် သွားမတွေ့ဘဲ နေမည်ကိုလည်း စိုးရသေးသည့်အတွက် နောက်ဆုံး၌ မပြောဘဲ မျိုသိပ်ထားလိုက်ရလေသည်။

ဦးအေးသွင်ထံမှ မမကြီးနှင့် ကလေးများ ပြန်လာခဲ့ကြပြီးနောက် သုံးရက်ခန့် အကြာတွင် ခင်သည် ဦးအေးသွင်အား သွားရောက် တွေ့ဆုံခြင်း ပြုလေ



Pdf - Yaybawal

သည်။ မမကြီးက ၎င်းအား ဝတ္တုရားအတိုင်း တိုင်ကြားသွားခဲ့သောကိစ္စနှင့် ပတ်သက်၍ မယားလုပ်သူအား ဦးအေးသွင်က အနည်းငယ် သတိပေးရုံမျှနှင့်ပင် ခင်သည် ထောင်ဘူးဝတွင် ယမ်းပုံမီးကျ ဖြစ်သွားလေသည်။ ထောင်အာဏာပိုင်များ ကြား၍မျှပင် မကောင်းအောင် မမကြီး ပြောသောစကားကို ယုံရပါမည်လားဟု မမကြီးနှင့် ဦးအေးသွင်အား အမျိုးမျိုး စွပ်စွဲလေသည်။ ငိုချင်လျက် လက်တို့ ဆိုသော စကားအတိုင်း မူလကပင် ရန်လုပ်၍ အပြစ်ရှာလိုနေသော ခင်သည် ဦးအေးသွင်အား ရန်ရှာခြင်း ပြုလေသည်။

'ရှင့်မယား ပြောတာကို ရှင်က ယုံတယ်ပေါ့လေ၊ ဟုတ်လား။ ဟိုဟာမကြီးက ရှင်နဲ့ ကျုပ်နဲ့ မကွဲ ကွဲအောင် ကြားက တိုက်ပေးပြီး ကွဲတော့မှ ရှင့်ကို အပိုင်စီးမလို့ ကြံနေတယ်ဆိုတာကို ရှင် ဒါလောက်ကလေးမှ မရိပ်မိဘူးလားဟင်'

'တွေ့ကရာတွေ လျှောက်ပြောမနေစမ်းပါနဲ့ ခင်၊ တိုးတိုးတိတ်တိတ်လည်း ပြောစမ်းပါ။ တော်တော်ကြာ ဘေးလူတွေ ကြားကုန်ပါ့မယ်'

'ရှင်ကလည်း ဒီကိစ္စမှာ အလိုတူ အလိုပါပဲ မဟုတ်လား။ ရှင့်ဉာဏ်တွေကို ကျွန်မ မသိဘူးများ မှတ်နေလို့လား။ စောစောထဲက ရှင်တို့နှစ်ယောက် ဒီလို ကြံစည်နေကြတယ် ဆိုတာကို သိတယ်။ အ တယ် မထင်ပါနဲ့'

'တော်စမ်းပါတော့ ခင်ရယ်၊ မင်း ပြောတာတွေ တစ်ခုမှ မဟုတ်သေးပါဘူးကွယ်'

'သူခိုးက ခိုးတယ်လို့များ ဘယ်တုန်းကများ ဝန်ခံဖူးသလဲ။ ဟုတ်တာပြောတော့ နာလိုခံခက် အမျက်ထွက်နေတယ်ပေါ့လေ၊ ဟုတ်လား။ ကျွန်မကို ဆက်ပြီး မပေါင်းချင်ရင်လည်း အေးအေးနဲ့သာ ကွာပေး ရှင်းပေးပါ။ ခုလို ရှင့်မယား တွန်းတိုင်း တစ်ဖက်သတ် ရန်မရှာပါနဲ့'

ခင့်အား ယခုကဲ့သို့ စကားလက်ခံ ပြောဆိုနေ၍ မဖြစ်တော့သဖြင့် ဦးအေးသွင်သည် ရှက်ရှက်နှင့်ပင် ထ ပြေးရလေသည်။ ထိုသို့ ထပြေးရင်း 'ဒီပုံအတိုင်းသာဆိုရင် မင်း ငါ့ဆီကို နောက် ဘယ်တော့မှ မလာပါနဲ့တော့ကွာ' ဟု ဒေါသကလေးဖြင့် ခပ်ငေါက်ငေါက်ကလေး ပြောဆိုလိုက်မိသည်။ 'မလာနဲ့ဆိုရင် မလာဘဲ နေရုံပေါ့လေ။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင်တော့ နောက်တစ်ခေါက်လောက်တော့



Pdf - Yaybawal

လာရလိမ့်ဦးမယ်ရှင့်' ဟု ပြန်ပြောကာ ခင်သည် ထောင်ဘူးဝမှ ထွက်လာခဲ့သည်။

ဦးအေးသွင်နှင့် ထောင်ဘူးဝတွင် စကားများ လာခဲ့ပြီးနောက် ထိုနေ့ညနေပိုင်းတွင် ကံဘဲ့အိမ်၌ ခင်သည် မမကြီးနှင့် အော်ကြီးဟာစ်ကျယ် လုပ်ပြန်လေသည်။ ရိုးသား၍ ဘာမျှ မသိသေးသော မမကြီးသည် ခင်က ဆင်ထားသော အကွက်ထဲသို့ မဝင်ဘဲ ရှိနေသဖြင့် ခင်သည် မမကြီးအား မပူ ပူလာအောင် အမျိုးမျိုး ထိုးလား ဆွလား လုပ်လေသည်။ မမကြီးသည် မိမိတို့ တူဝရီးအကြားတွင် ဖြစ်ပွားနေသောကိစ္စကို ဦးကျော်အောင်အား အနည်းငယ်မျှ မသိစေလိုသဖြင့် ခင်က ထိုးဆွသမျှကို အမျိုးမျိုး လွတ်အောင် ရှောင်လေသည်။ လွတ်အောင် ရှောင်နေသည့်အကြားမှ လိုက်၍ ထိုးဆွမြဲ ထိုးဆွနေပြန်သောအခါ ရှောင်ကွင်းရန်အတွက် နေရာမရှိတော့ချေ။ မမကြီးသည် ညစာ ထမင်းစားပွဲတွင် ခင့်အား မလွှဲသာ မရှောင်သာ ရင်ဆိုင်ရလေသည်။ ခင်သည် မိမိ၏ အဒေါ်ဖြစ်သူအား လင်လုဘက်အနေသို့ ရောက်အောင် အခြားသူများရှေ့တွင် နင့်နင့်သီးသီး ပြောဆိုခြင်း ပြုသည်။ မိမိတို့ လင်မယား မကွဲ ကွဲအောင်ကြားမှဝင်၍ ကတုံးကတိုက် ပြုလုပ်နေသည်ဟု ဘေးလူများ မကြားကြားအောင်လည်း စွပ်စွဲပြောဆိုခြင်း ပြုပြန်လေသည်။ မိမိအား စော်ကားပြီးရင်းစော်ကားလျက်ရှိသော တူမ လုပ်သူကို မမကြီးသည် အံကြိတ်၍ သည်းညည်းခံနေရသည်။ ဒီကြားထဲမှပင် ခင်သည် ဤကဲ့သို့ အိမ်မျိုးတွင် မနေနိုင်တော့ပါဘူး ဟု အော်ကြီး ဟာစ်ကျယ် ငိုယို ပြောဆိုကာ အိမ်ပေါ်မှ ဆင်း၍သွားလေသည်။

## (၄)

မိမိအား မဟုတ်က ဟုတ်က စွပ်စွဲပြောဆို၍ ရန်လုပ်ကာ အိမ်ပေါ်မှ ဆင်းသွားသော ခင့်အား မမကြီးသည် လိုက်လံ စုံစမ်းရှာဖွေခြင်း ပြုရပြန်လေသည်။ တကယ်ဆိုတော့ ခင်သည် သူ့အကြံအစည်နှင့်သူ တမင်တကာ အကွက်ရှာ၍ အိမ်ပေါ်မှ ဆင်းသွားခြင်း ဖြစ်သည်ကိုကား မမကြီးသည် မသိရှာချေ။ မိမိအား ရှူးရှူးပေါ်ပေါ်နှင့်ပင် အထင်အမြင်လွဲကာ စိတ်ကောက်၍ ထွက်သွားခြင်း ဖြစ်သည်ဟုသာ အောက်မေ့ကာ ၎င်း သွားတတ် လာတတ်သော အိမ်



Pdf - Yaybawal

များသို့ လိုက်လံ မေးမြန်းခြင်း ပြုရလေသည်။ ထိုသို့ လိုက်လံ မေးမြန်း၍ အိမ်များသာ စေ့သွားသော်လည်း ခင့်သတင်းကို အစအနမျှ မရသောအခါ မမကြီးသည် စိုးရိမ်ပူပန်စ ပြုလာသည်။ သို့သော်လည်း စိတ်အားမလျှော့သေးဘဲ တနင်္ဂနွေ တစ်ပတ်ခန့်မျှ လိုက်လံ စုံစမ်းခြင်း ပြုလေသည်။ တနင်္ဂနွေ တစ်ပတ် ကုန်လွန်သွားသည့်တိုင်အောင် ခင်၏ သတင်းကိုလည်း မရ၊ ခင်ကိုယ်တိုင်ကလည်း ပြန်မလာသောအခါ မမကြီးသည် ထိုကိစ္စကို မိမိ တစ်ယောက်တည်း လိုက်၍ မအုပ်နိုင်တော့ကြောင်း နားလည်လာသည်။ ဦးအေးသွင်ကို အမြန်ဆုံး သွားရောက် တိုင်ပင်၍ ဂါတ်တိုင်သင့်က တိုင်ပင်ခြင်း ပြုရန်အတွက် စဉ်းစားလာရသည်။ ဤသို့ စဉ်းစား တွက်ချက်၍ ကျောင်းမှ ခွင့်ယူကာ ဦးအေးသွင်အား သွားရောက် တွေ့ဆုံမည့်နေ့တွင် မမျှော်လင့်သော ကြေးနန်းတစ်စောင်သည် မမကြီး နာမည်နှင့် ရောက်ရှိလာသဖြင့် ဘယ်က လာပါလိမ့်မည်လဲဟု မခန့်မှန်းတတ်သော ထိုကြေးနန်းစာအိတ်ကို မရဲတရဲနှင့် ဖွင့်၍ ကြည့်ရလေတော့သည်။

ကြေးနန်းမှာ စစ်ကိုင်းတောင်ရိုးက အရေးတကြီး ရိုက်လိုက်သော ကြေးနန်း ဖြစ်သည်။ "ဒေါ်ဒေါ် အသည်းအသန် မမာမကျန်း ဖြစ်နေသည်။ မမကြီးကိုယ်တိုင် အမြန်ဆုံး လိုက်ဖြစ်အောင် လိုက်လာပါ။ အခြား ဘယ်သူ့ကိုမှလည်း မခေါ်လာပါနှင့်။ မောင်အေးသွင်ကိုလည်း ဤကိစ္စ မသိပါစေနှင့်" ဟူ၍ စစ်ကိုင်းတောင်ရိုးရှိ ဦးအေးသွင် မိခင်ထံမှ ရိုက်ကြားလိုက်သော ကြေးနန်းသတင်း ဖြစ်နေသည်။ ကြေးနန်းစာရွက်ကို ကိုင်ရင်း မမကြီးသည် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။

မမကြီးသည် ကြေးနန်းရိုက်ကြားလိုက်သော ကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မစဉ်းစား မဆုံးဖြတ်သေးဘဲနှင့် ခင့်ကိစ္စကို တိုင်ကြား ပြောဆိုရန် ဦးအေးသွင်ဆီသို့ ထွက်လာခဲ့သည်။ ဦးအေးသွင်နှင့် တွေ့ရသောအခါ မိမိ မပြောဆိုရမီကပင် ခင် အိမ်၌ မရှိတော့သည့်အကြောင်းကို ဦးအေးသွင်က သိရှိနေနှင့်ကြောင်း သိရှိရသဖြင့် မမကြီးသည် ရုတ်တရက်သော် မစဉ်းစားတတ်အောင် ဖြစ်သွားလေသည်။

'သုံးရက်လောက်က ခင် ကျွန်တော့်ဆီကို လာပြီး သူ့ကို ကွာရှင်းပေးဖို့ ဆူဆူပူပူ လုပ်သွားတယ် မမကြီး။ ဦးတို့ မမကြီးတို့နဲ့လည်း သူ မနေတော့



Pdf - Yaybawal

ဘဲ သူ့သူငယ်ချင်းတစ်ယောက် အိမ်မှာ နေတဲ့ အကြောင်းကိုလည်း ပြောသွားတယ်' ဟု ဦးအေးသွင်က ဆီး၍ ပြောပြလေသည်။

သူ၏ သူငယ်ချင်းတစ်ယောက်အိမ်တွင် နေသည်ဆိုသော စကားကို ကြားလိုက်ရသည့်အတွက် အတန်ငယ် စိတ်အေးသွားသကဲ့သို့ ရှိလိုက်သော်လည်း "ကွာရှင်းပေးဖို့ ဆူဆူပူပူ လုပ်သွားတယ်" ဆိုသော စကားကိုကား မမကြီးသည် ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ခင်သည် အဘယ့်အတွက် ဦးအေးသွင်အား ကွာရှင်းပေးဖို့ကိစ္စကို လာရောက် ပြောဆိုနေခြင်း ဖြစ်သနည်း။ ခင်၏အကြောင်းကို ဘာမျှ မသိရှာသော မမကြီးသည် မစဉ်းစားတတ်အောင်လည်း ဖြစ်နေသည်။

'ဟင် ကိုအေးသွင်ကို အခင်က ကွာရှင်းပေးဖို့ လာပြောတယ်၊ ဟုတ်လား' ဟု မိမိ၏ နားကိုပင် ကောင်းစွာ စိတ်မချသကဲ့သို့ ပြန်၍ မေးလိုက်မိသည်။

'အရင် မမကြီး ကလေးတွေနဲ့ လာတွေ့ပြီး သူ့ကို လွှတ်လိုက်လို့ လာသွားတဲ့ အခေါက်တုန်းကတည်းက ကိုအေးသွင်ကို မဟုတ်က ဟုတ်ကတွေ လျှောက်ပြောပြီး ကွာမယ် ရှင်းမယ်ဆိုတဲ့ အသုံးအနှုန်းတွေကို သုံးနှုန်းသွားတယ် မမကြီး။ အဲဒီအခေါက် သူ လာသွားတုန်းကတည်းက သူ့အမူအရာကို ကိုအေးသွင် သိပ်မသင်္ကာလှဘူး'

'ကျွန်မလည်း ဘယ်လိုမှ မစဉ်းစားတတ် မတွေးတတ်အောင် ဖြစ်နေတာပဲ ကိုအေးသွင်၊ အခင်တစ်ယောက် အတွက်နဲ့တော့ ရှေ့လျှောက် ဘယ်လောက်အထိ ဝဋ်ခံနေရဦးမလဲ မသိတော့ပါဘူးလေ'

'ဒါတွေ ပြောနေလို့လည်း ခုနေမှာ အကြောင်းမထူးတော့ပါဘူး မမကြီးရယ်၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့သာ တရားနဲ့ ဖြေကြရတော့မှာပေါ့။ ဒါထက် ဦးရဲ့ ကျန်းမာရေးကော ဘယ်လိုနေသေးသလဲဟင်'

ခင့်အကြောင်းကို ဆက်လက် ပြောဆိုခြင်း မပြုလိုတော့ဟန်ဖြင့် သူ့ယောက္ခမ အကြောင်းကို မေးလာတော့မှ စစ်ကိုင်းမှ ရိုက်လိုက်သော သံကြိုးအကြောင်းကို မမကြီးသည် ရုတ်တရက် သတိရလာသည်။ သူ့အမေက မသိပါစေနှင့် ဟူ၍ မှာကြားလိုက်သော ကိစ္စကို ဖွင့်ဟ ပြောဆိုသင့်၊ မသင့် မမကြီးသည် စဉ်းစားချိန်ဆနေရသောကြောင့် သူ့ယောက္ခမ၏ ကျန်းမာ



Pdf - Yaybawal

ရေး အကြောင်း မေးမြန်းထားသော ဦးအေးသွင်၏ မေးခွန်းကို မေ့လျော့နေလေသည်။ မိမိ၏ မေးခွန်းကို ပြန်လည် ဖြေကြားခြင်း မပြုနိုင်လောက်အောင် စိတ်များနေသော မမကြီးကို တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ၎င်းအတွက် မမကြီးက ဂရုတစိုက် ဝယ်လာပေးသော စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ ဦးအေးသွင်သည် မီးညှိ၍ ဖွာနေလိုက်သည်။

အတန်ကြာ ငိုင်နေရာမှ မမကြီးသည် အဆုံးအဖြတ် ပြီးစီးသွားသကဲ့သို့ အသက်ဝင် လှုပ်ရှားလာပြီးလျှင် 'ဒေါ်ဒေါ်ဆီက ခုမနက်ပဲ ကြေးနန်းတစ်စောင် လာတယ် ကိုအေးသွင်' ဟု ပြောဆိုကာ ၎င်း၏ သားရေအိတ်အတွင်းမှ ကြေးနန်းကို ထုတ်ယူပြီးနောက် ကိုအေးသွင်အား လှမ်း၍ ပေးလိုက်သည်။ မမကြီး လက်ထဲမှ ကြေးနန်းကို လှမ်းယူကာ ဖတ်ကြည့်လိုက်ပြီးနောက် ဦးအေးသွင်သည် သက်ပြင်းကို ချလိုက်၏။

တစ်ဦး၏ ဒုက္ခကို တစ်ဦးက ကောင်းစွာ နားလည် သိရှိထားကြသူများ ဖြစ်သည့်အလျောက် တစ်ယောက်နှင့် တစ်ယောက် တော်တော်နှင့် စကားပြောဆိုခြင်း မပြုနိုင်ကြချေ။ အတွေးကိုယ်စီနှင့် အတန်ကြာမျှ ငြိမ်သက်နေသည်။ အတော်ကြီးကြာမှ ကိုအေးသွင်သည် ကြေးနန်းစာရွက်ကို မမကြီးအား ပြန်၍ လှမ်းပေးရင်း 'မမကြီး ဘယ်လို စဉ်းစားထားတာ ရှိသလဲဟင်' ဟု မေးလိုက်၏။

'အလုပ်က ခွင့်ယူပြီး ကျွန်မ လိုက်သွားမှ ဖြစ်တော့မှာပေါ့ ကိုအေးသွင်၊ ဒါပေမဲ့ နောက်ပိုင်းက အခင့် ကိစ္စကို ဘယ်လိုလုပ် ထားပစ်ခဲ့ရမှန်း စဉ်းစားလို့ မရဘူး'

'ခင့်ကိစ္စကို ဒီအတိုင်း ထားခဲ့စေချင်တယ် မမကြီး'

'ဖြစ်ပါ့မလား ကိုအေးသွင်ရယ်၊ တော်တော်ကြာ လူကြားမကောင်း သူကြားမကောင်း ဖြစ်ကုန်ပါ့မယ်'

'ကိုအေးသွင်ဆီကို သူလည်း လာဦးမှာပဲလေ။ လာတော့မှ ကြည့်ပြီး ပြောရတော့မှာပေါ့'

'ကျွန်မတော့ တခြား ဘယ်သူ့အတွက်မှ မပူရပါဘူး။ အခင် တစ်ယောက် အတွက်ပဲ စိတ်ဆင်းရဲနေရတာ'

'ဒါတွေ မစဉ်းစားပါနဲ့တော့ မမကြီးရယ်။ အမေ့ဆီကိုသာ ခပ်မြန်မြန်ကလေး လိုက်သွားပေးစမ်းပါဦး'

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

'အခင့်ကိစ္စအတွက် ကိုအေးသွင် တာဝန်ယူနိုင်ရင်တော့ ကျွန်မ ဒေါ်ဒေါ်ဆီ လိုက်သွားဖို့ မခဲယဉ်းပါဘူး ကိုအေးသွင်။ အစ်ကိုကြီးနဲ့ ကလေးတွေကတော့ ဦးအောင်တို့နဲ့ ထားပစ်ခဲ့လို့ ဖြစ်တဲ့ကိစ္စပဲ'

'ခင့်အတွက် ကိုအေးသွင် တာဝန်ယူပါတယ် မမကြီး။ အမေ့ဆီကိုသာ ခပ်မြန်မြန်ကလေး လိုက်သွားစမ်းပါဦး'

မမကြီးသည် ဦးအေးသွင်အား သွားရောက် တိုင်ပင်၍ ပြန်လာပြီးနောက် ကျောင်းမှ ခွင့်ယူကာ စစ်ကိုင်းတောင်ရိုးသို့ လိုက်ရန်အတွက် ပြင်ဆင်ရလေသည်။ ဦးအေးသွင်၏ မိခင်က မိမိတစ်ယောက်တည်းသာ လိုက်လာခဲ့ပါ၊ အခြား ဘယ်သူ့ကိုမှ ခေါ်မလာပါနှင့်ဟု မှာကြားလိုက်သည့်တိုင်အောင် မမကြီးသည် အိမ်ဖော် အဒေါ်ကြီးအား ခရီးသွားအဖော်အဖြစ် ခေါ်၍သွားရန် ဆုံးဖြတ်လိုက်သည်။ ဘယ်သူ့မှ ခေါ်မလာပါနှင့်ဟု မှာကြားလိုက်ခြင်းသည် ၎င်း၏ ချွေးမဖြစ်သူကို ခေါ်လာမည်စိုး၍ ဖြစ်ကြောင်းကိုလည်း မမကြီးသည် သဘောပေါက် နားလည်ထားပြီး ဖြစ်လေသည်။

Pdf - Yaybawal

## အခန်း(၈)

### (၁)

စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိ၍ လူမမာအား မမကြီးသည် သုံးလေးရက်မျှသာ ပြုစုလိုက်ရလေသည်။ ၎င်း မှာကြားလိုသော ကိစ္စကြီးငယ်များကို မှာကြား၍ ၎င်းပေးအပ်စရာ ရှိသမျှသော အတွင်းပစ္စည်းများ အားလုံးကို မမကြီး လက်ဝယ်သို့ ပေးအပ်ပြီး ဦးအေးသွင်၏ မိခင်ကြီးသည် စိတ်ချလက်ချ မျက်လုံးမှိတ်သွားသည်။

ယခင်က မမကြီးအား မမကြီးဟု ခေါ်ဝေါ်ခဲ့သော ဦးအေးသွင်၏မိခင်သည် ၎င်း မသေဆုံးမီ သုံးရက်အတွင်း မမကြီးအား သမီး ဟု အားမရနိုင်အောင် ခေါ်သွားသည်။ မမကြီးကိုလည်း ၎င်းအား အမေ ဟု အခေါ်ခိုင်းသဖြင့် လူမမာ စိတ်ချမ်းသာမှု ရရှိစေရန်အတွက် မမကြီးကလည်း အမေ ဟု ခေါ်လိုက်ရသည်။ မမကြီးက အမေ ဟု ခေါ်ဖော်ရခြင်းအတွက် လူမမာသည် နှစ်သိမ့် ကြည်နူးမှုကို ရရှိသကဲ့သို့ တော်တော်ကလေး စိတ်ချမ်းသာပုံ ရလေသည်။ မသေဆုံးမီ တစ်ရက်က ၎င်း၏ သားမိုက်နှင့် ကံဆိုးသော မြေးကလေးများကို ၎င်းမရှိသည့်နောက်တွင် ဆက်လက် စောင့်ရှောက်ခြင်းပြုရန် မှာကြားရင်း ကျစ်ကျစ်လျစ်လျစ် သိမ်းဆည်းထားခဲ့ဟန်တူသော အထုပ်တစ်ထုပ်ကို အခြားသူများ မမြင်အောင် မမကြီး လက်ထဲသို့ ထည့်လေသည်။ အထုပ်အတွင်း၌ စိန် ရတီသုံးဆယ်သာသာခန့်နှင့် အင်မတန် အရည်အသွေးကောင်းသော မြကြီးတစ်လုံးပါကြောင်း၊ ကာလ တန်ဖိုးနှင့် စုစုပေါင်း ငါးသောင်း

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

ခန့် တန်သည်ဖြစ်ကြောင်းကိုလည်း ပြောသွားသည်။ လူမမာသည် ထွက်သက်ဝင်သက် ရပ်ဆိုင်း၍သွားသော နောက်ဆုံးအချိန်အထိ ၎င်း၏ ချွေးမအကြောင်းကို ဘာတစ်ခွန်းမျှ မေးမြန်းပြောဆိုခြင်း မပြုချေ။

မိမိ မရောက်ဖူး မပေါက်ဖူး၍ အသိအကျွမ်းလည်း မရှိသော တစ်ရပ်တစ်ရွာတွင် မမကြီးသည် မိန်းမသားပင် ဖြစ်သော်လည်း ဦးအေးသွင်၏ မိခင်အား သင်္ဂြိုဟ်ခြင်းအမှုကို ပြုလေသည်။ သင်္ဂြိုဟ်ခြင်းအမှု ပြီးသောအခါ၌လည်း မမကြီးသည် ရုတ်တရက် ပြန်၍ မဖြစ်သေးချေ။ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးစံအတိုင်း ရက်လည် ဆွမ်းသွတ်ပြီးမှ ကိစ္စက ပြီးသည်ဖြစ်သောကြောင့် မိမိ ယူလာခဲ့သော ခွင့်ရက်နှင့် မလုံလောက်၍ မိမိ အလုပ်လုပ်သော ကျောင်းသို့ သံကြိုးရိုက်ကာ ခွင့်ရက် တိုးတောင်းရလေသည်။ ထို့အတူ မိမိ ပြန်ရောက်သင့်သော ရက်တွင် ပြန်မရောက်၍ စိုးရိမ် ပူပန်နေကြမည်ဖြစ်သော ကံဘဲအိမ်သို့လည်း စိတ်ပူပန်ခြင်း မရှိရအောင် မိမိ စစ်ကိုင်းတွင် ဆယ်ရက်ခန့်ကြာလိမ့်မည်ဖြစ်ကြောင်း ကြေးနန်းရိုက်လိုက်ရသည်။ သို့ရာတွင် ဦးအေးသွင်၏ မိခင် သေဆုံးသည့် အကြောင်းကိုကား သံကြိုး ထည့်မရိုက်လိုက်ချေ။ အကယ်၍ ထိုအကြောင်းကို သံကြိုးရိုက်လိုက်ပါက ဦးအေးသွင် နားသို့ ရုတ်တရက် ပေါက်ကြားသွားမည်ကို စိုးရိမ်သည်။ အလုပ်ပြုတ်၊ ထောင်တန်းကျနေရုံနှင့် မပြီးသေးဘဲ မယားမိုက်အတွက်ပါ စိတ်မချမ်းမသာ ဖြစ်နေရသူတစ်ဦးအား နောက်ထပ် စိတ်မချမ်းသာခြင်းကို မမကြီးသည် မဖြစ်စေလိုပေ။ ရန်ကုန်သို့ ရောက်ခါမှ မိမိကိုယ်တိုင် တဖြည်းဖြည်း ပြောပြဖို့ ကြံရွယ်ထားလေသည်။

ရောက်တုန်းအခိုက် ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့တွင် တန်ခိုးကြီးဘုရားများကို ဖူးမြော်ရန်အတွက် စိတ်ကူးထားသော မမကြီးသည် ထို အခွင့်အရေးကို အသုံးမပြုလိုက်ရချေ။ ဆွမ်းသွတ်သောနေ့တွင် ရန်ကုန်မှ ကြေးနန်းတစ်စောင် ရောက်ရှိလာသောကြောင့် ဖြစ်သည်။ စစ်ကိုင်းတောင်ရိုး၌ ကိစ္စပြီးစီးလျှင် ပြီးစီးချင်း လေယာဉ်ပျံနှင့် ရန်ကုန်သို့ အမြန်ဆုံး ပြန်လာစေလိုကြောင်း၊ ဦးကျော်အောင်၏ ရောဂါအခြေအနေမှာ များစွာ စိုးရိမ်နေရသော အခြေအနေသို့ ရောက်ရှိနေကြောင်းဖြင့် ဦးအောင်က ရိုက်ကြားလိုက်သော ကြေးနန်း ဖြစ်သည်။ ထို့ကြောင့် ဆွမ်းသွတ် ပြီးစီးသော ညနေဘက်တွင်



Pdf - Yaybawal

ပင် စစ်ကိုင်းဘက်မှ မန္တလေးသို့ အလျင်အမြန် ကူးလာခဲ့ပြီး နောက်တစ်နေ့တွင် ရန်ကုန်သို့ လေယာဉ်ပျံနှင့် ကတိုက်ကရိုက် ပြန်လိုက်လာခဲ့ရသည်။

မင်္ဂလာဒုံလေဆိပ်မှ ကဲဘဲ့သို့ ရောက်ရှိသောအခါ မမကြီး၏ ဦးခေါင်းတွင် ရုတ်တရက် မီးတောက်၍ မျက်လုံးများလည်း ပြာဝေသွားလေသည်။ မမကြီးသည် ၎င်း အစ်ကိုဖြစ်သူ၏ အသက်ကိုပင် မမီလိုက်တော့ချေ။ ပြင်ဆင်ထားပြီးခါစဖြစ်သော ဦးကျော်အောင်၏ အလောင်းစင်ကိုသာ တွေ့ရလေသည်။ ထို့နောက် ဦးကျော်အောင် စိတ်ထိခိုက်၍ ရုတ်တရက် သေဆုံးရသောကိစ္စနှင့် ဆက်စပ်နေသော သတင်းဆိုးများကိုလည်း မကြား မဖြစ်တော့၍ ကြားနာခြင်း ပြုရပြန်လေသည်။

ညဘက်တွင် ဦးကျော်အောင်၏ အသုဘသို့ လာရောက် ကြည့်ရှုမေးမြန်းကြသော အသိမိတ်ဆွေများအနက် ခရိုင် ရာဇဝတ်တရားသူကြီးကတော် ဒေါ်ခင်မှီက မမကြီးအား ပြောပြခြင်း ဖြစ်လေသည်။ မမကြီးစစ်ကိုင်းသို့ ထွက်သွားသော နောက်တစ်နေ့မှ စ၍ ခင်သည် ဦးအေးသွင်ထံသို့ သုံးရက်မျှ ဆက်တိုက် သွားရောက် တွေ့ဆုံကာ ၎င်းအား ကွာရှင်းပေးဖို့ကိစ္စအတွက် အော်ကြီးဟစ်ကျယ် ဆူပူသဖြင့် ဦးအေးသွင်က မည်သို့မျှ ချော့မော့ပြောဆို၍ မရသည့်အဆုံးတွင် ကွာရှင်းပေးလိုက်ရကြောင်း၊ ထိုသို့ လင်မယားကွာရှင်းကြသော ကိစ္စတွင် တာဝန်ခံ အသိသက်သေအဖြစ်ဖြင့် လက်မှတ်ရေးထိုးရသော ထောင်ပိုင်ဝန်က မိမိယောကျ်ားအား ပြောပြ၍ မိမိအနေနှင့်သိရှိရကြောင်းကိုလည်း ဒေါ်ခင်မှီက ပြောပြလေသည်။

'ကိုအေးသွင်က အခင်နဲ့ ပြိုင်ပြီး မိုက်ရသလား မမရယ်' ဟု မမကြီးက ရုတ်တရက် အပြစ်တင်လိုက်၏။

'ကိုအေးသွင်ကို အပြစ်တင်နေလို့ မဖြစ်သေးဘူး မမကြီး၊ ရှင့်တူမလုပ်သွားပုံကိုလည်း ကြည့်စမ်းပါဦး'

'အခင်က ဘယ်လိုများ လုပ်သွားလို့လဲဟင် မမ။ ကျွန်မ ဘာမှ မသိရ သးလို့ ပြောကြစမ်းပါဦး' ဟု မမကြီးက ပျာပျာသလဲမေးလိုက်သည်။

'ဒီ မောင်မောင်ထွန်းဆိုတဲ့ အကောင်နဲ့ တိတ်တိတ်ပုန်း ဆက်သွယ်ပြီး ဖြစ်ပျက်နေတဲ့ ကိစ္စတွေကို မမကြီး နည်းနည်းကလေးမှ မရိပ်မိဘူးလားဟင်'



Pdf - Yaybawal

ထိုစကားကို ရုတ်တရက် ကြားလိုက်ရသောအခါ မမကြီးသည် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။ မိမိ တာဝန်မကင်းအောင် ဖြစ်နေသော ကိစ္စကြီး ဖြစ်မှန်းမသိ ဖြစ်နေသည်ကို သိရှိလိုက်ရသဖြင့် တစ်ကိုယ်လုံး တုန်လှုပ်၍ သွားလေသည်။ ထို့ကြောင့် ဒေါ်ခင်မှီက မေးမြန်းထားသော မေးခွန်းကို ပြန်လည်ဖြေကြားခြင်း မပြုဝံ့တော့ဘဲ ဘုရားကိုသာ တ နေမိသည်။

'ကိုအေးသွင်ဆီက လင်မယား ပြတ်စဲတဲ့အကြောင်း ကွာရှင်းပေးစာလည်း ရရော ရှင့်တူမက အဲဒီ မောင်မောင်ထွန်း ဆိုတဲ့လူနဲ့ တစ်ခါတည်း လိုက်သွားပါပကောလား'

'ဟင် ခင်တစ်ယောက် ဒီလူနဲ့ လိုက်သွားပြီ၊ ဟုတ်လား မမ' ဟု မမကြီးက ထိတ်လန့်တကြား မေးလေ၏။

'မလိုက်သွားခင် တစ်ရက်လောက်က ဒီအိမ်ကို ခဏပြန်လာပြီး သူ့အဝတ်အစားသေတ္တာတွေနဲ့ တခြားပစ္စည်းတွေတောင် လာယူသွားသေးသတဲ့။ သူ့ပစ္စည်းတွေ လာယူတုန်းက ဦးအောင်တို့ လင်မယားက ရုတ်တရက် ထုတ်မပေးလို့ ဆူဆူပူပူ လုပ်သွားတဲ့အကြောင်းကို သိချင်ရင်တော့ ဦးအောင်တို့ လင်မယားကိုသာ မမကြီး ကိုယ်တိုင်ပဲ မေးကြည့်ပေတော့'

'ခင် ဒီလိုလုပ်သွားတာကို ဒီအတိုင်း ကြည့်နေလို့ မဖြစ်ဘူး မမ၊ ကျွန်မကိုယ်တိုင် လိုက်ခေါ်မှ ဖြစ်မယ်'

'ခေါ်တာက ဟုတ်ပါရဲ့၊ ဘယ်ကို လိုက်ခေါ်မှာလဲ'

'အဲဒီ မောင်မောင်ထွန်းဆိုတဲ့လူ နေတဲ့ နေရာကို စုံစမ်းပြီး လိုက်ခေါ်ရမှာပေါ့ မမရယ်။ ကျွန်မ တူမကို ဒီလို ဘယ်အဖြစ်ခံနိုင်ပါ့မလဲ'

'မမကြီး ပြောသလို မလွယ်လှဘူး ထင်တယ်'

'ဘာဖြစ်လို့လဲ မမရဲ့'

'အဲ့ဒီ မောင်မောင်ထွန်း ဆိုတဲ့လူကို မမကြီး မပြောနဲ့၊ စသုံးလုံးအဖွဲ့ကြီးကရော မြန်မာပြည် စုံထောက်အဖွဲ့ကြီးကပါ အပူတပြင်း လိုက်လံ စုံစမ်းနေကြတာ သုံးရက်လောက် ရှိသွားပြီတဲ့။ ခုထက်ထိတော့ သူ့သတင်းကို စုံစမ်းလို့ မရကြသေးဘူး။ တချို့က ရှမ်းပြည်နယ်ဘက်ကိုပဲ ရှောင်တိမ်းထွက်ပြေးသွားသလိုလို ပြောကြတယ်။ ခုအထိတော့ ဘယ်သူမှ တိတိကျကျ မသိကြသေးဘူး'

ရာပြည့်စာအုပ်တိုက်

*Pdf - Yaybawal*

'ဘာပြုလို့ ဒီ မောင်မောင်ထွန်း ဆိုတဲ့ လူကို စသုံးလုံးအဖွဲ့နဲ့ စုံထောက်အဖွဲ့ကြီးတွေက လိုက်နေကြတာလဲဟင် မမ'

'တိုင်းပြည်ရဲ့ ဘဏ္ဍာတော်ငွေ သိန်းပေါင်း အတော်များများကို နစ်နာဆုံးရှုံးအောင်လုပ်တဲ့ ကိစ္စအတွက်လို့ ပြောကြတာပဲ။ သူ့ကုမ္ပဏီကိုလည်း ချိတ်ပိတ်လိုက်ပြီး သူ့စာရင်းစာအုပ်တွေကိုလည်း သိမ်းဆည်းမိထားလိုက်ပြီလို့ ပြောကြတယ်'

' ဒီအတိုင်းသာ ဆိုရင်တော့ ကျွန်မ တူမလေး ရေတိမ်နစ်ရတော့မှာပဲ ထင်ပါရဲ့ မမရယ်'

'ခင်တစ်ယောက် ဒီလူနဲ့ ပါသွားသလား၊ ပါမသွားဘူးလားဆိုတာကိုတော့ မမတို့လည်း အစုံစမ်းခိုင်းထားတုန်းပဲ မမကြီး။ ဒါပေမဲ့ ဒီလူကို ခုလိုလိုက်မဖမ်းခင် ဆယ့်လေးငါးရက်လောက်တုန်းကတည်းက ကမာရွတ်ဘက်က သူ ငှားထားတဲ့ အိမ်တစ်အိမ်မှာ ခင့်ကို တွေ့တဲ့လူတွေက တွေ့ကြသတဲ့။ မောင်မောင်ထွန်းကို လိုက်ဖမ်းကြတော့မှ ခင်လည်း အဲဒီအိမ်က ထွက်သွားလို့ သူနဲ့ ပါသွားတယ်လို့ ထင်ရတာပဲ'

'ဒီသူငယ်မတော့ ဒုက္ခပါပဲ မမရယ်၊ ကျွန်မတော့ ဘာကစပြီး ဘာကိုလုပ်ရမှန်းတောင် မသိတော့ပါဘူး'

'ခေါင်းအေးအေးသာ ထားပါ မမကြီးရဲ့၊ ဦးကို သင်္ဂြိုဟ်ပြီးတဲ့နောက်မှ အေးအေးဆေးဆေး တိုင်ပင်ကြသေးတာပေါ့လေ ဟုတ်လား။ မမတို့လည်း အရှိသေးသားပဲ။ ဘာမှတော့ အားငယ်မနေပါနဲ့ကွယ်'

စစ်ကိုင်းတောင်ရိုး၌ ဦးအေးသွင်၏ မိခင်အား သင်္ဂြိုဟ်ပြီးစီးခဲ့၍ အိမ်သို့ ပြန်ရောက်သောအခါ နောက်ထပ် သင်္ဂြိုဟ်ရန်အခြေသို့ ရောက်ရှိနေသော မိမိ အစ်ကိုလုပ်သူ၏ ဘဝနှင့် ကျော်မကောင်း ကြားမကောင်း ဖြစ်နေသော မိမိ တူမ လုပ်သူတို့၏ သတင်းများကို မမကြီးသည် နောက်ထပ် ရင်ဆိုင် ကြားနာရပြန်လေသည်။ တော်ရုံတန်ရုံ မိန်းမသားများအတွက် ခံနိုင်ရည် ရှိရန် ခက်ခဲလှသော အဖြစ်အပျက်ကြီးများကို မမကြီးသည် တော်တော်ကြီး အားခဲ၍ ရင်ဆိုင်ခြင်း ပြုရလေသည်။ ကြိုးစား၍လည်း ခံယူရလေသည်။

စက်ရှင်မင်းကြီးဟောင်း ဦးကျော်အောင်၏ အသုဘကိစ္စ ပြီးစီးသောအခါ မမကြီးသည် ခင့်ကိစ္စကို လိုက်လံ စုံစမ်းခြင်း မပြုနိုင်သေးဘဲ စိတ်



Pdf - Yaybawal

မချမ်းမြေ့ဖွယ်ရာကောင်းသော သတင်းကို ပြောဆိုခြင်း ပြုရန်အတွက် ဦးအေးသွင်အား သွားရောက် တွေ့ဆုံရလေသည်။ မယား နောက်လင်နှင့် ထွက်သွားခြင်းခံရသော လူတစ်ယောက်အား ၎င်း၏မိခင် သေဆုံးသွားကြောင်း ပြောကြားရန်အတွက် မမကြီးသည် နှုတ်လေးလျက် ရှိသည်။ ဦးအေးသွင်အား တွေ့ရသောအခါတွင် များစွာ ပိန်ချုံး အိုစာ၍နေသဖြင့် မမကြီးသည် မိမိ ပြောဆိုရမည့် စကားကို ရုတ်တရက် ပြောမထွက်နိုင်အောင် ဖြစ်နေသည်။ ထိုနည်းအတူ မိမိ မယား အရွေးမှားခဲ့သည့်ဒဏ်ကို အလူးအလဲ ခံနေရသော ဦးအေးသွင်သည် မမကြီးအား ကြည့်ရင်း စိတ်မကောင်း ဖြစ်နေမိသည်။ ငယ်ရွယ်ခြင်းနှင့် ခေတ်ဆန်ချောမောလှပခြင်းတို့ကိုသာ မိုက်မိုက်မဲမဲ ဖွဲလမ်းခဲ့မိသော မိမိကိုယ်ကိုလည်း အပြစ်တင်နေမိသည်။ ရှက်ကြောက် သိမ်ငယ်နေမိသည်။ အကယ်၍သာ မိမိနှင့် သက်တူ ရွယ်မျှလည်း ဖြစ်ကာ အစစအရာရာတွင် စဉ်းစဉ်းစားစားနှင့် ချင့်ချင့်ချိန်ချိန် ပြုလုပ်တတ်သော မမကြီးကို မယားအဖြစ်ဖြင့် ရွေးချယ်ခဲ့မိလျှင် မိမိ၏ ဘဝသည် ယခုကဲ့သို့ ဆိုးဆိုးဝါးဝါး ဖြစ်နိုင်စရာအကြောင်း မရှိသည်ကိုလည်း တစိမ့်စိမ့်တွေးမိရင်း ရင်နာလျက် ရှိသည်။ ကြီးစွာသော နောင်တလည်း ရမိလေသည်။ တံလျှပ်ကို ရေထင်မှတ်၍ ပျက်စီးခြင်းသို့ ရောက်ရှိရသော ချိုးငှက်နှင့် ၎င်းလိုပြစ်၍ မြစ်ကို ရှာသော်လည်း ရေသာ များ၍ ငါး မတွေ့ရသော ဗျိုင်းငှက်ပုံပြင် အဖြစ်အပျက်များကို ကောင်းစွာ ဆင်ခြင်မိလေ၏။

မပြော၍ မပြီးသောကိစ္စ ဖြစ်သည့်အလျောက် မမကြီးက ၎င်း၏မိခင် သေဆုံးသည့် သတင်းကို ပြောကြားခြင်း ပြုသောအခါ ဦးအေးသွင်သည် နားအေးအေးနှင့်ပင် ကြားနာခြင်း ပြုလေသည်။ မွေးသမိခင် တစ်ယောက်လုံး သေဆုံးသောအခါ သင်္ဂြိုဟ်ခြင်းအမှုကို မပြုလိုက်ရရုံမျှမက မြင်ပင် မမြင်လိုက်ရသည့်အတွက် စိတ်ထဲတွင် ထိခိုက်ခြင်း ဖြစ်သွားသည်။ သို့ရာတွင် မိမိ၏အပြစ်နှင့် မိမိ ဖြစ်နေ၍ အဘယ်ကဲ့တရားကိုမျှ မပြစ်တင်ရန် မစဉ်းစားမိတော့ချေ။

၎င်း၏ မိခင်အား ကောင်းစွာ သင်္ဂြိုဟ်ခြင်း ပြုခဲ့ရသည့် ကိစ္စကို ပြောဆို ပြီးစီးသောအခါ အဘွားကြီးက မိမိအား ပေးအပ်လိုက်သော ပစ္စည်းများ အကြောင်းကို ဆက်လက် ပြောပြရင်း မိမိနှင့် အတူပါလာသော ပစ္စည်း



Pdf - Yaybawal

များကို ဦးအေးသွင် လက်သို့ လှမ်း၍ ပေးလိုက်သည်။ ဦးအေးသွင်သည် မမကြီး လှမ်း၍ ပေးနေသော ပစ္စည်းများကို ဖွင့်၍မျှပင် မကြည့်ဘဲ မမကြီး လက်ထဲသို့ ပြန်၍ ထည့်လေသည်။

'ဒီပစ္စည်းတွေဟာ ကျွန်တော်နဲ့ မဆိုင်ဘူး မမကြီး' ဟုလည်း အေးအေး ဆေးဆေး ပြန်၍ ပြောလေသည်။

'ရှင့်အမေရဲ့ ပစ္စည်းတွေပဲ ကိုအေးသွင်၊ ဘယ်လိုကြောင့် ရှင်နဲ့ မဆိုင် ဘူးလို့ ပြောရတာလဲ' ဟု ပြောဆိုရင်း သူ့မိခင်က ပေးအပ်လိုက်သော ပစ္စည်း များကို သူ့သားလက်သို့ မမကြီးသည် ဇွတ်အတင်း ပြန်၍ ပေးလေသည်။

'အမေ့ဆီမှာ ဒါလောက် အဖိုးတန်ပစ္စည်းတွေ ရှိနေသေးတယ်ဆိုတာ ကို အခု မမကြီးက ပြောတော့မှ ကျွန်တော်လည်း သိတယ်။ ဒီပစ္စည်းတွေကို သားအရင်းလုပ်သူကိုတောင် အသိမပေးဘဲ မမကြီးကိုသာ အသိပေးပြီး မမကြီး လက်ထဲကိုသာ အပ်လိုက်တာကို ထောက်ရင် ဒီပစ္စည်းတွေအတွက် မမကြီး တစ်ယောက်တည်းကိုသာ အမေက ယုံကြည်စိတ်ချလို့ ပေးလိုက်တာပဲ ဖြစ် လိမ့်မယ် ထင်တယ်။ ဒါကြောင့် မမကြီးပဲ သိမ်းထားပြီး ထုခွဲသင့်တယ် ထင်ရင်လည်း မမကြီး သဘောအတိုင်း လုပ်စေချင်တယ်' ဟု ပြန်လည် ပြောဆိုရင်း ပစ္စည်းထုပ်ကို မမကြီး လက်ထဲသို့သာ အတင်း ပြန်ထည့် လေသည်။

'ရှင့်အမေ ပစ္စည်းဟာ ရှင့်ပစ္စည်းပေါ့ ကိုအေးသွင်၊ ကျွန်မက ကြား ထဲက ဘာပြုလို့ သိမ်းထားရမှာလဲဟင်။ ကိုအေးသွင်က အသိမ်းထားခိုင်းရင် တော့ ဘဏ်တိုက်မှာ သွားပြီး အပ်ထားလိုက်ရုံပေါ့'

'မမကြီးကို အမေက ဒီပစ္စည်းတွေ စိတ်ချလက်ချ ယုံကြည်ပြီး အပ် လိုက်သလို ကျွန်တော်ကလည်း မမကြီး သဘောအတိုင်း စီမံ ခန့်ခွဲဖို့ အပ် နေတာပါ။ မမကြီး သဘောအတိုင်း ကြိုက်သလိုသာ စီမံပါ၊ ကျွန်တော် ကျေနပ်ပြီးသားပါ'

'ပစ္စည်းက နည်းတဲ့တန်ဖိုးလည်း မဟုတ်ဘူး ကိုအေးသွင်။ ပြီးတော့ ရှင့်အမေပစ္စည်းတွေဟာ ဘာတွေလဲဆိုတာ သိရအောင်လည်း ဖွင့်ပြီးများ ကြည့်ပါဦး' ဟု ပြောဆိုကာ မမကြီးသည် အထုပ်ကို ဖြေ၍ ပြသမည် လုပ် နေသောကြောင့် 'ဘေးလူတွေ မြင်ကုန်ပါ့မယ် မမကြီး၊ ဖွင့်မနေပါနဲ့' ဟု ဦးအေးသွင်က တားဆီးလိုက်သဖြင့် မမကြီးသည် ငြိမ်နေလိုက်ရသည်။



Pdf - Yaybawal

အတန်ကြာမျှ ငြိမ်သက်နေပြီးမှ 'ဒါဖြင့် ကိုအေးသွင် မလွတ်လာခင် ဒီပစ္စည်းတွေကို ကျွန်မ ဘဏ်တိုက်မှာ သွားအပ်ထားလိုက်မယ်နော် ဟုတ်လား' ဟု မမကြီးက ထိုပစ္စည်းများ နေရာချထားရေးအတွက် ထပ်မံ ပြောဆိုနေပြန်သဖြင့် 'မမကြီးက သိပ်ရိုးတာကိုး။ ဒီလိုနေရာမျိုးမှာ ခင်သာ ရှိလိုက်ရင် ဘယ့်လောက် ကြည့်ကောင်းလိုက်မလဲ မသိဘူး' ဟု ဦးအေးသွင်က ရယ်သလို မောသလိုနှင့် ပြောဆိုလိုက်သည်။ ဤသို့ ပြောဆိုလိုက်သည့်တိုင်အောင်ပင် ရိုးသားလွန်း၍ ညံ့ဖျင်းရာကျနေသော မမကြီးက 'ဒါဖြင့် ကိုအေးသွင် ပစ္စည်းတွေကို သင့်တော်သလို ကျွန်မ သိမ်းထားလိုက်မယ်နော်' ဟူ၍ ဆက်လက်ပြောဆိုလျက် ရှိနေပြန်သဖြင့် မိမိ၏ မယားဟောင်း ခင်တစ်ယောက်နှင့် ကွာချင်တိုင်း ကွာ၍ ရိုးချင်တိုင်း ရိုးလွန်းလှသော မမကြီးအား ကရုဏာသက်သော အကြည့်ဖြင့် အတန်ကြာမျှ စူးစိုက်၍ ကြည့်နေမိပြီးမှ 'မမကြီးအဖို့ ဒီပစ္စည်းတွေ အသိမ်းရ အဆည်းရ ခက်ပြီး မသုံးတတ် မစွဲတတ်အောင် ဖြစ်နေရင်လည်း မမကြီး တူမကို လိုက်ရှာပြီး ပေးလိုက်ပါလား' ဟု ခပ်ထေ့ထေ့ ခပ်ငေါ့ငေါ့ကလေး ပြောချလိုက်တော့မှ အသက်သုံးဆယ် ကျော်လွန်၍ နေသည့်တိုင်အောင် သူများနည်းတူ အိမ်ထောင်မကျဖူးရာသေးသော ဆရာမ မမကြီးသည် မိမိ၏ ထုံပုံထိုင်းပုံကို စဉ်းစား တွေးတောမိသကဲ့သို့ မသိမသာ ပြုံးကာ ဦးခေါင်းကို ငုံ့ထားလိုက်သည်။

(၂)

ဦးကျော်အောင်အတွက် ရက်လည် ဆွမ်းသွတ်ပြီးနောက် မမကြီးသည် အလုပ်ပြန်၍ ဝင်ရလေသည်။ ကျောင်းအလုပ်အပြင် ကလေးသုံးယောက်နှင့် အိမ်အလုပ်က တစ်ဖက်တွင် ရှိနေသေးသော်လည်း လူလိမ် လူရှုပ် တစ်ဦးနောက်သို့ ပါသွား၍ တစ်ရပ်တစ်ကျေးတွင် မျက်စိသငယ်နှင့် ဒုက္ခရောက်ခြင်းမလှ ရောက်နေရှာမည်ဖြစ်သော မိမိ တူမ၏ သတင်းကို မမကြီးသည် မနားမနေ လိုက်လံ စုံစမ်းလျက် ရှိလေသည်။ သို့ရာတွင် ပုလိပ်နှင့် စုံထောက်အဖွဲ့ကြီးများပင် ရတ်တရက် အစရှာ၍ မရအောင် ဖြစ်နေသော ကိစ္စကြီးကို ၎င်း၏ အသိမိတ်ဆွေ သုံးလေးဦး အိမ်မှထက် လွဲ၍ အဘယ်သို့မျှ သွားရမှန်း လာရမှန်း မသိသော မမကြီးသည် အဘယ်သို့ ထိထိရောက်ရောက် လိုက်လံ



Pdf - Yaybawal

ခံစမ်းနိုင်ပါ့မည်နည်း။ ခရိုင်ရာဇဝတ် တရားသူကြီးကတော် ဒေါ်ခင်မီတို့ အိမ်နှင့် ယခင် မိမိနှင့် ကျောင်းနေဖက် သူငယ်ချင်းဟောင်း မြောက်ပိုင်းတိုင်း လက်ထောက် ပုလိပ်မင်းကြီးကတော်တစ်ဦးတို့ အိမ်သို့ သွားရောက် စုံစမ်း ခြင်း ပြုပြီးနောက် မမကြီးအဖို့ လမ်းဆုံးလျက် ရှိလေသည်။

'နောက်ထပ်တော့ ဘာသတင်းမှ မကြားသေးဘူး မမကြီး။ ထူးရင် တော့ မမကိုယ်တိုင် လာအကြောင်းကြားမှာပေါ့ကွယ်' ဒေါ်ခင်မီက ပြောဆို လွှတ်လိုက်လျှင် လက်ထောက် ပုလိပ်မင်းကြီးကတော် အိမ်သို့ သတင်းထူး လိမ့်နိုးနိုးနှင့် လှည့်ဝင်သွားရပြန်သည်။ 'တစ်နေ့ကပဲ စုံထောက်ဝန်ကလေး ကိုတင့်ဆွေတို့ လင်မယားနဲ့ တွေ့လို့ ကျွန်မလည်း သတိရပြီး မေးကြည့်မိ သေးတယ် မမကြီး။ အင်းလေးဘက်မှာလိုလို သတင်းကြားရလို့ သူတို့အဖွဲ့ က လိုက်တုန်းပဲလို့တော့ ပြောသွားတယ်။ သိပ်လည်း ပူမနေပါနဲ့လေ၊ သတင်း ထူးရင်ထူးချင်း ကျွန်မကိုယ်တိုင် လာပြောပါ့မယ်' ဟု အားတက်ဖွယ်ရာ ကြားလာရပြန်သောအခါ မမကြီးသည် စိတ်သက်သာသလို ရှိမိသည်။ သို့ရာ တွင် တစ်လက နှစ်လ၊ နှစ်လက သုံးလပျှ ကြာမြင့်လာသည့်တိုင်အောင် ခင်၏ သတင်းနှင့် ပတ်သက်၍ ဘာမျှ ထူးခြားခြင်းမရှိသောအခါ မမကြီး သည် အိမ်အလုပ်၊ ကျောင်းအလုပ်များ တစ်ဖက်နှင့် လိုက်လံ စုံစမ်း မေးမြန်း နေရသော အလုပ်ကို မောပန်းသလို ဖြစ်လာသည်။ စိတ်ပျက်သလိုလည်း ရှိလာသည်။ ၎င်း၏ ဖခင်ဖြစ်သူနှင့်တကွ အားလုံးကိုပါ စိတ်ဒုက္ခအမျိုးမျိုး ပေးသွားခဲ့သော တူမလုပ်သူ အပေါ်၌ စိတ်နာသလို ဖြစ်လာမိသည်။ သား တစ်ယောက် ရပြီးခါမှ ဤမျှ အခင်မင် ကင်းခဲ့သည်အထိ မိုက်မဲရပါမည်လား ဟူ၍လည်း ဒေါသထွက်လာမိသည်။ သို့ရာတွင် နာကြည်းသည့် အခိုက်သာ ဒေါသထွက်ခြင်း ဖြစ်သော်လည်း အနာပြေသည်နှင့် တစ်ပြိုင်နက် ထို မိန်းကလေးအတွက စိတ်မကောင်း ဖြစ်ရပြန်ကာ ၎င်း၏ သတင်းကို စုံစမ်း မေးမြန်းဖို့အတွက် အိမ်မှ ထွက်ရပြန်လေသည်။ အသိမိတ်ဆွေများ၏ အိမ်ပေါက်စေ့သို့ ရောက်ရှိခဲ့ပြီးနောက် ဘာမျှ အကြောင်းမထူးလှဘဲ အိမ်သို့ ပြန်ရသောအခါ မောရပြန်လေသည်။

ဤသို့ မိမိ တူမ လုပ်သူ၏ သတင်းကို လိုက်လံ စုံစမ်းရသော ကိစ္စ အပြင် အခြား အရေးကြီးသော တာဝန်ကြီးတစ်ခုကိုလည်း မမကြီးသည်



Pdf - Yaybawal

မှန်မှန်ကြီး ထမ်းဆောင်နေရသေးသည်။ ၎င်းတာဝန်မှာ အခြားမဟုတ်၊ ကျောင်းအားရက်ဖြစ်သောနေ့၌ ၎င်း၏သားသမီးသုံးယောက်တို့ကို ခေါ်ဆောင်၍ ဦးအေးသွင်အား ထောင်ဝင်စာ သွားရောက် တွေ့ဆုံရသောအလုပ် ဖြစ်သည်။ ကလေးများသည် စနေနေ့ကတည်းက နောက်တစ်နေ့တွင် ၎င်းတို့ အဖေလုပ်သူနှင့် တွေ့ရတော့မည့်အကြောင်းကို ဝမ်းသာအားရ ပြောဆိုလျက် ရှိကြလေသည်။ ထို့ကြောင့် တော်ရုံသင့်ရုံ နေမကောင်း ထိုင်မကောင်း ဖြစ်သည့်တိုင်အောင် မမကြီးသည် သူ့ကလေးများကို သူ့အဖေဆီသို့ မရောက်ရောက်အောင် လိုက်ပို့ပေးရလေသည်။ ကံဆိုးသော ကလေးများကို အခြားနေရာများ၌ စည်းစနစ်နှင့် တင်းတင်းကျပ်ကျပ် ထားရှိသော်လည်း သူတို့အဖေနှင့်မှု တနင်္ဂနွေတိုင်း တစ်ပတ်လျှင် တစ်ကြိမ် မှန်မှန်ကြီး တွေ့ရအောင် မမကြီးသည် ဂရုတစိုက်နှင့် လိုက်ပို့ခဲ့သည်။ ထောင်ဘူးဝတွင် သူတို့ သားအဖတစ်တွေ ရယ်ကာမောကာနှင့် စကားပြောဆိုနေကြပုံကို ဘေးမှ ငြိမ်သက်စွာ ထိုင်၍ ကြည့်ရင်း မမကြီးသည် စိတ်ချမ်းသာ ကြည်နူးခြင်း ဖြစ်မိသည်။ ထောင်အာဏာပိုင်များက ကန့်သတ်ထားသောအချိန် စေ့သောအခါ ဦးအေးသွင်အတွက် အသုံးလိုအပ်မည်ဟု တွက်ချက် ဝယ်ခြမ်းလာသော ပစ္စည်းကလေးများကို ပေးအပ်ကာ ကလေးများကို ချော့မော့ ခေါ်ငင်၍ ထွက်လာခဲ့သည်။ ဦးအေးသွင်နှင့် မမကြီးသည် "နေကောင်းရဲ့လား၊ နေကောင်းပါတယ်" ဆိုသောစကားကလွဲ၍ အခြားစကား တစ်ခွန်းမျှလည်း ပြောဆိုခြင်း မပြုခဲ့ကြပေ။

ဤသို့ဖြင့် နေ့ရက်တို့သည် တဖြည်းဖြည်း တရွေ့ရွေ့ ကုန်ဆုံးလာသည်။ ခင်၏ သတင်းကိုလည်း ဘယ်ကမှ အစအန မရသဖြင့် မမကြီးသည် လက်လျှော့စ ပြုလာသည်။ ယခင်ကကဲ့သို့ အပြေးအလွှား လိုက်လံ စုံစမ်းခြင်းများသည်လည်း သိသိသာသာ လျော့ပါးသွား၏။

ဤကဲ့သို့ မိမိအပေါ်၌ သက်ညှာခြင်းလည်း မရှိ၊ ဒုက္ခ တစ်ခုပြီးတစ်ခုသာ ဆက်တိုက် ပေးသွားခဲ့သော တူမ ဖြစ်သူအား မေ့လျော့မှန်းမသိ မေ့လျော့စ ပြုကာ တဖြည်းဖြည်းနှင့် အနေရ အထိုင်ရ သက်သာသလို ရှိလာခိုက် ဦးနှောက်ရှုပ်စရာ အလုပ်တစ်ခုကို မမကြီးသည် တွေ့ဆုံရပြန်လေသည်။ ထိုကိစ္စမှာ အခြားမဟုတ်၊ ဦးအေးသွင်ပင် လွတ်ရက်နီးကပ်လာသော ပြဿနာပင် ဖြစ်သည်။

**ရာပြည့်စာအုပ်တိုက်**

နောက်ဆုံးအပတ် ကလေးများနှင့်အတူ ထောင်ဝင်စာ သွားတွေ့စဉ်က ဦးအေးသွင်သည် ထောင်မှ ၎င်း လွတ်ရက်နီးလာပြီ ဖြစ်၍ နေရေးများကို ပြောဆိုလေ၏။

'ကိုအေးသွင် ထောင်ကျရက် တစ်နှစ်ရှိသွားပြီ မမကြီး၊ နောက်ထပ် နေရလှရင် လေးလသာသာလောက်ပဲ ကျန်တော့မယ်' ဟု ဦးအေးသွင်က ပြောဆိုလိုက်သောအခါ မမကြီးသည် ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားမိသည်။ ဦးအေးသွင်အား ထောင်ဒဏ် ၂ နှစ် ချမှတ်ထားပါလျက် သူသည် တစ်နှစ်နှင့် လေးလသာသာမျှ နေရပြီး အဘယ်ကြောင့် လွတ်လိမ့်မည်ဟု ပြောဆိုနေရခြင်း ဖြစ်သနည်း။

'ကိုအေးသွင်ကို အပြစ်ပေးထားတာ ၂ နှစ် မဟုတ်လားဟင်' ဟု ပြန်၍ မေးလိုက်မိသည်။

'တရားရုံးတော်က အပြစ်ပေးလိုက်ပေမယ့် အကျဉ်းထောင်ဌာနက အကျဉ်းသား တစ်ယောက်ရဲ့ အလုပ်အကိုင်နဲ့ အကျင့်စာရိတ္တကို ကြည့်ပြီး လျှော့ရက်ပေးနိုင်တယ်လေ မမကြီး'

'သြော်... ဒီလို အခွင့်အရေးတွေ ရှိသလား'

'အကျဉ်းထောင်ဌာနက ဘယ်အထိ လျှော့ရက်ပေးနိုင်သလဲဆိုရင် တရားရုံးတော်က ချမှတ်လိုက်တဲ့ အပြစ်ဒဏ်ရဲ့ သုံးပုံ တစ်ပုံအထိတောင် ပေးနိုင်တယ်။ သုံးနှစ် အပြစ်ကျတဲ့ အကျဉ်းသားတစ်ယောက်ကို တစ်နှစ်တိတိ လျှော့ပစ်နိုင်တဲ့အထိ တန်ခိုးအာဏာရှိတယ်။ အဲဒီတော့ ကိုအေးသွင်ကို တရားရုံးတော်က အပြစ်ဒဏ် ၂ နှစ် ပေးလိုက်ပေမဲ့ အကျဉ်းထောင်ဌာန အာဏာပိုင်တွေက သုံးပုံတစ်ပုံလောက် လျှော့ရက်ပေးမှာ ဖြစ်တဲ့အတွက် နောက်ထပ် လေးလသာသာလောက်ဆိုရင် ကိုအေးသွင် လွတ်တော့မယ် မမကြီး'

ဦးအေးသွင် ထောင်ကျနေသည့်အခိုက် သူ၏ ဝန်ထုပ်ဝန်ပိုးများကို ထမ်းဆောင်လျက် ရှိသော်လည်း ဦးအေးသွင် ထောင်မှ လွတ်လာသောအခါတွင် ၎င်း၏ ဝန်ထုပ်ဝန်ပိုးများနှင့် ပတ်သက်၍ အဘယ်သို့မျှ စဉ်းစားထားခြင်း မပြုရသေးသော မမကြီးသည် ထိုသတင်းကို ကြားလိုက်ရသောအခါ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားလေသည်။ မမကြီးသည်



Pdf - Yaybawal

ဦးအေးသွင်အား ဤမျှ မြန်မြန်ဆန်ဆန် လွတ်လာလိမ့်မည်ဟု ဘယ်တုန်းကမျှ စဉ်းစား တွက်ချက်ခြင်း မပြုခဲ့သဖြင့် မမကြီးသည် အံ့သြ၍လည်း နေလေသည်။

'လွတ်လာပြီးတဲ့နောက် ဘာလုပ်လို့ ဘာကိုင်မယ် ဆိုတာကို စဉ်းစားလို့တော့ မရသေးဘူး' ဟု ဦးအေးသွင်က မမကြီးထံမှ အကြံဉာဏ်တောင်းသကဲ့သို့ ညည်းတွား ပြောဆိုလိုက်ပြန်သည်။

မမကြီးသည် ပြန်လည် ပြောဆိုရန်စကား မရှိသဖြင့် ငြိမ်နေလိုက်သည်။

'တစ်ခါတလေလည်း ဒီကလေးသုံးယောက် လူဖြစ်လာကြတဲ့အထိ ဘယ်လို နေလို့ ဘယ်လို ထိုင်ရမယ်ဆိုတာကို စဉ်းစားရင်း မိုးတောင် လင်းလင်း သွားတယ် မမကြီး' ဟု ဦးအေးသွင်က ဆက်လက်၍ ညည်းတွားခြင်း ပြုလိုက်ပြန်လေသည်။

မမကြီးသည် အတော်ကလေး အနေရ အထိုင်ရကျပ်သလို ဖြစ်လာသည်။ အိမ်သို့ ခပ်မြန်မြန် ပြန်ပြေးချင်သော စိတ်များပင် ပေါ်ပေါက်လျက်ရှိလေသည်။ သို့ရာတွင် အချိန်မစေ့သေး၍ ထပြန်သွားရန် မသင့်တော်သောကြောင့် ကြိုးစား၍ ထိုင်နေရသည်။

'ကိုအေးသွင်ရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို မမကြီး ခုလို ခေါင်းပေါ်တင်ရွက်ပေးထားတဲ့အတွက် ကျေးဇူးတင်လို့လည်း ဆုံးနိုင်စရာ မရှိပါဘူး။ အားလည်း နာလှပါပြီဗျာ'

'ကျွန်မကိုတော့ ကျေးဇူးတင်ဖို့ အားနာဖို့ ဘာမျှမလိုဘူး ထင်ပါတယ် ကိုအေးသွင်၊ တစ်ယောက်နဲ့တစ်ယောက် မကင်းရာ မကင်းကြောင်း ဖြစ်လာတဲ့အခါမှာ တစ်ယောက် ဒုက္ခဖြစ်နေတဲ့အခိုက် ကျန်တစ်ယောက်က ဒါလောက်တော့ တာဝန်ယူပေးနိုင်ရမှာပေါ့'

'သြော်... မမကြီး ယူထားရတဲ့ တာဝန်က များလည်းများ ကြီးလည်း ကြီးလို့ပါ'

'ဒါတွေအတွက်တော့ ဘာမှ တွေးမနေပါနဲ့ ကိုအေးသွင်၊ ရှင် လွတ်လာပြီးတဲ့ နောက်ပိုင်းအတွက်သာ ခေါင်းအေးအေးနဲ့ စဉ်းစားထားပါ။ ဒီအတောအတွင်းတော့ ကျွန်မတာဝန် လုံးလုံးထားလိုက်ပါ' ဟုသာ ပြန်ပြော



Pdf - Yaybawal

နိုင်ပြီးနောက် အချိန်လည်း စေ့သွားပြီ ဖြစ်၍ ကလေးများကို ခေါ်ကာ အိမ်သို့ ပြန်လာရလေသည်။

(၁)

ဦးအေးသွင်၏ လွတ်ရက်နီးကပ်၍ လာသည်နှင့်အမျှ မမကြီးသည် အိပ်မပျော်သော ညများနှင့် ပြန်လည် ရင်ဆိုင်ခြင်း ပြုရလေသည်။ နေ့ဘက်များတွင် ကျောင်းအလုပ်၊ အိမ်အလုပ်များနှင့် စိတ်ရောလူပါ မအားမလပ်နိုင်အောင် ဖြစ်နေရသော်လည်း ခေါင်းအုံးပေါ်သို့ ဦးခေါင်းကို ချရသည်နှင့် တစ်ပြိုင်နက် ကွက်လပ်ဖြစ်သွားသော စိတ်အာရုံများ အတွင်းသို့ ဦးအေးသွင်၏ အကြောင်းအရာများသည် တသီတတန်းကြီး တိုးဝှေ့ ဝင်လာကြလေသည်။ ထိုသို့ အတင်းအဓမ္မ တိုးဝှေ့၍ ဝင်လာကြသော ဦးအေးသွင်၏ အကြောင်းအရာများသည် ၎င်း၏ အကြောင်းအရာများနှင့် ရောထွေး ယှက်လိမ်ကာ မီးခိုးမဆုံး မိုးမဆုံး ရှုပ်ဝေး၍ သွားပြန်လေသည်။

ဦးအေးသွင်၌ မယားနှစ်ဆက်နှင့် ရရှိခဲ့သော ကလေးသုံးယောက် ရှိလေသည်။ ထို ကလေးသုံးယောက်တို့သည် အရွယ်မရောက်ကြသေး။ ထို့ကြောင့် သူတို့ဖခင်၏ အမှားသည် သူတို့၏ ဘဝကို မည်ကဲ့သို့ ရိုက်ခတ်လိမ့်မည်ဆိုသော အချက်အလက်နှင့် အကြောင်းအရာများကို မစဉ်းစား မသိရှိရှာကြသေးချေ။ ကလေးသုံးယောက်အနက် တစ်ယောက်မှာ မိန်းကလေးဖြစ်၍ ထောင်ထွက်တစ်ဦး၏ သမီးအနေနှင့် ၎င်း၏ဘဝတွင် အဘယ်မျှ ထိခိုက်နစ်နာရဦးမည့် အကြောင်းကိုလည်း မစဉ်းစားနိုင်သေးချေ။ ဦးအေးသွင်မှ ပေါက်ဖွားလာသောကလေးများ၏ ရှေ့ရေးတို့ကိုပါ တသီတတန်းကြီး လျှောက်၍ တွေးမိရင်း မမကြီးသည် အိပ်ရာထက်၌ မောပန်းလျက် ရှိသည်။ သို့ရာတွင် ထိုကလေးများ၏ မိခင်တို့သည် သူတို့၏ ဝမ်းဗိုက်နှင့် လွယ်၍ မွေးထုတ်ထားပစ်ခဲ့ကြသော သားကလေး၊ သမီးကလေးများအတွက် စိုးရိမ် ပူပန်ရန်အတွက် အသည်းနှလုံးများမှ ရှိကြပါသေးသလော။

အိပ်ရာထက်တွင် လှဲနေ၍ မဖြစ်တော့သဖြင့် မမကြီးသည် ခုတင်ပေါ်မှ ဆင်းကာ သူတို့မောင်နှမသုံးယောက်ကို သတ်သတ်သိပ်သော ခုတင်ဘက်ဆီသို့ လျှောက်လာခဲ့သည်။ တစ်အိမ်လုံး တိတ်ဆိတ်လျက် အိမ်သားများ



Pdf - Yaybawal

အားလုံး အိပ်မောကျနေကြသည်။ ထို့ကြောင့် ကလေးများ နိုးမလာရအောင် ခြင်ထောင်ကို အသာလှပ်၍ ကြည့်မိသည်။ အတွင်း၌ သူတို့၏ အနာဂတ် အရေးကို ဘာမျှ စဉ်းစားပူပန်ရမှန်း မသိကြသေးသော ကလေးသုံးယောက် တို့သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။ အပြစ်ကင်းမဲ့သော အရွယ် များ ဖြစ်ကြ၍ အကြောင့်ကြ ကင်းမဲ့စွာ အိပ်ပျော်နိုင်ကြခြင်း ဖြစ်လိမ့်မည်။

ချစ်စဖွယ် အိပ်စက်နေကြသော ကလေးသုံးယောက်တို့ကို ကြည့်၍ မဝနိုင်အောင် ဖြစ်နေသည်။ ကလေးများကို ကြည့်နေရင်း ရင်တွင်း၌ ကြည်နူး ချမ်းမြေ့ခြင်း ဝေဒနာကို ခံစားရသည်။ ထိုကလေးများသည် မိမိ၏ သားသမီး ကလေးများ ဖြစ်လိုက်ကြပါတော့လား ဟူ၍ပင် အောက်မေ့မိလိုက်သည်။ တကယ်ဆိုတော့ ကလေးများ အားလုံးကလည်း မမကြီးအား သူတို့၏ မိခင် ရင်းနှင့်မခြား အောက်မေ့ ခင်တွယ်နေကြသည်ပင် မဟုတ်လော။ သို့ရာတွင် ရက်လ မကြာမီအတွင်း လွတ်မြောက်လာတော့မည်ဖြစ်သော သူတို့၏ ဖအေ လုပ်သူက ထိုကလေးများကို ခေါ်သွားလျှင် မိမိ အဘယ်သို့ နေရမည်နည်း။ ကလေးများကော အဘယ်သို့ နေကြမည်နည်း။ ဦးအေးသွင် ထောင်မှ လွတ် လာတော့မည်ဆို၍ ဝမ်းသာမိသော်လည်း သူ့ကလေးများကို မိမိထံမှ ခေါ် ဆောင်သွားမည့် အရေးအတွက် မမကြီးသည် စိုးရိမ်ပူပန်မိလေသည်။ ဒီတော့ မှပင် ထိုကလေးများက မိမိအား အဘယ်အထိ တုပ်နှောင်ထားကြသည် ဆိုခြင်းကို မမကြီးသည် ရိပ်စားမိလာသည်။

မမကြီးသည် မိခင် မရှိကြသော ကလေးများအတွက် ရှေ့သို့ ရှည်ရှည် ဝေးဝေး တွေးမိပြန်သည်။ သူတို့၏ ဖအေလုပ်သူသည် ဤကလေးများကို သူတို့ လူလားမြောက်ကြသည်အထိ အဘယ်သို့ မွေးမြူနိုင်ပါမည်နည်း။ အမိ မဲ့ သား၊ ရေနည်းငါး ဆိုသော စကားကို စဉ်းစားမိရင်း မမကြီးသည် ကလေး များ၏ အနာဂတ်အရေးအတွက် ရင်လေးပူပန်မိသည်။ ရင်လည်း နာသလို ဖြစ် မိသည်။ သူတို့ဖအေလွတ်လာ၍ သူ့ကလေးသုံးယောက်ကိုသာ ပြန်ပေးလိုက် ရလျှင်...။ မမကြီးသည် ဆုံးအောင်ဆက်၍မတွေးဝံ့တော့ချေ။ ခြင်ထောင် ကို အသာပြန်ချထားခဲ့ပြီးနောက် မိမိ ခုတင်ဘက်ဆီသို့ ပြန်လာခဲ့ရသည်။

ဤသို့ဖြင့် ဦးအေးသွင်၏ လွတ်ရက် နီးကပ်လာလေလေ မမကြီးသည် သောက များရလေလေ ဖြစ်နေခဲ့ရသည်။ အအိပ်ပါ ပျက်၍ အစားပါ ပျက်



Pdf - Yaybawal

ကာ တဖြည်းဖြည်း ချုံးကျလာသည်။ ဦးအေးသွင်၏ မျက်နှာကို မြင်တွေ့၍ သူနှင့် စကားပြောဆိုရလျှင် ပိုမို၍ အနေရကျပ် အထိုင်ရကျပ် ဖြစ်လိမ့်မည် ဟု ထင်ကာ၊ ခါတိုင်း တနင်္ဂနွေ တစ်ပတ်လျှင် တစ်ကြိမ် မှန်မှန်ကြီး သွား နောက် တွေ့ဆုံသော အမှုကိုပင် ရပ်ဆိုင်းပစ်လိုက်ရပြီးလျှင် ဦးအောင်တို့ လင်မယားနှင့် ကလေးများကိုသာ လွှတ်လိုက်ရသည်။ ဦးအေးသွင်က မိမိကို မေးလျှင် ကောင်းကောင်း နေမကောင်းနေ၍ မလာဖြစ်ကြောင်း ပြောကြားရန် ကိုလည်း ဦးအောင်တို့ လင်မယားအား မှာကြားလိုက်ရသည်။ ဦးအောင်တို့ လင်မယားနှင့် ကလေးများ ပြန်လာကြသော အခါမှ သတင်းကို မေးမြန်း ရလေသည်။

'ဖေဖေက နောက်တစ်ကြိမ် မင်းတို့ လာတဲ့အခါ မင်းတို့ ကြီးကြီးကို မပါပါအောင် ခေါ်လာခဲ့ရမယ်လို့ ပြောတယ် ကြီးကြီးရဲ့' ဟု မောင်မောင်လေး က မိမိ ပေါင်ပေါ်သို့ တက်ထိုင်ရင်း ပြောဆိုသောအခါ မမကြီးသည် ကျော ထဲ၌ စိမ့်တက်သွားသည်။

'ဟုတ်တယ် ကြီးကြီး၊ ဖေဖေက နောက်တစ်ပတ်သာ ကြီးကြီး ပါ မလာရင် ခင်မာတူးတို့ပါ သူ့ဆီကို မလာကြနဲ့တော့လို့လည်း ပြောလိုက်သေး တယ်' ဟု ခင်မာတူးကပါ ထပ်မံ၍ ပြောဆိုလိုက်ပြန်သဖြင့် မမကြီးသည် ငိုင်၍ သွားလေသည်။ ဦးအေးသွင်သည် မိမိ လိုက်ပါမလာခြင်းအတွက် ကလေးများမှတစ်ဆင့် အကျပ်ကိုင်ခြင်း ဖြစ်သလောဟုလည်း တွေးမိသည်။

ကလေးများအားလုံး ရှင်းသွားသောအခါ ဦးအောင်သည် မမကြီးအနီး သို့ တစ်စုံတစ်ရာ ပြောဆိုလိုသော အမူအရာဖြင့် ကပ်ပါလာပြီးနောက် ရုတ်တရက် မပြောရဲ မဆိုရဲသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည့်အတွက် 'ပြောချင်တဲ့ကိစ္စ ရှိလို့လားဟင် ဦးအောင်' ဟု မမကြီးက မေးယူရသည်။

'ဟုတ်ကဲ့ မမကြီး၊ ဝန်ထောက်မင်းက သူ ထောင်က လွတ်ဖို့ တနင်္ဂနွေ သုံးပတ်လောက်သာ ကျန်တော့တဲ့အတွက် သူ လွတ်မလာခင် အလုပ်အကိုင် တစ်ခုနဲ့ ပတ်သက်ပြီး အရေးတကြီး တိုင်ပင်ချင်ဘာရှိလို့ နောက်တစ်ပတ် ကိုတော့ မမကြီးကိုယ်တိုင် လာဖြစ်အောင် လာခဲ့ပါဦးလို့ ကျွန်တော့်ကို မှာ လိုက်ပါတယ်' ဟု ပြောဆိုရန်ရှိသော ကိစ္စကို ပြောဆိုပြီးနောက် ထွက်သွား သဖြင့် မမကြီးသည် ထိုကိစ္စကို မိမိ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်



Pdf - Yaybawal

နှင့် အေးအေးချမ်းချမ်း စဉ်းစားနိုင်ရန်အတွက် အိပ်ခန်းအတွင်းသို့ ဝင်လာခဲ့ပြီးနောက် အိပ်ရာထက်တွင် လှဲချလိုက်သည်။ ဦးအေးသွင် တနင်္ဂနွေ သုံးပတ်ခန့် အတွင်း ထောင်မှ လွတ်လာလျှင် သူ့အား ဤအိမ်တွင်ပင် ခေတ္တခဏ နေထိုင်ခွင့်ပြုရမည့် အရေးကို တွေးတောစဉ်းစားမိရင်း မမကြီးသည် မလုံမခြုံ ဖြစ်နေမိသည်။ မိမိအနေနှင့် ထိုကိစ္စကို ရှောင်လွှဲ ငြင်းဆန်၍လည်း သင့်မည် မဟုတ်ချေ။ သူ၏ သားသမီးများနှင့် ပစ္စည်းများရှိသော ဤအိမ်ကို သူသည် တန်းတန်းမတ်မတ် တက်လာမည်သာ ဖြစ်လေသည်။ သူ၏ အိုးအိမ်ကို ပြန်လည် ထူထောင်၍ မပြီးမီစပ်ကြား ဤအိမ်တွင် နေထိုင်ခြင်း ပြုတော့မည် ဖြစ်သည်ကိုလည်း သံသယဖြစ်စရာ မလိုတော့ချေ။

အလုပ်အကိုင်တစ်ခုနှင့် ပတ်သက်၍ အရေးတကြီး တိုင်ပင် ပြောကြားရန် ရှိ၍ နောက်အပတ် မိမိအား လာဖြစ်အောင် လာခဲ့ပါဦးဟု မှာကြားလိုက်သော ကိစ္စနှင့် ပတ်သက်၍ မမကြီးသည် မတွေးတောတတ်အောင် ဖြစ်နေမိသည်။ အပြင်လောကနှင့် နှစ် လ အတန်ကြာမျှ အဆက်အသွယ် ပြတ်တောက်နေသော လူတစ်ယောက်က မည်ကဲ့သို့သော အလုပ်အကိုင်ကို စိတ်ကူး ကြံစည်လျက် ရှိရသနည်း။ ဦးအေးသွင်သည် ရိုးရိုးသားသား မှာကြားခြင်း မဟုတ်ဘဲ မိမိ ထောင်သို့ လာမတွေ့သည်မှာ လေးငါးပတ်ခန့်မျှ ရှိသွားပြီ ဖြစ်၍ မိမိအား မလာ လာအောင် လှည့်ပတ် ခေါ်ဝေါ်နေခြင်း ဖြစ်လေမည်လော။

အိပ်ရာထက်တွင် တစ်ယောက်တည်း တွေးတော စဉ်းစားနေခိုက် အိမ်ဖော်အဒေါ်ကြီးသည် အခန်းဝတွင် လာ၍ရပ်ကာ အတွင်းသို့ မဝင်ဘဲ 'အိပ်ပျော်နေသလား မမကြီး၊ စာတစ်စောင် ရောက်နေလို့ ခုပဲ လက်မှတ်ထိုးပြီး ယူလိုက်ရတယ်' ဟု ပြောဆိုသဖြင့် 'မအိပ်ပါဘူး အဒေါ်၊ ယူလာခဲ့ပါ' ဟု လှမ်းပြောလိုက်ရသည်။

စာအိတ်မှာ သာမန်စာအိတ် မဟုတ်ဘဲ ရေစစ္စတီပြုလုပ်၍ ပေးပို့လိုက်သော စာအိတ် ဖြစ်လေသည်။ ပေးပို့သူ၏ လိပ်စာကို ဖတ်ကြည့်လိုက်သော အခါလည်း မိမိ အသိအကျွမ်းနှင့် ရောက်ဖူးသော အရပ်ဒေသမှ မဟုတ်ဘဲ "ဒေါ်နန်းစိန်၊ မိုးညှင်းမြို့" ဟု တွေ့နေရသဖြင့် စာများ မှားယွင်းပေးသွားသလားဟု လိပ်စာကို ပြန်ကြည့်မိပြန်သည်။ လိပ်စာမှာလည်း မှားယွင်းသည်

ကို မတွေ့ရသောအခါ မမကြီးသည် စာအိတ်ကို စိတ်မပါ့တပါနှင့် ဖောက်၍ ဖတ်ရလေသည်။ စာကို စတင်ဖတ်ခါစက မမကြီးသည် လေးလေးကန်ကန်နှင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသော်လည်း စာကိုဖတ်ရင်း အိပ်ရာထက်တွင် လှဲ၍နေရာမှ ရုတ်တရက် ထထိုင်လိုက်မိသည်။ စာမှာ မမျှော်လင့်သောဘပင် ဖြစ်သည်။ မိုးညှင်းမြို့မှ ဒေါ်နန်းစိန် ဆိုသော အဒေါ်ကြီးတစ်ဦးက ၎င်း၏ အိမ်ပေါ်တွင် မကျန်းမမာဖြစ်ကာ များစွာ ဆင်းရဲဒုက္ခ ရောက်ရှိနေသော ခင်၏အတွက် ရေးပေးလိုက်သောစာ ဖြစ်လေသည်။ ခင့်အား ၎င်း၏ အိမ်တွင် လွန်ခဲ့သော သုံးလခန့်လောက်ကပင် ၎င်း၏ ယောကျ်ားက မမာမကျန်းလျက်နှင့် ပစ်ထားခဲ့ပြီးနောက် ဆေးဝါးကုသဖို့ တစ်ပြားတစ်ချပ်မှ လည်း မပေးဘဲ ထွက်သွားကြောင်း၊ မိမိမှာ ဆင်းရဲသော မုဆိုးမကြီးတစ်ဦး ဖြစ်သော်လည်း ခင့်အား သမီးကလေးလို၊ တူမကလေးလို သဘောထားကာ တတ်အားသမျှ ပြုစုခဲ့ကြောင်း၊ သို့ရာတွင် ခင်၏ရောဂါမှာ တစ်နေ့တခြား ဆိုးဝါးလာသည့်အပြင် မိမိအနေနှင့်လည်း ဆေးဝါးကုသ ပြုစုရန် အင်အား မရှိတော့၍ ခင့်အား အမျိုးမျိုး ချော့မော့ မေးမြန်းကာ ဤစာကို ရေးလိုက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အမြန်ဆုံး လိုက်လာဖို့အတွက် တောင်းပန်လိုကြောင်း စသည်ဖြင့် ခင်၏ အခြေအနေများ အားလုံးကို စုံလင်အောင် ရေးသားလိုက်လေသည်။

စာဖတ်ပြီး၍ အကြောင်းစုံ သိရှိရလျှင် မမကြီးသည် အိမ်ဖော် အဒေါ်ကြီးအား ပြင်ဆင်စရာ ရှိသည်တို့ကို ကတိုက်ကရိုက် ပြင်ဆင်ခိုင်းလေသည်။ ကျောင်းသို့ ခွင့်တောင်းစာကို ကမန်းကတန်း ရေးသားကာ ဦးအောင်တို့ လင်မယားအား မှာကြားစရာ ရှိသမျှတို့ကို မှာကြားခဲ့ပြီးနောက် ထိုနေ့ညရထားနှင့်ပင် မိမိ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော မိုးညှင်းသို့ လိုက်ပါလာခဲ့သည်။

(၄)

မိုးညှင်းသို့ ရောက်၍ ခင့်အား ပြန်တွေ့ရသောအခါ မမကြီးသည် မိမိ တူမရင်း ဖြစ်သူကိုပင် မမှတ်မိနိုင်တော့လောက်အောင် ဖြစ်သွားသည်။ စိတ်၏ ဆင်းရဲခြင်းနှင့် ရောဂါဘယ၏ နှိပ်စက် ညှဉ်းပန်းခြင်းကြောင့် ခင်သည်



Pdf - Yaybawal

ရုပ်ဆင်းပျက်နေသည်။ များစွာ အင်အားဆုတ်ကာ ပိန်ချုံးလျက်ရှိသဖြင့် အသံပင် သဲ့သဲ့မျှသာ ထွက်နိုင်တော့သည်။

မိမိက အမျိုးမျိုး စော်ကား၍ နှိပ်စက်ချင်တိုင်း နှိပ်စက်ခဲ့သည့်တိုင်အောင် မိမိအား ခွင့်လွှတ်၍ အပြေးအလွှား လိုက်လာရှာသော မမကြီး၏ မျက်နှာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခင်သည် မိမိ၏ ဒေါ်လေးအား မျက်နှာချင်း မဆိုင်ဝံ့သကဲ့သို့ တစ်ဖက်သို့ စောင်းငဲ့၍ ငိုယိုလေသည်။ မိမိ၏ တူမကလေး ဖြစ်နေရပုံကို မြင်ရသောအခါ မမကြီးသည် အော်ဟစ်၍ ငိုယိုပစ်လိုက်ချင်လှသော်လည်း လူကြီးလုပ်သော မိမိကပါ ငိုယိုလိုက်လျှင် ငယ်ရွယ်သော လူမမာ၏ အခြေအနေ များစွာ ဆိုးဝါးသွားမည့် အရေးကို စဉ်းစားကာ မမကြီးသည် အံကိုကြိတ်၍ ချုပ်တည်းထားရလေသည်။ သို့ရာတွင် မျက်လုံးအိမ်မှ မျက်ရည်တို့သည်ကား ချုပ်တည်း၍ မရတော့ချေ။ ဒလဟော စီးဆင်းလာကြသည်။

'ဒေါ်လေးအပေါ်မှာ စော်ကားချင်တိုင်း စော်ကားလာခဲ့တဲ့ အမိုက်မကို စိတ်မနာနိုင်သေးဘဲ ဒါလောက် ဝေးလံတဲ့ အရပ်ကိုတောင် အပြေးအလွှား လိုက်လာရသေးတယ်နော်' ဟု ၎င်း အလွန်တရာ ပြောဆိုချင်လှသော စကားကို ဖျစ်ညှစ်၍ ပြောဆိုရင်း မောပန်းလာသောကြောင့် 'စကားမပြောဘဲ နေလိုက်ပါဦးလား အခင်၊ ဒေါ်လေးလည်း ရောက်လာပြီပဲကွယ်၊ ဘာမှ အားငယ်စရာ မရှိပါဘူး' ဟု မမကြီးက ခင်၏ ပါးပြင်ပေါ်မှ မျက်ရည်စကလေးများကို ၎င်း၏ လက်ကိုင်ပဝါဖြင့် ညင်ညင်သာသာ သုတ်ပေးရင်း အားပေးစကား ပြောဆိုရလေသည်။ သို့ရာတွင် ခင်သည် မိမိ၏ ရင်ထဲ၌ ကျုပ်ခဲ၍နေသော ဝေဒနာကို မျိုသိပ်၍ မထားနိုင်သကဲ့သို့ 'ဒေါ်လေးအပေါ် ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ခင် မသေခင် တောင်းပန်သွားချင်လွန်းလို့ နောက်ဆုံး ဒေါ်နန်းစိန်ကို ဒေါ်လေး လိပ်စာ ပြောပြပြီး စာရေးခိုင်းလိုက်တာပါ ဒေါ်လေးရယ်၊ ဒေါ်လေးကို တောင်းပန်ခွင့် ရတဲ့အတွက် ခင် အသေဖြောင့်ပါပြီ' ဟု ဆက်လက်၍ ကြိုးစားပမ်းစား ပြောဆိုနေပြန်သဖြင့် မမကြီးသည် လူမမာဘေးတွင် ဤသို့ ငုတ်တုတ်ထိုင်ကြည့်နေ၍ မဖြစ်သေးသည်ကို သတိရလာပြီးလျှင် ခင့်အား မိမိနှင့် အတူပါလာသော အိမ်ဖော် အဒေါ်ကြီးနှင့် အခန်းထဲတွင် အသာထားခဲ့ပြီးနောက် အိမ်ရှင် ဒေါ်နန်းစိန်ဆိုသော အဒေါ်ကြီးအား လက်ကုတ်ခါ



Pdf - Yaybawal

အိမ်အပြင်သို့ ထွက်လာခဲ့ရလေသည်။ မိုးညှင်းမြို့ပေါ်၌ ပင့်ခေါ်၍ ရနိုင်လိမ့်မည် ဖြစ်သော အကောင်းဆုံး ဆရာဝန်ကို အမြန်ဆုံး ခေါ်ကာ ကုသဖို့အတွက် အရေးတကြီး တိုင်ပင် စီစဉ်ရလေသည်။

ပင့်ခေါ်၍ ရနိုင်သော ဆရာဝန်တစ်ဦးကို ပင့်ခေါ်၍ လူနာအား ပြသ စစ်ဆေးစေသောအခါ ဆရာဝန်သည် ၎င်း၏ လက်လှမ်းမီသမျှ ပစ္စည်းကိရိယာများဖြင့် စစ်ဆေး ကြည့်ရှုပြီးနောက် ဦးခေါင်းကို ခါယမ်း၍ ပြသဖြင့် မမကြီးသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေ၏။

'ဘယ်လိုလဲ ဆရာ၊ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ' ဟု မမကြီးက မိန်းမသားပင် ဖြစ်သော်လည်း ခေတ်ပညာတတ်တစ်ဦးပီပီ အမှန်ကို အမှန်အတိုင်း သိရှိ နားလည်ထားနှင့်ရန်အတွက် ရဲရဲဝံ့ဝံ့ပင် မေးမြန်းလေသည်။

'လူမမာရဲ့ ရောဂါဟာ သိပ်ကျွမ်းနေပြီ။ နောက်ပြီးတော့ အားကလည်း အင်မတန် ဆုတ်ပြီးနေတော့ ကြာကြာခံနိုင်လိမ့်မယ် မဟုတ်ဘူး ထင်တယ်' ဟု ဆရာဝန်က ၎င်း စစ်ဆေးတွေ့ရှိရသမျှ လူမမာ၏ အခြေအနေကို ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောသည်။

'လူမမာကို ရန်ကုန်ရောက်အောင် ခေါ်သွားပြီး ဟိုမှာ ကုရင်ရော အသက်ပြန်ရနိုင်ပါဦးမလား ဆရာ'

'စမ်းချင်ရင်လည်း စမ်းကြည့်တာပေါ့လေ။ ရန်ကုန်မှာကတော့ ဆေးဝါးနဲ့ ပစ္စည်းကိရိယာ တန်ဆာပလာတွေကလည်း စုံတယ်။ ပြီးတော့ တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေလည်း ရှိသားပဲ'

'ဒီလိုဆိုရင် လူမမာကို ကျွန်မ ဒီအတိုင်း ရန်ကုန်ရောက်အောင် ခေါ်သွားလို့ ဖြစ်ပါ့မလား ဆရာ' ဟု မမကြီးက ဆရာဝန်၏ အကြံဉာဏ်နှင့် သဘောထားကို တောင်းယူလိုက်မိသည်။ မမကြီးသည် မိမိ တူမ၏ အသက်ကို ပြန်၍ မရနိုင်သည့်တိုင်အောင် ရန်ကုန်သို့ ရောက်အောင် ဖြစ်သည့်နည်းနှင့် ခေါ်သွားချင်သည်။ သင်း၏ သားကလေးနှင့်တော့ နောက်ဆုံး တွေ့သွားစေချင်သေးသည်။ ၎င်းအပြင် ဤမျှ ဝေးလံသော အရပ်ဒေသတွင် မိမိတူမကို မြှုပ်နှံမထားခဲ့လိုချေ။

'ဒီအတိုင်း ခေါ်သွားလို့တော့ မဖြစ်နိုင်ဘူး ထင်တယ်။ လမ်းခရီးမှာ ဒုက္ခများမှာ စိုးရိမ်ရတယ်' ဟု ဆရာဝန်က သူ၏ ထင်မြင်ချက်ကို ပြောသည်။

'ဒီလိုဆိုရင် ရန်ကုန်ကို ခေါ်သွားနိုင်အောင် ဘယ်လိုလုပ်ရင် ဖြစ်ပါ့မလဲ ဆရာ။ ဖြစ်နိုင်တဲ့နည်းလမ်း ရှိသမျှတော့ စဉ်းစားပေးပါဦး' ဟု မမကြီးက တောင်းပန်မိ၏။

'လူမမာကို ခံနိုင်ရည်ရှိအောင် အနည်းဆုံး တနင်္ဂနွေ တစ်ပတ်လောက်တော့ အားဖြည့်ပေးဖို့ လိုလိမ့်မယ်'

'ဒီအတိုင်း ဖြစ်နိုင်ရင် ဖြစ်အောင်သာ လုပ်ပေးပါ ဆရာ၊ ဆေးဖိုးဝါးခကတော့ ကျချင်သလောက် ကျပါစေ၊ ကျွန်မ ဝန်မလေးပါဘူး'

ဆရာဝန်၏ အစီအစဉ်နှင့် အကြံပေးချက်အတိုင်း သူနာပြု ဆရာမတစ်ဦးကို ငှားရမ်းခေါ်ယူ၍ ခင့်အား မိုးညှင်းတွင် တနင်္ဂနွေတစ်ပတ်ကြာမျှ ပြုစုကာ ဆေးဝါးကုသရလေသည်။ အားဆေးများ ထိုး၍ လိုအပ်သော ပြုစုမှုကို ပေးသဖြင့် ခင်သည် အနည်းငယ် အားပြည့်လာသည်။ ယင်းသို့ အားပြည့်လာသည်နှင့် တစ်ပြိုင်နက် မမကြီးသည် ခင့်အား ရန်ကုန်သို့ မရောက်ရောက်အောင် ပြန်၍ ခေါ်ယူလာခဲ့လေသည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ မမကြီးသည် မိမိ တူမ အသက်ကို မရ ရအောင် ပြန်လုယူမည်ဟူသော အဓိဋ္ဌာန်ဖြင့် အကောင်းဆုံးနှင့် အတတ်ကျွမ်းဆုံး ဆိုသော ဆရာဝန်ကြီးများကို ခေါ်ယူ၍ အစွမ်းကုန် ကုသပြုစုရန် ကြိုးပမ်းလေသည်။ လူမမာကတော့မူ မိမိ၏ ရောဂါကို ကောင်းစွာ သိရှိနားလည်ထားပြီး ဖြစ်သကဲ့သို့ ၎င်း၏အတွက် ဤမျှ ဆင်းရဲဒုက္ခ မခံကြပါနှင့်တော့ဟု တားမြစ်ပြောဆိုခြင်း ပြုလေသည်။ ၎င်း၏အတွက်နှင့် ငွေလည်းကုန်၊ လူလည်း ပင်ပန်းလှပြီဖြစ်သော မမကြီးကိုသာ ခင်သည် များစွာ သနားနေသည်။

ရန်ကုန်သို့ ပြန်လည် ရောက်ရှိလာပြီးနောက် တတ်ကျွမ်းသော ဆရာဝန်ကြီးများနှင့် ဖိဖိစီးစီး ကုသလိုက်ရသဖြင့် ခင်၏ ရောဂါအခြေအနေသည် သိသိသာသာကြီး သက်သာ ကောင်းမွန်စ ပြုလာသည်ဟု ထင်မှတ်ရလေသည်။ ဖြူဖပ်ဖြူရော် ဖြစ်နေသော လူမမာ၏ မျက်နှာတွင် သွေးရောင်များ ယှက်သန်းစ ပြုလာပြီးနောက် များစွာ ပင်ပန်းခြင်း မရှိလှဘဲ စကားအနည်းငယ် ပြောနိုင်ဆိုနိုင် ဖြစ်လာသည်။ ခင်သည် ၎င်း၏ သားငယ် မောင်ခင်အေးကိုပင် တောင်းယူ ပွေ့ချီ၍ နမ်းရှုပ်ခြင်း ပြုနိုင်လေသည်။ ခင်မာတူးနှင့်



Pdf - Yaybawal

ခေါင်မောင်လေးတို့ မောင်နှမကိုလည်း ၎င်းအနီးသို့ခေါ်၍ စကား အနည်း အကျဉ်း ပြောလေသည်။

ဤသို့ ခင်၏ ရောဂါအခြေအနေ ထူးထူးခြားခြား သက်သာ၍ ရွှင်ရွှင် ပြုပြု ဖြစ်လာခြင်းကို တွေ့မြင်ရသောအခါ အိမ်သားများအားလုံးသည် ပြုံးပြုံး ရယ်ရယ်နှင့် အားရဝမ်းသာ ဖြစ်လာကြလေသည်။ ခင် နေကောင်းလာပြီ၊ မသေနိုင်တော့ဘူးဟုလည်း အောက်မေ့လာကြလေသည်။ သို့ရာတွင် ဆေးဝါး၏ တန်ခိုးအာနုဘော်နှင့် အိမ်သူအိမ်သားများ အားလုံး၏ မေတ္တာအရှိန်အဝါ ကြောင့် ခေတ္တခဏမျှသာ လန်းဆန်းလာခြင်း ဖြစ်သည်ကိုကား အဘယ်သူ တစ်ဦးတစ်ယောက်မျှ မသိကြချေ။ ထို့အတူ ၎င်း နောက်ဆုံး တွေ့သွားလို သော လူတစ်ယောက်ကို အံခဲ၍ စောင့်ဆိုင်းနေခြင်းမျှသာ ဖြစ်သည် ဆိုခြင်း ကိုလည်း လှမမာကိုယ်တိုင်ပင် သိချင်မှ သိပေလိမ့်မည်။ ရန်ကုန်သို့ ပြန် ရောက်ပြီး နောက်တစ်နေ့တွင် ခင်သည် ဦးအောင်အား ၎င်းအနီးသို့ ခေါ်ကာ ဦးအေးသွင် ထောင်မှ လွတ်မည့်နေ့ရက်ကို တိုးတိုးတိတ်တိတ် မေးမြန်းကြည့် ခဲ့ပြီးလေပြီ။ ထို့ကြောင့် ခင်သည် ၎င်းနောက်ဆုံး တွေ့သွား၊ မြင်သွားလိုသေး သော လူတစ်ယောက်ကို စောင့်ဆိုင်းနေခြင်းမျှသာ ဖြစ်လေသည်။ သို့ရာတွင် ဤအချက်ကို အဘယ်သူ တစ်ဦးတစ်ယောက်မျှ မသိရှိကြချေ။ ခင် နေကောင်း လာပြီ၊ မသေနိုင်တော့ဘူးဟု ရိုးရိုးတန်းတန်း အောက်မေ့ကာ ဝမ်းအသာကြီး သာနေကြ၏။

ကံဘဲ့အိမ်သို့ လှမမာအဖြစ်ဖြင့် ခင် ပြန်လည် ရောက်ရှိလာပြီးနောက် လှမမာကိုသာ နေ့မအား ညမအား ပြုစု လုံးပန်းနေရသဖြင့် အိမ်သူအိမ်သား များသည် ဦးအေးသွင်ဆီသို့ မရောက်ရှိကြတော့ပေ။ ဦးအေးသွင်၏ အကြောင်း ကိုပင် စဉ်းစားမိခြင်းလည်း မရှိကြချေ။ မေ့လျော့နေကြသည်။ ထိုသို့ မေ့လျော့ ခြင်း ခံနေရခိုက် ဦးအေးသွင်သည် အကျဉ်းထောင်မှ လွတ်မြောက်ကာ ကံဘဲ့ အိမ်သို့ တန်းတန်းမတ်မတ် ရောက်ရှိလာသည်။ သူ ထောင်ကျနေခိုက် ကွာရှင်းစွန့်ပစ်သွားသော သူ၏မယား ကံဘဲ့အိမ်သို့ ပြန်လည် ရောက်ရှိနေ သည်ကိုလည်း မသိချေ။ မမကြီးက ပိတ်ပင်ထား၍ ၎င်းမိုးညွင်းသို့ လိုက်သွား ခိုက် ထောင်ဝင်စာတစ်ခေါက် လာတွေ့သွားကြသော ဦးအောင်တို့ လင်မယား ကလည်း မပြောချေ။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

ဘတ်(စ်)ကားဂိတ်မှ ကံဘဲ့အိမ်သို့ ရောက်လာခဲ့ပြီးနောက် ခြံဝင်းတံခါးဝသို့ ရောက်သောအခါ လူသံသူသံ မကြားရဘဲ တိတ်ဆိတ် ငြိမ်သက်နေသော အိမ်ကြီးကို သူသည် အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိသည်။ အိမ်ကြီး၏ တိတ်ဆိတ်နေပုံမှာ သူ့အဖို့ ထူးခြားသလို ဖြစ်နေသည်။ သူသည် ဝင်းတံခါးဝတွင် အတန်ကြာမျှ ရပ်နေမိပြီးမှ ဝင်းအတွင်းသို့ ဝင်လာခဲ့သည်။ အိမ်ရှေ့လှေကားမှ တက်လာပြီးနောက် အိမ်ပေါ်သို့ ရောက်သည်အထိ အိမ်သူအိမ်သား တစ်ယောက်တလေကိုမျှ မတွေ့ရသောကြောင့် နားမလည်နိုင်သလို ဖြစ်လာသည်။ ထို့ကြောင့် အိမ်တံခါးဝတွင် အတန်ကြာမျှ ရပ်ကာ ငိုင်နေမိသည်။

ဤကဲ့သို့ တံခါးဝတွင် ငိုင်နေခိုက် 'ဖေဖေ ပြန်လာပြီ' ဟု ဝမ်းသာအားရ အော်ဟစ် ပြောဆိုကာ နှစ်ခါလည်ကျော်ကျော် သုံးခါလည်သားမျှ ရှိနေပြီဖြစ်သော သားငယ် မောင်ခင်အေးသည် အိမ်အတွင်း တံခါးမှ ပြေးထွက်၍ လာလေသည်။ မိမိဆီသို့ သားငယ်ဖြစ်သူ ပြေးလာတော့မှ ဦးအေးသွင်သည် ရုတ်တရက် အသက်ပြန်ဝင်လာပြီးလျှင် ကလေးအား ဝမ်းမြောက်ဝမ်းသာ ပွေ့ချီလိုက်ရလေသည်။

'မေမေ ဖျားနေတယ် ဖေဖေ' ဟု သားငယ်က ၎င်း၏ အင်္ကျီအိတ်ကပ်ကို နှိုက်စမ်းရင်း ပြောဆိုလိုက်သောအခါ၊ ဦးအေးသွင်သည် ကလေး၏စကားကို ရုတ်တရက် နားမလည်နိုင်သကဲ့သို့ တွေ၍သွားပြီးမှ 'ဘယ်က မေမေဖျားရမှာလဲ သားရဲ့၊ မင်းမေမေ မရှိတော့ဘူး မဟုတ်လား' ဟု ပြန်လည်ပြောဆိုလိုက်မိသည်။

'မေမေ ရှိတယ် ဖေဖေ၊ အိမ်ခန်းထဲမှာ ဖျားနေတယ်' ဟု အိတ်ကပ်တစ်ခုကို နှိုက်စမ်းပြီး၍ ဘာမျှ မတွေ့သဖြင့် နောက်အိတ်ကပ်တစ်ခုကို နှိုက်စမ်းရင်း ပြောသည်။

'သြော်... သားရဲ့ ကြီးကြီး ဖျားနေတယ် ပြောတာလားကွယ့်' ဟု ၎င်း၏ ဘွားအေ ဖျားနေသည်ကို ပြောဆိုသည် ထင်မှတ်၍ ဦးအေးသွင်က သားဖြစ်သူ၏ စကားကို ပြင်ပေးလိုက်သည်။

'ကြီးကြီး ကျောင်းသွားတယ် ဖေဖေ'

ဤကဲ့သို့ သားအဖနှစ်ယောက် စကားပြောဆိုနေကြခိုက် မိမိ လင်သား

**ရာပြည့်စာအုပ်တိုက်**

*Pdf - Yaybawal*

ကို အလွန်တရာ တွေ့လို မြင်လိုဟန်ရှိသော ခင်သည် မနေ့ညက တစ်ညလုံး အိပ်ပျက်ကြသဖြင့် အိပ်ပျော်နေကြဟန်ရှိသော ဦးအောင်တို့ လင်မယားကို လှမ်း၍ မခေါ်တော့ဘဲ အိပ်ရာထက်မှ ဒယိမ်းဒယိုင်နှင့် ဆင်းလာပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။ သို့ရာတွင် တံခါးဝသို့ ရောက်သောအခါ ရင်ထဲမှ တလှပ်လှပ် ဖြစ်လာပြီး မိမိကိုယ်ကို မထိန်းနိုင်တော့သဖြင့် 'ကိုကို' ဟု ရှိသမျှ အားအင်တို့ကို ဖျစ်ညှစ်၍ ခေါ်ငင်လိုက်ပြီးနောက် ဗြုန်းခနဲ လဲကျသွားလေသည်။ ဤသို့ ခင် လဲကျသွားတော့မှ ဦးအေးသွင်တို့ သားအဖသည် ခင့်ကို မြင်ကာ ပြေးလွှားလာကြသည်။ မျှော်လင့်ခြင်း မထားခဲ့တော့သော မိမိ မယားကလေးကို ဗြုန်းခနဲ တွေ့လိုက် မြင်လိုက်ရသော ဦးအေးသွင်သည် မိမိ၏ မျက်လုံးများကိုပင် သံသယ ဖြစ်နေသည်။ ကြမ်းပြင်ပေါ်၌ ခွေခွေ ကလေး လဲကျကာ သတိလစ်နေသော ခင့်အား ဘာလုပ်ပေးကိုင်ပေးရမှန်း လည်း သတိမရဘဲ ကြောင်၍ ကြည့်နေမိ၏။

ခင်၏ လဲပြိုသံကြောင့် အိပ်နေကြရာမှ လန့်နိုး၍ ထ လာဟန်ရှိသော ဦးအောင်က 'ဟင် ဝန်ထောက်မင်းပါလား၊ ဟင် မမလည်း ဘယ်လိုဖြစ်သွား တာလဲ' ဟု ပြောဆိုလိုက်တော့မှ ဦးအေးသွင်သည် အသက်ပြန်ဝင်လာသကဲ့ သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီးလျှင် ဦးအောင်အား လှမ်း၍ ကြည့်လေသည်။ မောင်ခင်အေးကသာ သူ့မိခင်အနီးသို့ သွားကပ်ကာ 'မေမေ မေမေ ထ လေ၊ ဖေဖေ ပြန်လာပြီ' ဟု လက်မောင်းကို ကိုင်၍ လှုပ်ရင်း ပြောဆိုနေသည်။ သို့ရာတွင် ခင်သည် သတိပြန်မရတော့ချေ။

သူ့ကို ကွာရှင်း စွန့်ပစ်သွားသော မိန်းမတစ်ယောက်ပင် ဖြစ်စေခါမူ ဦးအေးသွင်သည် ခင့်ကို ပွေ့ချီကာ ခုတင်ပေါ်သို့ တင်ရလေသည်။ ခုတင်ပေါ် သို့ တင်ပေးပြီးသည့်နောက် တော်တော်နှင့်လည်း သတိပြန်မရသဖြင့် ဦးအေး သွင်သည် ခင့်အတွက် စိုးရိမ်လာကာ ဦးအောင်ကို ရပ်ရာ ဆရာဝန်တစ်ဦးဦး ကို သွားခေါ်ရန် လွှတ်လိုက်ရသည်။ ၎င်းကိုယ်တိုင်ကမူ မယားဟောင်းအနီး မှ မခွာတော့ချေ။ ခင်၏ အမူးပြေစေရန်အတွက် အနီးအနားတွင် ရှာဖွေတွေ့ ရှိသော ယပ်တောင်ဖြင့် ယပ်ခတ်ပေးနေသည်။ 'ခင်... ခင်... ခင်... ခင်' ဟုလည်း မကြာခဏ ခေါ်ကြည့်မိလေသည်။ သို့ရာတွင် ခင်သည် သတိ ပြန်မရလာသေးချေ။



Pdf - Yaybawal

ဦးအောင်၏ မိန်းမ ဒေါ်ရင်နှင့် အိမ်ဖော်အဒေါ်ကြီးတို့သည်လည်း မီးဖိုချောင်ထဲတွင် ပျာယာခတ်နေကြသည်။ ငိုယိုနေသော မောင်ခင်အေးကို ချော့မော့သူက ချော့မော့ရလျက်၊ ဆရာဝန် ရောက်လာလျှင် ရေနွေး အဆင်သင့် ဖြစ်အောင် ရေနွေးအိုး မီးထိုးသူက ထိုးနေကြသဖြင့် လူမမာရှိသော အခန်းအတွင်းသို့ပင် လာမကြည့်အားတော့ချေ။

ဦးအေးသွင်သည် ယပ်တောင်ကို ဖြည်းဖြည်းမှန်မှန် ခတ်ပေးရင်း များစွာ ပိန်ချုံးကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ခင်၏မျက်နှာကို ငေးစိုက်၍ ကြည့်နေမိသည်။ ထိုသို့ ငေးစိုက်၍ ကြည့်ရင်း ခရိုင်ရာဇဝတ် တရားသူကြီး ဦးအောင်မင်းတို့ အိမ်တွင် ပထမဆုံးအကြိမ် စတင် တွေ့မြင်ခဲ့သည်ကအစ ရန်ကုန် ထောင်ဘူးဝတွင် ကွာရှင်းစာကို လက်မှတ်ရေးထိုးပေးလိုက်ရစဉ်က နောက်ဆုံး တွေ့မြင်လိုက်ရသော အကြိမ်ထိ ထိုကြားကာလအတွင်း အဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု ပြန်လည် စဉ်းစားနေမိသည်။ ထိုအဖြစ်အပျက်များသည် သူ့အဖို့ ကုန်ဆုံးသွားသော ညက အိပ်မက်ကဲ့သို့လည်း ဖြစ်နေသည်။ သာယာ ရွှင်မြူးစရာများ၊ စိတ်မချမ်းမြေ့စရာများ အမျိုးမျိုးနှင့် ပြွတ်သိပ်ပြည့်နှက်လျက် ရှိသည်။

ခင့်ကို ယခုကဲ့သို့ ပြန်လည် တွေ့ဆုံရသည့်အတွက် ဝမ်းသာခြင်းဖြစ်မိသလော၊ သို့တည်းမဟုတ် ဝမ်းနည်းခြင်း ဖြစ်မိသလော။ ထိုလော နှစ်လောကို ဦးအေးသွင်သည် ဝေခွဲခြင်း မပြုနိုင်ချေ။ သူ့ကိုယ်ကိုကား ဝမ်းနည်းနေသည်ဟုလည်း မထင်သကဲ့သို့ ဝမ်းသာသည်ဟုလည်း မထင်မိချေ။

ထိုအခိုက် ခင်သည် အနည်းငယ် လူးလွန့်စ ပြုလာသဖြင့် သူသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ပျာပျာသလဲ ဖြစ်သွားသည်။ ခင်သည် တဖြည်းဖြည်း သတိပြန်ဝင်လာသကဲ့သို့ အသက်ကို ခပ်လေးလေး ရှူရင်း မျက်လုံးကို ဖြည်းလေးစွာ ဖွင့်လာသည်။

'ခင်... ခင်... ခင် သတိရလာပြီနော်' ဟု ခင်၏ လက်ဖဝါးကလေးကို ကိုင်ကာ ဦးအေးသွင်သည် ဝမ်းသာအားရ မေးလိုက်မိသည်။

'ခင့်ကို တကယ် စိတ်မနာနိုင်သေးဘူးလား ကိုကို'

ခင်သည် ဦးအေးသွင်ကို မျက်လုံးပြူးထွက်မတတ် ကြည့်ရင်း တစ်လုံးချင်း ဖြည်းလေးစွာ ပြောဆိုမေးမြန်းခြင်း ပြုလေသည်။ သူက အမျိုးမျိုး



Pdf - Yaybawal

နိပ်စက်၍ ဒုက္ခအမျိုးမျိုး ပေးသွားခဲ့သည်တိုင်အောင် သူ့အပေါ်၌ စိတ်နာခြင်း မရှိသော အမူအရာဖြင့် သူ၏ဘေးတွင် ထိုင်ကာ ကြင်ကြင်နာနာ ပြုစုနေသော ဦးအေးသွင်အား အံ့ဩခြင်းမက အံ့ဩသလို ဖြစ်နေသည်။

'ဒါတွေ တွေးမနေပါနဲ့တော့ ခင်၊ ကိုယ့်ကိုယ်ကိုသာ ကျန်းမာလာအောင် ကြိုးစားစမ်းပါကွယ်' ဟု ဦးအေးသွင်က ခင်၏အာရုံ ပြောင်းလွဲသွားစေရန်အတွက် ၎င်း၏ အမေးကို မဖြေဘဲ ကျန်းမာလာအောင် ကြိုးစားဖို့ အားပေးစကား ပြောဆိုလိုက်သည်။

'ကိုကို လွတ်လာခါနီးပြီဆိုလို့ ခင် အားခဲပြီး စောင့်နေတာပါ ကိုကိုရယ်၊ ခင့် ရောဂါကို ခင် သိပါတယ်' ခင်က တစ်လုံးချင်းစီ၍ ဖြည်းလေးစွာ ပြောသည်။

'မဟုတ်တဲ့ စကားတွေ ပြောမနေပါနဲ့ ခင်၊ ကိုကို အခုပဲ ဦးအောင်ကို ဆရာဝန် အခေါ်ခိုင်းလိုက်ပါပြီ'

'ခင့်အတွက်နဲ့ ကိုကိုတို့ကိုယ်ကို ဒုက္ခထပ်ပေးမနေကြပါနဲ့ ကိုကို၊ ခင် ပေးခဲ့တဲ့ ဒုက္ခတွေက များနေပါပြီ'

ခင်က ထိုကဲ့သို့ ပြောဆိုလိုက်သည့်အတွက် ဦးအေးသွင်သည် ရင်ထဲ၌ နာကျင်သွားသလို ခံစားလိုက်ရ၏။

'ခင် မလိမ္မာခဲ့တဲ့အတွက်နဲ့ ကိုကိုလည်း ဒုက္ခပင်လယ်ဝေခဲ့ရပြီ'

'ဒါတွေ ပြောမနေပါနဲ့တော့ ခင်ရယ်'

'ကိုကို့ မေမေရော ခင့်ဖေဖေပါ ခင် မလိမ္မာတဲ့အတွက်နဲ့ စိတ်မချမ်းမသာ ဖြစ်ပြီး သေခဲ့ကြရတယ်လေ'

'စကားမပြောဘဲ ခဏလောက် ငြိမ်ငြိမ်ကလေး နေလိုက်ပါဦးလား ခင်ရယ်'

'ဒီအထဲမှာ ဒေါ်လေးတစ်ယောက်ဟာ ဒုက္ခအရောက်ရဆုံးမို့ သနားစရာ အကောင်းဆုံးလည်း ဖြစ်နေပြီ ကိုကို'

မည်ကဲ့သို့မျှ တားမြစ် ပိတ်ပင်ခြင်း ပြု၍ မရတော့သဖြင့် ဦးအေးသွင်သည် လက်လျှော့ကာ ငြိမ်သက်စွာ ကြည့်နေလိုက်ရတော့သည်။

'အမှန်ကတော့ ကိုကိုနဲ့ ဒေါ်လေးတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အသက်အရွယ်ချင်းလည်း မျှတယ်၊ တော်လည်း တော်တယ်။ ဒါပေမဲ့ ကြား



Pdf - Yaybawal

ထဲက ခင် ဝင်ရှုပ်လိုက်တဲ့အတွက်ကြောင့်သာ အကုန်လုံး ကိုးယိုးကားယား ဖြစ်ပြီး ဒုက္ခပင်လယ်ဝေခဲ့ရတာပဲ'

ခင်၏ မျက်လုံးအိမ်မှ ပါးပြင်ပေါ်သို့ စီးဆင်း၍ ကျလာကြသော မျက်ရည်ပေါက်များကို ဦးအေးသွင်သည် ၎င်း၏ လက်ကိုင်ပဝါဖြင့် ကြင်နာယုယစွာ သုတ်၍ပေးနေ၏။

'ဒီလိုဖြစ်ရတာ အားလုံးရဲ့ တရားခံဟာ ခင်ပါပဲ ကိုကိုရယ်'

'ခဏလောက် နားနေလိုက်ပါဦးလား ခင်၊ တော်တော်ကြာ သိပ်မောလာပါ့မယ်'

'ဒီတရားခံ အမိုက်မကလေးကို ခွင့်လွှတ်နိုင်ပါ့မလား ကိုကို'

'ကိုကို ဒါတွေကို ဘယ်လိုမှ မအောက်မေ့ပါဘူး ခင်၊ အကုန်လုံး ခွင့်လွှတ်ပါတယ်။ ခင့်ကိုယ်ကို နေကောင်းလာအောင်သာ စိတ်ကောင်းကောင်းထားပါ'

'တကယ်ပြောနေတာလား ကိုကို၊ ဒါမှမဟုတ်ဘဲ ခင် စိတ်ကောင်းအောင် တမင် ပြောနေတာများလား'

'ကိုကိုဟာ ပါးစပ်ဖျားကလေးနဲ့ မပြောတတ်ဘူးဆိုတာ ခင် အသိဆုံးပဲ မဟုတ်လား'

ခင်သည် ပြောဆိုသော စကားများကို ဆက်တိုက် ပြောဆိုခြင်း ပြုလိုက်သည့်အတွက် အားအင် ကုန်ခန်းကာ အတော်ကလေး ပင်ပန်း၍ သွားသဖြင့် ငြိမ်နေလိုက်ပြီးလျှင် အသက်ကို ကြိုးစား၍ ရှူနေသည်။ မျက်လုံးကိုလည်း မှေးထားသည်။

ထိုအခိုက် အိမ်ရှေ့ လှေကားမှ တက်လာသော ခြေသံများကို ကြားရသဖြင့် စောစောက ဆရာဝန် အခေါ်ခိုင်းလိုက်သော ဦးအောင်သည် ဆရာဝန်ခေါ်၍ ပြန်လာသည်ဟု ထင်သဖြင့် ဦးအေးသွင်သည် အခန်းဆီးကို အသာလှပ်၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။ အိမ်ပေါ်သို့ တက်လာကြသူများကား ဦးအောင်နှင့် ဆရာဝန်တို့ မဟုတ်ကြဘဲ ကျောင်းမှ ပြန်လာကြဟန်တူသော မမကြီးနှင့် ခင်မာတူးတို့ မောင်နှမသာ ဖြစ်လေသည်။ ထို့ကြောင့် အသာမှေး၍ ငြိမ်နေသော ခင့်ဘေးမှ ခင် မသိအောင် အသာ ထ လာပြီး အပြင်ဘက်သို့ ထွက်လာမိသည်။

ရာပြည့်စာအုပ်တိုက်

Pdf - Yaybawal

မမကြီးထက် အရင် သူတို့အဖေလုပ်သူကို လှမ်း၍ တွေ့မြင်လိုက်ကြသော ကလေးနှစ်ယောက်တို့သည် 'ဖေဖေ ဖေဖေ' ဟု အားရဝမ်းသာ အော်ဟစ်ကာ ဦးအေးသွင်ဆီသို့ ပြေးလာကြသည်။ ထို့ကြောင့် ဦးအေးသွင်သည် ခင်မာတူးနှင့် မောင်မောင်လေးတို့ မောင်နှမ နှစ်ယောက်ကို ဆူဆူပူပူ မလုပ်နိုင်ဘဲ လက်ဟန် ခြေဟန်ဖြင့် ဟန့်တားပိတ်ပင်ခြင်း ပြုလိုက်ရလေသည်။

မမကြီးသည် ဦးအေးသွင်ကို ရုတ်တရက် တွေ့မြင်လိုက်ရသည့်အတွက် ရင်ထဲတွင် လှုပ်ရှားသွားလေ၏။ မိမိကိုယ်ကိုလည်း ဟန်မပျက်စေဘဲ 'ခင်နဲ့ တွေ့ပြီးပြီလား ကိုအေးသွင်' ဟု ခပ်တိုးတိုး ခပ်အုပ်အုပ် မေးမြန်းလေသည်။

ထိုအခိုက် 'ဒေါ်လေး၊ ကိုကို' ဟု အခန်းတွင်းမှ ခင်၏ ခေါ်သံကို ကြားရသဖြင့် မမကြီးသည် ကလေးနှစ်ယောက်တို့ကို အဝတ်အစား လဲလှယ်ရန် စေခိုင်းလိုက်ပြီးနောက် လူမမာ၏ အခန်းအတွင်းသို့ ဦးအေးသွင်နှင့်အတူ ဝင်လိုက်သွားလေသည်။

ခင်သည် တော်တော်ကလေး မောပန်းကာ အနေရ ဆိုးလာသကဲ့သို့ အသက်ကို အားပြု၍ ရှူနေရလေသည်။ သို့ရာတွင် မမကြီးနှင့် ဦးအေးသွင်တို့ နှစ်ယောက်ကို မြင်လိုက်ရသောအခါ အားတက်သွားသော လက္ခဏာရှိ၏။

မမကြီးနှင့် ဦးအေးသွင်တို့သည် လူမမာ၏ ခုတင်ဘေး တစ်ဖက်တစ်ချက်စီတွင် ဝင်၍ ထိုင်ရင်း ခင်၏ လက်ဖဝါးကလေးများကို ယုယုယယ ကိုင်ထားမိကြသည်။ လူမမာသည် ဦးအေးသွင်ကို တစ်လှည့်၊ မမကြီးကို တစ်လှည့် ကြည့်နေသည်။

'အနေရ ဆိုးသလား အခင်' ဟု မမကြီးက ရှေးဦးစွာ စ၍ မေးလေသည်။ သို့ရာတွင် ခင်သည် ဘာမျှ ပြန်မပြောနိုင်သေးဘဲ အားယူ၍သာ အသက်ကို ရှူနေသည်။ ထို့ကြောင့် ဦးအေးသွင်နှင့် မမကြီးတို့သည် တစ်ယောက်ကို တစ်ယောက်က လှမ်း၍ ကြည့်လိုက်ကြသည်။ ထို့နောက် ခင်၏ အခြေအနေကို ကြည့်နေကြပြန်သည်။

ခင်သည် အတန်ကြာမျှ ငြိမ်သက်နေပြီးမှ 'ခင် မောတယ် ဒေါ်လေး' ဟု ပြောဆိုလေသည်။

**ရာပြည့်စာအုပ်တိုက်**

'မောရင် စကားမပြောဘဲ ငြိမ်ငြိမ်ကလေး နေလိုက်ဦးနော်' ဟု မမကြီးက ခင်၏ နဖူးပြင်မှ ဆံစကလေးများကို ယုယုယယ သပ်ပေးရင်း ပြောသည်။

'ခင် မနေရတော့ဘူး ဒေါ်လေး၊ ခင့်ကိုယ်ကို ခင် သိပါတယ်'

'မဟုတ်တာတွေ ပြောမနေပါနဲ့ ခင်ရယ်၊ ကိုကိုလည်း ပြန်လွတ်လာပြီပဲ၊ ကိုယ့်ကိုယ်ကို ကျန်းမာလာအောင် ကြိုးစားစမ်းပါ' ဟု ဦးအေးသွင်က မျက်ရည်စကလေးများကို သုတ်ပေးရင်း အားပေး ပြောဆိုလေ၏။

'ဒေါ်လေး' ဟု ခင်က မမကြီးအား ခေါ်လေသည်။

'ဒေါ်လေး အနားမှာ ရှိသားပဲ အခင်၊ ဘာပြောချင်လို့လဲဟင်' မမကြီး၏ အသံသည် ငိုသံများ မသိမသာ ပါစ ပြုနေသည်။

'ဒေါ်လေးကို ခင် တောင်းပန်ချင်တာ တစ်ခုရှိလို့...'

'ဘာများလဲ အခင်ရယ်' ဟု မမကြီးသည် ၎င်း၏ မျက်ရည်စများကို လက်ကိုင်ပဝါဖြင့် သိမ်းဆည်းလိုက်၏။

'ခင် မရှိတော့တဲ့နောက်မှာ ကလေးတွေနဲ့ ကိုကို့ကို ဆက်လက်ပြီး စောင့်ရှောက်သွားပေးပါနော်'

မမကြီးသည် ၎င်း၏ကိုယ်ကို ဆက်လက် ထိန်းသိမ်းခြင်း မပြုနိုင်တော့သဖြင့် လူမမာအနီးမှ ထ ကာ မျက်ရည်ကိုသုတ်ရင်း အိမ်နောက်ဖေးဘက်သို့ ထွက်ပြေးသွားလေသည်။ ထို့ကြောင့် အခန်းထဲတွင် ခင်နှင့် ဦးအေးသွင်တို့ နှစ်ယောက်ထဲသာ ကျန်ရစ်ခဲ့လေသည်။

ထွက်သက်နှင့် ဝင်သက်ကို ပင်ပန်းခြင်းကြီးစွာ ရှူသွင်း၊ ရှူထုတ် လုပ်နေရပြီဖြစ်သော လူမမာအား ဦးအေးသွင်သည် မသက်မသာ ကြည့်နေရလေသည်။ သို့ရာတွင် လူမမာသည် ၎င်း ပြောဆိုလိုသေးသောစကား ရှိနေသေးသဖြင့် ၎င်း၏ကိုယ်ကို အလျှော့မပေးသေးချေ။ အတန်ကြာမှ အားယူနေပြီးမှ 'စိတ်ကူးမလွဲနဲ့နော် ကိုကို၊ ခင် မရှိတော့တဲ့ နောက်ပိုင်းမှာ ကလေးတွေ အားလုံးနဲ့ ဥမကွဲ သိုက်မပျက်ရအောင် ဒေါ်လေးနဲ့ပဲ တူတူနေပါနော်' ဟုသာ ပြောဆိုပြီးနောက် ထွက်သက်ကို ခပ်ပြင်းပြင်း ရှူထုတ်ရင်း ငြိမ်သက်သွားလေသတည်း။ ။

သည်စာအုပ်ကို ၁၉၆၀ ပြည့်နှစ်တွင် စာရေးဆရာကြီး တစ်ဦး၏ ဝတ္ထုနှင့်အတူ စာပေဗိမာန်မှ ပူးတွဲ ဆုပေးခဲ့သည်။ စာရေးသူက စာပေဗိမာန်မှ ချမှတ်ထားသော ဆုချီးမြှင့်ရေးမူနှင့် လက်တွေ့ ဆုချီးမြှင့်ရာတွင် ဆုံးဖြတ်ချက်ပေးပုံ မကိုက်ညီဟု ယူဆကာ မကျေနပ်သဖြင့် 'ဆု'ကို မယူခဲ့ချေ။ ငြင်းပယ်ခဲ့သည်။

ဤသို့ဖြင့် ထိုစဉ်ကာလက စာပေဗိမာန်နှင့် စာရေးသူ၏ ပြဿနာများနှင့်အတူ စာပေအဝန်းအဝိုင်းတွင် ဂယက်ထ လှုပ်ရှားခဲ့သော ဝတ္ထု။

ဇန်းမော်တင်အောင်

# မမကြီး

